www.burmeseclassic.com

# မင်းမြတ်သူရ

ဂျမဒါမင်းထင်
နှင့်
ဓေသမင်းနှာရိုဝင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## ဂျမဒါမင်းထင်နှင့် သေမင်းနာရီစင်

စာမူခွင့်ပြုချက်အမှတ် - ၇၉၆/၂၀၀၄ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၆၁/၂၀၀၄ (၈)

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊
ပထမအကြိမ်
တန်ဖိုး - ၃၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

# မင်းမြတ်သူရ

## ဂျမဒါမင်းထင်
## နှင့်
## သေမင်းနာရီစင်

မောင်ကျော်သိမ်း-စေတနာစာပေမှ
စီစဉ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

## စေတနာစာပေ၏ အမှတ်တရအစီအစဉ်

■ သုတ၊ ရသအမျိုးမျိုးပေးစွမ်းနိုင်တဲ့ဆရာ့ဝတ္ထုတွေကတော့ အံ့မခန်းပါပဲ။ သမီးအကြိုက်ဆုံးကတော့ စိန်ပန်းနီနီပါ။ ဆရာ့စာကိုကြိုက်နှစ်သက်ပါတယ်ဆိုတဲ့ပရိသတ်တွေထက် ပိုကြိုက်ပါတယ်။ ဆရာအမြဲအောင်မြင်ပါစေ။

ကြယ်စင်မှူး
(၂၄၅)၊ ၂၅-လမ်း၊ဘူတာမြောက်၊ဖြူးမြို့။

■ စာအုပ်ဆိုင်တွေမှာ ယနေ့လူငယ်တွေ ကျား,မ မရွေး အားလုံး မေးတာဆရာ့စာအုပ်တွေပါပဲ။ ချမ်းမြေ့သရဖီလှိုင်ရဲ့ကဗျာ-လေးတွေကို အရမ်းကြိုက်တယ်။ လူငယ်တွေ စိတ်အား တက်ကြွပြီး ဗဟုသုတရမဲ့စာအုပ်တွေများများရေးပေးပါ။

ပြည့်ပြည့်
တာခြားရပ်၊ဖြူးမြို့။

■ ဆရာ့စာအုပ်တွေကိုဖတ်ပြီးတဲ့အချိန်ကစပြီး မဖတ်ဘဲမနေနိုင်တော့ဘူး။ ပထမဆုံးဖတ်ဖြစ်တာ ဝတ္ထုစာအုပ်မဟုတ်ဘူး။ ရွှေမိုးငွေမိုး ရွာစေဖြိုးဆိုတဲ့ ရုပ်ပြစာအုပ်ပါ။ မာယာကျွန်းစကြီ၊ ဇီဝမိုးလိုဏ်ဂူလို ဝတ္ထုများများရေးပေးပါဆရာ။

ဝေယံမင်းသွင်
အ.ထ.က(၁)ဘိုကလေးမြို့၊ဧရာဝတီတိုင်း၊ဖျာပုံခရိုင်။

■ ဆရာ့စာအုပ်တွေကို မြေဝါတောင်နတ်မင်းကစပြီး အားလုံး နီးပါးဖတ်ဖြစ်ပါတယ်။ စာအုပ်တွေအားလုံး ဟာသုတနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဒဿနတွေပြည့်ဝလွန်းလို့ ဖတ်တဲ့သူတွေအတွက် အလွန်အကျိုးရှိပါတယ်။ နောက်ပိုင်းထွက်စာအုပ်တွေမှာ ရေးဟန်ပြောင်းလဲသွားလို့ ပိုမိုသွက်လက်ပြီး ဖတ်လို့ကောင်းလာပါတယ်။ အရင်ထွက်ပြီးတဲ့စာအုပ်တွေကို အမြန်ဆုံးပြန်ထုတ်ပေးဖို့တောင်းဆိုချင်ပါတယ်။ ဆရာထိပ်ဆုံးမှာအမြဲရပ်တည်နိုင်ပါစေ။

မသစ်သစ်မွန်

ဒဿနိကဗေဒ(အဝေးသင်ပထမနှစ်)၊မိတ္ထီလာတက္ကသိုလ်။

■ သမီးအကြိုက်ဆုံးက ဆင်ဖြူရှင်ဆိုတဲ့စာအုပ်ပါ။ အဲဒီစာအုပ်ထဲမှာ ဆင်တွေအကြောင်းရေးထားတာ အလွန်ဗဟုသုတရပါတယ်။ တစ်ကျွန်းစံဝတ္ထုမှာလဲ စိတ်ဝင်စားဖို့ကောင်းတဲ့ရုပ်ပြလေးတွေနဲ့ သရုပ်ဖော်ထားတာအလွန်ကြိုက်တယ်။ ချမ်းမြေ့သရဖီလှိုင်ရဲ့ကဗျာလေးတွေကိုလည်းကြိုက်တယ်။ ဆရာ့ရဲ့လင်းနို့တောင်ကျိန်စာရုပ်ရှင်ကားလည်း ကြည့်ပြီးသွားပြီ။ ဆရာနဲ့ပတ်သက်တဲ့ဝတ္ထုတွေ၊ ရုပ်ပြတွေ၊ ရုပ်ရှင်တွေအားလုံးအောင်မြင်တာသိရလို့ဝမ်းသာပါတယ်။

မခင်ဌေးဝင်း

တိုက်(၉၉)၊အခန်း(၂)၊မီးဒုံး(၃)လမ်း၊

၂၉-ရပ်ကွက်၊သုဝဏ္ဏမြို့။

■ ဆရာ့စာအုပ်တွေကို စိန်ပန်းနီနီကစပြီး ဖတ်ဖူးတာပါ။ အဲဒီအချိန်ကစပြီး လက်ကမချချင်တော့ဘူး။ လနတ်သမီးမှာ ဆားပုလင်းမင်းအောင်ကို ကိုချိန်ခွင်ဆိုပြီးမြှုပ်ရေးထားတာသိပ်ကောင်းတာပဲ။ ကျွန်တော်တို့လုံးဝမထင်မှတ်တဲ့လှည့်ကွက်တစ်ခုဖြစ်လို့ အလွန်နှစ်သက်မိတယ်။ နောက် အဲဒီလိုဝတ္ထုမျိုးတွေ များများရေးပေးပါဆရာ။ ဆရာ့ဝတ္ထုတွေကို ထာဝရ ဖတ်ရှုနေမဲ့ပရိသတ်ပါ။

ကိုဖြိုး

အ.ထ.က(၁)ဘိုကလေးမြို့၊ဧရာဝတီတိုင်း၊ဖျာပုံခရိုင်။

■ ဆားပုလင်းမင်းအောင်ရဲ့ငယ်စဉ်ဘဝကို ရေးပေးပါဆရာ။ ဆရာ့စာအုပ်ထဲမှာ တာနေ့ယက္ခစာအုပ်ကိုအကြိုက်ဆုံးပဲ။ ရှမ်းပြည်နယ်ဘက်ကိုနောက်ခံပြုပြီး ရေးဖွဲ့ထားတာပါ။ အဲဒီဘက်မှာ ကျွန်တော်တို့ရှာလဲပါတယ်လေ။ ငွေစန္ဒာသားကောင်ထဲက စိတ်ညို့ပညာကိုလည်း အလွန်စိတ်ဝင်စားမိပါတယ်။ ဆရာ့ဝတ္ထုထဲက စာတွေဟာ ယနေ့ခေတ်လူငယ်တွေကို အများကြီး ဩဝါဒလွှမ်းမိုးမှုရှိပါတယ်။

ရှင်သီရိနှ(နောင်ချို) စကုတိုက်၊မင်္ဂလာအေးကျောင်း၊

ချမ်းအေးသာစံမြို့နယ်၊အနောက်ပြင်၊မန္တလေးမြို့။

■ ၂၀၀၄ ခုနှစ်မှာ ဂမ္ဘီရစာပေအတွက် စာရေးဆရာအသစ်တွေအများကြီးထွက်တာတွေ့ရတယ်။ ဒါပေမယ့် ဂမ္ဘီရစာအုပ်တွေ ဘယ်လောက်များများ နောက်ဆုံးတော့ မင်းမြတ်သူရဟာ မင်းမြတ်သူရပါပဲဆရာရယ်။ ကျွန်မတို့က ကိုယ်တိုင်စာအုပ်အငှားဆိုင်ဖွင့်ထားတယ်ဆိုတော့ ဆရာ့ရဲ့ဩဇာ ဘယ်လောက်ကြီးတယ်ဆိုတာ အသိဆုံးပါ။ ဆိုင်မှာ ကျွန်မတို့အတွက် အမြတ်အများဆုံးနဲ့အမြန်ဆုံးရအောင်ရှာပေးနိုင်တာ ဆရာ့စာအုပ်တွေပါ။

ပန်းမီးအိမ်စာပေ

ပါရမီလမ်း၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားက
မီးကိုယ်သာ ကိုးကွယ်ရတဲ့
ဘိုးတော်က
အဘနဲ့တွေ့ရင် လိုအင်ဆန္ဒအားလုံး ပြည့်စုံစေရမယ်တဲ့. . .

ချမ်းမြေ့သရဖီလှိုင်

ရန်သူကို တိုက်ခိုက်ခြင်းဟာ. . .
မှန်ကန်ခြင်းကို တိုက်ခိုက်ရတာလောက် မခက်ဘူး. . .

ချမ်းမြေ့သရဖီလှိုင်

အခွင့်အလမ်းဆိုတာ စည်တီးပြီးရောက်မလာဘူး
တံတားဆီတံလည်း ဝင်မလာဘူး
အခွင့်အလမ်းကို ရယူနိုင်တဲ့
အရည်အချင်းဟာ
ကိုယ့်မှာပဲရှိတယ်. . .

ချမ်းမြေ့သရဖီလှိုင်

BURMESE CLASSIC .com

## မင်းမြတ်သူရှင်၏ ထွက်ပြီးစာအုပ်များ


၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ဝန်းတိုးသွင့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာဂိုဏ်း
၄။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၅။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၆။ ဆားပုလင်းမင်းအောင်နှင့် ထမင်းသီးဘစ်ရွှေလင်ပန်း
၇။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်တား
၈။ ဆားပုလင်းမင်းအောင်နှင့် နေမင်းဆီသမီးတော်
၉။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး
၁၀။ ဆားပုလင်းမင်းအောင်နှင့် ဘယ်တူရင် လူမရွေးဘူး
၁၁။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရွှာပုံတော်
၁၂။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၁၃။ ရွှေချမ်းသာငွေချမ်းသာ
၁၄။ ဆားပုလင်းမင်းအောင်နှင့် မြေမင်းသမီး
၁၅။ လိုတရက်ကြီးရှင်
၁၆။ ထစ်တျွန်းပြန်ဘိုးမှန်
၁၇။ ပြည်တော်ပြန်
၁၈။ ကြာဝန်းသုံးနိုင်ငံဆိပ်တော်
၁၉။ ရွှေပြည်ကြီး
၂၀။ ပွဲကျော်င်းသားဆိုးကောင်း
၂၁။ ဆားပုလင်းမင်းအောင်နှင့် တော်မဲ့နှင်းဆီ


တစ်ဖက်ဆို

www.burmeseclassic.com

www.burmeseclassic.com


၂၂။ ဗဋ္ဋလက်ဆောင်နှမ
၂၃။ ဆားပုလင်းအင်းအောင်နှင့် လွမ်းဆွတဆဆ
၂၄။ နဝမမြောက်ကျမ်းစာ
၂၅။ ရွှေကျီးညိုနှင့် တန်ခိုးရှင်
၂၆။ ရွှေတစ်ရစ် မြတစ်ရစ်
၂၇။ ဆားပုလင်းအင်းအောင်နှင့် နဝင်းမြို့တော်
၂၈။ မိုးမခရတနာသိုက်
၂၉။ မြေဝါတောင်နတ်မင်း
၃၀။ ဗဋ္ဋမမြောက်မိုးနတ်မယ်
၃၁။ ရတနာကျွန်းအထရိ
၃၂။ ဂူမှောက်ထစ်တောင်
၃၃။ ဆင်စွယ်နန်းရှင်
၃၄။ ငွေစန္ဒာသားတောင်
၃၅။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာဗန်း
၃၇။ မဟာလှသားမောင်ဒဂိုး
၃၈။ မော်တန်ခိုးရှင်မ
၃၉။ ဆားပုလင်းအင်းအောင်နှင့်တာနောယဖွ
၄၀။ နတ်သမီးနဲ့ရွှေခေါင်းလောင်း
၄၁။ လင်းနို့တောင်ကျိန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူ့ရုပ်လျှင်တွေ
၄၄။ ဆားပုလင်းအင်းအောင်နှင့်မိုးပျံ့တိမ်တိုက်

တစ်ဖက်သို့ >

၄၅။ စကြာရှင်
၄၆။ မိုးကြိုးဆဲ့ခွန်
၄၇။ ဆားပုလင်းအင်းအောင်နှင့်အတိုင်းအဆမဲ့
၄၈။ အတုမရှိစည်တော်
၄၉။ ဇီဝနိုးလိုက်ဂူ
၅၀။ ရွှေဖြစ်ငွေဖြစ် မစိန်ချစ်
၅၁။ ဆားပုလင်းအင်းအောင်နှင့်ဇနမင်းဆစတမာန်
၅၂။ ဆားပုလင်းအင်းအောင်နှင့်စိန်ပန်းနီနီ
၅၃။ ရေပြာအိုင်နှင့် နတ်ဆေးဂမုန်း
၅၄။ ဘာမထိဘူး
၅၅။ ဆားပုလင်းအင်းအောင်နှင့်သဇင်မြိုင်
၅၆။ မိုးမြေသစ္စာ
၅၇။ လနတ်သမီး
၅၈။ တစ်ကျွန်းခံ
၅၉။ မီးအိမ်ရှင်
ယခုလထုတ်စာအုပ်
၆၀။ ဂျမဒါမင်းသင်နှင့်ဆေးမင်းနာဂစိုင်


www.burmeseclassic.com

www.burmeseclassic.com

## မင်းမြတ်သူရ၏နောက်ထွက်မည့်စာအုပ်များ


- ❑ ရွှေမျက်နှာသခင်မ
- ❑ ပတ္တမြားသန်ကျိုး အဆိုမြည်တန်
- ❑ လှုဝင်စားကျောင်းတော်
- ❑ မိုးလုံးမြည်လျှံ
- ❑ ယောင်နှံ့သုနှစ်တော်
- ❑ ယကျည်နောင်
- ❑ ကျောက်စိမ်းအဆိန့်တော်
- ❑ နေနှံ့လနှစ်ပါးဆိုင်
- ❑ အမြှေရောင်လွှင်ပြိုင်
- ❑ မြေမြှုရှင်မ
- ❑ ယော်လင်းယုန်
- ❑ ပျိုတိုင်ကြိုက်တဲ့နှင်းဆီပိုင်


BURMESE CLASSIC .com

မက်ဆိုပိုတေးမီးယားဒေသသည် ယူဖရေးတီးနှင့် တိုက်ဂရစ်မြစ် မြစ်နှစ်သွယ်ပေါင်းဆုံရာ အရပ်ကို ဆိုပါသည်။ မက်ဆိုပိုတေးမီးယားတွင် ရှေးကျသော ယဉ်ကျေးမှုအမွေအနှစ်များ ရှိခဲ့ပြီး ကမ္ဘာ့အံ့ဖွယ် (၇)ပါး တွင် ပါဝင်ရသော ဘေဘီလုံမြို့မှ ဥယျာဉ်မှုံသည် ထိုအရပ်တွင် ရှိ၏။

တစ်ထောင့်တစ်ညပုံပြင်လာ သဘော်သားဆင်းဘတ်၏ မွေးရပ် မြေမှာလည်း မက်ဆိုပိုတေးမီးယားတွင်ရှိ၏။

မက်ဆိုပိုတေးမီးယားသည် လူ့ယဉ်ကျေးမှုစတင်ဖြစ်ထွန်းရာ အရပ်လည်းဖြစ်၏။

ထိုအရပ်၌ ရှေးဟောင်းမြို့ကြီးများ ထွန်းကားခဲ့ခြင်း၊ မြေဩဇာ ကောင်းသော မြစ်ဝှမ်းဒေသရှိခြင်းတို့ကြောင့် လက်နက်နိုင်ငံကြီးများ လက်အောက်သို့ အကြိမ်ကြိမ်ကျရောက်ခဲ့ဖူး၏။

ဝေတာနာတာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘရေ့အလယ်ပိုင်းဒေသ အာရေဗျကျွန်းဆွယ်တွင်ရှိသော မက်ဆိုပိုတေးမီးယားဒေသသည် အလွန်ရှေးကျသော ယဉ်ကျေးမှုကြီးများ တစ်ခုပြီးတစ်ခု ထွန်းကားခဲ့၏။

ဘီစီ ၂၀၀၀ ခန့်တွင် ပေါ်ထွန်းခဲ့သော ဆောဘီလိုးနီးယားလူမျိုးကို၎င်း ဆောဘီလုံရှေးဟောင်းမြို့တော်ကို အက်စ်ရှာနှင့် နင်နီဗာတို့ကို







လည်း မက်ဆိုပိုတေးမီးယားတွင် ရှာဖွေတွေ့ရှိ၏။

ရောမအင်ပါယာထွန်းကားသောအချိန်တွင် မက်ဆိုပိုတေးမီးယားသည် ရောမနှင့်ပါရှား၏ အားပြိုင်ရာဒေသဖြစ်ခဲ့၏။

အေဒီ (၇)ရာစုတွင် မက်ဆိုပိုတေးမီးယားသို့ အာရပ်များဝင်ရောက်လာ၏။





www.burmeseclassic.com



နွှန်ဂိုဘာသာတို့ ဝင်ရောက်ဖျက်ဆီးမှုကြောင့် အာရပ်တို့၏ယဉ်ကျေးမှုလက်ရာများ ပျက်စီးရပြန်၏။ ၁၆ ရာစုတွင် မက်ဆိုပိုတေးမီးယားဒေသကို တူရကီဘုရင် ဆူလတန်မင်းက သိမ်းပိုက်ယူခဲ့ပြန်၏။

ထိုအချိန်မှစ၍ မက်ဆိုပိုတေးမီးယားဒေသသည် အော်တိုမန်တူရကီအင်ပါယာအတွင်းသို့ ရာစုနှစ်ပေါင်းများစွာ ရောက်ရှိခဲ့လေတော့၏။

တူရကီတို့သည် အလွန်ကျယ်ပြန့်သော အော်တိုမန်အင်ပါယာကြီးကို အီစတန်ဘူမြို့မှ ထိန်းသိမ်းအုပ်ချုပ်ခဲ့၏။







အော်တိုမန်တူရကီတို့လက်သို့ ဥရောပတိုက်အရှေ့တောင်ပိုင်း မြေထဲပင်လယ်တစ်ဝိုက် နယ်မြေများနှင့် အာဖရိကမြောက်ပိုင်း နယ်မြေများအားလုံး ကျရောက်ခဲ့လေ၏။

ထို့ကြောင့် အော်တိုမန်အင်ပါယာကြီးသည် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံး၊ အခမ်းနားဆုံးအင်ပါယာကြီး ဖြစ်ခဲ့၏။

အော်တိုမန်တူရကီတို့သည် မက်ဆိုပိုတေးမီးယားဒေသသို့ ရာစုနှစ်ပေါင်းများစွာ သိမ်းပိုက်ထားခဲ့ပြီး ပထမကမ္ဘာစစ်ဖြစ်သောအခါမှပင် ဗြိတိသျှတို့လက်သို့ ကျရောက်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမကမ္ဘာစစ်သို့ တူရကီနိုင်ငံ ဝင်ရောက်လာသဖြင့် အိန္ဒိယရှိ ဗြိတိသျှတပ်မကြီးတစ်ခုသည် ပါရှန်ပင်လယ်ကွေ့အတွင်းသို့ ဝင်ရောက်တပ်စွဲ၏။

ထိုသို့ တပ်စွဲရခြင်းမှာ ပါရှန်ပင်လယ်ကွေ့အတွင်းရှိ မဟာမိတ်များကို အကာအကွယ်ပေးနိုင်ရန်နှင့် ပါရှန်ပင်လယ်ကွေ့ကို လက်ဦးမှုရယူနိုင်ရန် ဖြစ်၏။

▲ ▲ ▲ ▲ ▲

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊အဘသောကလမ်းကျောက်မြောင်းရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





ပထမကမ္ဘာစစ်အတွင်း ဗြိတိသျှတို့၏ အလွန်ထင်ရှားသော က်နှာမှာ တူရကီတို့နှင့် ပါရှန်ပင်လယ်ကွေ့တွင် ဆင်နွှဲခဲ့သော ဆိုပိုတေးမီးယား စစ်မျက်နှာဖြစ်၏။

ထိုအချိန်က ဗြိတိသျှ လက်အောက်ခံဖြစ်ခဲ့သော မြန်မာနိုင်ငံရှိ ထမ်းများသည် မက်ဆိုပိုတေးမီးယားစစ်မျက်နှာ၌ ရှပ်ရှပ်ခါအောင် တိုက်ပွဲ ဝင်ခဲ့ဖူး၏။

တစ်နည်းအားဖြင့်ဆိုလျှင် မြန်မာပြည်နှင့် လွန်စွာဝေးကွာသော ရာဗျကျွန်းဆွယ်ရှိ မက်ဆိုပိုတေးမီးယား စစ်မြေပြင်တွင် မြန်မာ့သွေး ခဲ့ဖူး၏။

ထိုအချိန်က မြန်မာစစ်မှုထမ်းတို့သည် မက်ဆိုပိုတေးမီးယား က်နှာပြင်တွင် ဆာဂျင်၊ ဆူမေဒါ၊ ဂျမဒါ စသော ရာထူးငယ်လေး င် ရရှိစေကာမူ ဗြိတိသျှ ဗိုလ်ချုပ်ကြီးများ ချီးကျူးရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



သတ္တိပြောင်ခဲ့၏။

မြန်မာစစ်မှုထမ်းတို့၏ စွန့်လွှတ်စွန့်စားမှု၊ သတ္တိပြောင်မှုတို့ကို ဘဝတူ စစ်မှုထမ်းအားလုံး အသိအမှတ်ပြုခဲ့ကြ၏။

ထိုကဲ့သို့ သတ္တိအပြောင်ဆုံး၊ အရဲရင့်ဆုံး၊ စွန့်လွှတ်စွန့်စားမှု အရှိဆုံး စစ်သည်တော်များထက် သာလွန်သော စစ်သည်တော်တစ်ဦး ရှိခဲ့ဖူး၏။

ထိုစစ်သည်တော်၏အမည်မှာ ဂျမဒါမင်းထင်ပင် ဖြစ်၏။ ဂျမဒါ မင်းထင်သည် လွန်စွာရဲဝံ့၏။ သေဝံ့သတ်ဝံ့သော သတ္တိလည်းရှိ၏။



သူသည် စွန့်လွှတ်အနစ်နာခံလိုသော စိတ်ဓာတ်လည်းရှိ၏။ သနားကြင်နာတတ်သော နှလုံးသားကိုလည်း ပိုင်ဆိုင်၏။ တစ်ကို ကောင်းစိတ်ဓာတ်လည်း အလွန်နည်း၏။

သူသည် အများအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံလိုသော





စိတ်ဓာတ်လည်း ရှိ၏။ သူ၏စိတ်ဓာတ်သည် ခြင်္သေ့တစ်ကောင်ကဲ့သို့ ရဲဝံ့၏။ ယုန်ကလေးတစ်ကောင်ကဲ့သို့လည်း သနားကြင်နာတတ်၏။

သူသည် မက်ဆိုပိုတေးမီးယားစစ်မြေပြင်အတွင်း စွန့်စားမှု အမျိုးမျိုးကို ပြုလုပ်ခဲ့၏။

စစ်မြေပြင်ရှိ ဘဝတူစစ်သည်များ၏ အသက်များစွာကိုကယ်တင် ခဲ့၏။ သို့သော် သူ၏စိတ်ဓာတ်သည် အလွန်ထူးခြား၏။

ဗြိတိသျှအရာရှိကြီးများ ပေးအပ်သော သူရဲကောင်းဆုတံဆိပ် များကို မက်မောတွယ်တာခြင်း မရှိချေ။ သူ၏ ရာထူးတက်ရန်အတွက် လည်း လုံ့လစိုက်ထုတ်ခြင်းမရှိပေ။

ဂျမဒါမင်းထင်သည် သူရဲကောင်းစိတ်ဓာတ်ရှိသူ လူစွန့်စား တစ်ဦးသာဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သူရဲကောင်းစိတ်ဓာတ်ရှိသူ၊ လူစွန့်စားတစ်ဦးကို ပရိသတ်နှင့် မိတ်ဆက်ပေးရန် စာရေးသူ၌ တာဝန်ရှိပါသည်။

စာဖတ်သူသည် ဂျမဒါမင်းထင်ကို ဖတ်၍ ရဲဝံ့စိတ်၊ စွန့်လွှတ်စွန့်စားလိုစိတ်၊ သူတစ်ပါးအတွက် အနစ်နာခံလိုစိတ်၊ သနားကြင်နာစိတ်စသည့် ကောင်းမြတ်သောစိတ်ဓာတ်များ ဖြစ်ပေါ်လာသည်ဆိုလျှင် ဂျမဒါမင်းထင်ကို ဖန်တီးရကြိုးနပ်ပေပြီ။

[illegible]





တစ်နေ့သ၌ မက်ဆိုပိုတေးမီးယား စစ်မြေပြင်ရှိ ဗြိတိသျှ ဗိုလ်ချုပ်ကြီး ဂေါ့ဒွန်သည် သူ၏လက်အောက်ရှိ အရာရှိကြီးများနှင့်အတူ လွန်စွာအရေးပါသော ကိစ္စတစ်ရပ်အတွက် ခေါင်းပူမတတ် ဆွေးနွေးနေကြ၏။

ဗိုလ်ချုပ်ကြီး ဂေါ့ဒွန်က မြေပုံကို ထောက်ပြ၍

“ ငါတို့စစ်တပ်တွေ အင်အားအလုံးအရင်းနဲ့ ဝင်တိုက်ရင် မရနိုင် ဘူးလား ”

ဟု မေးမြန်းလိုက်ရာ ကာနယ်စမစ်က ခေါင်းခါယမ်း၍

“ မဖြစ်နိုင်ဘူး ဂျင်နရယ်၊ ကျွန်တော်တို့စစ်တပ်တွေ အင်အားသုံးပြီးတိုက်ရင် သူပုန်တွေက မေရှာဝီလျံကို အမြန်ဆုံးသတ်ပစ်ကြမှာပေါ့၊ မေရှာဝီလျံဟာ အတော်မိုက်မဲတဲ့လူပဲ၊ သူ့ရဲ့အင်အားနဲ့ ရန်သူနယ်မြေထဲမှာ အရဲစွန့်ပြီး သွားလုပ်တာ သူ့ရဲ့မိုက်မဲမှုပဲ ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ကာနယ်စမစ်၏စကားကို နားထောင်၍ ကာနယ်အရောင်းဆိုသူက သက်ပြင်းချ၍

" ဟုတ်တယ်၊ သဲကန္တာရထဲမှာ အရဲစွန့်ပြီး လှူစွမ်းကောင်းလုပ်ရင် အိုလိုမြင်နေပ်ဖို့နဲ့ကြုံမယ်ဆိုတာ ဆင်းဟတ်ကျောင်းက သူ့ကို သင်မပေးလိုက်မှုနဲ့တူတယ် "

ဟု အပြစ်တင်လေ၏။ ထိုအခါ ဗိုလ်ချုပ်ကြီး ဂေါ်ဒွန်က စားပွဲခုံကို လက်နှင့်ပုတ်၍

" တော်ပြီ၊ အပြစ်တင်တာတွေ ရပ်တန်းကရပ်တော့၊ သူပုန်တွေဟာ ဘယ်လိုအတန်းအစားလဲ ပြောစမ်း "

ဟု မေးမြန်းလိုက်ရာ အခန်းထောင့်တွင်ရပ်နေသော ဗိုလ်ကြီးကင်ယောက်က အနီရောင်ဖိုင်တစ်ခုကို ကိုင်၍ စားပွဲအနီးသို့ တိုးကပ်လာပြီး ဖိုင်၏တစ်နေရာကို လက်ညှိုးထိုး၍

" သူပုန်တွေဟာ အင်အားအလွန်ကြီးတဲ့ အဖွဲ့ကြီးမဟုတ်ပါဘူး၊ အင်အားအသင့်အတင့်ရှိတဲ့ အဖွဲ့ငယ်လေးပါ "

ဟု ပြောလေရာ ဗိုလ်ချုပ်ကြီးဂေါ်ဒွန်၏ မျက်နှာတင်းမာသွားပြီး လက်သီးကိုဆုပ်၍

" အင်အားအသင့်အတင့်ရှိတဲ့ သူပုန်အဖွဲ့လေးကတောင် ဗြိတိသျှတပ်မတော်ကို စိန်ခေါ်ရင် အင်အားကြီးတဲ့ သူပုန်အဖွဲ့တွေက ငါတို့ကို လည်ပင်းတက်ဖြတ်မှာ သေချာတယ် "

ဟု ဒေါသတကြီး အော်ဟစ်လိုက်လေ၏။ ထိုအခါ ကာနယ်စမစ်က ကော်ဖီပန်းကန်ကို ဆွဲယူ၍





" သူတို့ဟာ အင်အားနည်းပေမဲ့ လျော့တွက်လို့မရပါဘူး၊ သူပုန်တွေဟာ ဗက်ဒိုအင်တွေပါ "

ဟု ပြောလိုက်ရာ အခန်းထဲရှိ အရာရှိကြီးများအားလုံး သက်ပြင်း ကိုယ်စီချလိုက်လေ၏။

အာရပ်လူမျိုးများထဲတွင် ဗက်ဒိုအင်တို့သည် ကြောက်မက်ဖွယ်အကောင်းဆုံးဖြစ်ကြောင်း သူတို့အားလုံး သိကြ၏။ ဗက်ဒိုအင်တို့သည် လွန်စွာ မြင်းစီးကောင်းပြီး ဓားခုတ်လှံထိုး ကျွမ်းကျင်ကြ၏။

သဲကန္တာရကို အလွန်ကျွမ်းကျင်ကြပြီး အသက်ရှင်နေထိုင်နိုင်စွမ်းရှိကြ၏။ ဗက်ဒိုအင်တို့သည် သဲကန္တာရအတွင်း အိုအေစစ်ရှိနိုင်သောနေရာများကို အနံ့ခံနိုင်စွမ်းရှိသည် ဆို၏။

ဗိုလ်ချုပ်ကြီးဂေါ်ဒွန်သည် ဗက်ဒိုအင်များအကြောင်း စဉ်းစားနေရာမှ ဒေါသထွက်လာပြန်ပြီး

" ဒီကောင်တွေဟာ ဗက်ဒိုအင်ဖြစ်နေတာနဲ့ ငါတို့က လက်ပိုက်ကြည့်နေရမှာလား။ ငါတို့ဗြိတိသျှတပ်မတော်က ဗိုလ်မှူးတင်ယောက်ကို ဖမ်းထားပြီး သုံးရက်အတွင်း ရွှေဂီနီတစ်သောင်းနဲ့ ပြန်ရွေးရင်ရွေး၊ မရွေးနိုင်ရင် သတ်ပစ်မယ်ဆိုတာ အလွန်စော်ကားတဲ့ အပြုအမူပဲ၊ သူပုန်တွေကို ငါတို့စစ်တပ်နဲ့ အင်အားသုံးပြီး တိုက်ပစ်ရမယ် "

ဟု အော်ဟစ်ပြောဆိုလိုက်၏။ ဗိုလ်ချုပ်ကြီးဂေါ်ဒွန်သည် ဒေါသစိတ်ကြောင့် သူပုန်များကို တိုက်ခိုက်မည်ဟု ကြုံးဝါးနေသော်လည်း ထိုသို့မဖြစ်နိုင်မှန်း ရင်ထဲက သိနေ၏။

သူတို့အင်အားသုံးလိုက်လျှင် မေဂျာဝီလျံကို သူပုန်များက



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောက်စ်ပေလိမ့်မည်။

ဗိုလ်ချုပ်ကြီးသည် အခန်းထောင့်တွင် ထိုင်နေသော ကာနယ်ဟင်နရီကို မြင်တွေ့သွားပြီး

" မင်းဘာတွေစဉ်းစားနေတာလဲ၊ အခန်းထောင့်မှာ ထိုင်နေရုံနဲ့ ပြဿနာက ပြီးဆုံးမှာမဟုတ်ဘူး "

ဟု ပြောလေ၏။ ကာနယ်ဟင်နရီသည် မက်ဆိုပိုတေးမီးယား စစ်မြေပြင်သို့ ပြောင်းရွှေ့သည်မှာ တစ်လခန့်သာရှိသေး၏။

ထို့ကြောင့် မက်ဆိုပိုတေးမီးယားသည် သူနှင့်မကျွမ်းကျင်သေးသော အရပ်ဖြစ်သဖြင့် ငြိမ်သက်နေပုံရ၏။ ကာနယ်ဟင်နရီသည် ဗိုလ်ချုပ်ကြီး၏ ဆူပူကြိမ်းမောင်းမှုကြောင့် အခန်းထောင့်တွင် တစ်ကိုယ်တည်း ထိုင်နေရာမှ အရာရှိကြီးများရှိရာသို့ ဦးတည်လျှောက်လှမ်းလာပြီး

" ဇက်ဒိုးအင်တွေကို ရင်ဆိုင်နိုင်ဖို့ နည်းလမ်းတစ်လမ်းပဲရှိတယ်၊ အဲဒီနည်းလမ်းကို ကျုပ် သေသေချာချာ စဉ်းစားနေတာပါ "

ဟု ပြောလိုက်ရာ အရာရှိကြီးများအားလုံး ကာနယ်ဟင်နရီ၏ စကားကို စိတ်ဝင်စားသွားလေ၏။

ဗိုလ်ချုပ်ကြီးဂေါ်ဒွန်ပင် ကာနယ်ဟင်နရီကို ကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

" ဘယ်လိုနည်းလမ်းလဲ၊ မြန်မြန်ပြောစမ်း "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ကာနယ်ဟင်နရီက သက်ပြင်းချ၍

" သူပုန်တွေဆီကို ကွန်မင်ဒိုလွှတ်ပြီး မေဂျာဝီလျံကို ကယ်တင်ဖို့





ပါ "

ဟု ပြောလေ၏။ ဗိုလ်ချုပ်ကြီးဂေါ်ဒွန်က ခေါင်းခါယမ်း၍

" ဇက်ဒိုးအင်တွေဟာ သဲကန္တာရမှုဆိုးတွေ၊ သူတို့ဟာ သဲကန္တာရကို သိပ်ကျွမ်းတယ်၊ ကျုပ်တို့ ကွန်မင်ဒိုတွေက သဲကန္တာရနဲ့ ပတ်သက်ပြီး ဘာအတွေ့အကြုံမှမရှိဘူး၊ အားလုံး ဒုက္ခရောက်သွားမယ်၊ နောက်ပြီးတော့ သူပုန်တွေက စစ်စည်းကမ်းတွေ ဘာတွေ နားလည်တာမဟုတ်ဘူး၊ ကျုပ်တို့စစ်သားတွေကို ဖမ်းမိရင် ရက်ရက်စက်စက် သတ်ဖြတ်မှာ သေချာတယ်၊ ဒါကြောင့် ဇက်ဒိုးအင်တွေ ဆီကို ဘယ်သူမှ စွန့်စားပြီး သွားဝံ့မှာမဟုတ်ဘူး "

ဟု ပြောလိုက်လေ၏။ ကာနယ်ဟင်နရီက သက်ပြင်းချ၍

" ဗိုလ်ချုပ်ကြီးပြောတာ ဟုတ်ပါတယ်၊ ဇက်ဒိုးအင်တွေဆီကို သွားဖို့အတွက် တော်ရုံတန်ရုံ သတ္တိမျိုးနဲ့ မဖြစ်နိုင်ပါဘူး၊ သူတို့ဆီကို သွားဖို့အတွက် သေဝံ့သတ်ဝံ့တဲ့ သူရဲကောင်းပုံပြင်ထဲက လူစွမ်းကောင်းမှ ဖြစ်မယ် "

ဟု ပြောလေ၏။ ထိုအခါ ၎င်းတို့၏စကားကို ငြိမ်သက်စွာ နားထောင်နေသော ကာနယ်စမစ် ဝင်၍

" ခင်ဗျားဟာ အတော်စိတ်ကူးယဉ်တာပဲ၊ သူရဲကောင်းပုံပြင်ထဲက လူစွမ်းကောင်းဟာ ကျုပ်တို့စစ်တပ်မှာ ဘယ်လိုလုပ်ရှိပါ့မလဲ "

ဟု ပြစ်တင်လိုက်လေ၏။ အခြားသော အရာရှိကြီးများကလည်း ကာနယ်ဟင်နရီ၏စိတ်ကူးကို ရူးနှမ်းသောစိတ်ကူးဟု ယူဆကာ လှောင်ပြောင်လိုသော အကြည့်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဟင်နရီက သက်ပြင်းချ၍

'' သူ့ရဲ့ကောင်းပုံပြင်ထဲက လူစွမ်းကောင်းလိုလူဟာ ကျုပ်တို့ ခေတ်မှာရှိပါတယ် ''

ဟု ပြောလိုက်ရာ ဗြိတိသျှအရာရှိကြီးများ အားလုံး အံ့သြဟန် ဖြင့် မျက်လုံးပြူးသွားလေ၏။

ဗြိတိသျှဗိုလ်ချုပ်ကြီး ဂေါ်ဒွန်က မျက်မှောင်ကြုတ်၍

'' ဘာ... သူ့ရဲ့ကောင်းပုံပြင်ထဲက လူစွမ်းကောင်းဟာ စစ်တပ်မှာရှိတယ် ဟုတ်လား၊ ဘယ်သူလဲ ''

ဟု အော်ဟစ်မေးမြန်းလေ၏။

ထိုအခါ ကာနယ်ဟင်နရီက မျက်မှောင်ကြုတ်၍

'' သူ့နာမည် ဂျူမဒါမင်းထင်လို့ခေါ်တယ်၊ သူဟာ အလွန် ရဲရင့်တဲ့ မြန်မာစစ်သားတစ်ယောက်ပဲ၊ သူဟာ အိန္ဒိယမှာနေတုန်းက ကျွန်တော့်ရဲ့ အပါးတော်မြဲအဖြစ် အမှုထမ်းခဲ့ဖူးတယ်၊ ဂျူမဒါမင်းထင်သာ ရှိရင် မေဂျာဝီလျံကိုရအောင် ပြန်ကယ်နိုင်မှာပဲ ''

ဟု ပြောလေ၏။ ကာနယ်ဟင်နရီ၏စကားကို နားထောင်နေသော ဗြိတိသျှ အရာရှိကြီးများအားလုံးသည် ဂျူမဒါမင်းထင်ဆိုသူကို အထင်ကြီးဟန်မရှိကြချေ။

ကာနယ်စမစ်က ခေါင်းခါယမ်း၍

'' မြန်မာတစ်ယောက်ဟာ သဲကန္တာရမှုဆိုးဇက်ဒိုးအင်တွေကို ဘယ်လိုလုပ် ယှဉ်ပြိုင်နိုင်မှာလဲ၊ ဇက်ဒိုးအင်တွေဟာ စိတ်ကြမ်း လူကြမ်း တွေဖြစ်တယ်၊ မြင်းစီး ဓားခုတ် အထတ်ပညာတွေကိုလည်း ငယ်စဉ်





ကတည်းက ကျွမ်းကျင်ကြတယ်၊ သေနတ်ပစ်လည်း လက်ဖြောင့်ကြ တယ်၊ အဲဒီအရည်အချင်းတွေ မြန်မာဂျူမဒါတစ်ယောက်မှာ မရှိနိုင်ဘူး ''

ဟု ပြောလေရာ ကာနယ်ဘရောင်းဆိုသော အရာရှိကြီးက လည်း ဆေးပြင်းလိပ်ကို မီးညှိ၍

'' ဟုတ်တယ်၊ မြန်မာဂျူမဒါ ဘယ်လောက်ပဲသတ္တိရှိရှိ သဲကန္တာရ မှာတော့ ဇက်ဒိုးအင်တွေကို ယှဉ်ပြိုင်ပြီး မမိုက်နိုင်ပါဘူး၊ ကျုပ်တို့စစ်တပ် မှာ အိန္ဒိယစစ်ဘာရီတပ်က သတ္တိရှိတဲ့စစ်သည်တွေရှိတယ်၊ ဒါပေမဲ့ စစ်ဘာရီတပ်က စစ်သည်တွေတောင် မက်ဆိုပိုတေးမီးယား သဲကန္တာရ မှာ ဇက်ဒိုးအင်တွေနဲ့ ယှဉ်ပြိုင်ပြီး မမိုက်ဝံ့ဘူး ''

ဟု ပြောဆိုလေ၏။ သို့သော် ကာနယ်ဟင်နရီကမူ ခေါင်းခါယမ်း၍

'' ဂျူမဒါမင်းထင်ဟာ သာမန်လူစွန့်စားတစ်ယောက် မဟုတ် ဘူး၊ သူ့မှာ လက်ရုံးရည်တင်မကဘူး၊ နှလုံးရည်နဲ့လည်း ပြည့်စုံတယ်၊ သူဟာ ကြံရည်ဖန်ရည်လည်း အလွန်ကောင်းတယ်၊ အန္တရာယ် အခက်အခဲတွေကြားက ရုန်းကန်နိုင်တဲ့ အတွေ့အကြုံလည်း ရှိတယ်၊ အိန္ဒိယမှာ အမှုထမ်းစဉ် အခါတုန်းက တောပုန်းကြီးရာဇတ်ကို အစ်ကိုယ်တော် စွန့်စားခန်းဖွင့်ပြီး ဖမ်းဆီးခဲ့ဖူးတယ် ''

ဟု ပြောလေရာ ဗိုလ်ချုပ်ကြီးဂေါ်ဒွန်သည် မျက်မှောင်ကြုတ် လိုက်ပြီး

'' ပန်ဂျပ်ပြည်နယ်က အလွန်ရက်စက်ကြမ်းကြုတ်တဲ့ တောပုန်း ကြီး ရာဇတ်ကို ပြောတာလား ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။

ကာနယ်ဟင်နရီက ခေါင်းညိတ်၍

" ဟုတ်ပါတယ် ဗိုလ်ချုပ်ကြီး၊ တောပုန်းကြီးဟာ သေဝံ့သတ်ဝံ့တဲ့ လက်အောက်ခံ တပည့် တပန်း (၅၀) လောက်နဲ့ တောထဲမှာ ခိုအောင်းနေစဉ်က ဂျူမဒါမင်းထင်ဟာ တပ်သားခုနစ်ယောက်ပါတဲ့ ကပ်မှုလေးနဲ့ တောထဲကို ထိုးဖောက်ဝင်ခဲ့တယ်၊ နောက်ဆုံးတော့ တောပုန်းကြီးရာဇတ်ကို ဓားချင်းယှဉ်ခုတ်ပြီး ဓားစာခံအဖြစ် ဖမ်းဆီးနိုင်ခဲ့ပါတယ် "

ဗိုလ်ချုပ်ကြီးဂေါ်ဒွန်က စိတ်လှုပ်ရှားဟန်ဖြင့်

" ဟုတ်ပြီ၊ အဲဒီတုန်းက သတင်းစာတွေမှာပန်ဂျပ်ပြည်နယ်က တောပုန်းကြီးရာဇတ်ကို ဂျူမဒါတစ်ဦးခေါင်းဆောင်တဲ့ တပ်စိတ်ကလေးတစ်စိတ်က လက်ရဖမ်းဆီးခဲ့တယ်လို့ ဖတ်ဖူးတယ် "

ထိုအခါ ကာနယ်ဟင်နရီက ဆေးလိပ်ကို မီးညှိ၍

" ဂျူမဒါမင်းထင်ဟာ တောပုန်းကြီးရာဇတ်တင်မကဘူး ဟိမဝန္တာတောင်ခြေမှာ သောင်းကျန်းနေတဲ့ တောပုန်းကြီးဆင်းကိုလည်း တစ်ကိုယ်တော် စွန့်စားပြီး ဖမ်းဆီးပေးခဲ့ဖူးတယ် "

ဗြိတိသျှအရာရှိကြီးများသည် ကာနယ်ဟင်နရီ ပြောပြသော လူစွန့်စားမင်းထင်ဆိုသူကို စိတ်ဝင်စားစပြုလာ၏။

ကာနယ်ဘရောင်းက ကော်ဖီကို သောက်ရင်း

" သူဟာ တောပုန်းဓားပြကြီးတွေကိုမှ ရွေးပြီးဖမ်းဆီးတယ်ဆိုတော့ သတ္တိတော့ အတော်ကောင်းမှာပဲ၊ သူဘာဖြစ်လို့ တောပုန်းတွေကို ဖမ်းဆီးချင်ရတာလဲ "





ဟု ပြောလေရာ ကာနယ်ဟင်နရီက သက်ပြင်းချ၍

" ဆုငွေလိုချင်လို့ပါ "

ဟု တိုးတိုးဖြေလိုက်၏။ ထိုအခါ ဗြိတိသျှအရာရှိကြီးများ၏ မျက်နှာများ အံ့သြသွားကြပြီး ကာနယ်စမစ်က

" ဆုငွေလိုချင်လို့ ဟုတ်လား၊ ဒါဆိုရင် ဂျူမဒါမင်းထင်ဆိုတဲ့ လူဟာ အကျင့်စာရိတ္တမကောင်းတဲ့လူပဲ၊ ပိုက်ဆံအလွန်မက်တဲ့လူဟာ စစ်တပ်ထဲမှာ ရှိမနေသင့်ဘူး "

ဟု ရှုတ်ချလိုက်လေ၏။ ထိုအခါ ကာနယ်ဟင်နရီက ကာနယ်စမစ်၏ မျက်နှာကို စေ့စေ့ကြည့်၍

" လူမှန်ရင် ပိုက်ဆံမက်ကြတာပါပဲ၊ ပိုက်ဆံမမက်တဲ့လူဆိုတာ မရှိပါဘူး၊ ဒါပေမဲ့ ဂျူမဒါမင်းထင် ပိုက်ဆံမက်တယ်ဆိုတာ သူတစ်ကိုယ်တည်း ကောင်းစားဖို့မဟုတ်ဘူး၊ ဂျူမဒါမင်းထင်ဟာ တောပုန်းကြီးတွေကို သက်စွန့်ဆံဖျား ဖမ်းဆီးပြီး ဆုငွေရရှိတယ်ဆိုရင် သူ့ရဲ့မိခင်တိုင်းပြည်ဖြစ်တဲ့ မြန်မာနိုင်ငံက ပရဟိတလုပ်ငန်းတွေမှာ လှူဒါန်းလိုက်တာပဲ "

ဟု ပြောလေရာ ဗြိတိသျှ အရာရှိကြီးများအားလုံး အံ့သြသွားကြလေ၏။ ကာနယ်စမစ်က ခေါင်းခါယမ်း၍

" အသက်အန္တရာယ်နဲ့ အလွန်နီးတဲ့ တောပုန်းဓားပြတွေကို ဖမ်းတယ်၊ ဆုငွေရတော့ ပရဟိတလုပ်ငန်းတွေကို လှူဒါန်းပစ်တယ်၊ ဒီကောင် ရူးနေသလား "

ဟု ရေရွတ်လေ၏။ ကာနယ်ဟင်နရီက ခေါင်းခါယမ်း၍



www.burmeseclassic.com

www.burmeseclassic.com



'' ဂျမဒါမင်းထင်ဟာ မရူးပါဘူး၊ သူဟာ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး အများကောင်းကျိုးကို သယ်ပိုးလိုစိတ် အပြည့်ရှိတယ်၊ သူ့ရဲ့ တစ်ကိုယ်ရည် တိုးတက်ရေးအတွက် ရာထူးတိုးတက်ဖို့ကိုလည်း စိတ်မဝင်စားဘူး၊ သူဟာ အလွန်အရည်အချင်းရှိပေမဲ့ ဗြိတိသျှလက်အောက်ခံ မြန်မာလူမျိုးတစ်ယောက်ဖြစ်တဲ့အတွက် ဂျမဒါရာထူးက မတက်ခဲ့ဘူး၊ တကယ်တော့ သူ့အရည်အချင်းနဲ့ဆိုရင် မေဂျာအဆင့်လောက်ထိ ဖြစ်နိုင်ပါတယ် ''

ဟု ပြောလေ၏။ ဗိုလ်ချုပ်ကြီးဝေါ်ဒွန်သည် သက်ပြင်းရှည်ကြီးကို ချ၍

'' ဂျမဒါမင်းထင်ဆိုတဲ့လူဟာ စိတ်ဝင်စားဖို့ကောင်းလာပြီ၊ သူဟာ ဗက်ဒိုးအင်တွေလို ဓားခုတ်လှံထိုးပညာ ကျွမ်းကျင်ရဲ့လား ''

ဟု မေးမြန်းလေရာ ကာနယ်ဟင်နရီက ခေါင်းညိတ်၍

'' ဓားခုတ်လှံထိုးတင်မကဘူး၊ လက်နက်မဲ့တိုက်ခိုက်ရေးပညာကို ဂျမဒါမင်းထင် အလွန်ကျွမ်းပါတယ်၊ သူဟာ မြန်မာတွေရဲ့ ရိုးရာကိုယ်ခံပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းထားတယ်၊ သေနတ်ပစ်တဲ့နေရာမှာလည်း အလွန်လက်ဖြောင့်ပါတယ် ''

ဟု ပြောလေ၏။

ထိုအခါ ကာနယ်စမစ်က မျက်နှာကို ရှုံ့မဲ့၍

'' ခင်ဗျားပြောတဲ့ အရည်အချင်းတွေက ချီးမွမ်းလောက်ပါတယ်၊ ဒါပေမဲ့ သူဟာ မြန်မာတစ်ယောက်ဖြစ်နေတဲ့အတွက် သူ့ကို ကျုပ် အထင်မကြီးဘူး ''





ဟု ပြောလေရာ ကာနယ်ဟင်နရီက ကော်ဖီကို တစ်ငုံသောက်၍

'' မြန်မာတွေဟာ ခေတ်မမီလို့ ဗြိတိသျှကိုလိုနီဖြစ်ခဲ့တာပါ၊ သူ့ရဲ့ သတ္တိအရာမှာတော့ ချီးမွမ်းလောက်တဲ့ လူမျိုးတွေပါ၊ ဗြိတိသျှတွေဟာ မြန်မာဘုရင်သီပေါကို ထိန်းသိမ်းနိုင်ပေမဲ့ မြန်မာမျိုးချစ်တွေရဲ့ တော်လှန်မှုတွေကိုတော့ ဒီနေ့ထက်တိုင် မနှိမ်နင်းနိုင်သေးဘူး၊ မြန်မာတွေဟာ အိန္ဒိယတွေထက် ထိန်းသိမ်းရခက်တယ်ဆိုတာ ကျုပ်တို့ ဗြိတိသျှတွေ ကောင်းကောင်းသိပါတယ် ''

ဟု ပြောလေရာ ကာနယ်စမစ်က ခေါင်းခါယမ်း၍

'' ဘာပဲဖြစ်ဖြစ် မြန်မာတစ်ယောက်က လူစွမ်းကောင်းတစ်ယောက်လို စွမ်းဆောင်နိုင်မယ်ဆိုတာ ကျုပ် သံသယရှိတယ် ''

ဟု ဝေဖန်ကဲ့ရဲ့လေ၏။ ဗိုလ်ချုပ်ကြီးဝေါ်ဒွန်က ဝင်ရောက်၍

'' ငြင်းခုန်နေတာကို ရပ်လိုက်ကြစမ်း၊ ဂျမဒါမင်းထင်ဆိုတဲ့လူကို ငါတွေ့ချင်တယ်၊ သူဘယ်မှာလဲ ''

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ကာနယ်ဟင်နရီက သက်ပြင်းချ၍

'' ဂျမဒါမင်းထင် ကျုပ်တို့တပ်မှာ မရှိသေးပါဘူး ''

ဟု ပြောလိုက်ရာ ဗိုလ်ချုပ်ကြီးဝေါ်ဒွန်၏ မျက်နှာရှုံ့မဲ့သွားပြီး

'' ဘာ... ဂျမဒါမင်းထင် ငါတို့တပ်မှာ မရှိသေးဘူး ဟုတ်လား၊ ဒါဆိုရင် ဘာဖြစ်လို့ ပုံပြင်ထဲက သူရဲကောင်းကို တမ်းတနေတာလဲ၊ မင်း ရူးနေသလား ''

ဟု မေးမြန်းလိုက်၏။ ကာနယ်ဟင်နရီက ဗိုလ်ချုပ်ကြီးဝေါ်ဒွန်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ကြည့်၍

" ကျွန်တော်မရှုးပါဘူး။ ဂျူဒါမင်းထင်ဟာ မနေ့ကရောက်လာခဲ့ အိန္ဒိယနဲ့ မြန်မာတပ်ဖွဲ့မှာ လိုက်ပါလာခဲ့ပါတယ်၊ ဒါပေမဲ့ ဂျူဒါမင်းထင်တို့လူစု ဒီနေ့ထက်ထိ ရောက်မလာသေးဘူး၊ သူတို့ သဲကန္တာရထဲမှာ ဘယ်လို အခက်အခဲတွေ နေလဲမသိဘူး "

ဟု ပြောလေ၏။ ထိုအခါမှပင် ဗိုလ်ချုပ်ကြီးဂေါ်ဒွန်၏မျက်နှာ ပျော့ပျောင်းသွားပြီး

" ဪ... ဂျူဒါမင်းထင်ဟာ အိန္ဒိယကပြောင်းလာမဲ့တပ်နဲ့ လိုက်လာမှာလား၊ ဒါဆိုရင် သူတို့တပ်ဖွဲ့ မကြာမီ ဒီကို ရောက်လာတော့မှာပါ၊ ဂျူဒါမင်းထင်ရောက်လာရင်သာ ကျုပ်နဲ့တွေ့ပေးပါ၊ သူ့ရဲ့ အရည်အချင်းကို ကျုပ်အကဲဖြတ်ချင်တယ် "

ကာနယ်ဟင်နရီသည် ဂျူဒါမင်းထင်ကို ဗိုလ်ချုပ်ကြီးဂေါ်ဒွန် စိတ်ဝင်စားမှန်းသိ၍ ကျေနပ်သွားလေ၏။

ကျန်သော ဗြိတိသျှအရာရှိကြီးများမှာမူ ဂျူဒါမင်းထင်အား ဗြိတိသျှကိုလိုနီနိုင်ငံမှ စစ်သားတစ်ဦးဖြစ်သောကြောင့် အထင်ကြီးဟန်မရှိပေ။

ကာနယ်ဟင်နရီသည် ဗိုလ်ချုပ်ကြီးဂေါ်ဒွန်၏ ရွက်ဖျင်တဲမှထွက်၍ သူ၏ရွက်ဖျင်တဲသို့ ပြန်ခဲ့လေ၏။





ကာနယ်ဟင်နရီသည် သူ၏ရွက်ဖျင်တဲသို့ ရောက်သောအခါ ဆေးတံထဲသို့ ဆေးထည့်၍ အတိတ်ကအကြောင်းများကို တွေးတောနေလေ၏။

ထိုအကြောင်းအရာများမှာ အိန္ဒိယတွင်နေထိုင်စဉ် ဂျူဒါမင်းထင် သူ၏အပါးတော်မြဲအဖြစ် အမှုထမ်းခဲ့စဉ် အချိန်များဖြစ်၏။

တစ်နေ့တွင် စစ်တပ်ဝင်းအတွင်း အိန္ဒိယစစ်သားနှစ်ဦး စကားများ ရန်ဖြစ်သောအခါ၌ ဂျူဒါမင်းထင်၏ သူရသတ္တိကို လူအများ သတိပြုမိကြ၏။

ထိုအိန္ဒိယစစ်သားနှစ်ဦးသည် နပန်းသမားလူသန်ကြီးများ ဖြစ်ကြ၏။ ၎င်းတို့သည် လူသန်ကြီးများဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး



www.burmeseclassic.com

အပြိုင်အဆိုင် ဖြစ်ကာ ရန်လိုမုန်းထားရှိခဲ့၏။

လူသန်ကြီးနှစ်ဦးသည် ဈေးထဲရှိ ပန်းသည်မိန်းမပျိုလေးကို အပြိုင်အဆိုင် ပိုးပန်းကြ၏။

ထိုသို့ပိုးပန်းရာမှ တစ်ဦးနှင့်တစ်ဦး ပိုမိုမုန်းတီးလာပြီး ရင်ဆိုင်တိုက်ပွဲဆင်နွှဲခဲ့ကြ၏။ လူသန်ကြီးနှစ်ဦးသည် ပွဲတော်နေ့အားလပ်ရက်၌ ဈေးထဲတွင် ဆုံတွေ့ကြ၏။

၎င်းတို့နှစ်ဦး၏ ရန်ပွဲကို စိတ်ဝင်စားသော တပ်သားများက အနောက်မှ တကောက်ကောက်လိုက်ကြည့်ကြ၏။

အချို့သော လောင်းကစားဝါသနာပါသူ တပ်သားများသည် လူသန်ကြီးနှစ်ဦးဘက်မှ လောင်းကြေးထပ်ကြ၏။ လူသန်ကြီးနှစ်ဦးသည် ခွန်အားဗလသန်မာသော်လည်း ဉာဏ်ရည်နည်းပါးကြသူများ ဖြစ်၏။

ထို့ကြောင့် ၎င်းတို့နှစ်ဦးရန်ပွဲဖြစ်အောင် မြှောက်ပင့်ပေးသူများရှိ၏။

ထိုသူများသည် လူသန်ကြီးနှစ်ဦး၏ရန်ပွဲကို ကြည့်ရှုလိုကြသော စိတ်သဘောထား ယုတ်မာသူများဖြစ်၏။ ထိုသူများသည် လူသန်ကြီးနှစ်ဦးကို ဈေးအနောက်ဘက် သစ်ပင်ရိပ်သို့ ခေါ်ဆောင်သွားလေ၏။

ထို့နောက် လောင်းကြေးများထပ်ကာ လူသန်ကြီးနှစ်ဦးကို ထိုးသတ်စေလေတော့၏။

လူသန်ကြီးများသည် တစ်ဦးနှင့်တစ်ဦး ရန်ငြိုးကြီးစွာဖြင့် အပြင်းအထန် တိုက်ခိုက်ကြ၏။

လူသန်ကြီးနှစ်ဦး၏ရန်ပွဲကို ကြည့်ရှုကြသော အရပ်သားများ





သည်လည်း လောင်းကြေးများထည့်ဝင်ရန် စိတ်အားထက်သန်လာကြပြီး လောင်းကစားဝိုင်းသို့ ဝင်ရောက်လာလေ၏။

လူသန်ကြီးနှစ်ဦးသည် လူအများ၏ မြှောက်ထိုးပင့်ကော် ပြုလုပ်မှုများကြောင့် သဲကြီးမဲကြီး ယှဉ်ပြိုင်တိုက်ခိုက်ကြ၏။

ထိုအခိုက်မှာပင် ဈေးအတွင်းသို့ မမျှော်လင့်ဘဲ ရောက်ရှိလာသော ဂျူမဒါမင်းထင်က ရန်ပွဲကို တွေ့ရှိသွား၏။

ဂျူမဒါမင်းထင်သည် ရန်ပွဲအကြောင်းကို စုံစမ်းပြီး လူသန်ကြီးကို သူတစ်ပါးမြှောက်ပင့်ပေးမှု ခံနေရကြောင်း ရိပ်စားမိသွားပြီး ၎င်းတို့၏ ရန်ပွဲကို တားဆီးရန် ဆုံးဖြတ်လိုက်၏။

သို့သော် လောင်းကစားလိုသူများ၏ မြှောက်ပင့်ပေးမှုကြောင့် လူသန်ကြီးနှစ်ဦးကို တားဆီးရန် အလွန်ခက်ခဲနေ၏။

မည်သို့ပင်ဖြစ်စေ ဂျူမဒါမင်းထင်သည် ရန်ပွဲကို တားဆီးရန် ဆုံးဖြတ်ပြီး ရှုပ်စွာ အော်ဟစ်နေသော လူအုပ်ကြီးကို တိုးဝှေ့၍ စည်းဝိုင်းအတွင်းသို့ ဝင်ရောက်သွား၏။

ထို့နောက် လူသန်ကြီးနှစ်ယောက်၏ပခုံးကို ပုတ်၍

" ဟေ့ကောင်တွေ ရပ်ကြစမ်း၊ သူများမြှောက်ပေးတိုင်း ဒီလူရွှန်တွေလို ထိုးကြိတ်နေတယ်၊ မင်းတို့ အသိဉာဏ်မရှိဘူးလား"

ဟု ပြောလိုက်၏။ လူသန်ကြီးတစ်ဦးက ဂျူမဒါသည် ၎င်းတို့၏ အထက်အရာရှိဖြစ်သော်လည်း ရန်ပွဲဖြစ်ပွားရန်သာ စိတ်အားထက်သန်နေသဖြင့်

" ကျုပ်တို့ကို မတားနဲ့၊ ကျုပ်တို့နှစ်ယောက်ထဲက တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဆောက် သေမှာအေးမယ် ''

ဟု အော်ဟစ်လေ၏။ ကျန်သော လူသန်ကြီးကလည်း

'' ဂျမဒါဖယ်စမ်းပါ၊ ဒီကောင်ကို ကျုပ်သတ်ရမှ ကျေနပ်မယ် ''

ဟု ပြန်လည်အော်ဟစ်လေ၏။ ဂျမဒါမင်းထင်သည် လူသန်ကြီးနှစ်ဦးကို အနုနည်းဖြင့် တားဆီးရန် မဖြစ်နိုင်တော့မှန်း ရိပ်စားမိ၍

'' ဟေ့ကောင်တွေ မင်းတို့ ငါပြောတာမရဘူးလား၊ ဒီလောက်တောင် သတ္တိကောင်းနေရင် မင်းတို့နှစ်ယောက်ကို ငါကိုယ်တိုင် ဆုံးမမယ် ''

ဟု ကြိုးဝါးကာ လူသန်ကြီးနှစ်ဦးကို လက်သီးဖြင့်ထိုးပြီး ဒူးဖြင့် တိုက်လိုက်ရာ လူသန်ကြီးနှစ်ဦး ကွဲကွာသွားလေ၏။

ထိုအခါ လူသန်ကြီးနှစ်ဦး၏ ရန်ပွဲကို ကြည့်ရှုနေသော ပရိသတ်များမှာလည်း ဆွံ့အပွက်သွားလေ၏။

၎င်းတို့၏ ရန်ပွဲကို လောင်းကြေးထပ်ထားသဖြင့် ဂျမဒါမင်းထင်ကို မကျေမနပ် အော်ဟစ်ကြလေ၏။ ဂျမဒါမင်းထင်သည် လူသန်ကြီးနှစ်ဦးကြားတွင် ဝင်ရပ်လိုက်၏။

ထို့နောက်

'' ဟေ့လူတွေ ကျုပ်စကားကို နားထောင်ပြီး ရန်ပွဲကိုရပ်ကြစမ်း ''

ဟု အမိန့်ပေးလိုက်၏။

ထိုအခါ ကြည့်ရှုနေသော ပရိသတ်က ဂျမဒါမင်းထင်၏ အပြုအမူကို ဝိုင်းဝန်းကန့်ကွက်ကြလေ၏။





ဂျမဒါမင်းထင်သည် ပရိသတ်များ၏ တုံ့ပြန်မှုကို ဂရုမပြုဘဲ လူသန်ကြီးနှစ်ဦးကိုသာ ရန်ပွဲဆက်လက်မဖြစ်ပွားရန် တားဆီးလေ၏။

လူသန်ကြီးနှစ်ဦးသည် သူတစ်ပါး၏ သွေးထိုးမှုကြောင့် အသေအလဲ တိုက်ခိုက်ရန်သာ စိတ်အားထက်သန်နေ၏။ သို့သော် ဂျမဒါမင်းထင်က ၎င်းတို့နှစ်ဦးကြားတွင် ရဲရွမ်းသတ္တိအပြည့်ဖြင့် ရပ်တန့်နေပြီး ရန်ပွဲမဖြစ်ရန် တားဆီးနေ၏။

ပရိသတ်များသည် လူသန်ကြီးနှစ်ဦးကို တားဆီးဝံ့သော မြန်မာလူစွမ်းကောင်းကို လူထူးလူဆန်းသဖွယ် ဝိုင်းဝန်း ကြည့်ရှုကြ၏။

လူသန်ကြီးတစ်ဦးက တိုက်ပွဲဆက်လက်ဖြစ်ပွားရန်အတွက်

'' ဂျမဒါရှေ့ကဖယ်စမ်းပါ၊ ဒီကောင်ကို အသေတိုက်ရမယ် ''

ဟု ကြိုးဝါးလေ၏။ ကျန်လူသန်ကြီးတစ်ဦးကလည်း ထိုနည်းအတိုင်း ပြောလေ၏။

ဂျမဒါမင်းထင်ကမူ ခေါင်းကိုခါယမ်း၍

'' ဖယ်မပေးနိုင်ဘူး၊ မင်းတို့ဟာ တိရစ္ဆာန်ထက်တောင် အသိဉာဏ်နည်းတဲ့ကောင်တွေပဲ၊ သတ္တိရှိရင် မင်းတို့နှစ်ယောက်စလုံး ရန်ဆက်ဖြစ်ကြ ဒါပေမဲ့ ရန်ပွဲဆက်ဖြစ်ရင် ငါ့ကို အနိုင်တိုက်ပြီးမှ ဖြစ်လို့ရမယ်၊ မင်းတို့ကြားမှာ ငါရှိတယ် ''

ဟု ပြောကာ လက်သီးကိုဆုပ်၍ အသင့်ပြင်ဆင်ထားလေ၏။

ထိုအခါ ပွဲကြည့်နေသော ပရိသတ်များအနက် အောက်တန်းကျသော ပရိသတ်အချို့က

'' ကြားကနေစင်ရှုပ်တဲ့ကောင်ကိုချပစ်၊ လူသန်ကြီးတွေ သတ္တိ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး ''

ဟု မြှောက်ပင့်ပေးကြလေ၏။ လူသန်ကြီးတစ်ဦးသည် ပရိသတ်၏ မြှောက်ပင့်ပေးမှုကြောင့် ဂျမဒါမင်းထင်ကို လက်သီးဖြင့် လှမ်းထိုးရန် ကြိုးစား၏။

သို့သော် ဂျမဒါမင်းထင်က အသာရှောင်တိမ်း၍ ညို့ညာကြီးကို ခြေဖြင့် လှမ်းကန်လိုက်ရာ အားခနဲအော်၍ ယိမ်းယိုင်သွား၏။

လူသန်ကြီးတစ်ဦးက ဂျမဒါမင်းထင်ကို ချုပ်ကိုင်ရန် ကြိုးပမ်းပြန်၏။

ဂျမဒါမင်းထင်က လူသန်ကြီး၏ အရိုက်ကို တတောင်ဖြင့်တွတ်၍ ပေါင်ကြားကိုဒူးဖြင့်တိုက်လိုက်ရာ လူသန်ကြီး ဖင်ထိုင်လျက် လဲလေ၏။

ဂျမဒါမင်းထင်က လူသန်ကြီးနှစ်ယောက်ကို ကြည့်၍

'' ဟေ့လူတွေ၊ ခင်ဗျားတို့ကို နောက်ဆုံးသည်းခံနေတာနော်၊ ရှေ့ဆက်ပြီး တိုးလာရင်တော့ ကျုပ်ကို အဆိုးမဆိုနဲ့ ''

ဟု အော်ဟစ်တားဆီးလိုက်ရာ လူသန်ကြီးနှစ်ဦးသည် ဂျမဒါမင်းထင်ကို ထိတ်လန့်သွားပြီး ရှေ့သို့ မတိုးဝံ့ဘဲ ဖြစ်သွားလေ၏။

ထိုအခါမှပင် ဂျမဒါမင်းထင်က

'' သူတစ်ပါးမြှောက်ပေးတိုင်း မိန်းမတစ်ယောက်အတွက် ထိုးကြိတ်ကြရင် ခင်ဗျားတို့ကို သူရဲကောင်းတွေလို့ ဘယ်သူမှမယူဆဘူး၊ တဏှာရူးကြီးတွေဆိုပြီး လူအများရဲ့ ဟားတိုက်ခြင်းကို ခံရလိမ့်မယ်၊ အခုလည်း ခင်ဗျားတို့ကို ငွေဝယ်ကျွန်ကြီးတွေလို သဘောထားပြီး





လူတွေက အလောင်းအစား လုပ်နေကြတယ်၊ ခင်ဗျားတို့ အရူးကြီးတွေ ဖြစ်နေပြီ ''

ဟု ပြောလိုက်ရာ လူသန်ကြီးနှစ်ဦးသည် ဂျမဒါမင်းထင်၏ စကားကြောင့် တွေဝေသွားလေ၏။

ရန်ပွဲဖြစ်ပွားရန် စိတ်ဆန္ဒများလည်း လျော့ပါးသွားလေ၏။

လူသန်ကြီးနှစ်ဦး၏ ရန်ပွဲကိုကြည့်ရှုရန် စိတ်အားထက်သန်နေသူများသည် မြန်မာ့သတ္တိခဲ၏ အစွမ်းကို မြင်တွေ့ရသဖြင့် ကျေနပ်နှစ်သိမ့်သွားလေ၏။

ဂျမဒါမင်းထင်သည် လူသန်ကြီးနှစ်ယောက်ကို ထိန်းသိမ်းနိုင်ပြီဖြစ်သဖြင့် ၎င်းတို့ကို မြှောက်ပင့်ပေးသော တပ်သားများရှိရာသို့သွား၍

'' တပ်သားအချင်းချင်း ခိုက်ရန်ဖြစ်ပွားတာကို မတားဆီးဘဲ မင်းတို့ ဘာဖြစ်လို့ မြှောက်ပင့်ပေးရသလဲ၊ မင်းတို့ရဲ့ မကောင်းတဲ့ အကျင့်စရိုက်ကို ပြင်ပါ ''

ဟု တားဆီးလိုက်ရာ ဂျမဒါမင်းထင်၏ အစွမ်းကို ကြောက်ရွံ့သွားသော တပ်သားများသည် ၎င်းတို့မှားယွင်းကြောင်း ဝန်ခံလေ၏။

ဂျမဒါမင်းထင်၏ အမည်သည် ထိုအချိန်မှစ၍ စစ်ဘာရီတပ်အတွင်း ထင်ရှားခဲ့လေ၏။ ဂျမဒါမင်းထင်သည် တပ်တွင်း လက်ဝှေ့ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လေ့မရှိချေ။

ထိုစဉ်က အိန္ဒိယရှိ တပ်တွင်းလက်ဝှေ့ပွဲများတွင် နှစ်စဉ် ဗိုလ်စွဲထားရှိသူမှာ ဗိုလ်ကပြား မိုက်ကယ်ဆိုသူဖြစ်၏။

မိုက်ကယ်သည် အင်္ဂလိပ်ဘောက်ဆင်ကို ကျောင်းနေစဉ်ကပင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်စွာ သင်ကြားထားသဖြင့် တပ်တွင်း လက်ဝှေ့ပွဲများ၌ သုံးနှ ဆက်တိုက် ဗိုလ်စွဲထားသူဖြစ်၏။

မိုက်ကယ်သည် လက်ဝှေ့ကျော်တစ်ဦးဖြစ်သဖြင့် အလွန်မော မာရှိန်းပြသူတစ်ဦးဖြစ်၏။

တစ်နေ့သ၌ မိုက်ကယ်သည် သူ၏ အပေါင်းအဖော်များကိုခေါ် စစ်တပ်နှင့် မလှမ်းမကမ်းတွင်ရှိသော ကလပ်တစ်ခုတွင် သွားရော ပျော်ပါးလေ၏။

မိုက်ကယ်သည် အရက်အနည်းငယ်သောက်ပြီးသောအ သွေးဆူလာပြီး ကလပ်ရှိ စားပွဲထိုးလူငယ်တစ်ဦးကို အနိုင်ကျင့်၍ လ သီးနှင့် ထိုးလေ၏။

မိုက်ကယ်သည် စားပွဲထိုးနှစ်ဦးကို ထိုးကြိတ်ပြီး ဘိလိယက်ခုံ သွား၍ ရန်ပွဲဆင်ပြန်၏။ ထို့နောက် အရက်ကောင်တာသို့သွား လူမိုက်တစ်ဦးကဲ့သို့ စော်ကားမော်ကား ပြုပြန်၏။

မိုက်ကယ်သည် တပ်တွင်းလက်ဝှေ့ပွဲများတွင် သုံးနှစ်ဆက်တိုင ရွှေတံဆိပ်ရရှိထားသဖြင့် ၎င်းကို အံတုဝံ့သူ ရှားလှ၏။

မိုက်ကယ်သည် ၎င်းကို ယှဉ်ပြိုင်ဝံ့သူမရှိကြောင်းတွေ့ရသဖြ ပိုမို သွေးကြွလာပြီး ဓေသခံမိန်းမပျိုလေးနှစ်ဦးကို ထိကပါးရိကပါး ပြုလု ပြန်၏။

မိန်းမပျိုနှစ်ဦးသည် ဘိုကပြားမိုက်ကယ်၏ ရိုင်းပျသော အပြုအ ကို ရှုံ့ရှာလှသဖြင့် ကလပ်မှထွက်ခွာရန် ကြိုးပမ်း၏။

မိုက်ကယ်က မိန်းမပျိုနှစ်ဦး၏အနောက်သို့ အမီလိုက်၍ တယာ





ဟားရယ်မောကာ လက်မောင်းကိုဆွဲလိုက်၏။

" အချစ်ကလေးတွေ ကျုပ်ကို ထားခဲ့ပြီးသွားတော့မလို့လား "

မိုက်ကယ်၏ ရိုင်းပျသောအပြုအမူကြောင့် မိန်းမပျိုနှစ်ဦးသည် ထိတ်လန့်တုန်လှုပ်ပြီး

" လွှတ်၊ လွှတ် ကျွန်မကိုလွှတ်ပါ "

ဟု အော်ဟစ်တောင်းပန်လေ၏။

ထိုအခိုက်မှာပင် တံခါးပေါက်မှ လူတစ်ဦးရောက်လာပြီး

" မိန်းကလေးကို လွှတ်လိုက်စမ်း "

ဟူသောအသံ ထွက်ပေါ်လာ၍ လှမ်းကြည့်လိုက်ရာ ဂျမဒါ မင်းထင်ကို တွေ့ရ၏။ မိုက်ကယ်သည် လက်ဝှေ့ကျော်တစ်ဦးပီပီ မာန်မာန ထောင်လွှားသူဖြစ်သဖြင့် ဂျမဒါမင်းထင်၏ တားဆီးမှုကို မနာခံဘဲ

" ဟေ့ကောင် မင်းနဲ့ဒါနဲ့ ရာထူးချင်းအတူတူပဲ၊ မင်းငါ့ကို ဘာမှ တားဆီးစရာမလိုဘူး၊ ငါဘာကောင်လဲဆိုတာ သိတယ်မဟုတ်လား "

ဟု မေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က မိုက်ကယ်ကို လက်ဝှေ့ ချန်ပီယံတစ်ဦးဟု ဂရုထားပုံမရဘဲ

" မင်းဘာကောင်လဲဆိုတာ ငါသိပါတယ်၊ မင်းဟာ အောက် တန်းကျတဲ့ တဏှာရူးတစ်ယောက်ပဲ "

ဟု ပြောလိုက်ရာ မိုက်ကယ်သည် လွန်စွာ ဒေါသူပုန်ထသွားပြီး

" ဟေ့ကောင် မင်းငါ့ကို စော်ကားတယ်ပေါ့၊ ငါ ဘာကောင်လဲ ဆိုတာ သိစေရမယ်၊ ရှေ့တိုးခဲ့စမ်း "



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြုံးဝါးကာ အနောက်တိုင်းလက်ဝှေ့ကျော်တစ်ဦး၏ အမူအရာဖြင့် ခုန်ဆွ ခုန်ဆွ ပြုလုပ်လေ၏။

ဂျူမဒါမင်းထင်သည် မိုက်ကယ်၏ ခုန်ဆွခုန်ဆွပြုလုပ်၍ စိန်ခေါ်နေပုံကို မျက်စိနောက်ဟန်ဖြင့် ကြည့်ရှုနေလေ၏။

ပြီးမှ စိတ်ပျက်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး ညာခြေဖြင့် လှစ်ခနဲ လှမ်းကန်လိုက်ရာ ပြင်းထန်သောခြေကန်ချက် နားထင်သို့ ထိမှန်ပြီး မိုက်ကယ် မြေပေါ်သို့ ဝုန်းကနဲ ပြိုလဲသွားလေ၏။

ဂျူမဒါမင်းထင်သည် မြေပေါ်သို့ လဲကျမေ့မြောသွားသော မိုက်ကယ်ကို လှည့်၍ပင်မကြည့်ဘဲ ကျောခိုင်းထွက်သွားလေ၏။

ထိုအချိန်မှစ၍ ရွှေတံဆိပ်ဆုရှင် လက်ဝှေ့ချန်ပီယံတစ်ဦးကို လဲကျမေ့မြောအောင် ထိုးနိုင်သဖြင့် ဂျူမဒါမင်းထင်၏သတင်းသည် စစ်တပ်ထဲတွင် နာမည်သတင်း ကျော်ကြားရပြန်၏။

▲▲▲▲▲





ကာနယ်ဟာင်နရီသည် ဂျူမဒါမင်းထင်၏ အကြောင်းများကို ပြန်လည်တွေးတောနေစဉ် ရွက်ဖျင်တဲအတွင်းသို့ ဆာဂျင်တစ်ဦး ဝင်ရောက်လာသဖြင့် အတိတ်မှ ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိသွား၏။

ဆာဂျင်က အရေးကြီးသော အမူအရာဖြင့်

" ကာနယ် သဲကန္တာရထဲမှာ ခရီးထွက်လာတဲ့ ကုလားအုတ်တွေကို မြင်ရတယ် "

ဟု ပြောလေ၏။ ကာနယ်ဟာင်နရီသည် ရွက်ဖျင်တဲမှထွက်၍ အနီးရှိ သဲတောင်ကုန်းလေးပေါ်သို့ တက်လေ၏။

ထို့နောက် သူ၏လည်ပင်းတွင် ချိတ်ထားသော မှန်ဘီလူးဖြင့် သဲကန္တာရသို့ ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် ကြည့်ရှုပြီးနောက် သဲကန္တာရတွင် ရွေ့လျားနေသော ကုလားအုတ်များကိုကြည့်၍

'' အိန္ဒိယကနေ ပြောင်းလာတဲ့ ငါတို့တပ်သားတွေဖြစ်လိမ့်မယ်၊ ခဏနေလို့ ပိုပြီးသေချာရင် ဗိုလ်ချုပ်ကြီးဆီကို အကြောင်းကြားရမယ်၊ သူတို့စီးလာတဲ့ လော်ရီကားကိုတော့ မတွေ့ရဘူး ''

ဟု ပြောကာ သဲကန္တာရအတွင်းသို့ သေချာအောင်ကြည့်ရှုလေ၏။ သေချာသောအခါ ဗိုလ်ချုပ်ကြီး ဂေါ်ဒွန်ကို အကြောင်းကြားလေ၏။

ဗိုလ်ချုပ်ကြီးသည် သဲကန္တာရသို့ မှန်ပြောင်းဖြင့် ကြည့်၍

'' ငါတို့ စစ်သားတွေ သဲကန္တာရမှာ ဒုက္ခရောက်နေပုံရတယ်၊ မင်းတို့ ဂျစ်ကားတွေနဲ့ ရိက္ခာတွေတင်ပြီး သွားကြိုကြ ''

ဟု ပြောလေ၏။ ထိုအခါ စစ်တပ်ရှိ ဂျစ်ကားများပေါ်သို့ ရေနှင့် ပေါင်မုန့်စသော ရိက္ခာများကို တင်လေ၏။







စစ်တပ်ရှိ အိန္ဒိယစစ်သားများကို ထမင်းဟင်းချက်ပြုတ်ပေးသော မိန်းမကြီးက ထွက်၍ စစ်သားများအတွက် ဆုမွန်ကောင်းတောင်း၏။

သဲကန္တာရရှိ စစ်သားများကို သွားရောက်ကြိုဆိုရန် ဂျစ်ကားသုံးစီးပေါ်သို့ ဗိုလ်ကြီးတစ်ဦးစီ တက်ကြလေ၏။

ကာနယ်ဟင်နရီသည် ဂျစ်ကားများကိုကြည့်၍ တစ်စုံတစ်ရာကို တွေးတောမိဟန်ဖြင့်

'' ခဏနေဦးဟေ့၊ ငါလည်းလိုက်မယ် ''

ဟု ပြောကာ ထွက်လုဆဲဆဲ ဂျစ်ကားပေါ်သို့ အပြေးသွားလေ၏။ ဂျစ်ကားပေါ်တွင် လိုက်ပါလာသော ဗိုလ်ကြီးတစ်ဦးသည် ကာနယ်ဟင်နရီအတွက် ကမန်းကတန်း နေရာဖယ်ပေးလေ၏။

ဂျစ်ကားသည် သဲကန္တာရအတွင်းသို့ .အရှိန်အဟုန်ပြင်းစွာ မောင်းနှင်သွား၏။

အတန်ကြာအောင် မောင်းနှင်ပြီးနောက် သဲကန္တာရထဲတွင် တရွေ့ရွေ့သွားလာနေသော ကုလားအုတ်တန်းကို တွေ့ရလေ၏။

ကုလားအုပ်နံဘေးတွင် လျှောက်လာသူမှာ ဗြိတိသျှ ဂျစ်ကားများကို လက်မြှောက်ပြီး နှုတ်ဆက်လိုက်၏။

ကာနယ်ဟင်နရီသည် လက်မြှောက်ပြီး နှုတ်ဆက်သူကို မှန်ဘီလူးထဲမှ ကြည့်၍ စိတ်လှုပ်ရှားဟန်ဖြင့်

'' ဂျူမေဒါမင်းထင် ''

ဟု ရေရွတ်လိုက်လေ၏။ သူတို့ ဂျစ်ကားများ ကုလားအုတ်များ



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ရောက်သောအခါ စစ်သားအားလုံး ပင်ပန်းနွမ်းနယ်နေကြောင်း တွေ့ရ၏။

ၡင်းတို့အဖွဲ့ကို ဦးဆောင်လာသော ဗိုလ်ကြီးက ၡင်းတို့လိုက်ပါလာသောကားမှာ သဲကန္တာရတွင် ပျက်စီးသွားကြောင်းပြောလေ၏။

ၡင်းတို့သည် လော်ရီကားများပျက်သွားသဖြင့် လမ်းခရီးတွင် တွေ့ရသော ကုန်သည်များထံမှ ကုလားအုတ်များကိုဝယ်ယူ၍ ခရီးဆက်ခဲ့ခြင်းဖြစ်ကြောင်း ပြောလေ၏။

ကာနယ်ဟင်နရီသည် ဖြစ်ကြောင်းစုံလင် ပြောပြနေသော ဗိုလ်ကြီး၏စကားကို စိတ်မဝင်စားဘဲ အနီးသို့ရောက်လာသော ဂျူမဒါမင်းထင်၏ ပခုံးကိုပုတ်ကာ

" မင်းရောက်လာတာ ဝါသိပ်အားရှိသွားတယ် မင်းထင် "

ဟု ပြောလေ၏။

ထိုအခါ ဂျူမဒါမင်းထင်က သူ၏အနောက်ရှိ စစ်သားတစ်ယောက်ကို ဆွဲခေါ်၍

" သူ့ကိုမြင်လိုက်ရင် ကာနယ်ပိုပြီး အားတက်သွားဦးမယ် "

ဟု ပြောလေ၏။

ထိုစစ်သားက သူ၏ ခေါင်းပေါ်ရှိ စစ်ခမောက်ကိုလှန်၍ ကာနယ်ကို ပြုံးဖြီးဖြီးကြီးကြည့်လိုက်၏။ ကာနယ်သည် ထိုစစ်သား၏ ဝါထိန်ထိန်မျက်နှာကိုကြည့်၍

" ဟင်... ဟုတ်စိန်၊ တရုတ်လူရှုပ် ဟုတ်စိန်လည်းပါတယ်၊ မင်းတို့ရောက်လာရင်တော့ ငါ့အတွက် လက်ရုံးတွေ ရလာပြီပေါ့ကွာ"





ဝမ်းသာအားရ အော်ဟစ်လိုက်လေ၏။ ထိုအခါ တရုတ်လူရှုပ် ဟုတ်စိန်ဆိုသော စစ်သားက တဟီးဟီးရယ်မော၍ သူ၏အနောက်မှ စစ်သားတစ်ဦးကိုခေါ်၍

" ဟီး ဟီး... ဒီကောင်ကြီးကိုလည်း ကြည့်စမ်းပါဦး ကာနယ်၊ အိန္ဒိယက မဂိုကုလားမလေးတွေကို နောက်ပိုးရှုးလုပ်တာ အားမရလို့ မက်ဆိုပိုတေးမီးယားထိအောင် လိုက်လာတယ်၊ ဒီကောင်ပါလာရင်တော့ အာရပ်နဲ့ တူရကီမလေးတွေ ကံဆိုးပြီလို့သာ မှတ်ပေတော့ "

ဟု ပြောလိုက်ပြန်ရာ ကာနယ်ဟင်နရီသည် တရုတ်ဟုတ်စိန် အနောက်မှ ပါလာသော လွန်စွာအသားမည်းသော စစ်သားကိုကြည့်၍

" ဟိုက်... မင်း ဘီလေးမဟုတ်လား၊ ဟား ဟား ဟား... ဘီလေးပါလာရင်တော့ အာရပ်မလေးတွေ မျက်ခုံးလှုပ်မှာသေချာတယ်၊ မက်ဆိုပိုတေးမီးယားကို တကယ့်လူဆိုးလူတေလေတွေ ရောက်လာတာကိုးကွ၊ မင်းတို့ရောက်လာပြီဆိုရင်တော့ ဗိုလ်ချုပ်ကြီးနဲ့ငါ ပြဿနာတက်မှာ သေချာတယ်၊ နေပါဦး မင်းတို့ မြန်မာစစ်သားတွေ ဘယ်သူတွေ ပါသေးလဲ"

ဟု မေးမြန်းလေရာ ဂျူမဒါမင်းထင်က ဝင်ရောက်၍

" မြန်မာအားလုံး လေးယောက်ပါတယ် ကာနယ်၊ နောက်တစ်ယောက်ကိုလည်း ကာနယ်သိပါတယ်၊ ဖဝိဇ္ဇာ မောင်လှိုင်ပါ "

ဟုပြောလေ၏။ ဖဝိဇ္ဇာမောင်လှိုင်က ကာနယ်ဟင်နရီရှေ့သို့ တိုးလာပြီး အလေးပြုသောအခါ ကာနယ်က မောင်လှိုင်၏ ပခုံးကိုပုတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ဟား ဟား ဟား... ဒီနေ့ ရောက်လာတဲ့ကောင်တွေက တကယ့်ထိပ်သီးတွေပါလား။ ဖဝီဇွာမောင်လှိုင် အိန္ဒိယမှာ ဖလိမ်ရိုက်ရတာ အားမရလို့ မက်ဆိုပိုတေးမီးယားမှာ ဖလိမ်ရိုက်ဦးမလို့လား "

ဟု ပြောလေရာ ဖဝီဇွာမောင်လှိုင်က သဘောကျဟန်ဖြင့် ရယ်မောလေ၏။

ကာနယ်ဟင်နရီသည် အိန္ဒိယတွင် နေထိုင်စဉ်က သူအုပ်ချုပ်ခဲ့သော တပ်သားအရင်းအနှီးများ ရောက်ရှိခဲ့သဖြင့် အလွန်စိတ်အားတက်ကြွနေ၏။

သူသည် မြန်မာစစ်သားများနှင့် အထူးခင်မင်ရင်းနှီးသော အဆင့်မြင့်အရာရှိကြီး ဖြစ်၏။

ကျန်သော စစ်သားများမှာ အိန္ဒိယစစ်သားများဖြစ်၏။

ကာနယ်ဟင်နရီသည် အိန္ဒိယစစ်သားများကို သာမန်မျှသာ မေးမြန်းပြီး မြန်မာစစ်သားအားလုံးကို ၎င်းစီးနင်းလာသော ဂျစ်ကားပေါ်သို့ တက်စေ၏။

ထို့နောက် သဲကန္တာရ အတွင်းရှိ စစ်တပ်ရှိရာသို့ မောင်းနှင်ကြလေ၏။

ကုလားအုတ်များကိုမူ မက်ဆိုပိုတေးမီးယားစစ်တပ်ရှိ စစ်သားများက စောင့်ကြပ်ခေါ်ဆောင်လာမည်ဖြစ်၏။

ကာနယ်ဟင်နရီက ဂျမဒါမင်းထင်ဘက်သို့ လှည့်ကာ

" မင်းတို့ရောက်လာတာနဲ့ အတော်ပဲ၊ မက်ဆိုပိုတေးမီးယားမှာ အလွန်အရေးကြီးတဲ့ ပြဿနာတစ်ရပ် ပေါ်ပေါက်နေတယ် "





ဟု အစချီကာ မေဂျာဝီလျံကို သဲကန္တာရသူပုန်များက ဖမ်းဆီးထားကြောင်း ပြောလေရာ ဂျမဒါမင်းထင်က စွန့်စားခန်းဖွင့်ရန် ဝါသနာထုံသူပီပီ ဖြစ်ကြောင်း ကုန်စင်ကို မေးမြန်းလေ၏။

ကျန်သော မြန်မာစစ်သားများမှာမူ ၎င်းတို့မမြင်ဘူးသော သဲကန္တာရ ရှုခင်းများကိုကြည့်၍ ပူပြင်းခြောက်သွေ့ပုံကို ကျယ်လောင်စွာ အော်ဟစ်ပြီး ညည်းညူနေကြလေ၏။

သဲကန္တာရအလယ်တွင် တပ်စွဲထားသော စစ်တပ်သို့ ရောက်သောအခါ ကာနယ်ဟင်နရီက ၎င်းတို့ကို ခရီးပန်းလာသဖြင့် အနားယူခိုင်းလိုက်လေ၏။

မြန်မာစစ်သားများသည် ရွက်ဖျင်တဲများရှိရာသို့ သွားကာ အနားယူကြလေ၏။

▲ ▲ ▲ ▲ ▲

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်...
**မင်းမြတ်သူရ**
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစစ်သားများသည် တရေးတမောအိပ်စက်ကြပြီး ညနေ
စောင်းသောအခါ အိပ်ရာမှ နိုးလာကြ၏။

ဖဝိဇ္ဇာမောင်လှိုင်က စစ်သားအားလုံးအတွက် ကော်ဖီများကို
တပ်စခန်းတစ်နေရာမှ ဓာတ်ဘူးဖြင့် ယူဆောင်လာ၏။

ကော်ဖီရောက်လာသောအခါ မြန်မာစစ်သားများသည် ပေါင်မုန့်
များကို ဖဲ့၍ စားသောက်ကြ၏။

ဂျမဒါမင်းထင်သည် ကော်ဖီတစ်ခွက်ကို သောက်ရင်း သဲကန္တာရ
မြေပုံတစ်ခုဖြင့် အလုပ်ရှုပ်နေ၏။

ထိုအခိုက်မှာပင် တရုတ်ဟုတ်စိန်က မြေပုံတစ်ခုနှင့် အလုပ်ရှုပ်နေ
သော ဂျမဒါမင်းထင်ကို ကြည့်၍





" ဘယ်လိုလဲ ဂျမဒါကြီး ခရီးရောက်မဆိုက် သဲကန္တာရမြေပုံ
ကြီးနဲ့ ဘာတွေ အလုပ်ရှုပ်နေတာလဲ "

ဟု မေးမြန်းလိုက်လေ၏။ ဂျမဒါမင်းထင်က မြေပုံကိုချ၍ ကော်ဖီ
ခွက်ကို လှမ်းကိုင်လိုက်ပြီး

" သဲကန္တာရကို တို့ ဒီနေ့ပဲရောက်တယ်၊ ဒီနေ့ပဲ စွန့်စားခန်းနဲ့
တွေ့နေပြီ "

ဟု ပြောလေရာ ဟုတ်စိန်က မျက်မှောင်ကြုတ်၍

" ဘယ်လိုဖြစ်တာလဲ တို့ရောက်လေရာနေရာမှာ စွန့်စားခန်း
တွေနဲ့ချည်းပါလား "

ဟု မေးမြန်းလေ၏။ တရုတ်လူရှုပ် ဟုတ်စိန်၏ စကားကြောင့်
ခွဲ့ခွဲ အသားမည်းသော ဘီလေးဆိုသော စစ်သားက

" ဘီလေးကတော့ စွန့်စားခန်း ဘယ်လောက်ပဲ ဖွင့်ရဖွင့်ရ
ကောင်မလေးတွေရှိရင် ဖြစ်တယ်၊ ကျုပ်တို့ စွန့်စားခန်းဖွင့်တဲ့နေရာမှာ
ကောင်မချောလေးတွေ ရှိတယ်မဟုတ်လား ဂျမဒါ "

ဟု မေးမြန်းလေ၏။ မောင်လှိုင်ဆိုသော စစ်သားက ကော်ဖီခွက်
ကိုချ၍

" ဘယ်လို စွန့်စားခန်းတွေလဲ ပြောပါဦး ဂျမဒါ "

ဟု မေးမြန်းလေ၏။

ဂျမဒါမင်းထင်က ကော်ဖီကို တစ်ငုံသောက်၍

" မေရျာဝီလျံဆိုတဲ့ ပုဂ္ဂိုလ်ကို ဗက်ဒိုးအင် သူပုန်တွေက ဖမ်းဆီး
ထားတယ်တဲ့၊ မေရျာဝီလျံကို ပြန်လိုချင်ရင် ရွှေဒင်္ဂါးတစ်သောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးရမယ်ဆိုပြီး ဗက်ဒိုးအင်တွေက ရာဇသံပေးထားတယ် ''

ဟု ပြောလေရာ မောင်လှိုင်ဆိုသော စစ်သားက မျက်နှာရှုံ့

'' ဒါဆိုရင်လည်း ဗက်ဒိုးအင်တွေကို ရွှေဒင်္ဂါးတစ်သော

ပေးလိုက်ပေါ့ဗျာ၊ ကျုပ်တို့ကို စွန့်စားခန်းဖွင့်ခိုင်းဦးမလို့လား ''

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

'' မေဂျာဝီလျံက နယ်နယ်ရရတော့မဟုတ်ဘူးကွ၊ အရင်တုန်

ဘုရင်မကြီးရဲ့စစ်တပ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်၊ သူ

သဲကန္တာရနဲ့ပတ်သက်တဲ့ အတွေ့အကြုံတော့ အတော်နည်းရှာတ

ဒါကြောင့် တပ်စိတ်လေးတစ်ဖွဲ့နဲ့ ကင်းလှည့်ရင်း ရန်သူနယ်မြေ

ရောက်သွားတယ်၊ အဲဒီမှာ ဗက်ဒိုးအင်တွေရဲ့ ဖမ်းဆီးမှုကိုခံရတာပဲ







ဟု ပြောလေ၏။ တရုတ်လူမျိုးဟုတ်စိန်ဆိုသော စစ်သားက

ျက်နှာရှုံ့မဲ့၍

'' နေပါဦး မေဂျာဝီလျံနဲ့ ပါသွားတဲ့ စစ်သားတွေရော ဘယ်

ရာက်သွားလဲ ''

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

'' ဗက်ဒိုးအင်တွေက မေဂျာဝီလျံကိုသာဖမ်းထားပြီး စစ်သား

တွေကိုတော့ ပြန်လွှတ်ပေးလိုက်တယ်၊ စစ်သားတွေနဲ့အတူ ရွှေဒင်္ဂါး

တစ်သောင်းရမှာ မေဂျာဝီလျံကို ပြန်လွှတ်ပေးမယ်ဆိုပြီး သဝဏ်လွှာ

ပေးလိုက်တယ်၊ ဒါကြောင့် ဝါတို့ဆရာ ကာနယ်ဟင်နရီ ကိုယ်တိုင်အကြံရ

က်နေတယ် ''

ဟု ပြောလေ၏။ ဖဲဝိဇ္ဇာမောင်လှိုက်က သက်ပြင်းချ၍

'' ဒါဆိုရင်တော့ ကျုပ်တို့ မက်ဆိုပိုတေးမီးယားမှာ စွန့်စားရဦး

မယ်ပေါ့၊ ဗြိတိသျှတွေဟာ ရွှေဒင်္ဂါးတစ်သောင်းကို ပေးလိုက်ရမှာ

နှမြောတယ်၊ ကျုပ်တို့အသက်တွေကို နှမြောပုံမရဘူး''

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

'' ဒီလိုလည်း မဟုတ်သေးဘူးကွ၊ ဒါဟာ ဗြိတိသျှစစ်တပ်ရဲ့

ဂုဏ်သိက္ခာနဲ့လည်း ဆိုင်တယ်၊ ဒီနေ့ မက်ဆိုပိုတေးမီးယားကို ရောက်နေ

တဲ့ တပ်မကြီးဟာ မက်ဆိုပိုတေးမီးယားမြေကို ပထမဦးဆုံး တပ်စွဲထား

တဲ့ တပ်မကြီးပဲ၊ ဒီတပ်မကြီးက ဗက်ဒိုးအင်တွေကို ရွှေဒင်္ဂါး တစ်သောင်း

ပေးလိုက်ရတယ်ဆိုရင် ဗြိတိသျှစစ်တပ်ကြီးရဲ့ ဂုဏ်သိက္ခာကျဆင်း

မယ်၊ နောက်ပြီးတော့ ဒါဟာ ဗက်ဒိုးအင်တွေရဲ့ စိတ်ဓာတ် စစ်ဆင်

www.burmeseclassic.com



ရေးပဲကွ၊ ဗြိတိသျှတပ်မကြီးဟာ ဇက်ဒိုးအင်တွေကို ရွေးဒ… တစ်သောင်းပေးပြီး မေကျာဝီလျံကို ပြန်ရွေးလိုက်တယ်ဆိုရင် ဇက်ဒိုးအ… တွေဟာ ဗြိတိသျှတွေကို အသာစီးရသွားတဲ့ သဘောပဲ ''

ဟု ပြောလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က

'' ဗြိတိသျှတွေ အသာစီးရဖို့အတွက် ကျုပ်တို့ရဲ့အသက်… စွန့်သင့်ရင် စွန့်ရမယ်ပေါ့၊ ဇက်ဒိုးအင်တွေဟာ အိန္ဒိယက သူပုန်တွေ… မတူဘူးနော်၊ သူတို့က သဲကန္တာရရဲ့ သိမ်းငှက်တွေပဲ၊ သူတို့ကို … တွက်လို့မရဘူး ''

ဂျူမဒါမင်းထင်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ဇက်ဒိုးအင်တွေဟာ သဲကန္တာရထဲမှာ ကြော… စရာအကောင်းဆုံး လူမျိုးတွေပဲ၊ သူတို့ဟာ မျိုးရိုးစဉ်ဆက် သဲကန္တာ… မှာ လှည့်လည်သွားလာနေသူတွေဆိုတော့ အလွန်သန်မာထွားကျိုင်း… ကြမ်းကြုတ်ရက်စက်တယ်၊ မြင်းစီးလည်း အင်မတန်ကောင်းတယ… သဲကန္တာရထဲမှာတော့ ဇက်ဒိုးအင်တစ်ယောက်ဟာ ထိတ်လန့်စ… အကောင်းဆုံးပဲ ''

ဟုပြောလေ၏။ ထိုအခါ ဖဲသမားမောင်လှိုင်ဆိုသူက မျက်မှော… ကြုတ်၍

'' ဇက်ဒိုးအင်တွေရဲ့ ကိုယ်ခံပညာကောင်းသလား ''

ဟု မေးမြန်းလေ၏။ ဂျူမဒါမင်းထင်က ခေါင်းညိတ်၍

'' သူတို့ရဲ့ ကိုယ်ခံပညာဟာ ကြောက်စရာကောင်းတယ်… ဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ကိုယ်ခန္ဓာဟာ ကြံ့ခိုင်သန်စွမ်းတဲ့အ…





အရှေ့တိုင်းက တိုက်ခိုက်ရေးပညာကို မျိုးရိုးစဉ်ဆက်ရရှိထားလို့ပဲ ''

ဟု ပြောလေ၏။ ဂျူမဒါမင်းထင်၏ စကားကြောင့် ဘီလေးဆိုသော စစ်သားက မျက်နှာရှုံ့မဲ့၍

'' ဒါဆိုရင်တော့ ကျုပ်တို့အတွက် မချောင်ဘူးဆိုတဲ့သဘောပေါ့ ''

ဟု ပြောလေ၏။ ဂျူမဒါမင်းထင်က သက်ပြင်းချ၍

'' မချောင်တာတော့ အသေအချာပဲ၊ ဒါပေမဲ့ ငါတို့ဟာ စွန့်စားခန်းအမျိုးမျိုးကို လက်တွဲညီညီနဲ့ ရင်ဆိုင်ဖြေရှင်းခဲ့ဖူးတယ်၊ ဒါကြောင့် ဇက်ဒိုးအင်တွေလက်ထဲက မေကျာဝီလျံကို ကယ်တင်နိုင်မယ်လို့ ယုံကြည်တယ်၊ မင်းတို့အားလုံး စစ်မရောက်မီ မြားကုန်မနေနဲ့၊ တိုက်ပွဲတစ်ပွဲကို ရင်ဆိုင်မတိုက်ရသေးဘဲနဲ့ ကြိုတင်ပြီး စိတ်ဓာတ်ကျနေတာ ကောင်းမွန်တဲ့ စိတ်ဓာတ်မဟုတ်ဘူး ''

ဟု ပြောလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ အိန္ဒိယက ဆူငွေထုတ်ထားတဲ့ သူပုန်ကြီးတွေကို ဖမ်းဆီးတုန်းက ကျုပ်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ အောင်မြင်ခဲ့တာပဲ''

ဟု ဝင်ရောက်ထောက်ခံလေ၏။ ဖဲသမားမောင်လှိုင်ဆိုသူက ရယ်မော၍

'' ဟဲ ဟဲ… ကျုပ်ကတော့ မက်ဆိုပိုတေးမီးယားမှာ အာရပ်တွေကို ဖဲလိမ်ရိုက်ဖို့ပဲ စိတ်ဝင်စားတယ် ''

ဟု ပြောလေ၏။ ဘီလေးဆိုသော စစ်သားက ဝင်ရောက်၍



www.burmeseclassic.com

www.burmeseclassic.com



" ဂျူမဒါဟာ ကျုပ်တို့အဖွဲ့ကို အမြဲတမ်းအောင်မြင်အောင် ခေါင်းဆောင်နိုင်တာပဲ၊ အခုလည်း သဲကန္တာရမှာ ဇက်ဒိုးအင်တွေကို အနွှမ်းပြုနိုင်မယ်လို့ ယုံကြည်ပါတယ် "

ဟု ပြောလေ၏။ ဂျူမဒါမင်းထင်သည် သူ၏ အဖွဲ့သားများ၏ စကားကို နားထောင်၍ ခေါင်းညိတ်လိုက်ပြီး

" မင်းတို့အားလုံး ဒီလိုစိတ်ဓာတ်မျိုးရှိတာ ကျုပ်ဝမ်းသာတယ် ကျုပ်တို့အားလုံး ညီညွတ်ရင် ရန်သူကို အောင်မြင်နိုင်မှာပဲ "

ဟု ပြောလေတော့၏။ ထိုအခိုက်မှာပင် ၎င်းတို့၏ ရွက်ဖျင်တဲ ရှိရာသို့ အိန္ဒိယစစ်သားတစ်ဦး ဝင်ရောက်လာပြီး ကာနယ်ဟင်နရီက အခေါ်လွှတ်လိုက်ကြောင်း ပြောလေ၏။

၎င်းတို့သည် ကာနယ်ဟင်နရီ၏ ရွက်ဖျင်တဲရှိရာသို့ ထွက်ခဲ့လေ၏။

ထိုအခါ စစ်တပ်ထဲတွင်ရှိသော အိန္ဒိယစစ်သားများက ၎င်းတို့ လူစုကို လူထူးလူဆန်းများဟန်ပန်ဖြင့် ဝိုင်းဝန်းကြည့်ရှုနေကြ၏။

မက်ဆိုပိုတေးမီးယားသို့ ရောက်ရှိနေသော တပ်မကြီးတွင် မြန်မာ စစ်သားများ လွန်စွာနည်းပါးပြီး ယခုကဲ့သို့ မြန်မာစစ်သားများကို တစ်စု တစ်ဝေးတည်း တွေ့ရသဖြင့် အံ့သြနေလေ၏။





ဂျူမဒါမင်းထင်တို့လူစု ကာနယ်ဟင်နရီ၏ ရွက်ဖျင်တဲသို့ ရောက်သောအခါ ကာနယ်ဟင်နရီက ကြိုဆို၍

" မင်းတို့ လူစု လူစုံတက်စုံရှိနေတာ ငါအားရှိတယ်၊ ငါတို့ စစ်တပ်ဟာ ဇက်ဒိုးအင်တွေရဲ့ အကျပ်ကိုင်မှုကြောင့် ခေါင်းခြောက်နေတာကွ၊ မေဂျာဝီလျံဟာ အတော်မိုက်မဲတဲ့ကောင်ပဲ၊ သဲကန္တာရမှာ အတွေ့အကြုံမရှိဘဲ လူစွမ်းကောင်းသွားလုပ်ခဲ့တယ်၊ သူ့ကြောင့် ငါတို့စစ်တပ်က အကြီးအကဲတွေ အကုန်ခေါင်းခြောက်ကုန်ရတယ်၊ ဇက်ဒိုးအင်တွေရဲ့ တောင်းဆိုမှုကို လိုက်လျောရင်လည်း ငါ့ကို ဗြိတိသျှ စစ်တပ်ဟာ မက်ဆိုပိုတေးမီးယားမှာ ဝင်ဝင်ချင်း ဦးကျိုးသွားမှာပဲ၊ လောလောဆယ် မင်းတို့ ငါ့နောက်ကို လိုက်ခဲ့ကြဦး၊ မင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးဝေါ်ဒွန်က မြင်ချင်လို့ ခေါ်ခိုင်းထားတယ် ''

ဟု ပြောလေရာ ဂျူဒါမင်းထင်မှလွဲ၍ ကျန်သော မြန်မာစစ်သားများ ရင်ကော့မတတ်ဖြစ်သွားလေ၏။

ငင်းတို့ကဲ့သို့ သာမန်စစ်သားများကို ဗြိတိသျှဗိုလ်ချုပ်ကြီးတစ်ဦးက မြင်ချင်သည်ဆိုခြင်းမှာ ကြီးစွာသော ဆုလာဘ်ဖြစ်၏။

ဂျူဒါမင်းထင်တို့လူစု ဗိုလ်ချုပ်ကြီး ဝေါ်ဒွန်၏ ရွက်ဖျင်တဲထဲသို့ ရောက်သောအခါ ဗြိတိသျှ စစ်တပ်ရှိ အရာရှိကြီးများအားလုံး ရောက်ရှိနေကြောင်းတွေ့ရ၏။

ဗိုလ်ချုပ်ကြီး ဝေါ်ဒွန်၏ရှေ့တွင် ဂျူဒါမင်းထင်နှင့် မြန်မာစစ်သားများ စီတန်း၍ ရပ်လိုက်ကြ၏။

မေဂျာဟင်နရီက မြန်မာစစ်သားများနှင့် ဗိုလ်ချုပ်ကြီး ဝေါ်ဒွန်ကို မိတ်ဆက်ပေးလေ၏။ ဗိုလ်ချုပ်ကြီးဝေါ်ဒွန်က ဂျူဒါမင်းထင်ကို စူးစိုက်ကြည့်၍

'' ငါ့ရဲ့ စစ်မှုထမ်းအတွေ့အကြုံအရ ဂျူဒါမင်းထင်ကို မြင်မြင်ချင်း အစွမ်းအစရှိမယ်လို့ ယုံကြည်တယ်၊ ကျန်တဲ့စစ်သားတွေလည်း ရဲရဲတောက်သတ္တိခဲတွေပဲ ''

ဟု ပြောလိုက်ရာ ဗိုလ်ချုပ်ကြီးဝေါ်ဒွန်၏စကားကြောင့် ကာနယ်စမစ်ဆိုသော အရာရှိကြီးက မျက်နှာရှုံ့မဲ့၍

'' ဗိုလ်ချုပ်က ဒီကောင်တွေကို အထင်ကြီးနေပုံရတယ်၊ ကျုပ်တော့ မြန်မာစစ်သားတွေကို ဒီလောက်သတ္တိရှိမယ် မထင်ဘူး။ မြန်မာတွေမှာ အစွမ်းသတ္တိရှိရင် သူတို့နိုင်ငံ ကိုလိုနီဖြစ်မှာမဟုတ်ဘူး''





ဟု ပြောလေ၏။ ထိုအခါ ဂျူဒါမင်းထင်သည် ကာနယ်စမစ်၏ မျက်နှာကို စေ့စေ့ကြည့်၍

'' ကျုပ်တို့ မြန်မာတွေကို သူရသတ္တိမရှိဘူးလို့ ကာနယ်ပြောတဲ့လား။ မြန်မာပြည်ကိုလိုနီဘဝ ရောက်ခဲ့တာ ခေတ်နောက်ပြန်ဆွဲပြီး သိပ္ပံပညာ မတိုးတက်လို့ပါ၊ မြန်မာတွေ သတ္တိကောင်းတယ်ဆိုတာ ဗြိတိသျှတွေ အသိဆုံးပါ၊ ဗြိတိသျှတွေဟာ မြန်မာဘုရင်နဲ့ မိဖုရားကို ကြက်ကလေးငှက်ကလေးလို ခေါ်ဆောင်နိုင်ပေမယ့် မျိုးချစ်မြန်မာတွေရဲ့ တော်လှန်မှုကို နှစ်ပေါင်းများစွာ နှိမ်နင်းနေရတယ်ဆိုတာ တစ်ကမ္ဘာလုံး အသိပါ ''

ဟု ပြန်လည်ချေပလိုက်ရာ ကာနယ်စမစ်သည် [illegible]င်းခနဲဖြစ်သွားပြီး စကားမတုံ့ပြန်နိုင်ဘဲ ရှိလေ၏။





www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဘရောင်းဆိုသော မျက်နှာဖြူအရာရှိကြီးကလည်း ဂျူမဒါမင်းထင်တို့လူစုကို အထင့်သေးဟန်ဖြင့်ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

" ကျုပ်တော့ မြန်မာစစ်သားတွေဟာ သဲကန္တာရသိမ်းငှက်တွေဖြစ်တဲ့ ဗက်ဒိုးအင်တွေကို ယှဉ်ပြိုင်နိုင်မယ်မထင်ဘူး။ မြန်မာတွေဟာ သဲကန္တာရရဲ့ အတွေ့အကြုံ လုံးဝမရှိဘူး "

ဟု ဝင်ရောက်ကန့်ကွက်လိုက်ပြန်၏။ ထိုအခါ ဂျူမဒါမင်းထင်က သက်ပြင်းချ၍

" ဒါကတော့ ဗြိတိသျှအရာရှိကြီးတွေရဲ့ ဆန္ဒအတိုင်းပါပဲ၊ ကျုပ်တို့များ စိတ်နှလုံးမှာ ရွှေဒင်္ဂါးတစ်သောင်းအတွက်တော့ ကိုယ့်အသက်ကို ...င်တာ အမှန်ပါပဲ "

ဟု ပြောလိုက်ရာ ကာနယ်ဘရောင်းသည် ဂျူမဒါမင်းထင်ကို မကျေမချမ်းကြည့်၍ စကားတုံ့ပြန်ဟန်ပြင်လိုက်စဉ် ဗိုလ်ချုပ်ကြီးဂေါ်ဒွန်က လက်ကာပြ၍

" မက်ဆိုပိုတေးမီးယားကို ငါတို့ ဗြိတိသျှစစ်တပ်ကြီး ပထမဦးဆုံး ခြေချတဲ့အချိန်မှာ မေဂျာဝီလျံရဲ့အဖြစ်ဟာ အတော်ရုပ်ဆိုးတဲ့အဖြစ်ပဲ၊ မေဂျာဝီလျံရဲ့ အသက်ကိုစိုးရိမ်ပြီး ဗက်ဒိုးအင်တွေကို ရွှေဒင်္ဂါးတစ်သောင်းပေးခဲ့ရင် ငါတို့ ဗြိတိသျှစစ်တပ်ရဲ့ ဂုဏ်သိက္ခာကျဆင်းမှာသေချာတယ်၊ ဒါကြောင့် ဗက်ဒိုးအင်တွေဆီမှာ ရောက်ရှိနေတဲ့ မေဂျာဝီလျံကို မရရအောင် ပြန်ပြီးကယ်တင်ရမှာပဲ "

ဟု ပြောလိုက်ရာ ကာနယ်စမစ်က ဝင်ရောက်၍





" ဗက်ဒိုးအင်တွေဆီက မေဂျာဝီလျံကို ပြန်ပြီးကယ်တင်ရမယ်ဆိုရင် မြန်မာစစ်သားတွေကိုယ်စား အိန္ဒိယစစ်သားတွေကို စေလွှတ်လို့ မဖြစ်နိုင်ဘူးလား "

ဟု မေးမြန်းလေ၏။ ဗိုလ်ချုပ်ကြီး ဂေါ်ဒွန်က ခေါင်းညိတ်၍

" အိန္ဒိယစစ်သားတွေကို စေလွှတ်ဖို့ ငါကြံရွယ်ပြီးပါပြီ၊ ဒါပေမဲ့ အိန္ဒိယစစ်သားတွေထက် သူတို့မြန်မာတွေဟာ ပိုပြီး သင့်တော်နေတယ် "

ဟု ပြောလိုက်ရာ ဗြိတိသျှအရာရှိကြီးများသည် ဗိုလ်ချုပ်ကြီး ဂေါ်ဒွန်ကို နားမလည်ဟန်ဖြင့် ကြည့်ရှုကြလေ၏။

ကာနယ်ဘရောင်းက စိတ်ဝင်စားဟန်ဖြင့်

" ဘာဖြစ်လို့လဲ ဗိုလ်ချုပ်ကြီး "

ဟု မေးမြန်းလေ၏။

ထိုအခါ ဗိုလ်ချုပ်ကြီး ဂေါ်ဒွန်က သက်ပြင်းချ၍

" မြန်မာစစ်သားလေးယောက်စလုံးဟာ အာရပ်ဘာသာစကားကို ထမင်းစားရေသောက်ပြောတတ်နေတယ်၊ ဒီအချက်တစ်ချက်တည်းနဲ့ သူတို့ကို စစ်မြေပြင်ကိုလွှတ်ဖို့ ခိုင်လုံတဲ့အကြောင်းပြချက်ဖြစ်နေတယ်၊ မက်ဆိုပိုတေးမီးယားမှာ အာရပ်ဘာသာစကားပြောတတ်ဖို့ အလွန်အရေးကြီးတယ် "

ဟု ပြောလိုက်ရာ ဗြိတိသျှစစ်တပ်မှ အရာရှိကြီးများသည် မြန်မာစစ်သားများကို အံ့သြဟန်ဖြင့် ကြည့်ရှုကြလေ၏။

အာရပ်ဘာသာစကားကို ရင်းတို့ပင် ရင်းနှီးကျွမ်းဝင်ခြင်းမရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာလူမျိုးများက ပြောဆိုတတ်ခြင်းကို လွန်စွာ အံ့သြနေကြ၏။

ဂျူအိမ်းထင်က ၎င်းတို့ကို လူထူးလူဆန်းများဖြစ်ဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုနေသော ဗြိတိသျှ အရာရှိကြီးများကို မျက်လုံးဝေ့ကြည့်၍

" ကျုပ်တို့ အိန္ဒိယမှာ စစ်မှုထမ်းတုန်းက အာရေဗီ ဘာသာစကားပြောတတ်တဲ့ စစ်သားတစ်ယောက်နဲ့ ခင်မင်ရင်းနှီးခဲ့ဖူးတယ်၊ ဒီစစ်သားက ကျုပ်တို့ဆီက မြန်မာဘာသာကို သင်ယူတယ်၊ ကျုပ်တို့က အာရေဗီစစ်သားဆီက အာရေဗီဘာသာစကားကို သင်ကြားခဲ့တာပါ "

ဟု ရှင်းလင်းပြလိုက်လေ၏။ ထို့နောက် ဗိုလ်ချုပ်ကြီး ဂေါ်ဒွန်က မြန်မာစစ်သားများကို ကြည့်၍

" သူတို့ရဲ့ နောက်ကြောင်း ရာဇဝင်တွေကို ကာနယ်ဟင်နရီဆီမှာ တောင်းကြည့်တော့ သူတို့ဟာ အံ့သြဖို့ကောင်းလောက်အောင် ရဲစွမ်းသတ္တိရှိပြီး စွန့်စားခန်းတွေ အများကြီးဖွင့်ခဲ့ကြတယ်ဆိုတာ သိရတယ်၊ သူတို့ဟာ မြန်မာလူမျိုးတွေဖြစ်နေလို့ မြင့်မားတဲ့ သူရဲကောင်းဆုတံဆိပ်တွေ မရရှိခဲ့တာဘဲ၊ သူတို့ဟာ ဗြိတိသျှတွေဖြစ်နေရင် ဆုတံဆိပ်တွေ အများကြီးရပြီး ရာထူးကြီးတွေ ရကုန်မှာပဲ "

ဟုပြောလိုက်ရာ မြန်မာစစ်သားများနှင့် ကာနယ်ဟင်နရီသည် ဗိုလ်ချုပ်ကြီး ဂေါ်ဒွန်ကို သဘောကျဟန်ဖြင့် ကြည့်ရှုလိုက်ကြ၏။

ဗိုလ်ချုပ်ကြီးဂေါ်ဒွန်သည် မြန်မာစစ်သားများကို ကြည့်၍

" သူတို့ဟာ ရဲစွမ်းသတ္တိလည်းရှိတယ်၊ အရည်အချင်းလည်းရှိတယ်၊ အာရပ်ဘာသာစကားကိုလည်း ပြောဆိုတတ်တယ်၊ ဒါကြောင့် မေရျာဝီလျံကို ဇက်ဒိုးအင်တွေရဲ့ လက်ထဲက ကယ်တင်ဖို့ကိစ္စကို





မြန်မာ့စစ်သားတွေကိုပဲ တာဝန်ပေးအပ်ဖို့ ဆုံးဖြတ်လိုက်တယ် "

ဟု ပြောလိုက်ရာ မြန်မာစစ်သားများကို မကျေမချမ်းဖြစ်နေသော ဗြိတိသျှအရာရှိကြီးများသည် ဗိုလ်ချုပ်ကြီး ဂေါ်ဒွန်ကို မဆန့်ကျင်ဝံ့သောကြောင့် ပါးစပ်ကို ပိတ်လိုက်ကြလေ၏။

ဗိုလ်ချုပ်ကြီး ဂေါ်ဒွန်က ကာနယ်ဟင်နရီကို လက်ဖြင့်ယမ်းပြ၍

" မြန်မာစစ်သားတွေကို တာဝန်ပေးပြီးပြီဆိုရင် ဘာဆရာမြို့နဲ့ ပတ်သက်တာတွေကို ပြောပြလိုက်ပါ "

ဟု အမိန့်ပေးလိုက်လေ၏။ ထိုအခါ ကာနယ်ဟင်နရီက မြေပုံကို တုတ်ဖြင့် ထောက်၍

" ဘာဆရာမြို့ဟာ ယူဖရေးတီးနဲ့ တိုက်ဂရစ်မြစ်နှစ်သွယ်ပေါင်းဆုံရာ အနီးမှာရှိတဲ့မြို့ပဲဖြစ်တယ်၊ မက်ဆိုပိုတေးမီးယားဒေသရဲ့ တောင်ပိုင်းနဲ့ အနောက်ပိုင်းမှာ သဲကန္တာရတွေ ဖုံးလွှမ်းနေတယ်၊ မက်ဆိုပိုတေးမီးယားရဲ့ မြစ်နှစ်သွယ်ပေါင်းဆုံရာ ဒေသမှာတော့ မြေဩဇာကောင်းတဲ့ မြစ်ဝှမ်းဒေသရှိတယ်၊ မက်ဆိုပိုတေးမီးယားဟာ ထူးထူးခြားခြား သဲကန္တာရမှာ ရေလျှံလေ့ရှိတဲ့ မြစ်ဝှမ်းဒေသပဲ၊ ဘာဆရာမြို့ကို လောလောဆယ် ထိန်းချုပ်ထားသူတွေဟာ ဇက်ဒိုးအင်သူပုန်တွေပဲ၊ ဇက်ဒိုးအင်တွေဟာ အရင်တုန်းက တူရကီတွေနဲ့ ဆက်ဆံရေး မပြေလည်ဘူး ဆိုပေမယ့် အခုတော့ တူရကီတွေနဲ့ မဟာမိတ်ဖြုထားတယ်၊ ဇက်ဒိုးအင်တွေဟာ ဗြိတိသျှစစ်သားတွေ ဖမ်းမိရင် တူရကီတွေရဲ့ လက်ကိုအပ်ဖို့ သဘောတူထားတယ်၊ ဒါကြောင့် ဇက်ဒိုးအင်နဲ့ တူရကီတွေဟာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းတွေပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ မြန်မာစစ်သားအားလုံး ကာနယ်ဟင်နရီ၏ စကားကို စိတ်ဝင်တစား နားထောင်နေလေ၏။

ကာနယ်ဟင်နရီက ဘာဆရာမြို့ထဲရှိ နေရပ်လိပ်စာတစ်ခုကို ပြသ၍

" အဲဒီမှာ ရာကွတ်ဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ ရာကွတ်ဟာ ဘာဆရာမှာ ရှေးဟောင်းပစ္စည်းရောင်းဝယ်တဲ့အလုပ်ကို လုပ်တယ်၊ ရာကွတ်ဟာ ငါတို့လူပဲ၊ မင်းတို့ ရာကွတ်ကိုသွားတွေ့ရင် အကူအညီ ပေးလိမ့်မယ်၊ သူနဲ့တွေ့ရင် ဆက်သွယ်ရမယ့် စကားဝှက်က သိမ်းငှက် ဘုရင်တဲ့ "

ဟု ပြောလိုက်ရာ မြန်မာစစ်သားများက ၎င်းတို့၏ ဦးခေါင်းထဲ တွင် စွဲမြဲစွာ မှတ်သားထားလေ၏။

ကာနယ်ဟင်နရီက ဆက်လက်၍ ဘာဆရာမြို့ထဲရှိ အချက် အချာကျသော နေရာများကို ပြသလေ၏။

ကာနယ်ဟင်နရီက ဆက်လက်၍

" မေဂျာဝီလျံကို ဘာဆရာမြို့ထဲမှာ ချုပ်နှောင်ထားတာ သေချာတယ်၊ ဒါပေမဲ့ မေဂျာဝီလျံကို ဘယ်မှာထားတယ်ဆိုတာတော့ ငါတို့ အတိအကျမသိဘူး။ မင်းတို့ ဘာဆရာကိုရောက်တဲ့အခါ ရာကွတ် ရဲ့ အကူအညီယူပြီး မေဂျာဝီလျံကို စုံစမ်းပေတော့ "

ဟု ပြောလေရာ တစ်ချိန်လုံး ငြိမ်၍နားထောင်နေသော ဂျူမဒါ မင်းထင်က

" ဘာဆရာမြို့ထဲကို ကုန်ရောင်းကုန်ဝယ်အနေနဲ့သွားရင်





င်ပြနိုင်မယ်၊ ကျုပ်တို့ ဘာဆရာမြို့ထဲကို အမြန်ဆုံးဝင်မှဖြစ်မယ်၊ ရာမြို့ထဲကို စောစောရောက်လေ ကျုပ်တို့အတွက် အခွင့်အလမ်း ပဲ"

ဟု ပြောလေ၏။ ကာနယ်ဟင်နရီက ခေါင်းညိတ်၍

" ဟုတ်တယ်၊ မင်းတို့ အမြန်ဆုံး ဘာဆရာကို ဝင်လို့ရအောင် ရမယ် "

ဟု ပြောလေ၏။ ထို့နောက်တွင်မူ ကာနယ်ဟင်နရီက ဘာဆရာ အချက်အချာကျသော အဆောက်အဦများ၏ ဓာတ်ပုံများကို လေ၏။

မြန်မာစစ်သားများသည် ဂျူမဒါမင်းထင်မှလွဲ၍ ဓာတ်ပုံများကို ၍ စိတ်ဝင်စားစွာ မေးမြန်းနေလေတော့၏။

▲▲▲▲▲

ဆိုင်အမှတ်(၇)



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေ ရွက်ဖျင်တဲသို့ ပြန်ရောက်သောအခါ ဂျ
မင်းထင်က

'' ငါတို့မနက်ဖြန်ပဲ ဘာဆရာမြို့ထဲကို ဝင်ကြမယ်၊ ဘာဆ
ဟာ ငါတို့အတွက် စိမ်းနေပေမယ့် ငါတို့ထဲက သုံးယောက်ဟာ အာ
ဘာသာစကားပြောနိုင်တဲ့အတွက် အခက်အခဲ မရှိနိုင်ပါဘူး၊ 
မက်ဆိုပိုတေးမီးယားဟာ ငါတို့အတွက် ဒေသစိမ်းဖြစ်တဲ့အတွက် အ
အရာရာ သတိထားရမယ် ''

ဟု ပြောလေ၏။ ထိုအခါ လူရှုပ်ဟုတ်စိန်က

'' ကျုပ်တို့ဘာဆရာမြို့ထဲကို ဘယ်လိုဝင်ကြမှာလဲ ''





ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က

'' ငါတို့ ကုန်သည်တွေအနေနဲ့ ဘာဆရာမြို့ထဲကို ဝင်ကြမယ်၊ ဘာဆရာမြို့ထဲကို နေ့စဉ်ဝင်ထွက်နေတဲ့ ကုန်သည်တွေ အများကြီး ရှိတယ် ''

ဟု ပြောလေရာ ဖဲသမားမောင်လှိုင်က ဝင်ရောက်၍

'' ကျုပ်တို့ရဲ့ ရုပ်ရည်တွေနဲ့ ကုန်သည်လုပ်လို့ ရပါ့မလား ''

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

'' အာရပ်နိုင်ငံမှာ ငါတို့ရဲ့ ရုပ်ရည်တွေက တစ်မျိုးထူးရင် ထူးလိမ့်မယ်၊ ဒါပေမဲ့ တရုတ်ကုန်သည်တွေလည်း ဝင်ထွက်လေ့ရှိတာမို့ အခက်အခဲ သိပ်ရှိမယ်မထင်ဘူး။ ခရီးမထွက်မီ အားလုံးကို မှာချင်တာက ကျုပ်တို့ ခရီးဟာ အလွန်အန္တရာယ်ကြီးတယ်၊ အားလုံး သတိရှိဖို့ အထူးမှာ ကြားချင်တယ်၊ မက်ဆိုပိုတေးမီးယားဟာ အိန္ဒိယမဟုတ်ဘူး၊ အိန္ဒိယက ကျုပ်တို့ရဲ့ အိမ်နီးချင်းနိုင်ငံမို့ သိပ်မစိမ်းဘူး၊ မက်ဆိုပိုတေးမီးယားက ရှေးအကျဆုံး အာရပ်နယ်မြေဖြစ်တဲ့အတွက် အရာရာမှာ ထူးခြားဆန်း ကြယ်မှုတွေရှိတယ်၊ အန္တရာယ်တွေလည်း ပိုများတယ်၊ ကျုပ်တို့ကံကောင်းတာတစ်ခုက ကျုပ်တို့အုပ်စုမှာ အာရပ်ဘာသာ စကားပြောဆိုနိုင်တဲ့သူ သုံးယောက်ပါတယ်၊ ဒါဟာ ကျုပ်တို့အတွက် အလွန်အခွင့်အလမ်းသာ တဲ့အချက်ပဲ ''

ဟု ပြောလေ၏။ ထိုအခါ ဘီလေးဆိုသော စစ်သားက လက်သီး ဆုပ်၍

'' ကျုပ်ကတော့ ဂျမဒါနဲ့သာလိုက်ရရင် ငရဲပြည်ကို လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ခယ် ဆိုရင်တောင် ပျော်ပျော်ကြီးလိုက်နိုင်ပါတယ်၊ မက်ဆိုပိုတေးမီးယား လောတက်ကို စာမဖွဲ့ပါဘူး ''

ဟု ပြောလေ၏။ ကျန်သော စစ်သားများကလည်း ဤကဲ့သို့ တစ်ယောက်တစ်ပေါက် ဝင်ရောက်ပြောဆိုလေ၏။

ဂျူဒါမင်းထင်က ရွက်ဖျင်တဲမှ အဝေးဆီသို့ လှမ်းမျှော်ကြည့်၍

'' မင်းတို့အားလုံး အခုလို ယုံကြည်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မက်ဆိုပိုတေးမီးယားမှာတော့ အရာရာကို ပေါ့ဆလို့မရဘူး။ မက်ဆိုပိုတေးမီးယားမှာ ကျုပ်တို့ဟာ ရန်သူနှစ်မျိုးနဲ့ ရင်ဆိုင်ရနိုင်တယ်၊ အဲဒါတွေကတော့ ဒေသခံအာရပ်တွေနဲ့ အာရပ်တွေကို နှစ်ပေါင်းများစွာ အုပ်ချုပ်လာတဲ့ တူရကီတွေပဲ၊ တူရကီတွေဟာ မက်ဆိုပိုတေးမီးယားကို ၁၆ ရာစုကတည်းက သိမ်းပိုက်ခဲ့တဲ့အတွက် အများကြီးအခြေကျနေပြီ၊ ဗြိတိသျှတွေအနေနဲ့ မက်ဆိုပိုတေးမီးယားမှာ တူရကီတွေကို ယှဉ်ပြိုင်ဖို့ အတော်ခက်မယ် ''

ဟု ပြောလေ၏။

ထိုအခါ တဲရှတ်လူရှုပ်ဟုတ်စိန်ကဝင်၍

'' ကျုပ်တို့ရဲ့ ဗြိတိသျှတွေက ဘာဖြစ်လို့ မက်ဆိုပိုတေးမီးယားကို စစ်တိုက်ချင်ရတာလဲ၊ ဗြိတိသျှတွေ မနေနိုင်မထိုင်နိုင် စစ်တိုက်ချင်ရတာနဲ့ ကျုပ်တို့ အလုပ်ရှုပ်ရပြီ ''

ဟု ပြောလေ၏။ ဂျူဒါမင်းထင်က သက်ပြင်းချ၍

'' ဗြိတိသျှတွေ မက်ဆိုပိုတေးမီးယားကို သိမ်းပိုက်ဖို့ ကြိုးစားဖြစ်တာက တူရကီတွေ ပထမကမ္ဘာစစ်ထဲကို ဝင်လာလို့ပဲ၊ တူရကီဟာ





ကမ္ဘာ့စစ်ထဲကို ဝင်လာတဲ့အတွက် ပါရှန်ပင်လယ်ကွေ့မှာရှိတဲ့ မဟာမိတ်တွေကို အကာအကွယ်ပေးဖို့လိုလာတယ်၊ နောက်ပြီးတော့ ပါရှန်ပင်လယ်ကွေ့ကို လက်ဦးမှု အရယူဖို့လည်း လိုလာတယ်၊ ဒါကြောင့် မက်ဆိုပိုတေးမီးယားကို သိမ်းပိုက်ဖို့ ကြိုးစားရတာပဲ၊ မက်ဆိုပိုတေးမီးယားနဲ့ပတ်သက်တဲ့ သမိုင်းကြောင်းကိုပြောရရင် ပုဂံရာဇဝင်ထက် အများကြီးရှည်လျားတယ်၊ နောက်မှပဲ အေးအေးဆေးဆေး ပြောကြမယ်၊ မင်းတို့အားလုံး ခရီးထွက်ဖို့ အနားယူကြဦး ''

ဟု ပြောကာ ဂျူဒါမင်းထင်က ရွက်ဖျင်တဲအတွင်းမှ ထွက်ခွာသွားလေ၏။

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော ဖဲဝိဇ္ဇာမောင်လှိုင်က ကိုမင်းထင်၏ နောက်ကျောကိုကြည့်၍

'' ဂျူဒါဟာ လေးစားဖို့ အလွန်ကောင်းတဲ့ ခေါင်းဆောင်ကောင်း တစ်ယောက်ပဲဗျ။ ကျုပ်တို့ လူစုကို ခရီးထွက်ဖို့ အနားယူနိုင်းတယ်၊ သူကတော့ လိုအပ်တာတွေ သွားစီစဉ်နေတယ် ''

ဟု ပြောလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က သက်ပြင်းချ၍

'' ဒါကြောင့်လည်း ဂျူဒါကို ငါတို့လေးစားရတာပေါ့၊ သူဟာ နွံနစ်လွတ်စွန့်စားဖို့ ဘုရားသခင်က လက်ဆောင်ပေးလိုက်တဲ့ လူမျိုးကွ ''

ဟု တီးတိုးပြောရင်း ရွက်ဖျင်တဲအတွင်း ပက်လက်လှန်၍ အနားယူနေလေတော့၏။

▲▲▲▲▲



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် ဂျမဒါမင်းထင်သည် ရွက်ဖျင်တဲအပြင်သို့ ဦးစွာရောက်ရှိနေပြီး ဝန်တင်ကုလားအုပ်များကို ပြင်ဆင်နေ၏။

ထို့နောက် မြန်မာစစ်သည်များ တစ်ဦးပြီးတစ်ဦး အိပ်ရာမှ နိုးလာကြ၏။

ဂျမဒါမင်းထင်က မြန်မာစစ်သားများ အသင့်ဖြစ်သောအခါ ၎င်းတို့၏ ပစ္စည်းများကို ဝန်တင်ကုလားအုတ်များပေါ်သို့ ပြောင်းလဲတင်ခိုင်းလေ၏။ ထို့နောက် စစ်တပ်ယူနီဖောင်းများကို အရပ်ဝတ်များနှင့် လဲလှယ်ဝတ်ဆင်စေ၏။





မြန်မာစစ်သားများ ဝတ်ဆင်သော အဝတ်အစားများမှာ ကာကီနှင့် သက္ကလပ် အကျီင်္ဘောင်းဘီများဖြစ်၏။ ဂျမဒါမင်းထင်သည် သက္ကလပ်ကုတ်အကျီင်္နှင့် ဘောင်းဘီ အညိုရောင်ကို ဝတ်ဆင်ထားပြီး ဦးခေါင်း၌ သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသဖြင့် အမေရိကန်မြင်းစီး ကောင်းဘွိုင်တစ်ဦးကဲ့သို့ ဖြစ်နေလေ၏။

ဂျမဒါမင်းထင်က စစ်သားများ အဝတ်အစားလဲပြီးသောအခါ ဝန်တင်ကုလားအုပ်တွင် တင်ဆောင်ထားသော ပစ္စည်းများကို လက်ဖြင့်ပြ၍

" ဝန်တင်ကုလားအုပ်တွေနဲ့ ကြွေထည်ပစ္စည်းတွေကို တင်ဆောင်လာခဲ့တယ်၊ ကျုပ်တို့ဟာ မက်ဆိုပိုတေးမီးယားကို တရုတ်ကြွေထည်ပစ္စည်းတွေ လာရောင်းတဲ့ ကုန်သည်တွေ ဟန်ဆောင်ရမယ်၊ မက်ဆိုပိုတေးမီးယားက အာရပ်တွေဟာ တရုတ်ကြွေထည်တွေကို အလွန်နှစ်သက်လို့ ဈေးကောင်းပေးပြီး ဝယ်ယူလေ့ရှိတယ် "

ဟု ပြောလေရာ မောင်လှိုင်ဆိုသောစစ်သားက ဝန်တင်ကုလားအုပ်များအနီးသို့သွား၍ ကြွေထည်ပစ္စည်းများကို ကြည့်က၁

" ကြွေထည်ပစ္စည်းတွေကို ဈေးကောင်းပေးတယ်ဆိုတော့ မက်ဆိုပိုတေးမီးယားမှာ ကြွေထည်ရောင်းလို့ရတဲ့ ပိုက်ဆံတွေကို ကျုပ်တို့ ယူခွင့်ရှိတာပေါ့၊ ဒါဆိုရင်တော့ သူဌေးဖြစ်အောင် ကြံရမယ် "

ဟု လောဘတကြီး ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းခါ ယမ်း၍

" ကြွေထည်ပစ္စည်းတွေဟာ ဗြိတိသျှစစ်တပ်က ပိုင်တဲ့ ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်တယ်၊ ဒါတို့ အလွဲသုံးစားလုပ်လို့ မရဘူး၊ ဒီပစ္စည်းတွေဟာ
ကော် ဆိုပိုတေးမီးယားစစ်မြေပြင်ကို စစ်ဆေးဖို့ ရောက်လာမယ့် ဗြိတိသျှ
ဗိုလ်ချုပ်ကြီးတွေကို ဧည့်ခံဖို့ ထားတဲ့ပစ္စည်းတွေပဲ ''

ဟု ပြောလေရာ တရုတ်လူရှုပ်ဟုတ်စိန်က တဟဲဟဲရယ်မော၍

'' ဟဲ... ဟဲ... ဟဲ... ကျုပ်တို့က ဗြိတိသျှ ဗိုလ်ချုပ်ကြီးတွေကို
ဧည့်ခံမယ့် ကြွေထည်ပစ္စည်းတွေကို သွားရောင်းရမှာပေါ့ ''

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ နောက်ပြီးတော့ ကျုပ်တို့ ဘာဆရာမှာ လိုအပ်
တဲ့ ပစ္စည်းတွေကိုလည်း ကြွေထည်ပစ္စည်းတွေ ရောင်းလို့ရတဲ့ ပိုက်ဆံနဲ့
ဖြည့်ဆည်းရမှာဖြစ်တယ် ''

ဟု ပြောလေရာ မောင်လှိုင်က ခေါင်းခါယမ်း၍

'' ဂျမဒါက ဘာဖြစ်လို့ လိုအပ်တဲ့ ပိုက်ဆံကို မထုတ်ခဲ့တာလဲ ''

ဟု မေးမြန်းလေ၏။

ဂျမဒါမင်းထင်က ကုလားအုပ်ကို ဆွဲ၍

'' ကြွေထည်ပစ္စည်းတွေကို ရောင်းလို့ရတဲ့ ပိုက်ဆံတွေကို ကျုပ်
တို့ရဲ့ လိုအပ်ချက်တွေမှာ အသုံးချရမယ်၊ ဒါမှ ကျုပ်တို့ရဲ့ အမှုအရာဟာ
ကုန်သည်တွေအဖြစ် ပီပြင်တော့မှာပေါ့ ''

ဟု ပြောလေ၏။ ထိုအခါ မောင်လှိုင်က မျက်နှာရှုံ့မဲ့၍

'' အမလေး မောင်လှိုင်တို့တော့ မက်ဆိုပိုတေးမီးယားမှာ ဈေး
သည် လုပ်ရဦးမှာပါလား၊ ကျုပ်အဖေက ဈေးရောင်းရမယ်လို့ တစ်ချက်
လွှတ်အမိန့်ထုတ်လို့ ဈေးမရောင်းချင်တာနဲ့ စစ်ထဲဝင်ခဲ့တာဗျ၊ အခု





တော့ ''

ဟု ပြောလေရာ တရုတ်လူရှုပ်ဟုတ်စိန်နှင့် ဘိလေးက မောင်လှိုင်
၏ ပခုံးကိုထု၍

'' ယောက်ကောင် ဖဲသမားလောဘအိုး၊ မင်းဟာ လူတွေဆီက
ဘယ်လိုခေါင်းပုံဖြတ်ရမလဲဆိုတာပဲ အမြဲတမ်းစဉ်းစားနေတဲ့ကောင်၊ မင်း
လိုကောင် မက်ဆိုပိုတေးမီးယားမှာ ကောင်းကောင်းဒုက္ခရောက်လိမ့်
မယ် ''

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ဆူညံပွက်နေသော စစ်သား
များကို လက်ကာပြ၍

'' ကဲ... ဒါတို့ ကာနယ်ဟင်နရီရဲ့ ရှက်ဖျင်တဲကို သွားကြမယ် ''





www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ကုလားအုတ်ကိုဆွဲ၍ ရှေ့မှ ထွက်ခွာသွားလေ၏။

မောင်လှိုင်တို့လူစုက အနောက်မှ ကုလားအုတ်များကိုဆွဲ၍ လိုက်ကြလေ၏။ ကာနယ်ဟင်နရီ၏ ရွက်ဖျင်တဲသည် ကုန်းမြင့်ကလေး တစ်ခုပေါ်တွင် တည်ရှိ၏။

ဂျမဒါမင်းထင်တို့ လူစုရောက်ရှိသောအခါ စစ်သည်တစ်ဦးက ကာနယ်ဟင်နရီကို သွားရောက် သတင်းပို့လေ၏။

ခဏကြာလျှင် ကာနယ်ဟင်နရီသည် စိတ်လှုပ်ရှားစွာ ရောက်ရှိလာ၏။ ကာနယ်ဟင်နရီသည် ၎င်းတို့၏ စစ်ဆင်ရေးအတွက် လိုအပ်သော အချက်အလက်များကို ဂျမဒါမင်းထင်အား နောက်ဆုံးအနေနှင့် မှာကြားနေလေ၏။

ဂျမဒါမင်းထင်က ကာနယ်ဟင်နရီကို စေ့စေ့ကြည့်၍

" ကျုပ်တို့ အတတ်နိုင်ဆုံး စွမ်းဆောင်ကြမှာပါ ကာနယ်၊ မေဂျာဝီလျံကို မရရအောင် ကယ်တင်ဖို့ ကြိုးစားပါ့မယ် "

ဟု ပြောကာ ကုလားအုတ်ကိုဆွဲ၍ ကာနယ်ဟင်နရီ၏ ရှေ့မှ ထွက်ခဲ့လေ၏။

မြန်မာစစ်သားများသည် ကုလားအုတ်များကိုဆွဲ၍ စစ်တပ် အတွင်းမှ ထွက်ခဲ့လေ၏။ မြန်မာစစ်သားများထွက်ခွာသွားသောအခါ အိန္ဒိယစစ်သားများသည် ရွက်ဖျင်တဲအတွင်းမှ ချောင်းကြည့်ကြ၏။

အချို့လည်း ရွက်ဖျင်တဲအတွင်းမှထွက်၍ ၎င်းတို့၏ စစ်ဆင်ရေး အောင်မြင်စေရန် ဆုမွန်ကောင်းများ တောင်းကြ၏။

ဂျမဒါမင်းထင်က ၎င်းတို့ကို နှုတ်ဆက်သော စစ်သားများကို







လက်ပြ၍ ပြန်လည်နှုတ်ဆက်လေ၏။

အိန္ဒိယစစ်သားများအနက် ဆာဂျင်အဆင့်ရှိသူတစ်ဦးက ဂျမဒါ မင်းထင်၏ ပခုံးကိုဖက်၍ ဆုမွန်ကောင်းများ တောင်းပေးလေ၏။

အိန္ဒိယဆာဂျင်သည် ဂျမဒါမင်းထင်၏ နောက်ကျောကိုကြည့်၍

" သူဟာ ရာမမင်းလို အရည်အချင်းနဲ့ပြည့်စုံတဲ့ သူရဲကောင်း တစ်ယောက်ပဲ၊ သူ့ရဲ့နောက်လိုက်တွေဟာလည်း ရာမဇာတ်တော်ထဲက သူရဲကောင်းတွေလိုပါပဲ၊ သူတို့လူစု မက်ဆိုပိုတေးမီးယားမှာ စွန့်စားခန်း တွေ ဖွင့်ကြဦးမယ်ထင်တယ် "

ဟု တီးတိုးရေရွတ်ပြီး ကျန်ရစ်ခဲ့လေတော့၏။

▲▲▲▲▲



www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမင်းထင်တို့သည် သဲကန္တာရအတွင်း ကုလားအုတ်များနှင့် တရွေ့ရွေ့ ခရီးဆက်ကြ၏။

တရုတ်လူရှုပ်ဟုတ်စိန်ဆိုသော စစ်သားက အဆုံးအစကို မမြင်ရသော သဲကန္တာရကြီးကို ကြည့်၍

" အမလေး... ဘယ်ကိုကြည့်ကြည့် သဲတွေချည်းပါလား၊ ငါတို့မြန်မာပြည်နဲ့ ကွာပါ့ကွာ၊ မြန်မာပြည်မှာဆိုရင် စိမ်းလန်းစိုပြေတဲ့ တောအုပ်တွေ၊ လယ်ကွင်းစိမ်းစိမ်းတွေ ရှုလို့မဆုံးဘူး "

ဟု ပြောလေရာ မောင်လှိုင်က တရုတ်လူရှုပ်ဟုတ်စိန်၏ ခေါင်းကို ပုတ်၍





" ဟေ့ကောင်၊ မင်းဘာတွေ ပြောနေတာလဲ၊ သဲကန္တာရဆိုမှ သဲတွေပဲ ရှိမှာပေါ့ကွ၊ မြန်မာပြည်မှာလို ဘယ်လိုလုပ် စိမ်းလန်းစိုပြေမှာလဲ၊ ငါကတော့ ပူပြင်းတဲ့နေရောင်ကြောင့် ရေငတ်တာပဲသိတယ်၊ သဲကန္တာရကိုမြင်လေ ရေပိုဆာလေပဲ "

ဟု ပြောလေ၏။



ထိုအခါ ဘီလေးဆိုသော စစ်သားက ဝင်ရောက်၍

" ဟေ့ကောင်တွေ သဲကန္တာရမှာ ရေကအသက်နော်၊ ရေမရှိရင်တို့ ငရဲပြည်ရောက်သွားမယ်၊ မြန်မာပြည်မှာလို ရေကို တွေ့ရာနေရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ခပ်လို့မရဘူး၊ ဒါတော့ သဲကန္တာရမှာ စွန့်စားခန်းဖွင့်ရမှာ တစ်မျိုးကြီးပဲ၊ အင်မတန်ညစ်ပတ်ပြီး အရုပ်ဆိုးတဲ့ ကုလားအုတ်တွေနဲ့ ခရီးမဆက်ချင်ဘူး ''

ဟု ပြောလေရာ တရုတ်လူရှုပ်ဟုတ်စိန်က

'' ဟော့ကောင်၊ ကုလားအုတ်ရုပ်ဆိုးကြီးတွေက သဲကန္တာရရဲ့ လှူစွမ်းကောင်းတွေကွ၊ သဲကန္တာရမှာ ကုလားအုတ်တွေကလွဲလို့ ဘယ်တိရစ္ဆာန်တွေမှ မရှင်သန်နိုင်ဘူးကွ၊ သဲကန္တာရရဲ့ ကြောက်စရာအကောင်းဆုံး ဗက်ဒိုးအင်တွေဟာ ကုလားအုတ်တွေနဲ့ပဲ နေထိုင်ကြတယ်၊ သူတို့ဟာ ကုလားအုတ်နို့ကိုသောက်တယ်၊ ကုလားအုတ်ကိုသတ်စားတယ်၊ ကုလားအုတ်ရဲ့ အမွေးအမျှင်တွေနဲ့ အထည်ရက်လုပ်







တယ်၊ နောက်ပြီးတော့ သဲကန္တာရမှာ ရေပြတ်သွားရင် ကုလားအုပ်ကိုသတ်ပြီး ကုလားအုတ်ရဲ့ကိုယ်ထဲက ရေကိုသောက်ကြတယ်၊ ကုလားအုတ်ရဲ့ ခန္ဓာကိုယ်ထဲမှာ ရေတွေအများကြီး သယ်ဆောင်ထားနိုင်တယ် ''

ဟု ရှင်းလင်းပြလေရာ ဘီလေးက ခေါင်းတဆတ်ဆတ်ညိတ်၍

'' ဟဲ ဟဲ... ဒါဆိုရင်တော့ ရုပ်ဆိုးတဲ့ ကုလားအုတ်ကြီးတွေက ဘယ်ဆိုးလို့လဲ၊ သဲကန္တာရထဲမှာ အသုံးဝင်သားပဲ၊ သူတို့ရဲ့အသားဟာ စားလို့ကောင်းမကောင်း မြည်းစမ်းကြည့်ချင်တယ်ကွာ ''

ဟု ပြောလေ၏။ ထိုအခါ ဂျူမဒါမင်းထင်က ဝင်ရောက်၍

'' သဲကန္တာရဘုရင် ဗက်ဒိုးအင်တွေဟာ မြင်းတွေနဲ့လည်း ခရီးသွားလေ့ရှိတယ်၊ သူတို့ဟာ တိုက်ပွဲဝင်စရာရှိရင် မြင်းတွေကို အသုံးပြုကြတယ်၊ ဒါတို့ရဲ့ ခရီးမှာ မြင်းတွေကို အသုံးမပြုတာက ကုန်သည်နဲ့မတူမှာ စိုးလို့ပဲ၊ ဘာဆရာကို ကုန်သွယ်ဖို့ ရောက်လာတဲ့ ကုန်သည်တိုင်းဟာ ကုလားအုတ်တွေကို အသုံးပြုကြတာများတယ် ''

ဟု ပြောလေ၏။ ဖဲသမားမောင်လှိုင်က ဖဲထုပ်ကိုကိုင်၍

'' သဲကန္တာရမှာ မြင်းစီးရရင်ကောင်းမယ်ဗျာ၊ ကျုပ်တို့အားလုံး မြင်းစီးကောင်းတွေဆိုတော့ အတော်အဆင်ပြေမယ်၊ ဒါနဲ့ ဒီက မြင်းတွေက ကောင်းရဲ့လား ''

ဟု မေးမြန်းလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က ဝင်ရောက်၍

'' မေးမှ မေးတတ်ပလေမောင်လှိုင်ရယ်၊ မင်းဟာ ဗဟုသုတနည်းလှချည်လား။ ကမ္ဘာပေါ်မှာ အာရေဗျမြင်းတွေဟာ အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



အသန်မာဆုံး မြင်းတွေကွ၊ သူတို့ဟာ သဲကန္တာရရဲ့ အလွန်သင့်တော်တဲ့ သတ္တဝါတွေပဲ ''

ဟု ပြောလိုက်ရာ ကျန်သော စစ်သားများက မောင်လှိုင်၏ ဗဟုသုတနည်းပုံကို ဝိုင်းဝန်းလှောင်ပြောင်ကြ၏။

ထိုအခိုက်မှာပင် ဂျမ္ဒါမင်းထင်က

'' ဟိုးရှေ့မှာ ဖုန်တွေတထောင်းထောင်းထနေတယ်၊ ဗက်ဒိုးအင်တွေ ရောက်လာပြီထင်တယ် ''

ဟု ပြောလေရာ ဘီလေးက အထိတ်တလန့် အမူအရာဖြင့်

'' ဟင်... ဒါဆိုရင် ကျုပ်တို့ ဒီကောင်တွေကို ချရမှာလား ''

ဟု မေးမြန်းလေ၏။ ဂျမ္ဒါမင်းထင်က ခေါင်းခါယမ်း၍

'' သူတို့ကို ချစရာမလိုဘူး၊ သူတို့ဟာ ကုန်သည်တွေဆီက ဆက်ကြေးတောင်းမလို့ကွ၊ သူတို့နဲ့ အစောကြီးတွေ့ရလိမ့်မယ်လို့ ငါမထင်ဘူး၊ သူတို့ကို မီးစင်ကြည့်ပြီး ကရမယ်၊ မင်းတို့အားလုံး ဣန္ဒြေရရ နေဖို့ကြိုးစားပါ၊ ကိုယ့်ကိုယ်ကို ကုန်သည်တွေလို့ သဘောထားပါ ''

ဟု ပြောလေ၏။ အဝေးဆီမှ ဖုန်လုံးကြီးသည် တဖြည်းဖြည်း နီးကပ်လာ၏။

မြင်းစီးလာသူများကို မြင်တွေ့ရသောအခါ ဂျမ္ဒါမင်းထင်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ သူတို့ရဲ့ ဝတ်စားဆင်ယင်ပုံတွေကြည့်ရတာ ဗက်ဒိုးအင်တွေပဲ ''

ဟု တီးတိုးပြောလေ၏။ မြင်းစီးလာသူများသည် စုစုပေါင်း





ငါးယောက်သာရှိ၏။

ထိုသူများသည် ဓားရှည်ကို လွယ်ထားပြီး လက်ထဲတွင် လေးနှင့်မြားကို ကိုင်ဆောင်ထားကြ၏။ ထိုသူများသည် မုတ်ဆိတ်မွေး ပါးသိုင်းမွေးများရှိပြီး လွန်စွာထွားကျိုင်းသော လူကြမ်းသူကြမ်းများဖြစ်၏။

ဂျမ္ဒါမင်းထင်က သက်ပြင်းချ၍

'' သူတို့ဟာ သဲကန္တာရယုန်တွေကို လိုက်ရင်း ငါတို့ကိုမြင်တော့ ရောက်လာကြတာပဲ ''

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် ဗက်ဒိုးအင်တို့၏မြင်းများ ၎င်းတို့၏ရှေ့သို့ ရောက်လာလေ၏။

ဘီလေးတို့လူစုသည် ဗက်ဒိုးအင်များကို မမြင်ဘူးသဖြင့် သေချာစွာ ကြည့်ရှုလေ၏။ ဂျမ္ဒါမင်းထင်က ဗက်ဒိုးအင်ခေါင်းဆောင်ကို ကြည့်၍ အာရပ်ဘာသာဖြင့်

'' ဘာဆရာမြို့ကို ကုန်ရောင်းမလို့ ခရီးသွားနေတာပါ ''

ဟု ပြောလိုက်ရာဗက်ဒိုးအင်ခေါင်းဆောင်သည် ဂျမ္ဒါမင်းထင်ကို အံ့သြဟန်ဖြင့် ကြည့်၍

'' မင်းတို့ ဘယ်ဆိုးလို့လဲ၊ အာရေဗီစကား ပြောတတ်သားပဲ၊ မင်းတို့ ဘယ်နိုင်ငံသားတွေလဲ ''

ဟု မေးမြန်းလေရာ ဂျမ္ဒါမင်းထင်က တရုတ်နိုင်ငံသားများဖြစ်ကြောင်း မုသားသုံး၍ ပြောဆိုလိုက်၏။

ထိုအခါ ဗက်ဒိုးအင်ခေါင်းဆောင်က ဂျမ္ဒါမင်းထင်တို့လူစု၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာများကို ကြည့်၍

" မင်းတို့ကိုကြည့်ရတာ တရုတ်တွေနဲ့ သိပ်မတူဘူး၊ ဒါနဲ့ မင်းတို့
အစွလာမ်တွေလား "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က ဗုဒ္ဓဘာသာဝင်များ
ဖြစ်ကြောင်း ပြောဆိုသောအခါ မေးမြန်းခြင်းမရှိတော့ဘဲ ၎င်းတို့
အတွက် လိုအပ်သော ဆက်ကြေးငွေများကို တောင်းပြီး ခရီးဆက်သွား
လေ၏။

ဗက်ဒိုးအင်များသည် မြင်းကို ကျွမ်းကျင်စွာစီး၍ ထိုနေရာ
ထွက်ခွာသွားလေ၏။

ဗက်ဒိုးအင်များကို ကြည့်၍ တရုတ်လူရုပ်ဟုတ်စိန်က

" ဒီကောင်တွေကို ကြည့်ရတာ တကယ့်အရိုင်းအစိုင်းတွေ
မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေ၊ ဆံရှည်တွေနဲ့ ငါတို့ကို လာပြီးမိုက်ကြေ
ခွဲသွားတယ် "

ဟု ပြောလေရာ ဂျမဒါမင်းထင်က ဗက်ဒိုးအင်များ၏ နော
ကျောကိုကြည့်၍

" သူတို့ဟာ သဲကန္တာရထဲမှာ ဒီလိုပဲရပ်တည်နေတာပဲ၊ သူ
ကို အချို့က သဲကန္တာရကြွက်တွေလို့ခေါ်တယ်၊ အချို့ကလည်း
ကန္တာရထဲက လူဆိုးလူမိုက်တွေလို့ နှိမ့်ချပြီး ခေါ်ကြတယ်၊ ဗက်ဒိုးအ
တွေဟာ လူကြမ်းသူကြမ်းတွေဖြစ်ပေမဲ့ အချို့ဗက်ဒိုးအင်တွေ
ဂုဏ်သိက္ခာရှိကြပါတယ်၊ အချို့ကြတော့လည်း လူဆိုးဓားပြတွေအ
နာမည်ပျက်ကြတယ် "







ဟု ပြောလေ၏။ ထို့နောက်တွင်မူ ညနေစောင်းသောအခါ သဲကန္တာရတွင် ရှားရှားပါးပါး တွေ့ရသော ချုံနွယ်များရှိရာသို့ ရောက်လေ၏။

ဂျမဒါမင်းထင်က ထိုနေရာတွင် ရပ်တန့်၍

" ကျုပ်တို့ ဒီမှာစခန်းချမယ်၊ ညနေစာကိုတော့ နံပြားထောပတ်သုတ်နဲ့ စားသောက်ကြတာပေါ့ "

ဟု ပြောလေရာ မောင်လှိုင်က မျက်လုံးပြူးကြည့်၍

" ဂျမဒါကလည်း ပြောရော့မယ်၊ သဲကန္တာရထဲမှာ ကာကာဆိုင်မှ မရှိတာ၊ ဘယ်လိုလုပ်နံပြားရမှာလဲ "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ကုလားအုတ်ပေါ်မှ ဂျုံမှုန့်နှင့်



www.burmeseclassic.com

ပန္နည်းများကိုထုတ်၍ ဂျုံကို နယ်လေ၏။

ထို့နောက် ဂျုံပြားကလေးများ ရရှိသောအခါ အနီးရှိ ကျောက်တုံးတစ်တုံးကို အဝတ်ဖြင့် သုတ်လိုက်ပြီး ဂျုံပြားကို ကပ်လိုက်လေ၏။

ပြီးနောက် ဂျမဒါမင်းထင်က

" သဲကန္တာရမှာ တစ်နေကုန်ပူပြင်းလွန်းတဲ့အတွက် ကျောက်တုံးတွေဟာ ညနေစောင်းတဲ့အထိ မီးဖိုလိုပူနေတယ်၊ ဒါကြောင့် ခဏကြာရင် နံပြားရမယ် "

ဟု ပြောလေရာ တရုတ်လူရုပ်ဟုတ်စိန်က ခေါင်းတဆတ်ဆတ်ညိတ်၍

" ဂျမဒါကတော့ ဗဟုသုတနဲ့ ပြည့်စုံပါပေတယ်၊ ဒီအကြောင်းတွေကို ဘယ်အချိန်ကများ လေ့လာထားသလဲဗျာ "

ဟု ပြောလေရာ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" ကျုပ်က သဲကန္တာရအကြောင်းကို အရင်ကတည်းက စိတ်ဝင်စားလို့ လေ့လာထားတယ်၊ အိန္ဒိယမှာနေတုန်းက မက်ဆိုပိုတေးမီးယားကို လာရမယ်ဆိုတော့ ပိုပြီးလေ့လာဖြစ်တယ်၊ တကယ်တော့ မက်ဆိုပိုတေးမီးယားဟာ အလွန်ထူးဆန်းအံ့ဩဖို့ကောင်းတဲ့ ဒေသပဲ၊ ဒီနေရာမှာ အစ္စလမ်သာသနာ စတင်ပြန့်ပွားခဲ့တယ်၊ ကမ္ဘာ့အံ့ဖွယ်နေရာဌာနတွေလည်း အများကြီးရှိတယ်၊ ဒီအကြောင်းတွေကို အေးအေးဆေးဆေးမှ ကျုပ်ပြောပြမယ်၊ လောလောဆယ် နံပြားနဲ့စားဖို့ ပဲဟင်းချက်ကြရအောင် "

ဟု ပြောလေရာ ဂျမဒါမင်းထင်ကို ကြည့်၍ ဘီလေးက





" ဟဲ ဟဲ... ဘီလေးတို့က ပဲဟင်းချက်တဲ့နေရာမှာတော့ ချန်ပီယံပဲ၊ ကျုပ်အဖေက အရင်တုန်းက ပဲဟင်းချက်ရောင်းခဲ့တာဗျ၊ ပဲဟင်းကို ကျုပ်တာဝန်ထားဗျာ "

ဟု ပြောလေ၏။ ထို့နောက် မီးမွှေး၍ ပဲဟင်းတစ်ခွက်ကို ကျကျနန ချက်လေ၏။ ဘီလေးချက်သော ပဲဟင်းရနံ့သည် လွန်စွာမွှေးပျံ့၏။

ထို့ကြောင့် ဗိုက်ဆာနေသော မောင်လှိုင်သည် ဟန်မဆောင်နိုင်တော့ဘဲ ပဲဟင်းကို ပန်းကန်ထဲသို့ ထည့်၍ နံပြားနှင့် တို့စားလေ၏။

မောင်လှိုင်သည် နံပြားကို တစ်ကိုက်ကိုက်လိုက်ပြီးနောက် မျက်နှာရှုံ့မဲ့သွားပြီး

" အမလေး ပဲဟင်းချက်ချံပီယံကြီး၊ ကိုယ်ချက်တဲ့ပဲဟင်းကို ကိုယ်ပြန်သောက်ကြည့်စမ်း "

ဟု ပြောလိုက်ရာ ဘီလေးက

" ဟော့ကောင် မောင်လှိုင်၊ ငါတို့က မျိုးနဲ့ရိုးနဲ့ ပဲဟင်းချက်ရောင်းလာတာ၊ မင်းက ငါချက်တဲ့ဟင်းကို စော်ကားရင် ငါတို့အမျိုးကို စော်ကားသလိုပဲ၊ အမျိုးကိုထိရင် မချိအောင်နာတတ်တယ်ကွ၊ ဘီလေးကို ဘာအောက်မေ့လဲ "

ဟု ကြုံးဝါးကာ ပဲဟင်းကို ဖွန်းနှင့်ခပ်၍ သောက်လိုက်၏။ ထို့နောက် အဆိပ်ကိုမျိုချသကဲ့သို့ မျက်နှာရှုံ့မဲ့ပြီး ထွီခနဲ ထွေးထုတ်ကာ

" အမလေး ငါ့ပဲဟင်းက ဘယ်လိုကြီးဖြစ်သွားတာလဲ၊ ငံလိုက်တာ "

ဟု အော်ဟစ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တရုတ်လူရှုပ်ဟုတ်စိန်က တဟားဟားရယ်မော၍

" ဟား ဟား ဟား... အမျိုးကိုထိရင်မချိအောင်နာတဲ့ကောင်၊ ပဲဟင်းချက်ချန်ပီယံကြီး၊ အစကတည်းက မင်းချက်ရင် ဒီလိုဖြစ်မယ်ဆိုတာ ငါကြိုသိတယ်ကွ၊ မင်းအမေဟာ ပဲဟင်းချက်အလွန်ကောင်းမယ်ဆိုတာ ငါယုံကြည်ပါတယ်၊ ဒါပေမဲ့ ပဲဟင်းချက်ကောင်းတာ မင်းအမေကွ၊ မင်း ကောင်းတာမှမဟုတ်တာ၊ လောကမှာ ဘယ်လိုအခြေခံကြောင်းကိစ္စမျိုးကိုမဆို ထူးချွန်ထက်မြက်ချင်ရင် အကြိမ်ကြိမ် လေ့လာသင်ကြားပြီးမှ ဖြစ်တာကွ၊ အခုတော့ ပဲဟင်းကို တစ်ဆက်မှာတစ်ကြိမ်တောင် ချက်ဘူးဘဲနဲ့၊ ကိုယ့်ကိုယ်ကို ပဲဟင်းချက်ချံပီယံကြီး လုပ်နေတယ်၊ ဟောကောင် ပဲဟင်းတွေပျက်ကုန်မှ ငါတို့ဘယ်လိုစားရမလဲ "

ဟု ကြိမ်းမောင်းလေ၏။ ထိုအခါ ဘိလေးက မျက်နှာချိုသွေး၍

" ဟဲ ဟဲ... ပဲဟင်းကို စားလို့ကောင်းအောင်တော့ ငါလုပ်တတ်ပါတယ်၊ ပဲဟင်းထဲကို ရေနွေးထည့်လိုက်ရင် အင်ပေါ့သွားမှာပါ "

ဟု ပြောလိုက်ရာ သူတို့အားလုံး ရယ်မောလိုက်ကြလေ၏။

ထို့နောက် ပဲဟင်းကို နံပြားနှင့်တို့၍ သူတို့အားလုံး မြိန်ရှက်စွာ စားသောက်ကြလေ၏။

ညနေစာ စားသောက်ပြီးနောက် မောင်လှိုင်တို့လူစုသည် တစ်ဦးနှင့်တစ်ဦး စကားနိုင်လု၍ ကလေးများကဲ့သို့ ငြင်းခုန်နေကြ၏။

ဂျူမဒါမင်းထင်မှာမူ မြေပုံတစ်ရွက်ကိုကြည့်၍ တစ်စုံတစ်ရာကို အတွေးနယ်ချဲ့နေလေ၏။





ညအမှောင်သို့ရောက်သောအခါ သဲကန္တာရအရပ်အတွင်း၌ တဖြည်းဖြည်း အေးမြလာလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က အင်္ကျီကြယ်သီးများကို တပ်ရင်း

" သဲကန္တာရမှာနေရတာ အတော်ဆိုးတာပဲ၊ နေ့ဆိုရင်ပူတယ်၊ ညဆိုရင် ချမ်းတယ် "

ဟု ညည်းညူလေ၏။ ဂျူမဒါမင်းထင်က စကားနိုင်လုနေသော ကာလသားများဘက်သို့ လှည့်၍

" မင်းတို့အားလုံး အိပ်ပျော်အောင်အိပ်လိုက်ကြပါ၊ နောက်တစ်နေ့ ခရီးဆက်ဖို့ အားတွေမွေးရဦးမယ် "

ဟု ပြောကာ ၎င်းတို့ကို အိပ်စက်နိုင်းလေ၏။

▲▲▲▲▲

၆ဝ ဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန် ... ချာပါတီနှင့်

လိပ်မူ၍ ရေးသားနိုင်ပါသ

၁ အာရုံကြီးတစ်ခုယောက်ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ဂျမဒါမင်းထင်သည် အစောဆုံးထ၍ ရေနွေးအိုးတည်ကာ ကော်ဖီနှင့်မုန့်များကို ပြုလုပ်နေလေ၏။

ဂျမဒါမင်းထင်က အားလုံးစီစဉ်ပြီးသောအခါမှပင် စစ်သား အားလုံး အိပ်ရာမှထကြ၏။

ပြီးနောက် ကော်ဖီနှင့်မုန့်များကို စားသောက်ကြလေ၏။ သူတို့ တစ်ဦးနှင့်တစ... ...ာတ်တန်းကြီးနှင့်အတူ ခရီးဆက်ကြလေ၏။

ဂျမဒါမင်းထင်မှာမူ ...သောအခါ အိုအေစစ်တစ်ခုသို့ရောက်လေ အတွေးနယ်ချဲ့နေလေ၏။ ...အစစ်သို့ရောက်လျှင် ပျော်ရွှင်သွားကြ၏







သဲကန္တာရအတွင်း ရေရရှိနိုင်သော အိုအေစစ်များ၌ စိမ်းစိမ်းစိုစို ရှိပြီး စည်ကားသိုက်မြိုက်နေတတ်၏။ အိုအေစစ်၌ စားသောက်ဖွယ်ရာ များ ရောင်းချသော အာရေဗျ ဆိုင်ကလေးတစ်ဆိုင်ရှိ၏။

ဂျမဒါမင်းထင်တို့သည် ထိုဆိုင်သို့ ဝင်ရောက်၍ ချာပါတီနှင့် အာလူးဟင်းကို မှာယူစားသောက်ကြ၏။

ဆိုင်ရှင်သည် လွန်စွာပိန်လှီသော အာရပ်ကြီးတစ်ယောက်ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးများမှာ လူငယ်နှစ်ဦးဖြစ်၏။

ဘီလေးသည် ချာပါတီနှင့် အာလူးဟင်းကိုစားရင်း မြာမွေတာတ်သူပီပီ တက်ခေါက်၍

" တောက်... သဲကန္တာရရဲ့ အိုအေစစ်လိုနေရာမျိုးမှာ မိန်းမချောလေးတွေရှိရင် ဘယ်လောက်ကောင်းမလဲ "

ဟု ပြောရင်း မောင်လှိုင်ဘက်သို့ လှည့်၍

" ဟေ့ကောင် မောင်လှိုင် ဆိုင်ရှင်အာရပ်ကြီးကို မေးကြည့်ကွာ၊ ဆိုင်မှာ ဘာဖြစ်လို့ မိန်းမစားပွဲထိုးမထားတာလဲလို့ "

ဟု မေးမြန်းခိုင်း၏။ မောင်လှိုင်က ဘီလေးကို မျက်မှောင်ကြုတ်ကြည့်၍

" ဟေ့ကောင် ကိုယ်ဘာသာမေးပါလား၊ မင်းမေးတဲ့မေးခွန်းကို ငါမေးရင် ဆိုင်ရှင်အာရပ်ကြီးက ငါ့ကို တဏှာရူးကြီးလို့ပြောမှာပေါ့ "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ၎င်းတို့၏စကားဝိုင်းသို့ ဝင်၍

" သဲကန္တာရလိုနေရာမျိုးမှာ မိန်းမပျိုတွေရှိရင် အန္တရာယ်သိပ်များတယ်၊ ဒီနေရာမျိုးမှာ ဘယ်မိန်းမမှ နေရဲမှာမဟုတ်ဘူး "

ဟု ပြောလေ၏။ ထို့နောက်တွင်မူ ဂျမဒါမင်းထင်တို့သည် အိုအေစစ်မှ ခရီးထွက်ခဲ့လေ၏။ ဂျမဒါမင်းထင်က မြေပုံကိုကြည့်၍

" ဒီနေ့ညနေမှာ ဘာဆရာမြို့ကိုရောက်မယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်၏ စကားကြောင့် သူတို့အားလုံး စိတ်လှုပ်ရှားသွားလေ၏။

ဂျမဒါမင်းထင်တို့ လူစုသည် သဲကန္တာရအတွင်း ကုလားအုတ်





အန်းကြီးကို တရွေ့ရွေ့ မောင်းနှင်လာပြီးနောက် ညနေစောင်းသောအခါ ဘာဆရာမြို့သို့ ရောက်ရှိခဲ့လေ၏။

ဘာဆရာမြို့ထဲရှိ ရှေးကျသော အဆောက်အဦများကို အဝေးအပင် မြင်တွေ့ရလေ၏။





www.burmeseclassic.com

ဂျမ်ဒါမင်းထင်တို့သည် မြို့အဝင်ဂိတ်ဝတွင် ဗကဲဒိုးအင်သူပုန်များ၏ စစ်ဆေးခြင်းကိုခံရလေ၏။

သူပုန်တစ်ဦးသည် ဂျမ်ဒါမင်းထင်တို့ကို အမျိုးမျိုးစစ်မေးနေသဖြင့် ဂျမ်ဒါမင်းထင်က ငွေစက္ကူတစ်ထပ် ထိုးထည့်လိုက်၏။

ထိုအခါမှပင် သူပုန်များက ကုလားအုတ်တန်းကို မြို့ထဲသို့ ဝင်ခွင့်ပြုလေ၏။ ဂျမ်ဒါမင်းထင်တို့ မြို့ထဲသို့ရောက်သောအခါ ရှေးဟောင်းမြို့တော်ဖြစ်သော ဘာဆရာမြို့ကို ၎င်းတို့လူစု စိတ်ဝင်တစား ကြည့်ရှုကြလေ၏။

တစ်နေရာသို့ရောက်သောအခါ ကုန်သည်ဖြစ်ဟန်တူသော အာရပ်တစ်ဦး အနီးသို့ အပြေးအလွှား ရောက်လာပြီး

" ကုန်သည်ကြီးတို့ ဘာတွေသယ်လာသလဲ "

ဟု မေးမြန်းလေရာ ဂျမ်ဒါမင်းထင်က တရုတ်ပြည်မှလာသော ကြွေထည်ပစ္စည်းများဖြစ်ကြောင်း ပြောဆိုလေ၏။ ထိုအခါ အာရပ်ကုန်သည်က ဝမ်းသာအားရဖြင့်

" ဟာ... ကျုပ်တို့ဆီမှာ တရုတ်ကြွေထည်တွေကို အလွန်လူကြိုက်များတယ်၊ ဒါကြောင့် မိတ်ဆွေတို့ရဲ့ ကြွေထည်တွေကို ဈေးကောင်းရအောင် ရောင်းပေးရမယ်၊ ဒီအကြောင်းတွေကို ဆွေးနွေးရအောင် ကော်ဖီဆိုင်ထဲကို လိုက်ခဲ့ပါ၊ မိတ်ဆွေတို့ကို ကျွန်တော်က ဧည့်ခံပါရစေ "

ဟု ခွင့်တောင်းလေ၏။

ထိုအခါ ဂျမ်ဒါမင်းထင်တို့က ကုလားအုတ်များကို ရပ်တန့်၍





ထိုသူခေါ်ဆောင်ရာ ကော်ဖီဆိုင်သို့ လိုက်ခဲ့လေ၏။

ကော်ဖီဆိုင်သည် လမ်းမကြီး၏နံဘေးတွင်ရှိ၏။ ကော်ဖီဆိုင်နံဘေးတွင် အခြားသော တိုလီမိုလီရောင်းသောဆိုင်မျိုးစုံကို တွေ့ရလေ၏။

ဘာဆရာမြို့ထဲတွင် ကုလားအုတ်များ၊ မြင်းများ၊ လှည်းများ၊ သူတောင်းစားများ၊ ဈေးသည်များ စသည်ဖြင့် ရှုပ်ထွေးပွေလီနေ၏။



အာရပ်ကုန်သည်သည် ဂျမ်ဒါမင်းထင်တို့ကို ကော်ဖီဆိုင်ထဲသို့ ခေါ်သွားလေ၏။ ကော်ဖီဆိုင်ထဲတွင် ရေဒီယိုကို ကျယ်လောင်စွာ ဖွင့်ထားပြီး ကော်ဖီသောက်နေသော အာရပ်များနှင့် ပြည့်နှက်နေ၏။

အာရပ်ကုန်သည်က ကော်ဖီများကို မှာလိုက်ပြီး ခဏကြာလျှင် ဘန်းပွဲထိုးက အငွေ့တထောင်းထောင်းထနေသော ကော်ဖီများကို ချပေးသည်။

တရုတ်လူရှုပ်ဟုတ်စိန်သည် ကော်ဖီကို တစ်ငုံသောက်၍ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့မဲ့သွားပြီး

" ဟိုက်... ကော်ဖီထဲမှာ ဘာတွေထည့်ထားသလဲ၊ ကော်

ကြီးက နံလိုက်တာ "

ဟု ပြောလေ၏။ ထိုအခါ ဂျူမဒါမင်းထင်က

" ဒီကော်ဖီကို ဂါဝါလို့ခေါ်တယ်၊ ဖာလာထည့်ထားတဲ့ ကော်

ပြင်းကြီးလေဗျာ၊ အာရပ်အိမ်တိုင်းမှာ လည်ပင်းရှည်အိုးနဲ့ထည့်ထား

ဂါဝါတွေရှိတယ် "

ဟု ပြောလေ၏။ အာရပ်ကုန်သည်က ဂျူမဒါမင်းထင်၏ကော

နားထောင်၍ ခေါင်းညိတ်လိုက်ပြီး

" ကုန်သည်ကြီးဟာ ဗဟုသုတနဲ့ ပြည့်စုံပါပေတယ်၊ ကျုပ်

အာရပ်တွေရဲ့ ရိုးရာဓလေ့တွေကို မိတ်ဆွေကြီးက သိနေတာ ချီးကျ

တယ် "

ဟု ပြောလေ၏။ ဂျူမဒါမင်းထင်က အာရပ်ကုန်သည်အား

ကြည့်၍

" ကျုပ်တို့ရဲ့ ကြွေထည်တွေကို ရောင်းပြီးရင် ခင်ဗျားကို

ဘယ်လောက်ပေးရမလဲ "

ဟု မေးမြန်းလေ၏။ အာရပ်ကုန်သည်က ရယ်မော၍

" မိတ်ဆွေကြီးက ကုန်သည်ပီသပါပေတယ်၊ အချိန်မကု

လိုရင်းရောက်အောင် ရှင်းရှင်းလင်းလင်း မေးတတ်တာ ချီးကျူးပါတ

ကျုပ်ကို ပွဲခ အများကြီးမပေးရပါဘူး၊ ကုန်ပစ္စည်းတွေအား

ဆယ်ရာခိုင်နှုန်းပဲ ပေးရမှာပါ "





ဟု ပြောလေရာ ဂျူမဒါမင်းထင်က ခေါင်းခါယမ်း၍

" ဆယ်ရာခိုင်နှုန်းများတယ်၊ ငါးရာခိုင်နှုန်းပဲပေးမယ် "

ဟု ပြောလေရာ အာရပ်ကုန်သည်က ခုနစ်ရာခိုင်နှုန်း တောင်းလေ၏။ ဂျူမဒါမင်းထင်က ငါးရာခိုင်နှုန်းထက် တိုးမပေးချင်ကြောင်း ပြောလေရာ နောက်ဆုံးတွင် ကုန်သည်က သဘောတူ၍ ကြွေထည်ပစ္စည်းများကို ရောင်းပေးမည်ဟု ပြောလေ၏။

ထို့နောက် ဂျူမဒါမင်းထင်က ၎င်းတို့တည်းခိုရန်နေရာကို ရှာဖွေလိုကြောင်း ပြောလေ၏။ အာရပ်ကုန်သည်က ကုလားအုတ်များကိုပါ ထားရှိနိုင်သော နေရာတစ်ခုသို့ ခေါ်ဆောင်သွားလေ၏။

အာရပ်ကုန်သည်သည် မြို့တစ်နေရာရှိ ခြံဝင်းရှိသော အိမ်တစ်အိမ်သို့ ခေါ်ဆောင်သွား၏။ ထိုအိမ်ကို ကျောက်တုံးများဖြင့် တည်





www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထား၏။

ထို့နောက် ခေါင်းမြီးခြုံထားသော အာရပ်မတစ်ဦးနှင့် ဆုံတွေ့ပြီး အိမ်ကို တစ်လငှားရမ်း သဘောတူလေ၏။

အိမ်ပိုင်ရှင်မိန်းမသည် မြို့ထဲရှိ သီးခြားအိမ်တစ်အိမ်တွင် နေထိုင်ကြောင်း သိရသဖြင့် ၎င်းတို့အတွက် ပိုမို၍ အဆင်ပြေသွားလေ၏။

ဂျမဒါမင်းထင်တို့သည် အိမ်အတွင်း၌ ကုန်ပစ္စည်းများကို နေရာချထားလေ၏။ ထို့နောက် ဂျမဒါမင်းထင်က ၎င်းတို့၏လက်နက်များကို အိတ်တစ်လုံးနှင့်ထည့်ကာ အိမ်အနှံ့ လှည့်လည်ကြည့်ရှု၍

“ လက်နက်တွေက အရေးအကြီးဆုံးပဲ၊ လက်နက်တွေကို ဘယ်မှာထားရမလဲ ”

ဟု တီးတိုးရေရွတ်ပြီး အိမ်အနောက်ရှိ ကုလားအုတ်များ ထားရာ နေရာသို့သွား၍ လက်နက်များကို ဖွက်လေ၏။

ဘီလေးက မြို့အပြင်ဘက်တွင် သွားလာနေသော ခေါင်းမြီးခြုံ အာရပ်မများကို ကြည့်၍







“ တောက်… မိန်းမတွေကို မျက်နှာနဲ့ခြေထောက်ပဲမြင်ရတယ်၊ ...ပဲပြီကွာ၊ မက်ဆိုပိုတေးမီးယားကို ရောက်ကတည်းက ထင်တော့ ...သားပဲ၊ ငါကံဆိုးပြီလို့ ”

ဟု ညည်းညူလေရာ ဖဲသမားမောင်လှိုင်က မျက်နှာရှုံ့မဲ့၍

“ တဏှာရူးကောင်၊ မင်းကတော့ မိန်းမတွေကို နောက်ပိုးရှူး ...ရင် ထမင်းစားမဝင်တဲ့ကောင်ပဲ၊ ဒီလောက်တောင် နောက်ပိုးရှူး ...ချင်ရင် အိမ်ရှင်မုဆိုးမကြီးကို လုပ်ကွာ ”

ဟု ပြောလေ၏။

ဖဲသမားမောင်လှိုင်၏စကားကြောင့် ဘီလေး၏မျက်နှာ ရှုံ့မဲ့သွား

“ ထွီ… ဒီလောက်အရုပ်ဆိုးတဲ့ မုဆိုးမကြီးကို ငါက ...တ်ပိုးရှူးလုပ်ရမှာလား။ ဟေ့ကောင်ဖဲသမား မင်းအတွက်လည်း ...မှာ မျှော်လင့်ချက် မရှိဘူးနော်၊ ဖဲဝိုင်းလိုက်ရှာဖို့ မစဉ်းစားနဲ့ ”





www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်လည်ပြောဆိုလေ၏။

ထိုအချိန်တွင် ဂျမဒါမင်းထင်ကမူ အိမ်ရှေ့သို့ထွက်သွားပြီး တောင်းရမ်းစားသောက်နေသော ကလေးငယ်တစ်ဦးကို အိမ်ထဲသို့ခေါ်လာ၏။



သူတောင်းစားကလေးသည် အနီရောင်သင်တိုင်းအင်္ကျီအ ကြီးကို ဝတ်ဆင်ထား၏။

တရုတ်လူရှုပ်ဟုတ်စိန်က

" ဂျမဒါ၊ သူတောင်းစားလေးကို အိမ်ခေါ်ပြီး ဘာ မလို့လဲ"

ဟု မေးမြန်းလေရာ ဂျမဒါမင်းထင်က

" ကျုပ်တို့ဆီမှာပါလာတဲ့ စားသောက်စရာတွေ ပေးမလို့ ကောင်လေးက သနားဖို့ကောင်းပါတယ် "

ဟု ပြောလေ၏။ ထို့နောက် သူတောင်းစားကလေးအား ငွေ တစ်ရွက်ပေးလိုက်ပြီး ကရုဏာသက်ဟန်ဖြင့် ပြောဆိုပြီး ပြန်လွှတ် လိုက်လေ၏။

သူတောင်းစားလေး ထွက်ခွာသွားသောအခါ ဂျမဒါမင်းထင်က

" ဒီမြို့မှာ ကျုပ်တို့အတွက် မိတ်ဆွေမရှိသေးဘူးဗျ။ ဒါကြောင့် မိတ်ဆွေဖွဲ့လိုက်တာပဲ၊ ဒီကောင်လေးဟာ ကျုပ်တို့အိမ်ပတ်ဝန်းကျင် မှာ ဈေးသွားဈေးပြန်လူတွေကို တောင်းရမ်းစားသောက်နေတာယ်လို့ သိရတယ် "

ဟု ပြောလေရာ တရုတ်လူရှုပ်ဟုတ်စိန်က လက်ဖျစ်တီး၍

" ဂျမဒါရဲ့အကြံကို သိပြီဗျို့၊ ကျုပ်တို့ရဲ့အိမ်ပတ်ဝန်းကျင်မှာ ကောင်လေးရှိနေတဲ့အတွက် အိမ်လုံခြုံရေးရတာပေါ့ "

ဟု ပြောလေ၏။ ထိုအခါ မောင်လှိုင်က ခေါင်းညိတ်၍

" ဟုတ်တာပေါ့ဗျား၊ ဂျမဒါတို့ကတော့ အကွက်မြင်ပါပေ့ "

ဟု ချီးမွမ်းလေ၏။ ဂျမဒါမင်းထင်က အိမ်တံခါးဝမှ လမ်းသွား လမ်းလာများကို ကြည့်၍

" ကျုပ်တို့ ဘာဆရာမြို့ကို တစ်ခါမှ မရောက်ဖူးတဲ့ကုန်သည် တွေ ဖြစ်တဲ့အတွက် ကျုပ်တို့ကို စောင့်ကြည့်နေတဲ့ကုန်သည်တွေရော၊ သူခိုးဓားပြအင်တွေရော၊ တူရကီတွေရော ရှိလိမ့်မယ်၊ ဒါကြောင့် မင်းတို့ အားလုံး အနေအထိုင် ဆင်ခြင်ကြပါ "

ဟု မှာကြားလေ၏။ ထိုနေ့ညက ဂျမဒါမင်းထင်တို့လူသည်

www.burmeseclassic.com



၎င်းတို့ယူဆောင်လာသော ပေါင်မုန့်နှင့် အသားဘူးများကိုပင် ညစာအဖြစ် စားသောက်လိုက်ကြ၏။

ဂျမဒါမင်းထင်မှလွဲ၍ သူတို့အားလုံး ညစာစားပြီးသောအခါ ပင်ပန်းလွန်း၍ အိပ်ပျော်သွားကြ၏။

▲▲▲▲▲

၆၀ ဖန်စီ၊ ဘုရ်ပေးစာများ ရေးသားလိုပါလျှင်...

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





နောက်တစ်နေ့နံနက်တွင် ဂျမဒါမင်းထင်က

" ဒီမြို့ထဲမှာ ဖြိုတိသျှ အဆောက်အအွယ် အာမက်ရှိပေမဲ့ လောလောဆယ် သူ့ကို ရှာလို့မဖြစ်သေးဘူး၊ ကျုပ်တို့ကို စောင့်ကြည့်နေတဲ့လူတွေ ရှိနိုင်တယ်၊ ဒါကြောင့် မြို့ထဲမှာ အေးအေးဆေးဆေး မမြင်ဘူးတာတွေ လျှောက်ကြည့်ရင် အကောင်းဆုံးပဲ "

ဟု ပြောလေ၏။

ထို့နောက် ဂျမဒါမင်းထင် ခေါင်းဆောင်၍ ဘာဆရာမြို့ထဲရှိ သမိုင်းဝင်အဆောက်အဦများကို လှည့်လည်ကြည့်ရှုကြ၏။

ဂျမဒါမင်းထင်သည် ဘာဆရာမြို့ထဲရှိ သမိုင်းဝင် အဆောက်အဦ များကို ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com





" မက်ဆိုပိုတေးမီးယားဟာ အလွန်ရှေးကျတဲ့ ယဉ်ကျေး
အမွေအနှစ်တွေရှိနေတယ်ဆိုတာ လက်တွေ့မြင်ရတော့ ကျ
ပိုပြီးလက်ခံလာမိတယ်၊ ဒီယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိ
ထားသင့်တယ် "

ဟု ပြောလေ၏။ ထို့နောက် ဂျူမဒါမင်းထင်တို့လူစုသည် မြ
တစ်နေရာရှိ စားသောက်ဆိုင်သို့ဝင်၍ ချာပတီနှင့် ပဲဟင်း၊ ဆိတ်သာ
ကင်တို့ကို စားသောက်ကြလေ၏။

ငင်းတို့လူစုတွင် လိုက်ပါလာသော မောင်လှိုင်သည် ဘာဆ
မြို့တွင် ဖဲမရိုက်ရသောကြောင့် မကျေမချမ်း ပြောဆိုနေလေ၏။





ဘီလေးကလည်း ဘာဆရာတွင် မိန်းမလှလေးများကို မမြင်ရ
သဖြင့် မခံချိမခံသာ ဖြစ်နေလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်ကမူ ဘာဆရာ
မြို့ထဲတွင် လှုပ်ရှားသွားလာနေသော လူမျိုးစုံကိုကြည့်၍ ရှုပ်ထွေးရန်
အကြံ ထုတ်နေလေ၏။

ငင်းတို့သည် တစ်မြို့လုံးတွင် ခြေရှုပ်နေသော လူကြမ်းသူကြမ်း
ဆော်ဒိုးအင်သူပုန်များကို တွေ့ရလေ၏။

ဂျူမဒါမင်းထင်သည် ဘာဆရာမြို့ထဲရှိ လမ်းများကို သေချာစွာ
မှတ်သားနေလေ၏။

ဂျူမဒါမင်းထင်သည် ငင်းတို့နေထိုင်ရာ အိမ်သို့ရောက်သောအခါ
မျက်မှောင်ကြုတ်၍ တံခါးထောင့်ရှိ ကြိုးစလေးကို ကြည့်ကာ



www.burmeseclassic.com



" အိမ်ထဲကို လူဝင်သွားတယ်ဟော့၊ ငါတို့ပစ္စည်းတွေ အခိုးခံရ
နဲ့ တူတယ် "

ဟု ပြောလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က တံခါးဝရှိ အပ်ရှေ
ကြီးကလေးကို ကြည့်၍

" အမလေး သေချာတာပေါ့၊ ကျုပ်တို့ပစ္စည်းတွေ ကုန်ပါပြီ

ဟု ဆိုကာ အိမ်ထဲသို့ ပြေးဝင်သွားလေ၏။

အိမ်ထဲသို့ရောက်သောအခါ ကြွေထည်ပစ္စည်းများ ထည့်ထ
သော အထုပ်တစ်ထုပ် ပျောက်ဆုံးနေကြောင်း တွေ့ရ၏။

ဘီလေးက အိမ်ထဲရှိပစ္စည်းများကို စစ်ဆေး၍

" သူခိုးက နေ့ခင်းဘက်မှာတောင် သောင်းကျန်းလှချည်လ
အိမ်ထဲက အထုပ်ကြီးကို ထမ်းပြီး ထွက်သွားတယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်သည် မည်သည့်စကားမျှမဆို
အိမ်အပြင်သို့ ထွက်သွားပြီး ခဏကြာလျှင် ပြန်ရောက်လာ၏။

ပြီးနောက် စစ်သားများဘက်သို့လှည့်၍

" ငါတို့ပစ္စည်းကို ခိုးသွားတဲ့ကောင်က၊ အိဇရာဟင်လို့ ခေ
တယ်၊ ငါတို့နေတဲ့လမ်းရဲ့ထိပ်က ကုန်စုံဆိုင်လေးဟာ ဒီကောင်ရဲ့ဆိုင်

ဟု ပြောလေရာ တရုတ်လူရှုပ်ဟုတ်စိန်က မျက်လုံးပြူးသွား

" ဂျမဒါစုံစမ်းတာ မြန်လှချည်လား "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" ကျုပ်ကို သူတောင်းစားလေးပြောပြလို့ အိဇရာဟင်
လက်ချက်ဆိုတာ သိရတာပါ "





ဟု ပြောလေ၏။ ထိုအခါ ဘီလေးက လက်သီးဆုပ်၍

" ကျုပ်တို့ကို မြန်မာတွေဆိုပြီး စော်ကားလို့ဘယ်ရမလဲ၊ ကျုပ်
တို့အကြောင်း သိစေရမယ် "

ဟု ဆိုကာ လက်သီးလက်မောင်းတန်း၍ အိဇရာဟင်ဆီသို့
သွားရန် ပြင်လေ၏။ ကျန်သူနှစ်ဦးကလည်း နောက်မှလိုက်ရန်
ကြိုးစား၏။

ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

" ဟေ့လူတွေ နေကြဦး။ ကျုပ်တို့ဟာ ကုန်သည်တွေဆိုတာ
သတိရစမ်းပါ၊ ဘာဆရာမှာ ကြွေထည်ပစ္စည်းလာရောင်းတဲ့ကုန်သည်
တွေက လူမိုက်လုပ်မလို့လား "

ဟု ပြောလေရာ ၎င်းတို့လူစုသည် မကျေမချမ်း အမူအရာနှင့်
ပြန်လည်ရောက်ရှိလာ၏။

မိမိတို့အပေါ် ကတုံးပေါ်ထိပ်ကွက်သွားသဖြင့် မကျေနပ်ကြောင်း
ပြောဆိုကြ၏။ ဂျမဒါမင်းထင်က

" အိဇရာဟင်ဆိုတာ ဈေးသည်တစ်ပိုင်း၊ သူခိုးတစ်ပိုင်းလုပ်တဲ့
သူပဲ၊ သူဟာ ဒီအိမ်မှာငှားရမ်းနေတဲ့ ကုန်သည်တွေဆီက ပစ္စည်းကို
ခိုးယူနေကြပဲ၊ အိမ်နံဘေးက အုတ်တံတိုင်းကို တွယ်တက်ပြီး ခြံထဲကို
ဝင်တယ်၊ ခြံထဲကိုရောက်တော့ ပြတင်းပေါက်ကကျော်ပြီး အိမ်ထဲ ကို
ဝင်ခဲ့တာပဲ၊ ပြီးတော့မှ အိမ်ရှေ့တံခါးကိုဖွင့်ပြီး ခပ်တည်တည် ထွက်သွား
ခဲ့တယ် "

ဟု ရှင်းလင်းပြလေ၏။ ဖဝိဇ္ဇာမောင်လှိုင်တို့လူစုသည် ၎င်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကတုံးပေါ်ထိပ်ကွက်သွားသဖြင့် မခံချိမခံသာ ဖြစ်နေလေ၏။

ထိုနေ့ညနေသို့ရောက်သောအခါ တရုတ်လူရှုပ်ဟုတ်စိန်သည် မည်သူမျှမသိအောင် တိတ်တဆိတ် အိပ်ယာမှထ၏။ ထို့နောက် ပြတင်းပေါက်မှကျော်ပြီး ထွက်သွားလေ၏။



တရုတ်လူရှုပ်ဟုတ်စိန် ထွက်သွားသောအခါ ဖဝိဇ္ဇာမောင်လှိုင်နှင့် ဘိလေးသည် အိပ်ချင်ယောင်ဆောင်နေရာမှ ထထိုင်၍ လေသံတိုးတိုးဖြင့်

" ဟုတ်စိန် ဘယ်ထွက်သွားတာလဲမသိဘူး၊ သူ့ကိုကြည့်ရတာ





မရိုးသားဘူး "

ဟု ပြောလေ၏။ ထိုအခါ တခေါခေါဟောက်သံပေး၍ အိပ်ပျော်နေသော ဂျူမဒါမင်းထင်က

" ဟုတ်စိန်အတွက် မင်းတို့ စိတ်မပူပါနဲ့၊ သူဟာ အိဗရာဟင် ကတုံးပေါ် ထိပ်ကွက်သွားတာကို မခံချင်လို့ ဂျင်ပေါက်ကထွေးလုပ်မလို့ပါ"

ဟု ပြောလေ၏။ ထိုအခါမှပင် ၎င်းတို့အားလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်လိုက်ကြ၏။

ဆိုင်အမှတ်(၇)



www.burmeseclassic.com

www.burmeseclassic.com

ထို့နေ့နံနက်တွင် သူခိုးအီဗရာဟင်သည် လွန်စွာ ပျော်ရွှင်နေပြီး ဘာဆရာမြို့ထဲတွင် လှည့်လည်ကာ ကြွေထည်ပစ္စည်းဝယ်ယူမည့် ကုန်သည်များကို ရှာလေ၏။

ကြွေထည်ပစ္စည်းများကို ဈေးကောင်းကောင်းပေးမည့် ကုန်သည်ကို ရသောအခါ သူ၏အိမ်သို့ခေါ်ဆောင်လာ၏။

အီဗရာဟင်သည် လမ်းခရီးတစ်လျှောက်လုံး မိမိပိုင်ဆိုင်သော လက်ရာမြောက် ကြွေထည်ပစ္စည်းများအကြောင်းကို ပြောဆိုလာ၏။

အိမ်သို့ရောက်သောအခါ ကုန်သည်ကြီးကို စားသောက်ဖွယ်ရာများနှင့် ဧည့်ခံပြီး ခုတင်အောက်တွင် ဝှက်ထားသော ကြွေထည်ပစ္စည်းထုပ်ကြီးကို ဆွဲယူလိုက်၏။





ကြွေထည်ပစ္စည်းများ ထည့်ထားသော အထုပ်ကြီးကို ကွဲရှမှာ စိုးသဖြင့် သတိထားပြီး သယ်ဆောင်လာ၏။

ထို့နောက် ကုန်သည်ကြီးရှေ့၌ ကြွေထည်ပစ္စည်းထုပ်ကြီးကိုချ၍ ချည်နှောင်ထားသော ကြိုးများကို ဖြည်၏။ ကုန်သည်ကြီးသည် စိတ်အားထက်သန်စွာဖြင့် အထုပ်ထဲမှ ထွက်ပေါ်လာမည့် ပစ္စည်းများကို ကြည့်ရှုနေလေ၏။

အီဗရာဟင်က အထုပ်ထဲသို့ လက်နှိုက်၍ သဘောကျဟန်ဖြင့် ရယ်မောကာ

" ဟဲ... ဟဲ... ဒါတွေဟာ အကောင်ဆုံး တရုတ်ကြွေထည်တွေပေါ့"

ဟု ပြောဆိုရင်း အိတ်ထဲရှိ ကြွေထည်ပစ္စည်းတစ်ခုကို ထုတ်လိုက်၏။ ထိုအခါ သူ၏လက်ထဲတွင် ပါလာသောပစ္စည်းမှာ အနုပညာလက်ရာမြောက်သော ကြွေထည်ပစ္စည်းမဟုတ်ဘဲ ရွှံ့တုံးကြီး ဖြစ်နေသဖြင့် မျက်လုံးပြူးသွားပြီး

" ဟိုက်... ဘယ်ကရွှံ့တုံးကြီးလဲဟ "

ဟု အလန့်တကြား ရေရွတ်လေ၏။

ထို့နောက် အထိတ်တလန့်နှင့် အထုပ်ထဲရှိ ကြွေထည်ပစ္စည်းများကို ဆွဲထုတ်လေရာ ရွှံ့တုံးများသာ ထွက်လာသဖြင့် အလွန် အံ့ဩသွားပြီး

" အလ္လာ ကယ်တော်မူပါ၊ မနေ့ကပဲ ကြွေထည်ပစ္စည်းတွေကို သေသေချာချာစစ်ဆေးပြီး ခုတင်အောက်ထည့်ထားတယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ် ရှုံ့တုံးတွေဖြစ်နေရတာလဲ ''

ဟု ရေရွတ်နေလေ၏။ ထိုအခါ ကုန်သည်ကြီးသည် အီဗရာဟင်ကို အရူးတစ်ယောက်ဟု သဘောထားကာ ဒေါသတကြီးဖြင့်

'' အရူး... ငါ့ကို လိမ်စရာမရှိ ကြံဖန်ပြီးလိမ်တယ်၊ ပိုက်ဆံကို ကြိုပေးမိရင် ခက်မယ် ''

ဟု ပြောကာ အီဗရာဟင်ကို နည်းအမျိုးမျိုးနှင့် ကျိန်ဆဲပြီး အိမ်ထဲမှ မကျေမချမ်း ထွက်ခွာသွားလေ၏။







အီဗရာဟင်ကမူ ထူးဆန်းစွာ ပျောက်ဆုံးသွားသော ကြွေထည်ပစ္စည်းများကို စဉ်းစားမရသဖြင့် ရူးချင်သလိုဖြစ်ပြီး ကျန်ရစ်ခဲ့လေတော့၏။

♟ ♟ ♟ ♟ ♟



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းသောအခါ ဖဲသမားမောင်လှိုင်သည် အိပ်ရာမှ အစောဆုံး နိုးလေ၏။

မောင်လှိုင်သည် မျက်နှာသစ်ရန် ကြံစည်ပြီးကာမှ အိဗရာဟင် နိုးယူသွားသော ကြေးထည်ပစ္စည်းထုပ်ကြီးကို ခေါင်းရင်းတွင် မြင်သဖြင့် မျက်လုံးပြူးသွားလေ၏။

တရုတ်လူရှုပ်ဟုတ်စိန်ကမူ ညက အိပ်ရေးပျက်ဟန်ဖြင့် တခေါ ခေါ အိပ်စက်နေ၏။ ထိုနေ့တွင် ဂျမဒါမင်းထင်က သူတို့အားလုံးကိုခေါ်၍

" မေဂျာဝီလျံကို ကယ်တင်မဲ့အစီအစဉ်ကို ဒီနေ့ကစပြီး လုပ်ရှား ရတော့မယ်၊ ကျုပ်တို့အတွက် အချိန်သိပ်မရှိတော့ဘူး လောလောဆယ်





ဒီတိသျှစစ်တပ်ရဲ့ အဆက်အသွယ် ရေးဟောင်းပစ္စည်းရောင်းတဲ့ အာမက်ကို ရှာဖွေရမယ် "

ဟု ပြောလေရာ ဖဲသမားမောင်လှိုင်က ဖဲချပ်များကို ကုလားဖန် ထိုး၍

" ဒါဆိုရင် ကျုပ်တို့တွေ ဒီနေ့ပဲ အာမက်ကို ရှာရမှာလား "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က လက်ကာပြ၍

" ဒီကိစ္စအတွက် ငါတို့ကိုယ်တိုင် လိုက်ရှာတာထက်စာရင် သူတောင်းစားကလေးကို ခိုင်းစေတာကောင်းတယ်၊ သူတောင်းစား ကလေးကို စာရေးပြီး အာမက်ကို ပေးခိုင်းလိုက်မယ်၊ စာထဲမှာ စကားဝှက် တည်း ထည့်ရေးပေးလိုက်မယ် "

ဟု ပြောလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က ခေါင်းညိတ်၍

" ဂျမဒါရဲ့အစီအစဉ်က သိပ်ကောင်းတယ်၊ ဒါပေမဲ့ သူတောင်းစား ကလေးက စိတ်မချရရင် ကျုပ်တို့မှာ အန္တရာယ်ရှိနိုင်တယ် "

ဟု ပြောလေ၏။

ဂျမဒါမင်းထင်က သက်ပြင်းချ၍

" သူတောင်းစားကလေးဟာ ကျုပ်တို့ဘက်မှာရှိမယ်လို့ ယုံကြည်တယ်၊ ဒါပေမဲ့ သေချာအောင် သူတောင်းစားကလေးနောက်က လိုက်ဖို့ စီစဉ်ထားပြီးပါပြီ "

ဟု ပြောလေရာ ဘီလေးက ခေါင်းညိတ်၍

" ဂျမဒါစီစဉ်ရင် အားလုံး ဟာကွက်မရှိဘူးလို့ ယုံကြည်ပါတယ်၊ သူတောင်းစားလေးအနောက်ကို ဘယ်သူရဲ့ဦးလိုက်မှာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ဂျူမဒါမင်းထင်က တရုတ်လူရှုပ်ဟုတ်စိန်
ရှုံ့ဖိုးလိုက်ခိုင်းလေ၏။

ထို့နောက်တွင်မူ တရုတ်လူရှုပ်ဟုတ်စိန်သည် ဘာဆရာမြ
တွင် တိုးဝှေ့ပြီး သူတောင်းစားလေးအနောက်မှ လိုက်သွားလေ၏

သူတောင်းကလေးသည် ဈေးတစ်ခုကို ဖြတ်သန်းပြီး လမ်း
လမ်းကြားများမှ သွားလာနေလေ၏။



တရုတ်လူရှုပ်ဟုတ်စိန်သည် သူတောင်းစားကလေး၏ အနီ
သင်တိုင်းအကျိုကို မှတ်သားပြီး အနောက်မှလိုက်နေသဖြင့် လွယ်
လေ၏။







တစ်မြို့လုံးတွင် လူကြမ်းသူကြမ်း ဓားပြိုးအင်သူပုန်များကို တွေ့ရ
၏။ သူတောင်းစားကလေးသည် အတန်ကြာအောင် သွားလာပြီး
နောက် စုတ်ချာသော ရှေးဟောင်းပစ္စည်း အရောင်းဆိုင်ကလေးရှေ့တွင်
ရပ်တန့်လိုက်၏။

ထို့နောက် ဆိုင်ထဲသို့ အေးဆေးစွာ ဝင်ရောက်သွားလေ၏။
သူတောင်းစားကလေးသည် ရှေးဟောင်းပစ္စည်းရောင်းချသူ အားနှင့်
သိကျွမ်းပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်လူရှုပ်ဟုတ်စိန်သည် ကွဲအက်နေသောမှန်များ အောက်တွင် ပြထားသော ရှေးဟောင်းပစ္စည်းများကို ငေးမောကြည့်နေစဉ် ဆိုင်ထဲမှ ကတိုက်ကရိုက်ထွက်လာသော သူတောင်းစားကလေးကို တွေ့ရ၏။

တရုတ်လူရှုပ်ဟုတ်စိန်က သူ၏အတွေ့အကြုံအရ ပြဿနာဖြစ်ပွားပြီဟု ယူဆသဖြင့် သူတောင်းစားကလေးကိုပင် မစောင့်တော့ဘဲ အိမ်သို့ ကမန်းကတန်း ပြန်လာခဲ့၏။

သူသည် လမ်းခရီးတွင် ဗက်ဒိုးအင်သူပုန်များကို သတိကြီးစွာထား၍ သွားလာခဲ့လေ၏။

အိမ်သို့ရောက်သောအခါ ဂျမဒါမင်းထင်က ဆီးကြို၍

“ အာမက်တစ်ယောက်တော့ သေရှာပြီနဲ့တူတယ် ”

ဟု ဆီးကြို၍ ပြောလိုက်ရာ လူရှုပ်ဟုတ်စိန်သည် ဂျမဒါမင်းထင်၏ အကင်းပါးပုံကို အံ့ဩသွားလေ၏။

ထိုအခိုက်မှာပင် အနီရောင်သင်တိုင်း ဝတ်ထားသော သူတောင်းစားကလေး ရောက်ရှိလာပြီး စိတ်လှုပ်ရှားဟန်ဖြင့်

“ ရှေးဟောင်းပစ္စည်းရောင်းတဲ့အာမက်ကြီး မရှိတော့ဘူး။ သေဆုံးနေပြီ ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က သူတောင်းစားထံမှစာကို ပြန်ယူ၍ ထိုကိစ္စကို နှုတ်လုံအောင် ပြောဆိုပြီး ပိုက်ဆံအနည်းငယ်ပေး လိုက်၏။

ဂျမဒါမင်းထင်က သက်ပြင်းချ၍





“ ကျုပ်တို့ကို ကူညီပေးနိုင်မဲ့ တစ်ယောက်တည်းသော မိတ်ဆွေတော့မရှိတော့ဘူး၊ အာမက်သေရတာဟာ ဗက်ဒိုးအင်သူပုန်တွေကြောင့်လည်း ဖြစ်နိုင်တယ်၊ ရှေးဟောင်းပစ္စည်းတွေကြောင့်လည်း ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီအချိန်ကစပြီး ငါတို့လူစု ကိုယ့်အားကိုယ် ကိုးရတော့မယ်၊ ငါတို့မှာ အချိန်မရှိတော့ဘူး ”

ဟု ပြောလေရာ တရုတ်လူရှုပ်ဟုတ်စိန်က ခေါင်းညိတ်၍

“ ဟုတ်တယ် ဂျမဒါ၊ ဒီထက်ပိုပြီး အချိန်ဆွဲထားရင် မေရှာဒီလျှံအတွက် အသက်အန္တရာယ်ရှိနိုင်တယ်၊ ကျုပ်တို့ တုံးတိုက်တိုက်များကိုက်ကိုက် ရင်ဆိုင်မှုဖြစ်တော့မယ်၊ တစ်မြို့လုံးမှာတော့ ဗက်ဒိုးအင်သူပုန်တွေ ခြေရှုပ်လိမ်နေတယ် ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ဆက်လက်၍

“ လောလောဆယ် တူရကီတွေက ကမ္ဘာစစ်ထဲဝင်လာပြီး ဗြိတိသျှတွေနဲ့ တိုက်ဖို့ ပြင်ဆင်နေတော့ ဒီမြို့ကို တူရကီတွေ ကိုယ်စား ဗက်ဒိုးအင်တွေက စောင့်ရှောက်ပေးနေတယ်၊ တူရကီတွေနဲ့ ဗက်ဒိုးအင်တွေဟာ အရင်တုန်းက အဆင်မပြေကြဘူး၊ ဒါပေမဲ့ လောလောဆယ် သူတို့မဟာမိတ်ဖြစ်နေတယ်၊ ဗက်ဒိုးအင်တွေဟာ မြို့ရွာမှာနေထိုင်တဲ့ လူမျိုးတွေမဟုတ်ဘူး၊ သူတို့ဟာ မျိုးရိုးစဉ်ဆက် သဲကန္တာရမှာပဲ ကျင်လည်ခဲ့တဲ့ လူမျိုးတွေပဲ ”

ဟု ပြောဆိုလေ၏။ ဗဲသမားမောင်လှိုင်က ဝင်ရောက်၍

“ ကျုပ်တော့ စွန့်စားခန်းဖွင့်ချင်ပြီ ဂျမဒါ၊ အိမ်ထဲမှာ အောင်းပြီး ထွက်တွေလိုနေရတာ ပျင်းလာပြီ၊ ဗက်ဒိုးအင်တွေ ဘယ်လောက်

www.burmeseclassic.com



မိုက်မိုက် ကျုပ်တို့ရဲ့မြန်မာ့သွေးကလေ့ နိပါတယ်ဗျ ''

ဟု ပြောလေ၏။ ဂျူဒါမင်းထင်က ခေါင်းညိတ်၍

'' ဟုတ်ပြီ၊ ဒါဆိုရင် မနက်ဖြန်ကစပြီး ကျုပ်တို့ရဲ့ လှုပ်ရှားမှုတွေ စတင်တော့မယ်၊ ဒီနေ့တော့ ကြွေထည်ပစ္စည်းတွေရောင်းဖို့ ကုန်သည်တွေ လာလိမ့်မယ် ''

ဟု ပြောလေ၏။

ထိုအချိန်မှာပင် ပွဲစားသည် ကြွေထည်ပစ္စည်းများကို ဝယ်ယူရန် ကုန်သည်သုံးဦးကို ခေါ်ဆောင်လာ၏။

ဂျူဒါမင်းထင်သည် ကြွေထည်ပစ္စည်းများကို တစ်နေ့တည်း ရောင်းချလိုသဖြင့် ကြွေထည်ပစ္စည်းများကို ဈေးလျှော့ရောင်းလေရာ ကုန်သည်များသည် အလွန်သဘောကျပြီး ကြွေထည်များကို ကုန်စင်အောင် ဝယ်ယူသွားကြလေ၏။

ဂျူဒါမင်းထင်တို့က ကြွေထည်များကို တစ်နေ့တည်း ရောင်းချလိုက်သဖြင့် ပွဲစားလုပ်သူလည်း အကျိုးဆောင်ခ များစွာရရှိလေ၏။

ဂျူဒါမင်းထင်သည် ပွဲစားမှတစ်ဆင့် ကုလားအုတ်များကိုလည်း ရောင်းချလိုက်လေ၏။

ထိုသူများ ပြန်လည် ထွက်ခွာသွားသောအခါ ဂျူဒါမင်းထင်က ငွေစက္ကူများကို စားပွဲပေါ်တွင် ပုံချလိုက်ပြီး

'' ဒီပိုက်ဆံတွေဟာ ကျုပ်တို့လူစုမှာ ချမ်းသာသမျှ အကုန်ပဲ၊ ဒီငွေတွေမကုန်မီ မေကျာဝီလျှံကို ရအောင်ကယ်ရမယ် ''

ဟု ပြောလေရာ ဖသမားမောင်လှိုင်က ရယ်မော၍





'' ဟဲ... ဟဲ... ပိုက်ဆံတွေကုန်သွားရင်လဲ မပူပါနဲ့ ဂျူဒါ၊ ဆံတွေရအောင် ရှာနိုင်ပါတယ် ''

ဟု ပြောလေ၏။ ထိုအခါ ဘီလေးက မျက်နှာရှုံ့မဲ့၍

'' ဟော့ကောင် ဖသမား၊ ဒီမြို့မှာ ဖဲဝိုင်းမရှိဘူး၊ ဖဲလိမ်ရိုက်ဖို့ စားနဲ့ ''

ဟု ပြောလေ၏။ ဘီလေး၏စကားကြောင့် ဖသမားမောင်လှိုင်က

'' ဟော့ကောင် ဖဲလိမ်ရိုက်မှ ပိုက်ဆံရမှာလားကွ၊ ညဉ့်သန်းခေါင် ခြတိတ်ဆိတ်တဲ့အချိန် မြို့ထဲမှာလှည့်လည်ပြီး ပိုက်ဆံရှာမွေ့တတ်တဲ့ လ်ရှိတယ်လေကွာ ''

ဟု ပြောလေရာ တရုတ်လူရှုပ်ဟုတ်စိန်က တဟားဟား ယ်မော ၍

'' ဟား ဟား ဟား... လက်စသတ်တော့ မင်းတို့က ငါ့ကို င်း ပြောနေတာကိုး၊ သူတစ်ပါး ကတုံးပေါ်ထိပ်ကွက်တာ မခံချင်လို့ တ်သည့်ပညာ မနေသာဆိုသလို အသုံးပြုလိုက်ရတာပါကွာ ''

ဟု ပြောလေ၏။

ထိုအခါ ဖသမားမောင်လှိုင်က ဝင်၍

'' ဟော့ကောင် တတ်သည့်ပညာမနေသာ ဘာညာနဲ့ လူအထင် အောင် ပြောမနေနဲ့၊ ခေါ်ရ အလုပ်လုပ်တာကို ချဲ့ကားပြောနေ ယ် ''

ဟုပြောလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က ရယ်မော၍

'' ဟားဟားဟား... ခေါ်ရအလုပ်ဟာ ငါတို့မျိုးရိုးစဉ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တာကွ၊ ငါ့အဘိုးဟာ ကုန်းဘောင်ခေတ်ကတည်းက မန္တလေး နေပြည်တော်မှာ စာေရးအလုပ်ကို အကြီးအကျယ်လုပ်ခဲ့တာကွ အဲဒီတုန်းကများ နေပြည်တော်တစ်ဝှမ်းက သူဌေးကြီးတွေရဲ့အိမ်တွေ အမိုးခံရပြီဆိုရင် ငါ့အဘိုးလက်ချက်ချည်းပဲ ''

ဟုပြောလေရာ ဖဲသမားမောင်လှိုင်က အံ့ဩဟန်ဖြင့်

'' လက်စသတ်တော့ မင်းတို့မျိုးရိုးက သူခိုးမျိုးရိုးကိုး၊ ကဲ... ဆိုစမ်းပါဦး၊ သူခိုးဘဝကနေ စစ်သားဘဝကို ဘာလိုပြောင်းလဲသွားတာလဲ ''

ဟုမေးမြန်းလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က ခေါင်းညိတ်၍

'' မော်လမြိုင်မြို့မှာ ဒေါ်ငွေမြိုင်ဆိုတဲ့ အထည်ကြီးပျော် မိန်းမကြီးတစ်ယောက်ရှိတယ်၊ ဒေါ်ငွေမြိုင်မှာ သမီး တစ်ယောက်လည်း ရှိတယ်၊ တစ်ညတော့ ဒေါ်ငွေမြိုင်ရဲ့အိမ်ထဲကိုဝင်ပြီး ဗီရိုကိုဖွင့်လိုက်တော့ ဗီရိုထဲမှာ အဝတ်နဲ့အထပ်ထပ်ရစ်ပတ်ထားတဲ့ ရွှေ လက်ကောက်နှစ်ကွင်း ကိုတွေ့ရတယ်၊ ငါဟာ ဒီပြင်အဖိုးတန်ပစ္စည်းမရှိတာနဲ့ ဒေါ်ငွေမြိုင်ရဲ့ အိမ်က ရွှေလက်ကောက်ကိုပဲ ယူဆောင်သွားခဲ့တယ်၊ ဒီလိုနဲ့ ဒေါ်ငွေမြိုင် ရဲ့အိမ်ကို ဖောက်ထွင်းပြီး တစ်ပတ်လောက်ကြာတဲ့အခါ ဒေါ်ငွေမြိုင်ရဲ့ မနာမကျန်းဖြစ်နေတဲ့ သမီးကလေး သေဆုံးသွားတယ်၊ ဒေါ်ငွေမြိုင် သမီးရဲ့ အသုဘချတာကို ငါလိုက်ပို့ဖြစ်ခဲ့တယ်၊ ဒေါ်ငွေမြိုင်က သူ့သမီးရဲ့ မြေချကာနီးမှာ 'အမလေး ငါ့သမီးလေးကို ဆေးကုမဲ့ပိုက်ဆံကို သူခိုးခိုးသွားလို့ ဆေးမကုနိုင်ခဲ့ဘူး၊ သူတစ်ပါးပစ္စည်းကို မတရားလိုချင်တဲ့ သူခိုး၊ ငါ့သမီးလေးလိုမဖြစ်ပါစေနဲ့တော်' လို့ အော်ဟစ် ပြီး ငိုယိုခဲ့တယ်





ငါဟာ ဒေါ်ငွေမြိုင်ကြီးရဲ့ ငိုသံကိုကြားရတော့ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားတယ်၊ ငါ့ရဲ့ပယောဂကြောင့် ဒေါ်ငွေမြိုင်ရဲ့သမီးကလေး သေဆုံး ရတယ်ဆိုပြီး စိတ်ထိခိုက်ကြေကွဲခဲ့ရတယ်၊ ငါဟာ ဒီအချိန်ကစပြီး နေ့စဉ် အိပ်လို့မပျော်ဘူး၊ အိပ်ပျော်ရင်လဲ ဒေါ်ငွေမြိုင်နဲ့ပတ်သက်တဲ့ အိပ်မက်ဆိုး တွေပဲ မက်နေတော့တယ်၊ တကယ်တော့ ဒေါ်ငွေမြိုင်ဆီက ခိုးယူလာတဲ့ ရွှေလက်ကောက်နှစ်ကွင်းကို ငါမရလိုက်ပါဘူး၊ ရွှေလက်ကောက်ကို ရန်ကုန်မှာရောင်းဖို့ ဘတ်စ်ကားနဲ့ အသွားမှာ ခါးပိုက်နှိုက်ခံ လိုက်ရ တယ်၊ သူခိုးလက်က သူဝှက်လုသွားတဲ့သဘောပေါ့ ''

ဟုပြောရင်း စားပွဲပေါ်ရှိ ရေတစ်ခွက်ကို သောက်လိုက်လေ၏။ တရုတ်လူရှုပ်ဟုတ်စိန်စကားကို ဂျမဒါမင်းထင် အပါအဝင် သူတို့အားလုံး စိတ်ဝင်စားစွာ နားထောင်နေကြ၏။ လူရှုပ်ဟုတ်စိန်က ဆက်လက်၍

'' ဒီလိုနဲ့ အိပ်မက်ဆိုးတွေ မက်ပါများတော့ ငါမခံနိုင်တော့ဘူး၊ ဒေါ်ငွေမြိုင်ဆီသွားပြီး ရွှေလက်ကောက်နှစ်ကွင်းကို ခိုးယူတဲ့သူခိုးဟာ ငါဖြစ်ကြောင်း ဝန်ခံလိုက်တယ်၊ ဒီအခါမှာ ဒေါ်ငွေမြိုင်ကြီးက သေဆုံး သွားတဲ့ သမီးအတွက် ယူကျုံးမရဖြစ်ပေမဲ့ ငါ့ကိုတော့ ခွင့်လွှတ်ရှာတယ်၊ ဒီအချိန်ကစပြီး ငါဟာ သူခိုးအလုပ်ကို စွန့်လွှတ်ပြီး ဒေါ်ငွေမြိုင်ကို ကြိုရာ ကျပန်းအလုပ်တွေနဲ့ လုပ်ကျွေးခဲ့တယ် ''

ဟုပြောလေရာ ဖဲသမားမောင်လှိုင်က သက်ပြင်းချ၍

'' မင်းရဲ့အကြောင်းကို ကြားရတာ စိတ်မချမ်းသာစရာပဲကွာ၊ ဒေါ်ငွေမြိုင်လည်း သနားဖို့ကောင်းလိုက်တာ၊ သူ့ခမျာ မင်းရဲ့မကောင်း တဲ့ စရိုက်ကြောင့် သမီးလေးကို ဆုံးရှုံးရရှာတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ထိုအခါ တရုတ်လူရှုပ်ဟုတ်စိန်က ခေါင်းခါယမ်း၍

" ဒေါ်ငွေမြိုင်ကြီးက သနားစရာမကောင်းပါဘူးကွာ "

ဟုပြောလေရာ ဘီလေးက ဝင်ရောက်၍

" ဟောကောင် မင်းဟာ အတော်စိတ်ခေတ်ညံ့ဖျင်းတဲ့လူပဲ၊ ဒေါ်ငွေမြိုင်ရဲ့သမီး သေဆုံးရတာ မင်းရဲ့ပယောဂကြောင့် သေဆုံးရတာကွ၊ ဒါကောင် ဒေါ်ငွေမြိုင်ကြီးကို မသနားဘူးလား "

ဟုပြောဆိုလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က ခေါင်းခါယမ်း၍

" ဒေါ်ငွေမြိုင်ကြီးကို ငါလုံးဝမသနားဘူး။ ဒီမိန်းမကြီးကြောင့် ငါခံလိုက်ရတာကွ "

ဟုမကျေမချမ်းပြောလေ၏။ ထိုအခါ ဖဲသမားမောင်လှိုင်က နားမလည်ဟန်ဖြင့်

" ဘယ်လိုခံလိုက်ရတာလဲ "

ဟုမေးမြန်းလေ၏။

တရုတ်လူရှုပ်ဟုတ်စိန်က

" အရင်တုန်းကတော့ ဒေါ်ငွေမြိုင်ကိုသနားပြီး ကိုယ့်အဒေါ်အရင်းလို လုပ်ကျွေးပြုစုခဲ့တယ်၊ ဒီလိုနဲ့ ရက်တွေကြာတော့ ဒေါ်ငွေမြိုင်က သူ့ကို တူလိုသားလို လုပ်ကျွေးပြုစုတာကို စိတ်မချနိုင်ဘူးတဲ့၊ သူ့ကို တစ်သက်လုံးပြုစုစောင့်ရှောက်လို့ရအောင် သူ့ကိုယူလိုက်ဖို့ပြောတယ် "

ဟုပြောလေရာ ၎င်းတို့လူစုက သဘောကျဟန်ဖြင့် တဟားဟား





ရယ်မောလိုက်ကြလေ၏။ မောင်လှိုင်က ရယ်မော၍

" ဟားဟားဟား... ဒါဆိုရင်လည်း ယူလိုက်ပေါ့ကွာ၊ သူ့သမီးဟာ မင်းရဲ့ပယောဂကြောင့် သေဆုံးရတာမဟုတ်လား။ နေပါဦး ဒေါ်ငွေမြိုင်ရဲ့ ပုံစံက ဘယ်လိုပုံစံလဲ "

ဟုမေးမြန်းလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က မျက်နှာရှုံ့မဲ့၍

" ဒေါ်ငွေမြိုင်ရဲ့အသက်ဟာ လေးဆယ်ကျော်ပေမဲ့ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးလိုပဲကွ "





www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

ထိုအခါ ဘိလေးက ရယ်မော၍

" ဟား ဟား ဟား... ဒါဆိုရင်လည်း ခေါင်ငွေမြိုင်ကို ယူလိုက်ပေါ့ကွာ၊ မင်းအတွက် နစ်နာစရာမရှိပါဘူး "

ဟုပြောလေရာ တရုတ်လူရှုပ်ဟုတ်စိန်က မကျေမချမ်းဖြင့်

" တကယ်တော့ ခေါင်ငွေမြိုင်ဟာ ရိုးသားဖြောင့်မတ်တဲ့မိန်းမ မဟုတ်ဘူးကွ၊ ငါဟာ အကြီးအကျယ် လှည့်စားတာခံခဲ့ရတယ်၊ တစ်ခါ တုန်းက ခေါင်ငွေမြိုင်ဆီက ငါခိုးယူခဲ့တဲ့ ရွှေလက်ကောက်နှစ်ကွင်းဟာ အစစ်တွေမဟုတ်ဘူး။ လူတွေအထင်ကြီးအောင် လုပ်ထားတဲ့အတုကြီး တွေကွ၊ ဒီလက်ကောက်ကိုလုပ်ပေးတဲ့ ပန်းထိမ်ဆရာကိုယ်တိုင် ငါ့ကို ပြောပြတယ်၊ ခေါင်ငွေမြိုင်ကြီးကို သေချာအောင် မေးကြည့်တော့လည်း နောက်ဆုံးမှာ ခေါင်ငွေမြိုင်ကြီးက အတုတွေဖြစ်ကြောင်း ဝန်ခံတယ် တကယ်တော့ ခေါင်ငွေမြိုင်ရဲ့လက်ကောက်တွေဟာ အတုတွေဖြစ် ကြောင်း မသိလိုက်တာကွ၊ လက်ကောက်တွေကို ခါးပိုက်နှိုက်ခံလိုက်ရ လို့ကွ၊ မင်းတို့စဉ်းစားကြည့်ကွာ၊ သူ့သမီးမြေချတဲ့နေ့က သူတို့ရဲ့ အတွင်းပစ္စည်းတွေကို သူခိုးခိုးခံရလို့ သူ့သမီး သေဆုံးရတယ်လို့ လူကြားကောင်းအောင် ငိုယိုတယ်၊ ဒီမိန်းမကြီးရဲ့ မဟုတ်မဟတ် လုပ်ဇာတ်တွေကြောင့် ငါ ဘယ်လောက်ခံလိုက်ရသလဲ၊ မင်းတို့စဉ်းစား ကြည့်၊ ရွှေလက်ကောက် အစစ်ကြီးခိုးမိပြီး သူ့ကို မဆီမဆိုင် တစ်နှစ်လောက် လုပ်ကျွေးလိုက်ရတယ်၊ နောက်ပြီးတော့ လုပ်ကျွေးရုံ အားမရသဲ့ သူ့အရှယ်ကြီးကို ငါက ယူရဦးမယ် "





ဟု ပြောလေရာ မောင်လှိုင်တို့အားလုံး သဘောကျဟန်ဖြင့် တဟားဟား ရယ်မောလိုက်ကြ၏။ ဘိလေးက

" ဟား ဟား ဟား... တရုတ်လူရှုပ်၊ အဘွားကြီးနဲ့တွေ့မှ ခံ လိုက်ရတယ်၊ လူပါးပုလင်းကွဲထိတာပေါ့ "

ဟု ပြောလေ၏။

တရုတ်လူရှုပ်ဟုတ်စိန်က ရယ်မော၍

" အေး... ဒါကြောင့် ခေါင်ငွေမြိုင်ကို မယူချင်တာနဲ့ စစ်ထဲကို ဝင်လိုက်တာပဲ "

ဟု ပြောလေတော့၏။

ၡင်းတို့သည် ထိုနေ့ညစာကို အိမ်မှာပင် စားသောက်လိုက်ကြ သော၏။ ထို့နောက် ညဉ့်သန်းခေါင်အထိ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုပြီး အိပ်မောကျသွား၏။

ၡင်းတို့လူစု အိပ်စက်ပြီး အတန်ကြာသောအခါ လူများ၏ ဆူဆူ ညံညံအသံကြောင့် အိပ်ရာမှ လန့်နိုးလာ၏။

ဖဲသမားမောင်လှိုင်က အိပ်ရာမှနိုးထ၍

" သူခိုးဖမ်းတယ်နဲ့တူတယ် "

ဟု အော်ဟစ်လေ၏။

ဂျမဒါမင်းထင်သည် အိပ်ရာမှ သွက်လက်စွာထလိုက်ပြီး ခါင်းပေါက်မှတစ်ဆင့် ခေါင်မိုးပေါ်သို့ တွယ်ကပ်တက်သွား၏။

အာရပ်တို့၏ အိမ်အများစုမှာ ခေါင်မိုးကို ညီညာသော မျက်နှာ ပြင်အဖြစ် အသုံးပြုသော၏။



www.burmeseclassic.com

www.burmeseclassic.com





ရှေးရှားသောကန္တာရတွင်ရှိသောကြောင့် အိမ်၏ အမိုးပေါ်တွင်

ရေကို သိုလှောင်၏။

လောင်စာဖြစ်သော တိရစ္ဆာန်အညစ်အကြေးများကို အပြား

ပြုလုပ်၍ ခေါင်မိုးနှင့်ပင် နေလှမ်းကြ၏။

ဂျူဒါမင်းထင် ခေါင်မိုးပေါ်သို့ရောက်သောအခါ သူတို့အား

ခေါင်မိုးပေါ်သို့ လိုက်တက်ကြ၏။

ခေါင်မိုးပေါ်သို့ရောက်လျှင် လမ်းကြီးလမ်းကြားများကို အပေါ်





မှ မြင်တွေ့ရ၏။ လမ်းကြားတစ်ခုထဲတွင် လူများ လှုပ်လှုပ်ရှရှနှင့် ပြေးလွှားနေကြ၏။

ထိုအခိုက်မှာပင် လူတစ်ဦးသည် ရင်းတို့ခြံဘက်သို့ ပြေးလွှားလာပြီး ခြစည်းရိုးကို ကျော်တက်ကြောင်း မြင်တွေ့ရ၏။

ဂျူဒါမင်းထင်က လေသံတိုးတိုးဖြင့်

" သူခိုးခြံထဲကို ကျော်ဝင်လာပြီ "

ဟု ပြောလေရာ ဘီလေးက လက်သီးဆုပ်၍

" ဒါဆိုရင် သူခိုးကိုဖမ်းပြီး ပုလိပ်လက်အပ်ရမယ် "

ဟု ပြောလေ၏။

ထိုအခါ ဂျူဒါမင်းထင်က လက်ကာပြ၍

" နေပါဦး ဒီအချိန်မှာ ကျုပ်တို့အတွက် မိတ်ဆွေရှားတယ်၊ သူခိုးကို ပုလိပ်လက်က ကယ်တင်ရမယ် "

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် လက်နှိပ်ဓာတ်မီးဖြင့် ဖိုသည် ထိုးကြည့်နေလေ၏။

ဂျူဒါမင်းထင်သည် ခေါင်မိုးပေါ်မှ တွယ်ကပ်ဆင်းသွားပြီး ကုလားအုတ်များထားရှိသော တင်းကုတ်ကို ဦးတည်သွားလေ၏။

တစ်နေရာသို့ရောက်သောအခါ ခြံကြားမှ လက်နှိပ်ဓာတ်မီးကို ထုတ်၍ ထိုးလိုက်ရာ ပုန်းအောင်းနေသော သူခိုးကို တွေ့ရ၏။

သူခိုးသည် ဂျူဒါမင်းထင်ကို ထိတ်လန့်တကြားဖြင့် ကြည့်လိုက်ရာ ဂျူဒါမင်းထင်က မကြောက်ရန် လက်ကာပြလိုက်၏။ သို့သော်သူခိုးသည် ထိတ်လန့်မှုကို မချုပ်တီးနိုင်သဲ ဂျူဒါမင်းထင်ကို ဝင်ရောက် တိုက်

ခိုက်လေ၏။

ဂျူဒါမင်းထင်သည် ထိုသူ၏လက်ကိုချုပ်ကိုင်၍

" ဘာမှမကြောက်ပါနဲ့ မိတ်ဆွေ၊ ကျုပ်တို့က ခင်ဗျားကို ဇက်ဒိုး အင်တွေလက် မအပ်ပါဘူး "

ဟု ပြောလိုက်လေ၏။ သူခိုးသည် အသံတုန်တုန်ယင်ယင်ဖြင့်

" ကျုပ်ကို ဇက်ဒိုးအင်တွေလက်ကိုတကယ်မအပ်ဘူးနော် "

ဟု ပြောလိုက်ရာ ဂျူဒါမင်းထင်က ခေါင်းညိတ်၍

" စိတ်ချပါဗျာ၊ ကျုပ်ရဲ့စကားကို နားထောင်ပါ "

ဟု ပြောလိုက်လေ၏။ ထို့နောက် ဂျူဒါမင်းထင်သည် သူခိုးကို အိမ်ထဲသို့ ခေါ်ဆောင်လာလေ၏။

သူခိုးက မောပန်းနေသဖြင့် ကော်ဖီတစ်ခွက်ကို ဖျော်တိုက်လိုက်၏။ သူခိုးအတွက် ချာပါတီနှင့် ပဲဟင်းကိုလည်း စီစဉ်ပေးလေ၏။

သူခိုးက ချာပါတီနှင့်ပဲဟင်းကို စားသောက်ပြီး

" မိတ်ဆွေတို့ရဲ့ကျေးဇူးကို ကျုပ်တစ်သက်မမေ့ပါဘူးဗျာ၊ ဒါနဲ့ မိတ်ဆွေတို့က အာရပ်တွေမဟုတ်ဘူးနော်၊ ဘယ်နိုင်ငံသားတွေလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ဂျူဒါမင်းထင်က တရုတ်ပြည်မှ ကုန်စည်များကို သယ်ဆောင်ပြီး ဘာဆရာသို့ လာရောက်ရောင်းချကြောင်း ပြောလိုက်ရာ သူခိုးသည် ဂျူဒါမင်းထင်တို့ကို တရုတ်လူမျိုးများဟု ထင်မြင်သွားလေ၏။

ဂျူဒါမင်းထင်က သူခိုးအား ယနေ့ည အိမ်၌ပင် အိပ်စက်ရန်





ပြောလိုက်၏။ သူခိုးသည် မောပန်းနွမ်းနယ်လာသဖြင့် ဂျူဒါမင်းထင် တို့ထံတွင် အိပ်စက်ရန် သဘောတူလေ၏။

နောက်တစ်နေ့နံနက်တွင် သူခိုး အိပ်ရာမှနိုးသောအခါ တရုတ် လူပ်ဟုတ်စိန်က စားသောက်ဖွယ်ရာများ ကျွေးမွေး၍

" ခင်ဗျား ဘာဖြစ်လို့ သူခိုးအလုပ်နဲ့ အသက်မွေးဝမ်းကျောင်း တာလဲ "

ဟု မေးမြန်းလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်၏ စကားကို စစ်သား အားလုံး စိတ်ဝင်စား၍ နားစွင့်နေမိ၏။

သူခိုးသည် သူ၏ကယ်တင်ရှင် ဂျူဒါမင်းထင်၏ မျက်နှာကို ကြည့်၍

" ကျုပ်ရဲ့ကျေးဇူးရှင်တွေကို အမှန်အတိုင်းပြောပြပါမယ်၊ တကယ်တော့ ကျုပ်ရဲ့သူခိုးဖြစ်တဲ့ဘဝက အလွန်ထူးဆန်းပါတယ်၊ ကျုပ် ဟာ အရင်တုန်းက မကောင်းမှုဒုစရိုက်အလုပ်ကို လုပ်တတ်တဲ့လူ မဟုတ် ဘူး၊ ကောင်းရောင်းကောင်းဝယ်အလုပ်ကို လုပ်ကိုင်စားသောက်ပြီး ဘဝမှာအရှင်မြတ်ကို ကြည်ညိုလေးစားတဲ့လူပါ။ ကျုပ်ဟာ ကုလားအုတ် တွေအတွက် ကုန်းနှီးလုပ်တဲ့အလုပ်ကို လုပ်ကိုင်ပါတယ်၊ ကျုပ်ရဲ့ခြံ အနားမှာ တရားသူကြီးတစ်ယောက် နေထိုင်ပါတယ်၊ တရားသူကြီးဟာ အနှိုင်လိမ္မာတဲ့မျောက်တစ်ကောင်ကိုလည်း မွေးထားပါတယ်၊ တရား သူကြီးရဲ့မျောက်ဟာ ကျုပ်ရဲ့ခြံထဲကို မကြာခဏ ဝင်ရောက်လာ တတ်ပါတယ်၊ ကျုပ်ဟာ တိရစ္ဆာန်ကို ချစ်တတ်တဲ့အတွက် မျောက်ကို အမြဲ ချိုသီးကျွေးလေ့ရှိပါတယ်၊ တရားသူကြီး ရဲ့မျောက်ဟာ အလွန်

www.burmeseclassic.com



လိမ္မာပါတယ်၊ ကျုပ်ဆီကိုလာရင် ငှက်ပျောသီးစားရလို့ ကျုပ်ရဲ့ ခြံ
မကြာခဏ ကူးသန်းပြီးလာလေ့ရှိပါတယ်၊ ဒီလိုနဲ့ ကျုပ်နဲ့မျောက်
တဖြည်းဖြည်း ခင်တွယ်လာပါတယ်၊ တစ်နေ့တော့ မျောက်ဟာ အ
ထူးဆန်းတဲ့ကိစ္စတစ်ခုကို လုပ်ဆောင်လာခဲ့တယ် ''

ဟု ပြောရင်း သူခိုးသည် အာခြောက်ဟန်ဖြင့် ရေတကောင်း
ရေတစ်ခွက်ကို ခပ်သောက်လေ၏။ သူခိုးက ဆက်လက်၍

'' မျောက်ဟာ ကျုပ်ရဲ့အိမ်ကို ကတ္တီပါအိတ်ရှုံ့လေးတစ်
ယူဆောင်လာတယ်၊ ကျုပ်ဟာ ကတ္တီပါအိတ်ထဲက ပစ္စည်းတွေ
ကြည့်ပြီး အလွန်အံ့သြသွားတယ်၊ ဘာကြောင့်လဲဆိုတော့ ကတ္တီပါ
ထဲမှာ အရောင်ပြိုးပြိုးပြက်ပြက် ဝင်းလက်နေတဲ့ စိန်တုံးလေးတွေ
တွေ့ ရတယ်၊ ဒီစိန်တွေဟာ မျောက်ရဲ့သခင် တရားသူကြီး စုဆော
ထားတဲ့စိန်တွေပါ၊ ကျုပ်ဟာ တရားသူကြီးရဲ့စိန်တွေကို နောက်နေ့
ပြန်ပေးဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ စိန်တွေပျောက်ဆုံးသွား
တရားသူကြီးဟာ အိမ်နီးချင်းမှာနေထိုင်တဲ့ ဆင်းရဲသားကျုပ်ကို မသ
ဖြစ်ပြီး ပုလိပ်တွေနဲ့ ရောက်လာတယ်၊ နောက်တော့ စိန်တွေကို တွေ့
ကျုပ်ရှင်းပြတာ လက်မခံဘဲဖမ်းဆီးခဲ့တယ်၊ ဒီအချိန်ကစပြီး ကျုပ်
ဟာ ကံဆိုးမိုးမှောင်ကျရောက်တော့တာပဲ၊ ကျုပ်ဟာ တရား သူကြီး
စိန်တွေကို မခိုးဘဲ အဖမ်းမခံနိုင်တာနဲ့ ပုလိပ်တွေလက်က ထွက် ပြေး
တယ်၊ ဒီအချိန်ကစပြီး ကျုပ်ဟာ ဝါးရမ်းပြေးဖြစ်ပြီး သူခိုးအလု
တကယ်လုပ်ဖြစ်ခဲ့တယ်၊ ကျုပ်ဟာ ဝါးရမ်းပြေးဘဝနဲ့နေထိုင်
သူတောင်းစားအဘိုးကြီးတစ်ယောက်နဲ့ပေါင်းမိပြီး သူ့ဆီက





အတတ်ကို တတ်မြောက်ခဲ့တယ်၊ ဒီလိုနဲ့ ကျုပ်ဟာ သူခိုးအတတ်ကို ကျွမ်းကျင်လာတော့ တဖြည်းဖြည်း အတင့်ရဲလာပြီး ဘဂ္ဂဒတ်ရွှေမြို့တော်ကြီးမှာတောင် ခိုးမှုတွေ ကျူးလွန်ခဲ့တယ်၊ တစ်နေ့တော့ ကျုပ်ဘဝရဲ့ကံကြမ္မာအလှည့်အပြောင်း ဖြစ်ချိန်တန်တော့ ဘဂ္ဂဒတ်မြို့မှာ အလွန်ချမ်းသာတဲ့ သူဌေးမ အမီနာရဲ့စံအိမ်ကြီးကို ဝင်ရောက်ပြီး ခိုးဖြစ်ခဲ့တယ်၊ အဲဒီညမှာပဲ အမီနာရဲ့အိမ်ကို ခိုးရင်း အလွန်ချောမောလှပ





www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမိနာရဲ့ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်ကို မမျှော်လင့်ဘဲ မြင်ခဲ့ရတယ် ဘာဖြစ်လို့လဲဆိုတော့ သူဌေးမ အမိနာဟာ သူ့ရဲ့ စံအိမ်ကြီးရဲ့ အလယ်မှာ သူတစ်ဦးတည်း ကူးခတ်တဲ့ရေကူးကန်ရှိတယ်၊ အမိနာဟာ ညသန်းခေါင် ရေကူးကန်မှာ ကူးခတ်နေတုန်း ကျုပ်နဲ့တွေ့ဆုံခဲ့တယ်၊ ကျုပ်ဟာ အမိနာရဲ့ စွဲမက်ဖွယ်အလှကိုမြင်တော့ အရှုံးအမူးစွဲလန်းပြီး ဒုက္ခရောက်မှာကို မကြောက်ဘဲ သူမရဲ့အလှကို ချီးမွမ်းခဲ့မိတယ်၊ ဒီအချိန်ကစပြီး သူဌေးမအမိနာဟာ ကျုပ်ရဲ့ချစ်သူဖြစ်ခဲ့ရတယ် ''

ဟုပြောလိုက်ရာ စစ်သားတစ်စုသည် သူခိုး၏ ဥပမိရုပ်ကောင်းမွန်မှုကိုကြည့်၍ ဖြစ်နိုင်လောက်ပေသည်ဟု တွေးတောနေမိ၏။

သူခိုးက ဆက်လက်၍

'' သူဌေးမ အမိနာဟာ ချောမောလှပပေမဲ့ ကျုပ်ထက်အသက်ကြီးတယ်၊ သူ့ရဲ့ ပထမယောကျ်ားဟာ နေထိုင်မကောင်းဖြစ်ပြီး သေဆုံးခဲ့ရတယ်၊ ကျုပ်ဟာ အမိနာရဲ့ချစ်သူဖြစ်တော့မှ အမိနာရဲ့ယောကျ်ားဟာ နေထိုင်မကောင်းဖြစ်ပြီး ဘာဖြစ်လို့ သေဆုံးရတယ်ဆိုတာသိရတယ်၊ အမိနာဟာ အလွန်ရမ္မက်စိတ်ပြင်းပြတဲ့ မိန်းမတစ်ယောက်ပဲ၊ ဒီလိုမိန်းမမျိုးနဲ့နေရင် ဘယ်လိုယောကျ်ားမှ အသက်ရှည်မှာမဟုတ်ဘူး ''

ဟုပြောလိုက်ရာ စစ်သားတစ်စုသည် သက်ပြင်းကိုယ်စီချလိုက်ကြလေ၏။ သူခိုးက ဆက်လက်၍

'' ဒီလိုနဲ့ အလွန်ဆင်းရဲပြီး အောက်ခြေလူတန်းစားဖြစ်တဲ့ကျုပ်နဲ့ အလွန်ချမ်းသာပြီး အဆင့်အတန်းမြင့်တဲ့ အမိနာတို့ဟာ အသွင်မတူ





ဘဲ တွေ့ဆုံပေါင်းသင်းခဲ့တယ်၊ အမိနာနဲ့ကျုပ်ဟာ အဆင့်အတန်းခြင်းမတူပေမဲ့ ရမ္မက်စိတ်ချင်း တူနေတဲ့အတွက် ပေါင်းသင်းလို့ရခဲ့တယ်၊ အမိနာ လိုအပ်တဲ့အချိန်တိုင်း ကျုပ်ဘက်က အသင့်ရှိနေခဲ့တယ်၊ နောက်တော့ အမိနာဟာ ကျုပ်ကို ပိုပြီးတန်ဖိုးထားမဲ့ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့တယ်၊ အမိနာရဲ့ ခမ်းနားကြီးကျယ်တဲ့အိမ်ကြီးမှာနေထိုင်ပေမဲ့ အောက်ခြေလူတန်းစားက လာတာဆိုတော့ အနေအထိုင် စည်းကမ်းမရှိဘူး၊ ကျုပ်ဟာ ခမ်းနားကြီးကျယ်တဲ့အိပ်ခန်းထဲက ခုတင်ကြီးပေါ်မှာ အိန်ချည်ခွက်တွေ၊ ချာပါတီတွေတင်ပြီး ညစာစားချင် စားနေတတ်တယ်၊ ကျုပ်ဟာ ခုတင်ပေါ်မှာ ဆိတ်သားကင်တွေစားပြီး ဆိတ်ရိုးတွေကို ခုတင်အောက်ကိုပဲပစ်ချတယ်၊ ဒီလိုနဲ့ ရက်တွေကြာတော့ အခန်းထဲကို ကြွက်တွေဝင်ပြီး သောင်းကျန်းတော့တာပေါ့၊ တစ်ညမှာ ကျုပ်က နားမူးနဲ့အိပ်ပျော်သွားပြီး ကြွက်တွေသောင်းကျန်းလွန်းလို့ အိပ်ရာကလန့်နိုးလာတယ်၊ ကျုပ်ရဲ့အိပ်ခန်းထဲမှာ ကြွက်တွေဟာ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတယ်၊ ကျုပ်ဟာ အိပ်ရာက လန့်နိုးတဲ့အတွက် ကြွက်တွေကို ဒေါသတကြီးလိုက်ပြီး ရိုက်နှက်ခဲ့တယ်၊ အဲဒီလိုရိုက်နှက်ရင်း အင်မတန်ထူးဆန်းတဲ့လျှို့ဝှက်တဲ့အကြောင်းကိစ္စတစ်ခုကို သွားမြင်ခဲ့တယ်''

ဟုပြောရင်း သူခိုးသည် ရေတော်ဟန်ဖြင့် ရေတကောင်းထဲမှာ ရေတစ်ခွက်ကို ငှဲ့လိုက်ပြန်၏။

တရုတ်လူရုပ်ဟုတ်စိန်တို့လူစုသည် သူခိုးပြောသောစကားများကို စိတ်ဝင်စားစွာ နားစွင့်နေလေ၏။ သူခိုးက ဆက်လက်၍



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလျှို့ဝှက်ချက်ကတော့ ကျုပ်ရဲ့အိပ်ခန်းအနောက်မှာ လျှို့ဝှက်ပြီးဆောက်ထားတဲ့ အခန်းငယ်လေးတစ်ခန်းကိုတွေ့လိုက်ရတယ်၊ ဒီအကြောင်းကို ကျုပ်ချစ်သူ အမီနာကိုပြောပြတော့ အမီနာဟာ ထခုန်မတတ် ဝမ်းသာသွားပြီး လျှို့ဝှက်ခန်းလေးထဲကို ကမန်းကတန်း ပြေးကြည့်တယ်၊ ပြီးတော့ လျှို့ဝှက်ခန်းလေးထဲမှာ ရှာဖွေတော့ အမီနာရဲ့ယောက်ျားမသေမီက သိုဝှက်ထားတဲ့ ကျောက်မျက်ရတနာတွေကို တွေ့ခဲ့ရတယ်၊ အမီနာဟာ ယောက်ျားသေဆုံးပြီး ကျောက်မျက်ရတနာတွေကို ရှာဖွေမတွေ့တာနဲ့ အကြီးအကျယ်စိတ်ဆင်းရဲနေတာဗျ၊ ကျုပ်ရဲ့







ယာဂကြောင့် သေဆုံးသွားတဲ့ယောက်ျားရဲ့ အတွင်းပစ္စည်းတွေကို တွေ့လို့ ကျုပ်ကို အချစ်တိုးခဲ့တယ်၊ ဒီလိုနဲ့ ကျုပ်နဲ့အမီနာဟာ တစ်လောက် အေးချမ်းစွာ ပေါင်းသင်းနေခဲ့တယ်၊ ကျုပ်နဲ့ပေါင်းသင်းပြီး နှစ်ကျော်ကျော်လောက်မှာ အမီနာဟာ တူရကီစစ်တပ်က ဗိုလ်း တစ်ယောက်နဲ့ညည်ခံပွဲမှာ ငြိလာကြတယ်၊ ဗိုလ်လေးဟာ အမီနာက်လောက်အောင် ရုပ်ရည်ချောမောလှပတယ်၊ ဒီအချိန်မှာ ကျုပ်ကည်း အမီနာရဲ့ အခွေအရံမိန်းကလေးတွေနဲ့ တိတ်တိတ်ပုန်းဇာတ်မ်းတွေ ဖြစ်နေတယ်၊ ကျုပ်ဟာ အမီနာမရှိတဲ့အချိန်တွေမှာ အမီနာရဲ့





www.burmeseclassic.com

www.burmeseclassic.com



အိမ်စေ လုံးကြီးပေါက်လှ မိန်းကလေးတစ်ယောက်နဲ့ နှစ်ပါးသွားတယ် တစ်နေ့တော့ ကျုပ်တို့နှစ်ပါးသွားဇာတ်လမ်းကို အမိနာ ခိုးထုပ်ခိုးထည်နဲ့ မိသွားတယ် ''

ဟုပြောရင်း အာခေါင်ခြောက်ဟန်ဖြင့် ရေတစ်ခွက်ကို မော့သောက်ပြန်၏။ စစ်သားများသည် သူခိုး၏စကားကို စိတ်ဝင်စားစွာ နား ထောင်နေကြ၏။ သူခိုးက ဆက်လက်၍ သူ၏နောက်ကြောင်းကို ဆိုပြန်၏။

'' ကျုပ်ဟာ အမိနာရဲ့အိပ်ခန်းထဲကို လုံးကြီးပေါက်လှမိန်းကလေးကိုသွင်းပြီး ချစ်တင်းနှီးနှောနေတုန်း အမိနာပြန်ရောက်လာတယ်၊ အမိနာဟာ ကျုပ်တို့နှစ်ယောက်ကို ခုတင်ပေါ်မှာမြင်ပြီး ဒေါသဖြစ်လွန်းလို့ အော်ဟစ်ပြီး မေ့မြောသွားတယ်၊ အမိနာ သတိရလာတော့ ကျုပ်ကို အိမ်ပေါ်က မောင်းချတယ်၊ ကျုပ်က ပထမတော့ အမိနာရဲ့ စကားကို ငြင်းဆန်ဖို့ ကြိုးစားပေမဲ့ ကျုပ် အိမ်ပေါ်ကမဆင်းရင် ကျုပ် သူခိုးဘဝကို ဖော်ကောင်လုပ်မယ်လို့ ခြိမ်းခြောက်တယ်၊ အမိနာဟာ ကျုပ်ကိုမောင်း ထုတ်ပြီး တူရကီစစ်ဗိုလ်လေးနဲ့ နှစ်ပါးသွားမလို့ ဖြစ်တယ် ဒါကြောင့် အိမ်ပေါ်ကဆင်းချင်ယောင်ဆောင်ပြီး ပြန်ချောင်းတော့ ကျုပ်ထင်တဲ့ အတိုင်းပဲ၊ ဒီတော့မှ အမိနာဟာ နှုတ်ပိတ်တဲ့အနေနဲ့ ကျုပ်ကို ငွေတစ်သောင်းပေးခဲ့တယ်၊ ကျုပ်ဟာ ငွေတစ်သောင်းကို သူဌေးတစ်ယောက်လို သုံးဖြုန်းလိုက်တာ မကြာမီကုန်ပြီး ဆင်းရဲမွဲတေ သွားခဲ့တယ်၊ အမိနာဆီမှာ ပိုက်ဆံသွားတောင်းရင်လည်း သူ့ရဲ့ အလိုဆန္ဒတွေ ဖြည့်ဆည်းပေးရတယ်၊ နောက်ဆုံးတော့ သူခိုးဘဝ





ပြန်ရောက်တာပေါ့ဗျာ၊ တဲ... ဟဲ... ကျုပ်ဟာ မလွှဲမရှောင်သာလို့ သူခိုးဘဝကို ပြန်ရောက်ပေမဲ့ ခိုးမှုကျူးလွန်တဲ့အခါ အဓိက အချက်ကြီး တစ်ချက်ကိုတော့ မပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ အဲဒါကတော့ ''

ဟု ပြောရင်း ရေတစ်ခွက်ကို သောက်ပြန်၏။ ဂျူမဒါမင်းထင်သည် သူခိုး၏စကားများကို နားမထောင်တော့ဘဲ ပြတင်းဝမှ လမ်းဆီသို့ လှမ်းမျှော်ကြည့်နေ၏။

စစ်သားများက သူခိုး၏စကားကို နားစွင့်နေ၏။ သူခိုးက ဆက်လက်၍

'' မိန်းမချော မိန်းမလှတွေရှိတဲ့အိမ်ကို ခိုးမှုမကျူးလွန်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ကျုပ်ရဲ့အကျင့်က မိန်းမလှတွေနဲ့တွေ့ရင် မထိန်းနိုင်ဘူး၊ အမိနာလိုမိန်းမမျိုးနဲ့ နောက်တစ်ကြိမ်တွေ့မှာ ကြောက်လို့ပါ ''

ဟု ပြောဆိုလေရာ စစ်သားများအားလုံး ရယ်မောကြလေ၏။ ဖဲသမားမောင်လှိုင်က ဝင်ရောက်၍

'' မနေ့ည ခင်ဗျားတက်ခိုးတဲ့အိမ်ဟာ ဘယ်လို ပြဿနာပေါ်လို့လဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ သူခိုးက မျက်နှာရှုံ့မဲ့၍

'' မနေ့ညက ကျုပ်ခိုးခဲ့တဲ့အိမ်ကတော့ ကျုပ်ရဲ့သူခိုးသက်တမ်းမှာ အထူးဆန်းဆုံး အတွေ့အကြုံပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ အိမ်ရှင်ဟာ ဘာဆရာမြို့မှာ အချမ်းသာဆုံးစာရင်းဝင် သူဌေးကြီး ရှိတ်အဇစ်ဗျ၊ ဒါပေမဲ့ ရှိတ်အဇစ်ရဲ့အိမ်ထဲကို ကျုပ်ဝင်ခိုးတော့ ဗီရိုတွေအားလုံးထဲမှာ ကျောက်မျက်ရတနာတွေလည်းမတွေ့ဘူး၊ ငွေစက္ကူ



www.burmeseclassic.com

www.burmeseclassic.com





လည်း မယ်မယ်ရရ မရှိဘူး၊ ဒါကြောင့် ကျုပ်ဟာ အလွန်အံ့ဩပြီး အဖိုးတန် ပစ္စည်းတွေကို မရရအောင် ရှာဖွေကြည့်တယ်၊ ဒါပေမဲ့ အဖိုးတန် ပစ္စည်းဆိုလို့ အပ်တို တစ်ချောင်းတောင် မတွေ့ရတဲ့အတွက် နောက်ဆုံး မှ သူခိုးဘဝကနေ ဓားပြဘဝကိုပြောင်းပြီး အိပ်မောကျနေတဲ့ ရှိတ်အဇစ်ကို ဓားနဲ့ထောက်ပြီး မေးမြန်းခဲ့တယ်၊ ဒီတော့မှ ရှိတ်အဇစ်ရဲ့ သနားစဖွယ်အဖြစ်ကို သိခဲ့ရတယ်၊ လွန်ခဲ့တဲ့နှစ်က ရှိတ်အဇစ်ဟာ အသက်ကြီးမှ ရမ္မက်ကြီးပြီး တူရကီကခြေသည် မိန်းမပျိုလေးနဲ့ အချစ်ဇာတ်လမ်းတွေ ဖြစ်ခဲ့ကြတယ်၊ ဒီတုန်းကတော့ ရှိတ်အဇစ်နဲ့ ရွယ်တူအဘိုးကြီးတွေဟာ ရှိတ်အဇစ်ရဲ့ မြာစွန်ပုံကို အလွန်အားကျ





ကြတယ်၊ အခုတော့ တူရကီကခြေသည် မိန်းကလေးဟာ အဖိုးတန် ပစ္စည်းတွေအကုန်လုံး သယ်ချသွားပြီး အဘိုးကြီးဟာ နောက်လဆိုရင် အရှက်တကွဲဖြစ်ပြီး သူ့ရဲ့စံအိမ်ကိုတောင် ရောင်းရတော့မယ် ''

ဟု ပြောလေရာ သူခိုး၏စကားကို နားထောင်၍ တရှုတ်လူရှုပ် ဟုတ်စိန်က ဘီလေး၏ပခုံးကိုပုတ်၍

'' ဟော့ကောင် ဘီလေး။ နားထောင်၊ တဏှာရူးတွေရဲ့ သွားရာ လမ်းဟာ နောက်ဆုံးမှာဒီလိုပဲ အဆုံးသတ်ရမယ် ''

ဟု ပြောလေ၏။ ဘီလေးက ဟုတ်စိန်၏စကားကြောင့် မျက်နှာ ရှုံ့မဲ့၍

'' ဟော့ကောင်တွေ၊ မင်းတို့က ငါ့ကို တဏှာရူးလေး ဘာလေး နဲ့ လောကမှာ လူသားအားလုံး တဏှာရာဂနဲ့ မကင်းနိုင်ကြဘူးကွ၊ ဆရာတော်ကြီးတွေဟောတဲ့ တရားတွေမနာဘူးလား ''

ဟု ပြန်လည်ပြောဆိုလေ၏။ သူခိုးက သက်ပြင်းချ၍

'' တကယ်တော့ အဘိုးကြီးရှိတ်အဇစ်ရဲ့အဖြစ်ဟာ သနားစရာ ပဲ သူ့ရဲ့ ဆင်းရဲမွဲတေသွားတဲ့ဘဝကို မြို့သူမြို့သားတွေ မသိစေချင် ဘူး ကျုပ်ဟာ ဒီအခွင့်အရေးကို အရယူပြီး အဘိုးကြီးဆီက ငွေညှစ်ခဲ့ သေးတယ်ဗျ။ ကျုပ်က သူဌေးကြီးဆီမှာ ပစ္စည်းဥစ္စာမရှိတဲ့အကြောင်းကို သူတွေမသိစေချင်ရင် ကျုပ်ကို ငွေတစ်ရာပေးရမယ်လို့ ခြိမ်းခြောက်ခဲ့ တယ်၊ ဒီတော့ အဘိုးကြီးဟာ ကျုပ်ရဲ့စကားကို သဲသဲချာချာ စဉ်းစား ပြီး အလွန်ဝမ်းသာအားရတဲ့ အမူအရာနဲ့ ဟုတ်ပြီ၊ မောင်ရင်ကို ငွေတစ်ရာမဟုတ်ဘူး၊ ငွေတစ်သောင်းပေးမယ်၊ မောင်ရင် ကျုပ်ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လုပ်ရမယ်လို့ ပြောတယ်၊ ဒီအခါမှာ ကျုပ်လည်း အလွန်အံ့ဩသွားတယ်၊ အဘိုးကြီးက မောင်ရင် ကျုပ်အိမ်ကို ဝင်ခိုးသွားတဲ့ အကြောင်းကို တစ်မြို့လုံးသိအောင်လုပ်ရမယ်၊ ဒါဆိုရင် မောင်ရင့်အတွက် ငွေ တစ်သောင်းတိတိပေးမယ်လို့ ပြောတယ်၊ ကျုပ်ဟာ မမျှော်လင့်ဘဲ ငွေတစ်သောင်းရမယ်ဆိုတော့ အလွန်ဝမ်းသာသွားတယ်၊ ဒါပေမဲ့ ရှိတ်အဇစ်ရဲ့အိမ်ကို ဝင်ခိုးကြောင်း တစ်မြို့လုံးသိအောင်လုပ်ဖို့က အလွန်အန္တရာယ်များတယ်၊ ကျုပ်အသက်နဲ့ရင်းပြီး လုပ်ရမဲ့ကိစ္စပဲ၊ အဘိုးကြီးကလည်း မောင်ရင်လုပ်ဝံ့တယ်မဟုတ်လားလို့ မေးတယ်၊ နောက်ဆုံးတော့ ကျုပ်ရဲ့ စွန့်စားချင်တဲ့စိတ်ဓာတ်ကြောင့်ပဲ အဘိုးကြီးရဲ့ အစီအစဉ်ကို လက်ခံ လိုက်ရတယ် ''

ဟု ပြောလေရာ ဖဲသမားမောင်လှိုင်က ဝင်ရောက်၍

'' စီးပွားပျက်ပြီး အိမ်မှာ ခြူတစ်ပြားမှမရှိတဲ့ အဘိုးကြီးက ခင်ဗျားကိုတော့ ငွေတစ်သောင်းပေးနိုင်လား ''

ဟု မေးမြန်းလေ၏။ သူခိုးက ခေါင်းညိတ်၍

'' ဒီအဘိုးကြီးမှာ သူတစ်ပါးမသိအောင် သိုဝှက်ထားတဲ့ပိုက်ဆံနည်းနည်းတော့ ကျန်သေးတယ်ဗျ၊ ကျုပ်က အဘိုးကြီးပြောတဲ့အတိုင်း သဘောတူပါမယ်လို့ ကတိပေးလိုက်တော့ အလွန်ဟောင်းနွမ်းတဲ့ သေတ္တာလေးထဲမှာ ဝှက်ထားတဲ့ ငွေတစ်သောင်းကို ထုတ်ပေးတယ်၊ ကျုပ်လည်း ငွေတစ်သောင်း လက်ထဲရောက်တာနဲ့ အဘိုးကြီးရဲ့ အစီအစဉ်အတိုင်းလိုက်နာရတယ်၊ အဘိုးကြီးက သူ့ စံအိမ်ရဲ့ ဝရန်တာကထွက်ပြီး သူခိုး သူခိုးဆိုပြီး အသံကျယ်လောင်စွာ အော်ဟစ်





နေတယ်၊ ကျုပ်လည်း ကြောက်လွန်းလိုက ဒူးတဆတ်ဆတ် တုန်နေပြီ၊ ဒါပေမဲ့ အဘိုးကြီးက ပြေးဖို့ခွင့်မပေးလို့ မပြေးရသေးဘူး၊ အဘိုးကြီးက သူခိုး၊ သူခိုးဆိုပြီး အားရအောင် အော်ဟစ်ပြီးမှ ကျုပ်ကို ပြေးခွင့်ပေးတယ်၊ ကျုပ်လည်း အဘိုးကြီးအိမ်ပေါ်က ခုန်ချပြီး ခြေကုန်သုတ်ပြေးခဲ့တယ်၊ ဒီအချိန်မှာ ပတ်ဝန်းကျင်ကလူတွေဟာ အိပ်ရာက နိုးလာကြပြီး ကျုပ်နောက်ကို လိုက်လာကြတယ်၊ ကျုပ်ဟာ ဘာဆရာမြို့ကလမ်းတွေကို ကျွမ်းကျင်ပြီး အပြေးကောင်းပေမဲ့ လူတွေက တော်တော်များများ နိုးလာကြတော့ အသက်လုပြီး ပြေးခဲ့ရတယ်၊ ဒီကြားထဲမှာ ကံဆိုးချင်တော့ ဇက်ဒိုးအင်သူ့ပုန်တွေနဲ့တွေ့ပြီး သေပြေး ရှင်ပြေး ပြေးခဲ့ရတယ် ''

ဟု ပြောရင်း သူ၏လွယ်အိတ်ထဲတွင်ရှိသော ငွေစက္ကူများကို ထုတ်လိုက်ပြီး

'' ဟောဒီငွေစက္ကူတွေက ကျုပ်ရဲ့သူရသတ္တိနဲ့ စွန့်စားမှုကြောင့် ရခဲ့တာပဲ ''

ဟု ပြောလေရာ ဘိလေးဆိုသော စစ်သားက မျက်မှောင်ကြုတ်၍

'' ဒါနဲ့နေပါဦး၊ အဘိုးကြီးက ခင်ဗျားကို ငွေတစ်သောင်းပေးပြီး သူခိုးခိုးခံရကြောင်း သိစေချင်တာ ဘာလို့လဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဖဲသမားမောင်လှိုင်က ဘိလေး၏ ခုံးကို ပုတ်၍

'' ဟေ့ကောင် မင်းတော်တော်ဉာဏ်နည်းတဲ့ကောင်ပဲ၊ အဘိုးကြီး



www.burmeseclassic.com

ဟာ ဆင်းရဲမွဲတေနေတာကို လူမသိအောင် ဖုံးဖိပြီး ချမ်းသာချင်ယောင် ဆောင်နေတာကွ၊ သူ့အိမ်ကို သူခိုးခိုးခံရလို့ ရှိသမျှစည်းစိမ်ဥစ္စာတွေပြုတ် ပြီး ဆင်းရဲမွဲတေသွားတယ်လို့ တစ်မြို့လုံးထင်မြင်အောင် လုပ်ချင်လို့ကွ တူရကီ ကခြေသည်မလေးကြောင့် သူ့စည်းစိမ်ပြုတ်တယ်ဆိုရင် တစ်မြို့ လုံး လှောင်ပြောင်တာကို ခံရမယ်လေ ''

ဟု ရှင်းလင်းပြလိုက်ရာ ဘိလေးသည် သဘောပေါက်သွား လေ၏။ သူခိုးက ခေါင်းတဆတ်ဆတ်ညိတ်၍

'' အဟုတ်ပါပဲဗျာ၊ အခုအချိန်လောက်ဆိုရင် သူဌေးကြီး ရှိတ်အဇစ်ဟာ သူ့အတွင်းပစ္စည်းတွေအားလုံး၊ သူခိုးလက်ပါသွားပြီလို့ လူအများရှေ့မှာ ညည်းညူနေမှာ သေချာပါတယ်ဗျာ၊ မနေ့ည မိတ်ဆွေတို့ကြောင့် ဇက်ဝိုးအင်တွေလက်မှာ အဖမ်းမခံရတာဗျ၊ မိတ်ဆွေ တို့ရဲ့ကျေးဇူးကို ကျုပ် တစ်သက်မမေ့ပါဘူးဗျာ၊ မိတ်ဆွေတို့ဟာ တရုတ်ပြည်က ကုန်ပစ္စည်းတွေကို ကုန်သွယ်နေတယ်လို့ပြောတယ် ဒါပေမဲ့ ကျုပ်ရဲ့အတွေ့အကြုံအရ မိတ်ဆွေတို့ဟာ ကုန်သည်တွေနဲ့ မတူ ဘူး ''

ဟု ပြောလေရာ သူခိုး၏စကားကြောင့် စစ်သားအားလုံး ဂျူမဒါ မင်းထင်မှလွဲ၍ မျက်လုံးပြူးသွားလေ၏။ ဂျူမဒါမင်းထင်က သူခိုး၏ မျက်နှာကို စေ့စေ့ကြည့်၍

'' ခင်ဗျားမဆိုးဘူး၊ လူကဲခတ်ကောင်းသားပဲ၊ ကုန်သည်မဟုတ် ရင် ဘာနဲ့တူသလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ သူခိုးက စစ်သားအားလုံး





မျက်လုံးစေ့ကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

'' သေချာတယ်၊ ခင်ဗျားတို့ဟာ ကုန်သည်နဲ့မတူဘူး၊ လောင်း ကစားသမားတွေနဲ့လည်း မတူဘူး၊ ဒီတော့ ခင်ဗျားတို့ဟာ စစ်သားတွေ ဖြစ်ရမယ် ''

ဟု ပြောလိုက်ရာ သူ၏စကားဆုံးသည်နှင့် ဘိလေးသည် ထိုင်ရာ မှ ဝုန်းခနဲထ၍ ခါးကြားမှ ဓားဖြင့် သူခိုးကို ထိုးလိုက်လေ၏။ ထိုအခါ ဂျူမဒါမင်းထင်သည် ဘိလေး၏ဓားကိုင်လက်ကို ချုပ်ကိုင်လိုက်ပြီး

'' စိတ်အေးအေးထားစမ်း ဘိလေး၊ သူဟာ ငါတို့ရန်သူမဟုတ် ဘူး ''

ဟု ပြောလိုက်လေ၏။ သူခိုးသည် ဘိလေး၏အပြုအမူကြောင့် ထိတ်လန့်အံ့ဩသွားလေ၏။ ဂျူမဒါမင်းထင်က သူခိုး၏မျက်နှာကို စေ့စေ့ ကြည့်၍

'' ဟုတ်တယ်၊ ကျုပ်တို့ဟာ ခင်ဗျားထင်သလို စစ်သားတွေ ဖြစ်တယ်၊ ကျုပ်ဟာ ဗြိတိသျှစစ်တပ်က ဂျူမဒါတစ်ဦးပါ၊ သူတို့အားလုံး က စစ်သည်တွေပါပဲ ''

ဟု ပြောလိုက်ရာ သူခိုးက သူတို့၏မျက်နှာကို ကြည့်၍

'' ခင်ဗျားတို့က ဘာလူမျိုးတွေလဲ ''

ဟု မေးမြန်းလေ၏။

ဂျူမဒါမင်းထင်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်၍

'' ကျုပ်တို့က မြန်မာတွေပါ၊ ကြားဖူးတယ်မဟုတ်လား ''

ဟု မေးမြန်းလေ၏။ သူခိုးက ခေါင်းညိတ်၍

www.burmeseclassic.com



'' ကြားဖူးပါတယ်၊ မြန်မာတွေ အလွန်သတ္တိကောင်းတယ်ဆိုတာ သတင်းစာထဲမှာ ဖတ်ဖူးတယ်၊ ခင်ဗျားတို့နိုင်ငံဟာ ဗြိတိသျှကိုလိုနီဖြစ်ပေမဲ့ တစ်နေ့နေ့မှာ ခင်ဗျားတို့ လွတ်လပ်ရေးရမှာပါ ''

ဟု အားပေးစကားပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

'' ကျုပ်တို့လည်း ဒီလိုပဲမျှော်လင့်ပါတယ်၊ လွတ်လပ်ရေးရဖို့ ကျုပ်တို့ အစွမ်းကုန်ကြိုးစားမှာပါ။ လောလောဆယ်တော့ ကျုပ်တို့ဟာ စစ်သားတွေဖြစ်တဲ့အတွက် ဗြိတိသျှစစ်တပ်မှာ တာဝန်ကျေပွန်အောင် ထမ်းဆောင်နေရတယ်၊ ကျုပ်တို့ ဒီမြို့ကိုရောက်လာတာ ဗြိတိသျှဗိုလ်မှူး တစ်ယောက်ကို ဗက်ဒိုးအင်သူပုန်တွေလက်က ကယ်တင်ဖို့ပါ ''

ဟု ပွင့်ပွင့်လင်းလင်း ပြောဆိုလိုက်ရာ သူခိုးက လက်သီးဆုပ်၍

'' ကျုပ်ကတော့ ဗက်ဒိုးအင်တွေကိုလည်း သဘောမကျဘူး တူရကီတွေကိုလည်း အလွန်မုန်းတယ်၊ သူတို့ကြောင့် ကျုပ်တို့မက်ဆိုပိုတေးမီးယားဒေသ ဒုက္ခရောက်ရတာပဲ။ ဒါကြောင့် ခင်ဗျားတို့ဘက်က ကျုပ်ကူညီမယ် ''

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင် အပါအဝင် အားလုံး သဘောကျသွားလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

'' ကျုပ်တို့ကို ခင်ဗျားထောက်ခံမယ်ဆိုတာ ကြားပြီးသိပါတယ်၊ ဒါကြောင့် ကျုပ်တို့ရဲ့လျှို့ဝှက်ချက်ကို ခင်ဗျားကို ဖွင့်ပြောရတာပဲ ''

ဟု ပြောလိုက်၏။ ထိုအခါ သူခိုးက သဘောကျဟန်ဖြင့် ရယ်မော၍





'' မိတ်ဆွေဟာ အလွန်အကင်းပါးတဲ့လူပဲ၊ ဒါကြောင့် စွန့်စားရတဲ့ ခရီးလမ်းမှာ ခေါင်းဆောင်အဖြစ် လိုက်ပါလာရတာပဲ၊ ခင်ဗျားတို့လိုအပ်တဲ့ အကူအညီကို ကျုပ်ပေးနိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ဟာ ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင်တွေပါ ''

ဟု ပြောလိုက်၏။ ထိုအခါ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

'' ခင်ဗျားဟာ ဘာဆရာမြို့ကို အထူးကျွမ်းကျင်တယ်လို့ သိရတယ်၊ ကျုပ်တို့မှာ ဘာဆရာမြို့ရဲ့ မြေပုံကြမ်းရှိပေမဲ့ အသေးစိတ် တိတိကျကျတော့ မရှိဘူး။ ဒါကြောင့် မြေပုံကိုကြည့်ပြီး ကျုပ်ကို ရှင်းပြပေးပါ ''

ဟု ပြောလေရာ သူခိုးက ဂျမဒါမင်းထင် လိုအပ်သော အကူအညီကို ပေးမည်ဖြစ်ကြောင်း ပြောလေ၏။

ဂျမဒါမင်းထင်က ဆက်လက်၍

'' ဒီမြို့မှာ ဗြိတိသျှစစ်တပ်က မေဂျာဝီလျံရဲ့သတင်းကို ဘယ်နေရာမှာ စုံစမ်းရင် အဆင်ပြေနိုင်မလဲ ''

ဟု မေးမြန်းလေရာ သူခိုးက ခေါင်းညိတ်၍

'' မြို့စွန်က လောင်းကစားရုံတွေမှာ သွားပြီးစုံစမ်းရင် မိတ်ဆွေတို့ သိချင်တဲ့ သဲလွန်စရနိုင်တယ် ''

ဟု ပြောလေရာ ဘာဆရာမြို့တွင် လောင်းကစားဝိုင်းများရှိသည် ဆို၍ သူတို့အားလုံး အံ့ဩသွားလေ၏။

ဖဲသမားမောင်လှိုင်က စိတ်လှုပ်ရှားဟန်ဖြင့်

'' ဘာ... ဒီမြို့မှာ လောင်းကစားဝိုင်းတွေရှိတယ် ဟုတ်လား ''

ဟု မေးမြန်းလေ၏။ သူခိုးက ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



"တူရကီစစ်တပ်အတွက် ပျော်ရွှင်စရာဖြစ်အောင် ကလယ်ဖွင့်ရာက လောင်းကစားဝိုင်းတွေဖြစ်သွားတာပါ၊ လောင်းကစားဝိုင်းတွေမှာ မက်ဆိုပိုတေးမီးယားက အာရပ်တွေမရှိပါဘူး၊ တူရကီနဲ့ ဗက်ဒိုးအင်သူပုန်တွေပဲ ကျက်စားလေ့ရှိတယ်၊ အဲဒီနေရာမှာ ခင်ဗျားတို့ စုံစမ်းချင်တဲ့ မေဂျာဝီလျံရဲ့သတင်းကို ရနိုင်တယ်"

ဟု ပြောလေ၏။ ထိုအခါ ဖဲသမားမောင်လှိုင်က ဝမ်းသာအားရ ထခုန်၍

"ဟား... ဟား... ဟား... ဝမ်းသာလိုက်တာ၊ မက်ဆိုပိုတေးမီးယားမှာ လောင်းကစားဝိုင်းရှိတယ်တဲ့၊ ဒါဆိုရင် ငါ့အတွက် မက်ဆိုပိုတေးမီးယားဟာ ပျင်းစရာမကောင်းတော့ဘူး"

ဟု ပျော်ရွှင်စွာ ကြွေးကြော်လေ၏။ သူနိုးက ဖဲသမားမောင်လှိုင်၏ အမူအရာကိုကြည့်၍

"လောင်းကစားဝိုင်းတွေမှာ လူစုံတော့ သတင်းစုံတယ်၊ သူတို့ဆီက သတင်းရသလို ကိုယ့်ရဲ့သတင်းဟာလည်း သူတို့ဆီကို ရောက်သွားတတ်တယ်၊ ဒါကြောင့် နေတာထိုင်တာ အထူးသတိထားစေချင်တယ်"

ဟု သတိပေးလေ၏။ ထို့နောက် သူနိုးက ဂျူမဒါမင်းထင်ဘက်သို့ လှည့်၍

"ဒါနဲ့နေပါဦး၊ ကျုပ်ဟာ မိတ်ဆွေတို့ ဘက်တော်သားဖြစ်မယ်လို့ ဘာဖြစ်လို့ကြိုသိနေရတာလဲ၊ ကျုပ်ဟာ တူရကီတွေကို သစ္စာခံတဲ့လူ မဖြစ်နိုင်ဘူးလား"





ဟု ပြောလေ၏။ ဂျူမဒါမင်းထင်က သက်ပြင်းချ၍

"ဒီလိုတော့ မထင်ဘူးဗျ၊ ကျွန်တော်တို့မြန်မာမှာ ရည်းစားလုလု အူနှုကျွဲခတ်ဆိုတဲ့ စကားရှိတယ်၊ ခင်ဗျားရဲ့ချစ်သူ အမီနာကို တူရကီစစ်ဗိုလ်က လုယူသွားတယ်ဆိုတော့ ခင်ဗျားဟာ တူရကီတွေကို မုန်းတီးနိုင်တယ်လို့ တွက်ဆမိတယ်၊ တူရကီတွေကို မုန်းတီးနေမှတော့ တူရကီနဲ့ မဟာမိတ်ပြုထားတဲ့ ဗက်ဒိုးအင်တွေကိုလည်း ခင်ဗျား မနှစ်သက်နိုင်ဘူး၊ ဒါကြောင့် ခင်ဗျားဟာ ကျုပ်တို့ဘက်တော်သား ဖြစ်မယ်လို့ ကြိုတင်တွက်ဆနိုင်တယ်"

ဟု ပြောလိုက်ရာ သူနိုးက သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

"မိတ်ဆွေတွက်ဆတာ အလွန်မှန်တာပဲ၊ ကျုပ်ရဲ့ရင်ထဲကို ဝင်ကြည့်သလားတောင် အောက်မေ့ရတယ်၊ ကျုပ်က တူရကီတွေကို မုန်းတီးနေတာ အသေအချာပါပဲဗျာ၊ ဒီကောင်တွေဟာ ကျုပ်တို့ဒေသကို နိုင်ထက်စီးနင်းပြီး ဗိုလ်ကျအုပ်ချုပ်နေတာ နှစ်ပေါင်းရာချီနေပြီ၊ ကျုပ်တို့ အာရပ်တွေဟာ တူရကီတွေကို ပြန်ပြီးခုခံသင့်တာ ကြာပြီဗျ၊ ကျုပ်အထင်တော့ တူရကီထက်စာရင် ဗြိတိသျှကမှ ပိုကောင်း လိမ့်မယ်၊ ကျုပ်တို့အာရပ်အနွယ်ဝင်ဖြစ်တဲ့ ဗက်ဒိုးအင်တွေကိုတော့ ကြမ်းကြုတ်ရက်စက်လွန်းလို့ ကျုပ်မကြိုက်တာ အတော်ကြာပြီဗျ၊ မိတ်ဆွေတို့ရဲ့ အခက်အခဲကို ကျုပ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီပါမယ်၊ မိတ်ဆွေတို့ လောင်းကစားဝိုင်းကို သွားချင်ရင် ဒီနေ့ည ပို့ပေးမယ်"

ဟု ပြောလေ၏။ ဂျူမဒါမင်းထင်က ခေါင်းညိတ်၍

"ကျုပ်တို့ ဒီနေ့ညလောင်းကစားဝိုင်းကို သွားဖြစ်အောင် သွား



www.burmeseclassic.com

www.burmeseclassic.com





ကြမယ် ''

ဟု ပြောလိုက်လေ၏။ သူခိုး သည် ဂျူမဒါမင်းထင်တို့လူစုနှင့်ပင် တစ်နေကုန် အချိန်လွန်၍ နေလေ ၏။

ညသို့ရောက်သောအခါ ၎င်းတို့လူစုသည် သူခိုးခေါ်ရာသို့ လိုက် သွားကြလေ၏။

မြို့စွန်သို့ရောက်သောအခါ မီးလင်းနေသော အိမ်ကြီးများကို





တွေ့ရပြီး တူရကီစစ်သားများနှင့် ဗက်ဒိုးအင်သူပုန်များ၊ ဘာဆရာသို့ ရောက်ရှိသော ကုန်သည်များကို တွေ့ရ၏။

သူခိုးသည် အကြီးမားဆုံး လောင်းကစားအိမ်ကြီးသို့ ဦးဆောင် ခေါ်သွားလေ၏။ သူခိုးက ဂျူမဒါမင်းထင်ဘက်သို့လှည့်၍

" လောင်းကစားဝိုင်းတွေမှာ ဘာဆရာမြို့ကိုရောက်လာတဲ့ ကုန်သည်တွေ လောင်းကစားလေ့ရှိတယ်၊ ဒါကြောင့် မိတ်ဆွေတို့ကို ဘယ်သူမှ သံသယမဝင်နိုင်ဘူး။ ဒါပေမဲ့ လောင်းကစားဝိုင်းမှာ ထင်ပေါ် ကျော်ကြားအောင် မနေတာအကောင်းဆုံးပါ ''

ဟု အကြံပေးလေ၏။ ဂျူမဒါမင်းထင်ကလည်း သူခိုး၏အကြံကို လက်ခံလေ၏။

၎င်းတို့လူစု အိမ်ကြီးထဲသို့ရောက်သောအခါ အိမ်ကြီးသည် ခမ်းနားလှပသော ဗိသုကာလက်ရာများဖြင့် အလှဆင်ယင်ထား ကြောင်း တွေ့ရလေ၏။

အိမ်ကြီး၏အမိုး၌ လှပသော မီးဆိုင်းကြီးများရှိ၏။ အိမ်ကြီး၏ ကြမ်းပြင်ကို လှပသောကော်ဇော ခင်းကျင်းထား၏။

လောင်းကစားအိမ်ကြီး၏ အခန်းထောင့် တစ်နေရာတွင် စာတ်စင်ငယ်လေးရှိပြီး ထိုဇာတ်စင်ပေါ်တွင် တူရကီ ကခြေသည် တစ်ဦးက စည်းချက်နှင့်အညီ ကပြနေ၏။

တူရကီကခြေသည်၏ရှေ့တွင် စားပွဲဝိုင်းများချထားပြီး အရက် သောက်၍ မျက်လုံးကျွတ်မတတ် ငေးမောကြည့်နေသော တူရကီ စစ်သားများကို တွေ့ရလေ၏။

www.burmeseclassic.com



အချို့ လောင်းကစားဝါသနာအိုးများသည် လောင်းကစားဝိုင်းများ၌ စုအုံနေကြ၏။

ထိုအချိန်တွင် ဖဲသမားမောင်လှိုင်သည် စိတ်မထိန်းနိုင်တော့ဘဲ ဂျင်ဝိုင်းတစ်ဝိုင်းတွင် ဝင်ရောက်၍ ကစားနေလေ၏။

ဘီလေးသည် မောင်လှိုင်အနိုင်ရသည်ကိုမြင်လျှင် မောင်လှိုင်နည်းတူ လောင်းကစားလေ၏။

သူခိုးသည် အန်စာဝိုင်းတစ်ဝိုင်းတွင် ဝင်ရောက်၍ ပိုက်ဆံများကိုထိုးနေ၏။ ဂျမဒါမင်းထင်နှင့် တရုတ်လူရှုပ်ဟုတ်စိန်သည် စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်၍ လည်ပင်းရှည်အိုးနှင့် တည်ခင်းထားသောဖာလာ ဇေ့ ခပ်ထားသည့် ကော်ဖီများကို သောက်လေ၏။

အခန်းထောင့်တစ်နေရာတွင် တမာဂူကို သောက်ရှုနေသော အာရပ်အဖိုးကြီးများကို တွေ့ရ၏။

၎င်းတို့သည် လောင်းကစားဝိုင်း၏ အခိုင်းအစေများ ဖြစ်ပုံရ၏။ ခဏအကြာတွင် တရုတ်လူရှုပ်ဟုတ်စိန်သည် မောင်လှိုင်တို့ လောင်းကစားဝိုင်းသို့ သွားရောက်ကြည့်ရှုပြီး အံ့ဩဟန်ဖြင့် ပြန်လည်ရောက်ရှိလာ၏။

ဟုတ်စိန်က မျက်လုံးပြူးမျက်ဆန်ပြူးဖြင့်

" ဂျမဒါ မောင်လှိုင်ရှေ့မှာ ပိုက်ဆံပုံကြီး မနည်းဘူးဖြစ်နေတယ် ဒီကောင်အများကြီးနိုင်နေပြီ "

ဟု ပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" သူတို့ကို အမြန်ဆုံးပြန်ခေါ်လာခဲ့၊ ကျုပ်တို့ ပိုက်ဆံရှေ





အများကြီးနိုင်ရင် လူအများရဲ့ ဂရုစိုက်စရာဖြစ်သွားမယ်၊ မက်ဆိုပိုတေးမီးယားမှာ ကျုပ်တို့ မထင်မရှား နေထိုင်ရမယ် "

ဟု ပြောလေ၏။ ဟုတ်စိန်သည် မောင်လှိုင်နှင့် ဘီလေးကို အတင်းအဓမ္မခေါ်ဆောင်လာလေရာ ၎င်းတို့သည် အနိုင်ရထားသော ငွေပုံကြီးကို ပိုက်၍ ပျော်ရွှင်စွာ ပြန်လာကြ၏။

ထိုအချိန်တွင် သူခိုးသည် တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ စီးကျနေပြီး အလွန်စိတ်ဒုက္ခရောက်နေပုံရ၏။ အဘယ်ကြောင့်ဆိုသော် အဘိုးကြီးရှိတ်အဗစ်ထံမှ ရရှိထားသော ငွေတစ်သောင်းသည် သူ၏လက်၌ ပြောင်သလင်းခါနေလေ၏။

ခဏအကြာတွင် သူခိုးလက်၌ရှိသော ငွေတစ်သောင်းသည် တစ်ပြားမှမကျန်တော့ချေ။

BURMESE CLASSIC .com

သူခိုးသည် စိတ်ပျက်လက်ပျက်နှင့် ဝိုင်းမှထလာပြီး

" ကုန်ပြီဗျာ၊ မသန့်ရှင်းတဲ့ငွေမို့လားမသိဘူး၊ ကျုပ်လက်ထဲမှာ မမြဲလိုက်ဘူး "

ဟု ညည်းညူလေ၏။ ဖဲသမားမောင်လှိုင်က ဝမ်းသာအားရ ဝင် ရောက်၍

" ကျုပ်တို့လက်ကငွေက သန့်ရှင်းလို့လားမသိဘူး၊ ငွေတွေအများကြီးနိုင်လိုက်တယ်၊ ဒီနေ့ ကျုပ်လောက်နိုင်တဲ့သူ ဘယ်သူမှ မရှိဘူး "

ဟု ကြွေးကြော်လေ၏။ ဂျမဒါမင်းထင်သည် စားပွဲလွတ်တစ်လုံးတွင် ထိုင်နေရာမှ ဖဲသမားမောင်လှိုင်၏ပခုံးကို ပုတ်၍



www.burmeseclassic.com

www.burmeseclassic.com



" မင်းဟာ ဝါစကားကို နားမထောင်တဲ့အတွက် ပြဿနာတွေ ဖြစ်တော့မယ်၊ ကဲ့... ငါတို့ ဒီနေရာက အမြန်ဆုံးပြန်မယ် "

ဟု ပြောလေရာ စစ်သားများအားလုံး ဂျမဒါမင်းထင်အနောက်မှ ဘုမသိ၊ ဘမသိ လိုက်ပါလာကြ၏။ အိမ်အပြင်သို့ ရောက်သောအခါ သူခိုးက မျက်မှောင်ကြုတ်၍

" ဘယ်လိုပြဿနာတွေ ဖြစ်လို့လဲဂျမဒါ "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" လောင်းကစားရုံမှာရှိတဲ့ လူမိုက်တွေဟာ တစ်ယောက်နဲ့ တစ်ယောက် အချက်ပေးပြီး ထွက်ခွာသွားကြပြီ၊ သူတို့ဟာ ကျုပ်တို့ အမြန်လမ်းမှာ အနိုင်ရတဲ့ပိုက်ဆံတွေကို လုယက်မယ် ထင်တယ် "

ဟု ပြောလေရာ သူခိုးက စိတ်လှုပ်ရှားဟန်ဖြင့်

" ဟုတ်ပါရဲ့၊ ဒီအကြောင်းကို ဂျမဒါတို့ကို မပြောမိသေးဘူး လောင်းကစားဝိုင်းတွေမှာ ပိုက်ဆံတွေအများကြီးနိုင်ရင် အန္တရာယ်ရှိတယ်၊ ဒီမြို့က လူမိုက်တွေဟာ ဇက်ဒိုးအင်သွေးပါလို့ အင်မတန် ကြမ်းကြုတ်ရက်စက်တယ်၊ လောင်းကစားဝိုင်းမှာ ငွေတွေအများကြီး နိုင်ပြီး ပြန်သွားတဲ့ လူတစ်ယောက်ဟာ အပေါင်းအဖော် များများမပါရင် နောက်တစ်နေ့မှာ သူ့ရဲ့အလောင်းကို မြို့တစ်နေရာမှာ တွေ့ရတတ်တယ်၊ ဂျမဒါပြောသလို လူမိုက်တွေ အချက်ပေးပြီး ထွက်သွားတယ် ဆိုရင်တော့ ကျုပ်တို့မှာ အန္တရာယ်ရှိနေပြီ ဒီလိုမှန်းသိရင် လောင်းကစားရုံမှာပဲ မိုးလင်းအောင် ဆက်ပြီးနေပါတယ် "

ဟု ပြောလေရာ သူခိုး၏စကားသည် မြန်မာစစ်သားများ၏





ဇာတိမာန်ကို ထိခိုက်သွားပြီး ဘိလေးက လက်သီးဆုပ်၍

" ကျုပ်တို့ အနိုင်ရတဲ့ပိုက်ဆံကို မိုက်ကြေးခွဲပြီး လုယက်ဝံ့ရင် လုယက်ကြည့်ဗျာ၊ ဇက်ဒိုးအင်မကလို့ ဘာပဲဖြစ်ဖြစ် မြန်မာ့သတ္တိကို ပြလိုက်မယ်၊ ကျုပ်တို့မျိုးရိုးဟာ မဟာဇနကလရဲ့ မျိုးရိုးဗျ၊ လုံးဝ မကြောက်တတ်ဘူး "

ဟု ပြောလေရာ ဖဲသမားမောင်လှိုင်နှင့် ဟုတ်စိန်ကလည်း သူရသတ္တိရှိကြောင်း အပြိုင်အဆိုင် ဝင်ရောက်ပြောဆိုလေ၏။

ဂျမဒါမင်းထင်သည် စစ်သားများ၏ ကြွေးဝါးပုံကို ကြားရသဖြင့် သက်ပြင်းချလိုက်မိလေ၏။

သူ၏မူလရည်ရွယ်ချက်မှာ လူဆိုးများရောက်လာလျှင် အရှုံးပေး၍ အနိုင်ရထားသော ငွေများကို ပေးအပ်လိုက်ရန်ဖြစ်၏။ ထိုသို့ အလွယ်တကူ အရှုံးပေးလိုက်လျှင် လူဆိုးများအနေဖြင့် ၎င်းတို့အား သံသယမဖြစ်ဘဲ သာမန်ကုန်သည်များဟု ယူဆပေလိမ့်မည်။

လူဆိုးများကို ပြန်လည်တိုက်ခိုက်ပြီး အနိုင်ရလျှင် ၎င်းတို့ကို နှိမ်နင်းဖွဲ့ခံရရုံမက သံသယများစွာ ဖြစ်ပေါ်နိုင်၏။ မိမိတို့၏ မူလရည်ရွယ်ချက်ဖြစ်သော မေဂျာဗီလျံကို ရှာဖွေမတွေ့မီ သိုဝှက်စွာ နေထိုင်လို၏။

သို့သော် မခံချင်စိတ်ကြောင့် ဇာတိမာန်တက်ကြွနေသော စစ်သားများကို အထက်အရာရှိ ဂျမဒါတစ်ဦးအနေဖြင့် အမိန့်ပေးရန် ခက်လှ၏။ ထို့ကြောင့် စစ်သားများကို တားဆီးရန် မကြိုးစားတော့ချေ။

ထိုအချိန်မှာပင် ၎င်းတို့ရောက်ရှိနေသော လမ်းကြားကလေးမှ ခုဆန်းသော လေချွန်သံများကို ကြားလိုက်ရ၍ လူဆိုးများရောက်ရှိ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လာကြောင်း ရိပ်စားမိလိုက်၏။

လူဆိုးငါးယောက်သည် လက်ထဲတွင် တုတ်များကို ကိုင်၍ လမ်းကို ပိတ်ရပ်နေ၏။ စစ်သားများသည် အနောက်မှ အသံကြား၍ လှည့်ကြည့်လိုက်ရာ ဓားမြှောင်နှင့်တုတ်များကို ကိုင်ထားသော အာရပ်လူဆိုးများကို တွေ့ရ၏။

လူဆိုးများ၏ခေါင်းဆောင်မှာ အာရပ်ဓားကောက်ကို ကိုင်ဆွဲထား၏။ လူဆိုးများသည် ၎င်းတို့ကို လေးဖက်လေးလန်မှ ဝိုင်းရံထားလိုက်ချေပြီ။

လူဆိုးများ၏ ထူးဆန်းသော လေချွန်သံကြောင့် အိပ်မောကျနေသော အိမ်များမှ ပြတင်းပေါက်များကို တိတ်တဆိတ်ဖွင့်၍ ချောင်းမြောင်း ကြည့်ကြလေ၏။

သို့သော် လူဆိုးများ၏ မတရားလုပ်ရပ်ကို တားဆီးဝံ့သူ မရှိချေ။ လူဆိုးခေါင်းဆောင်အာရပ်က ဓားကောက်ကြီးကို ဝှံ၍

" အသက်ချမ်းသာချင်ရင် ငွေထုပ်ကြီးကို ထားခဲ့ "

ဟု အမိန့်ပေးလိုက်၏။ ဂျူမဒါမင်းထင်က ခေါင်းခါယမ်း၍

" ငါတို့ဟာ မင်းတို့ အနိုင်ကျင့်လို့ရမဲ့လူမျိုးမဟုတ်ဘူး။ စိတ်လျှော့ပြီး လမ်းဖယ်ပေးလိုက်ပါ "

ဟု ပြောလေရာ အာရပ်များသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ တဟားဟား ရယ်မောလိုက်လေ၏။

၎င်းတို့သည် ဂျူမဒါမင်းထင်တို့လူစုကို အထင်ကြီးဟန်မရှိချေ။ ထို့ကြောင့် အာရပ်လူဆိုးက ဓားကောက်ကိုမြှောက်၍





" ဟော့လူတွေ ငွေထုပ်ကြီးကိုထားခဲ့လို့ ငါ နောက်ဆုံးအမိန့်ပေးနေတယ် "

ဟု ပြောလေရာ ဖဲသမားမောင်လှိုင်သည် အာရပ်လူဆိုးကို ပမာမခန့်ကြည့်၍

" ခွေးကောင်ကြီး ငွေထုပ်တော့မရဘူး၊ သတ္တိရှိရင် ရှေ့တိုးကြည့်၊ မြန်မာ့သတ္တိကို ပြလိုက်မယ် "

ဟု ကြိုးဝါးလိုက်ရာ အာရပ်လူဆိုးများသည် ဒေါသူပုန်ထသွားပြီး တိုက်ခိုက်ရန် ရှေ့သို့တိုးလာကြ၏။

လူဆိုးခေါင်းဆောင်သည် ဂျူမဒါမင်းထင်ကို ဓားကောက်ဖြင့် ခုတ်ပိုင်းလိုက်ရာ ဂျူမဒါမင်းထင်က ကိုယ်ကိုယိမ်းနွဲ့၍ ရှောင်တိမ်းလိုက်၏။

လူဆိုးခေါင်းဆောင်၏ ဓားခုတ်ပုံကိုကြည့်၍ ဓားရေးကျွမ်းကျင်ကြောင်း ရိပ်စားမိ၏။

လူဆိုးခေါင်းဆောင်က ဂျူမဒါမင်းထင်၏ ခုခံမှုကြောင့် အံ့ဩသွားပြီး ပြင်းထန်သော ဓားချက်များနှင့် တိုက်ခိုက်လေ၏။ ဖဲသမားမောင်လှိုင်တို့လူစုလည်း လူဆိုးများနှင့် စတင်တိုက်ခိုက်နေပြီဖြစ်၏။

၎င်းတို့သည် တိုက်ခိုက်ရေးပညာ ကျွမ်းကျင်ပြီး စွန့်စားခန်းအမျိုးမျိုး ပြုလုပ်ဖူးသဖြင့် လူဆိုးများကို ကောင်းစွာခုခံနိုင်၏။

စစ်သားများသည် သူခိုးကို ဝိုင်းဝန်းကာကွယ်ပေးကြ၏။ ဂျူမဒါမင်းထင်သည် လူဆိုးခေါင်းဆောင်၏လက်မှဓားကို ခြေဖြင့်ခတ်၍ လွင့်စင်စေ၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လူဆိုး၏ဓား လွင့်စင်သွားသောအခါ အနီးကပ်ပူး၍ တတောင်ဖြင့် ထောင်းလိုက်သောအခါ လူဆိုးနောက်ပြန်လဲလေ၏။

တရုတ်လူရှုပ်ဟုတ်စီနံတို့ လူစုကလည်း လူဆိုးများကို တစ်ယောက်ပြီးတစ်ယောက် လဲကျအောင် တိုက်ခိုက်လေ၏။ ဖဲသမား မောင်လှိုင်က ထွက်ပြေးသွားသော အာရပ်လူဆိုးများကိုကြည့်၍

" မြန်မာ့သတ္တိကို သိသွားမယ်၊ ဘာအောက်မေ့လဲ "

ဟု ကြုံးဝါးလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" မြန်မာ့သတ္တိပြတာထက် ငါတို့ဘယ်သူတွေဆိုတာ သူတို့ မရိပ်မိဖို့ အရေးကြီးတယ်၊ ငါတို့ကို ကုန်သည်တွေမဟုတ်ကြောင်း ရိပ်စားမိသွားရင် မေကျာ်ဝီလျံကို ကယ်ထင်ဖို့ခက်မယ် "

ဟု တိုးတိုးပြောကာ အိမ်သို့ပြန်လာခဲ့လေ၏။

သူခိုးသည် ၎င်းတို့လူစုနှင့်ပင် အိမ်သို့ ပြန်လည်လိုက်ပါ လာလေ၏။ သူခိုးသည် ၎င်းရှုံးနိမ့်သွားသော ငွေကြေးများအတွက် နှမြောတသဖြစ်ကြောင်း ညည်းညူလာလေရာ ဖဲသမားမောင်လှိုင်က မျက်နှာရှုံ့မဲ့၍

" ဟေ့လူ၊ လောင်းကစားဝိုင်းမှာ ရှုံးသွားတဲ့ငွေကို နှမြောတသ ဖြစ်ကြောင်း ညည်းညူမနေနဲ့ဗျာ "

ဟု ပြောလေရာ သူခိုးက စိတ်ပျက်လက်ပျက် အမူအရာဖြင့်

" ညည်းရမယ်ဗျ၊ ဒီငွေတစ်သောင်းဟာ ကျုပ်အသက်နဲ့ရင်းပြီး ရယူလာခဲ့တာဗျ "

ဟု ပြောလေ၏။ ဖဲသမားက





" ကိုယ့်အသက်နဲ့ရင်းပြီးရလာတဲ့ငွေကို ဘာဖြစ်လို့ လောင်းကစားဝိုင်းမှာ သုံးဖြုန်းပစ်လဲ၊ ကဲ... ကျက်သရေမင်္ဂလာမရှိအောင် ညည်းညူမနေနဲ့ဗျာ၊ ခင်ဗျားရှုံးသွားတဲ့ငွေထဲက တစ်ဝက်တိတိကို ကျုပ်က စိုက်ပေးမယ် "

ဟု ပြောကာ ငွေငါးထောင်ကို သူခိုး၏လက်ထဲသို့ ထည့်လိုက်လေ၏။ သူခိုးသည် ငွေငါးထောင်ကို မမျှော်လင့်ဘဲ ရရှိသောအခါ အလွန်ပျော်ရွှင်သွားပြီး

" အလ္လာအရှင်ကို ကျေးဇူးတင်လိုက်တာ၊ ပိုက်ဆံတစ်ဝက်ကို ပြန်ရပြီ "

ဟု အော်ဟစ်ပြောဆိုလေ၏။ မောင်လှိုင်က နှာခေါင်းရှုံ့၍

" အလ္လာအရှင်ကို ကျေးဇူးတင်ရမှာမဟုတ်ဘူး၊ ကျုပ်ကို ကျေးဇူးတင်ရမှာ "

ဟု ပြောလေ၏။ ထိုအခါ သူခိုးက ရယ်မော၍

" အလ္လာအရှင်ကိုလည်း ကျေးဇူးတင်တယ်၊ ခင်ဗျားကိုလည်း ကျေးဇူးတင်တယ် "

ဟု ပြောလေ၏။ ထိုနေ့ညက ၎င်းတို့လူစုသည် ဘာဆရာမြို့ထဲ စားသောက်ဖွယ်ရာများကို အလျှံပယ်ဝယ်ယူပြီး စားသောက်ကြလေ ကုန်၏။

ထို့နောက် ညဉ့်နက်သည်အထိ စကားဖောင်ဖွဲ့ပြီးမှ အိပ်ပျော် သွားကြ၏။ ဂျမဒါမင်းထင်တစ်ဦးတည်း ဘာဆရာမြို့၏ မြေပုံကြီး တစ်ချပ်နှင့် အလုပ်ရှုပ်နေလေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့လူစု ဘာဆရာမြို့သို့ရောက်သည်မှာ ဆယ်ရက်တိတိ ရှိချေပြီ။ ယနေ့အထိ မေဂျာဝီလျံနှင့် ပတ်သက်သော သဲလွန်စကို မရသေး ချေ။

▲▲▲▲▲

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





ဘာဆရာမြို့စွန်ရှိ လူမိုက်များ စုဝေးလေ့ရှိရာ ကော်ဖီဆိုင် လေးတွင် မျက်စိတစ်ဖက်လပ်နေရာကို သားရေပြားနှင့် ဖုံးပိတ်ထား သော လူမိုက်တစ်ဦးသည် မီးဖိုတွင်တင်ထားသော ဆိတ်သားကို လှည့် နေလေ၏။

သူသည် ဘာဆရာမြို့တွင် အပ်ကျသည်ကအစသိသည်ဟု ည်သတင်းကြီးသော တစ်ဖက်လပ်ဖရေ့ဖြစ်၏။ သူ၏မျက်လုံးသည် ဦက အကောင်းပကာတိဖြစ်၏။

သူသည် ဆယ်ကျော်သက်အရွယ်က လမ်းပေါ်တွင် လုယက် ိုက်သော လူငယ်များ၏ အဖွဲ့ဝင်ဖြစ်၏။ ထိုလူငယ်များထဲတွင်

www.burmeseclassic.com



လွန်စွာ ခွန်အားသန်မာသောသူတစ်ဦးကို အတိုက်အခံ ပြန်လည်ခုခံပြီး မျောက်စိတွင် ဖထ်ရာဖြစ်၏။

ခွန်အားသန်မာသောလူငယ်သည် သူ၏ရဲရင့်သောတိုက်ခိုက်မှုကို ကြောက်ရွံ့ပြီး မြို့မှ ပျောက်ကွယ်သွား၏။

ထိုအချိန်မှစ၍ တစ်ဖက်လပ်ဖရော့ကို ဒုစရိုက်လောကသားများ က သူ့ရသတ္တိရှိကြောင်း အသိအမှတ်ပြုကြ၏။

တစ်ဖက်လပ်ဖရော့သည် သတ္တိကောင်းသည့်အပြင် ဉာဏ် ဉာဏ်နက်များသဖြင့် ဘာဆရာမြို့ပေါ်တွင် တဖြည်းဖြည်း ထင်ရှားလာ ၏။

ဖရော့သည် ဉာဏ်ရှိသူဖြစ်၍ မိုက်ကြေးခွဲသောအလုပ်ကို ကိုယ် တိုင်မလုပ်တော့ဘဲ တပည့်များမွေး၍ လုပ်ကိုင်စေ၏။

ဖရော့သည် ခွန်အားဗလနည်းသော လူဖလံလေးဖြစ်၏။ သို့ သော် သူ၏ထူးခြားချက်မှာ မယားအများကြီးရှိခြင်းပင်ဖြစ်၏။ ဖရော့ မယား ခုနစ်ယောက်ရှိ၏။

ထိုမယားများထံသို့ တစ်ပတ်လျှင် တစ်ရက်ကျသွား၍ ပျော် စွာ နေထိုင်၏။ သူ၏မယားများသည် ဖရော့အပေါ် သစ္စာရှိကြ၏။ လွ သောနှစ်က သစ္စာမရှိသောမယားတစ်ယောက်ကို သူကိုယ်တိုင် ရှ လင်းပစ်လိုက်၏။

သစ္စာမဲ့သောမယားသည် ဘာဆရာမြို့ပေါ်ရှိ လူပြတ်သေ အမှိုက်ပုံတစ်ပုံတွင် လူမသိသူမသိ သေဆုံးရ၏။

ဖရော့သည် မယား၏အသုဘတွင် ဝမ်းနည်းကြေကွဲသော ...





အရာဖြင့် ငိုမခဲ့လေရာ အကြောင်းသိသူများက ၎င်းအား သရုပ် ဆောင်ကောင်းသူတစ်ဦးဟု ဝေဖန်ခဲ့၏။

ထိုအခိုက်မှာပင် ဖရော့၏တပည့်မျောက်ဆရာသည် မျောက်ကို ခုံးပေါ်တွင်၍ အခန်းထဲသို့ ဝင်လာ၏။

ထို့နောက် ညကဖြစ်ခဲ့သော သတင်းတစ်ပုဒ်ကို ဖရော့အား ပြောပြလိုက်၏။ မျက်စိတစ်ဖက်လပ်ဖရော့က အလွန်အံ့ဩဟန်ဖြင့်

“ ဘာ... ကာဆင်တို့လူစုကို ကုန်သည်တွေက ပြန်ခေါ်သွား တာ၊ ဒီကောင်တွေ ခံလိုက်ရတယ် ဟုတ်လား၊ ကောင်းတယ်ဟေ့၊ ဒီကောင်တွေ သိပ်အတင့်ရဲတယ်၊ ခံရတာတောင်နည်းသေးတယ်၊ ကုန် သည်တွေက အင်အားတောင့်တယ်ထင်တယ် ”

ဟု ပြောလေ၏။ ထိုအခါ မျောက်ဆရာက ခေါင်းခါ၍

“ ကုန်သည်တွေက အင်အားမတောင့်ပါဘူး၊ လေးယောက် သည်းပါ၊ ကုန်သည်လေးယောက်တည်းနဲ့ ကာဆင်တို့လူစုကို ချသွား တာပါ ”

ဟု ပြောလေရာ မျက်စိတစ်ဖက်လပ်ဖရော့သည် အလွန်အံ့ဩ သွားပြီး

“ ဒီကောင်တွေ သတ္တိကောင်းလှချည်လား၊ ဘာလူမျိုးတွေ လဲ ”

ဟု မေးမြန်းလေ၏။ မျောက်ဆရာက မျက်မှောင်ကြုတ်၍

“ သူတို့ဟာ မြန်မာတွေလို့ပြောတယ် ”

ဟု ပြောလေရာ မျက်စိတစ်ဖက်လပ်ဖရော့သည် ပိုမိုအံ့ဩသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး

" ဘာ... မြန်မာဟုတ်လား၊ မြန်မာဆိုတာ အာရှတိုက်

ဗြိတိသျှ ကိုလိုနီပြုထားတဲ့လူမျိုးမဟုတ်လား။ ဒီကောင်တွေဟာ ခင်

အရပ်ကို ကုန်သွယ်လေ့မရှိပါဘူး၊ ဒါဟာ သံသယဖြစ်စရာပဲ၊ သူတို့အ

တွေယူလာလဲ "

ဟု မေးမြန်းလေ၏။ မျောက်ဆရာက

" သူတို့ယူလာတာ တရုတ်ကြွေထည်ပစ္စည်းတွေပါ "

ဟု ပြောလေ၏။ မျက်စိတစ်ဖက်လပ်ဖရော့က ခေါင်းခါယမ်း

" တရုတ်ကြွေထည်ပစ္စည်းတွေကို မြန်မာတွေကယူလာတ

ဟုတ်လား၊ သူတို့ဆီက ကြွေထည်ပစ္စည်းတွေကို မင်းရအောင် ဖ

ကြည့်စမ်း "

ဟု အမိန့်ပေးလေ၏။

ထိုအခါ မျောက်ဆရာက ခေါင်းခါယမ်း၍

" မြန်မာတွေယူလာတဲ့ ကြွေထည်ပစ္စည်းတွေဟာ သိပ်ဈေး

တယ်၊ ကျုပ်တို့ဝယ်နိုင်ဖို့ မလွယ်ဘူး "

ဟု ပြောလေ၏။ မျက်စိတစ်ဖက်လပ် ဖရော့က မျက်နှာရှုံ့မဲ့

" သူတို့ယူလာတဲ့ကြွေထည်တွေကို ဘယ်သူ့ဆိုင်မှာ တင်

လဲ၊ ခေါင်းဖြူအဘိုးကြီးဆိုင်မှာမဟုတ်လား၊ ခေါင်းဖြူကြီးကို ပြောလိုက်

ဒါက ကြည့်ချင်လို့ ကြွေထည်ပစ္စည်းနည်းနည်းပြပါလို့ "

ဟု ပြောလိုက်လေ၏။ မျောက်ဆရာထွက်သွားသော

မျက်စိတစ်ဖက်လပ်ဖရော့သည် ကော်ဖီတစ်ခွက်ကို သောက်လိုက်





" ဘာဆရာမှာ ထူးခြားမှုတွေဖြစ်တော့မယ်ထင်တယ်၊ ဘာ

ဆရာကို မြန်မာတွေရောက်လာတယ်တဲ့ "

ဟု တီးတိုးရေရွတ်လိုက်လေတော့၏။

▲▲▲▲▲



www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမင်းထင်သည် တစ်ညလုံးမအိပ်ဘဲ မြေပုံကြီးတစ်ချပ်နှင့် ကျမ်းစာအုပ်တစ်အုပ်ကိုဖက်ကာ အချိန်ကုန်လွန်ခဲ့၏။

စစ်သားများ အိပ်ရာနိုးလာသောအခါ ဂျမဒါမင်းထင် မအိပ်သေးကြောင်း တွေ့ရ၍ ဝိုင်းဝန်းမေးမြန်းကြ၏။ ဂျမဒါမင်းထင်က ကျမ်းစာအုပ်ကြီးတစ်အုပ်ကို ပြ၍

"မက်ဆိုပိုတေးမီးယားဟာ အစ္စလမ်သာသနာတော် စတင်ပြန့်ပွားတဲ့နေရာပဲဗျ။ ဒီနေရာမှာ အလွန်စိတ်ဝင်စားဖို့ကောင်းတဲ့ ရှေးဟောင်း ယဉ်ကျေးမှုတွေရှိတယ်၊ တမာန်တော်မိုဟာမက်ကို ဒီနေရာမှာပဲ မွေးဖွားခဲ့တာဗျ။ ဒါကြောင့် ကျုပ်စိတ်ဝင်စားလွန်းလို့ ရှေးဟောင်းသမိုင်းဝင် အဆောက်အဦကြီးတွေနဲ့ မြေပုံတွေကို တစ်ညလုံး ကြည့်ရှုနေတာဗျ။ နေ့လယ်ကျမှ ပြန်အိပ်တော့မယ်"





ဟု ပြောလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်တို့လူစုသည် မြို့ထဲသို့ လှည့်လည်ပြီး ဒန်ပေါက်များကို ဝယ်ယူလာလေ၏။

အိမ်သို့ရောက်သောအခါ ဂျမဒါမင်းထင် စားသောက်ရန် ဒန်ပေါက် တစ်ထုပ် ပေးလေ၏။ ဂျမဒါမင်းထင်က ဒန်ပေါက်ထုပ်ကိုယူ၍ ခေါင်းခါယမ်းလိုက်ပြီး

"ကျုပ် ဒီအချိန် ဒန်ပေါက်မစားချင်ဘူး။ ဆန်ပြုတ်ပဲသောက်ချင်တယ်"

ဟု ပြောကာ ဒန်ပေါက်ထုပ်ကိုကိုင်၍ အိမ်အပြင်သို့ ထွက်သွားလေ၏။

ထို့နောက် ခြံအပြင်သို့ရောက်သောအခါ အနီရောင်သင်တိုင်းဝတ်ထားသော သူတောင်းစားလေးအား ဒန်ပေါက်ထုပ်ပေးလိုက်၏။

သူတောင်းစားလေးသည် ဂျမဒါမင်းထင်အား ဆုမွန်ကောင်းများ တောင်းပေးလေ၏။

ဖဲသမားမောင်လှိုင်သည် ဖဲထုပ်ကိုထုတ်၍ ဘိလေးတို့ကို ရိုက်ရန် ဆွယ်နေလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က ဖဲလိမ်ရိုက်တတ်သောကြောင့် မောင်လှိုင်နှင့် ဖဲမရိုက်လိုကြောင်း ပြောလေ၏။

မောင်လှိုင်က ဖဲမလိမ်ရိုက်ကြောင်း ကတိခံသဖြင့် စစ်သားများကရိုက်ရန် သဘောတူကြလေ၏။ မောင်လှိုင်တို့လူစုသည် တစ်နေ့လုံးရိုက်နေကြပြီး ပတ်ဝန်းကျင်ကို မေ့လျော့နေလေ၏။

ထိုအချိန်တွင် ခြံစည်းရိုးအဝမှ အသံများကို ကြားလိုက်ရပြီး ပြတင်းပေါက်မှ လှမ်းကြည့်လိုက်ရာ အိမ်ပတ်ဝန်းကျင်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ဗက်ဒိုးအင်သူပုန်များ ပြည့်နေကြောင်း တွေ့ရလေ၏။

ဗက်ဒိုးအင်သူပုန်ခေါင်းဆောင်က အပေါက်ဝမှနေပြီး

" ဟေ့ကောင်တွေ၊ တံခါးဖွင့်စမ်း၊ မင်းတို့ကို ဝိုင်းထားပြီးပြီ"

ဟု အော်ဟစ်၍ အမိန့်ပေးလိုက်လေ၏။

ဂျမဒါမင်းထင်သည် ပြတင်းပေါက်မှ ချောင်းကြည့်၍

" ငါတို့ရဲ့သတင်းကို ဒီကောင်တွေ ဘယ်လိုသဲလွန်စရသွားလဲ မသိဘူး၊ အားလုံးအသင့်ပြင်ကြ၊ ရန်သူကို ထိုးဖောက်ပြီး ထွက်ပြေးကြမယ် "

ဟု အမိန့်ပေးကာ အိမ်၏အနောက်ဘက်တံခါးကို ဖွင့်လိုက်လေ၏။ ထိုအခါ အိမ်အနောက်ခြံစည်းရိုးအပြင်ဘက်တွင် ဗက်ဒိုးအင်သူပုန်များ ဝိုင်းရံထားကြောင်း တွေ့ရ၏။

ဂျမဒါမင်းထင်သည် ပြေးပေါက်ပိတ်သွားသဖြင့် အကြပ်ရိုက်ဟန်ဖြင့် တက်ခေါက်လိုက်ပြီး

" တောက်... ဒီကောင်တွေ ကျုပ်တို့ကို အဖက်ဖက်က ဝိုင်းရံထားကြပြီ၊ ကျုပ်တို့ဖောက်ထွက်မှရတော့မယ်၊ မင်းတို့အားလုံး သတိရှိပါ၊ ကျုပ်တို့အတွက် အန္တရာယ်သိပ်ရှိနေပြီ "

ဟု ပြောဆိုကာ ဖွက်ထားသောလက်နက်များကို ထုတ်ပြီး ခုခံရန် ပြင်ဆင်ကြ၏။

သို့သော် ရန်သူသည် ၎င်းတို့၏ရည်ရွယ်ချက်ကို ရိပ်စားမိဟန်ဖြင့် ဗက်ဒိုးအင်ခေါင်းဆောင်က

" မြန်မာစစ်သားတွေ မင်းတို့ခုခံဖို့ မကြိုးစားနဲ့၊ လက်နက်ချပါ





မင်းတို့ကို သုံးမိနစ်စဉ်းစားခွင့်ပြုမယ်၊ သုံးမိနစ်ပြည့်ရင်တော့ မင်းတို့ကို အသေတိုက်ခိုက်ရမယ် "

ဟု အော်ဟစ်ပြောဆိုလေ၏။ ဂျမဒါမင်းထင်သည် အကျပ်အတည်းတွေ့နေသော အခြေအနေကြောင့် ဆုံးဖြတ်ရခက်နေလေ၏။

ထိုအခိုက်မှာပင် ဗက်ဒိုးအင်သူပုန်များသည် ဘီးနှစ်ဘီးတပ် အမြောက်ကြီးတစ်လက်ကို တွန်းလာပြီး အိမ်တည့်တည့်ကို ချိန်ထားသဖြင့် ဂျမဒါမင်းထင်သည် မျက်စိမျက်နှာပျက်သွားလေ၏။





www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် အခြေအနေ အလွန်ဆိုးဝါးကျပ်တည်းနေလေ၏။ ရန်သူများသည် မိမိတို့လက်နက်ချအညံ့ခံရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားနေပေပြီ။

ဖဲသမားမောင်လှိုင်တို့လူစုလည်း အမြှောက်ကြီးကိုကြည့်၍ မျက်နှာပျက်သွားကြ၏။ ဂျူမဒါမင်းထင်က ခြောက်လုံးပြူးသေနတ်ကို ခြောက်ခနဲမောင်းတင်၍ ရန်သူခေါင်းဆောင်ကို ပစ်ခတ်ရန် ရှာဖွေ၏။

ထိုအခိုက်မှာပင် ရန်သူခေါင်းဆောင်က တဟားဟားရယ်မော၍

" ဟား… ဟား… ဟား… မင်းတို့ကို ငရဲပြည်ပို့တော့မယ် "

ဟု အော်ဟစ်ကာ အမြှောက်ကိုပစ်ရန် အမိန့်ပေးလိုက်လေ၏။ အိမ်အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများသည် အမြှောက်ပစ်တော့မည်ဆို၍ အိမ်များကိုပစ်၍ ထွက်ပြေးကြ၏။

ဖက်ဒိုးအင်ခေါင်းဆောင်က အမြှောက်ပစ်ရန် အချက်ပြလိုက်၏။ ဂျူမဒါမင်းထင်ကလည်း ဖက်ဒိုးအင်ခေါင်းဆောင်ကို ပစ်ခတ်ရန် ချိန်ရွယ်လိုက်၏။

ထိုအခိုက်မှာပင် လူအများမထင်မှတ်သော ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့၏။ အနီရောင်သင်တိုင်းဝတ်ထားသော သူတောင်းစားကလေးသည် အမြှောက်ပြောင်းဝရှေ့တွင် ရပ်လိုက်ပြီး

" မပစ်ပါနဲ့ "

ဟု တားဆီးလိုက်လေ၏။ ဂျူမဒါသည် ပစ်ခတ်ရန် ကြံရွယ်ပြီးကာမှ သူတောင်းစားလေး၏ အပြုအမူကြောင့် အခက်တွေ့သွားလေ၏။





သူတောင်းစားကလေးသည် ရန်သူခေါင်းဆောင်ရှေ့တွင် တားဆီးထားလေ၏။ ရန်သူခေါင်းဆောင်က သူတောင်းစားကလေးကို ဆဲဆိုလိုက်ပြီး

" ခွေးကောင်လေး ဖယ်စမ်း "

ဟု အော်ဟစ်လိုက်လေ၏။ သို့သော် သူတောင်းစားကလေးသည် အမြှောက်ပြောင်းဝကို လက်နှစ်ဖက်နှင့် အတင်းအကြပ် ဖက်တွယ်ထားသဖြင့် ဖက်ဒိုးအင်သူပုန်များ အလွယ်တကူ တွန်းဖယ်၍မရဘဲ ရှိနေ၏။

ထိုမြင်ကွင်းကိုကြည့်၍ ဖက်ဒိုးအင်ခေါင်းဆောင်သည် လွန်စွာဒေါသူပုန်ထသွားပြီး

" ဒီလောက်တောင် အမြှောက်ပြောင်းဝရှေ့မှာ သေချင်နေတဲ့ သူတောင်းစား၊ မဖယ်နဲ့ အမြှောက်ကိုပစ်လိုက်တော့ "

ဟု အမိန့်ပေးလိုက်ရာ ဂျူမဒါမင်းထင်သည် သူတောင်းစားလေးအတွက် လွန်စွာစိုးရိမ်သွားပြီး ပုန်းကွယ်နေရာမှထကာ

" မပစ်နဲ့ "

ဟု အော်ဟစ်တားဆီးလိုက်လေ၏။

သို့သော် ဂျူမဒါမင်းထင်၏ တားဆီးချက်နောက်ကျသွားလေပြီ။ သူပုန်ခေါင်းဆောင်၏အမိန့်အရ အမြှောက်ကို ပစ်လိုက်လေပြီ။

နားကွဲလုမတတ် ဆူညံသောအမြှောက်သံကို ကြားလိုက်ရပြီး ပြောင်းဝမှ ကြီးမားသော မီးလုံးကြီးထွက်ပေါ်လာ၏။

ဂျူမဒါမင်းဒင်သည် ထိတ်လန့်တကြား ကျယ်လောင်စွာအော်



www.burmeseclassic.com

www.burmeseclassic.com



ဟန်လိုက်လေ၏။

ထိုအခိုက်မှာပင် ဂျူမဒါမင်းဒင်၏အနီးသို့ စစ်သားများရောက်ရှိလာပြီး

" ဂျူမဒါမင်းဒင်၊ ဘာဖြစ်လို့လဲ "

ဟူသော မေးမြန်းသောအသံကို ကြား၍ အိပ်မက်မက်နေမှန်းသိလိုက်ရ၏။

မနေ့ညက မက်ဆိုပိုတေးမီးယား ယဉ်ကျေးမှုစာအုပ်ကြီးကိုဖတ်ရင်း မအိပ်စက်ရသဖြင့် နေ့လယ်ခင်း၌ တစ်ရေးအိပ်လိုက်ခြင်းဖြစ်၏။

ဂျူမဒါမင်းဒင်က လှဲနေရာမှ ထ၍

" အိပ်မက်ဆိုးကြီးမက်လို့ အိပ်ရာထဲမှာ လန့်အော်လိုက်တာကွ၊ ကျုပ်ရဲ့အိပ်မက်အရ စိတ်ကူးတစ်ခုပေါ်လာတယ်၊ အဲဒါကတော့ ကုလားအုတ်ထဲမှာဖွက်ထားတဲ့ ကျုပ်တို့လက်နက်တွေဟာ မလုံခြုံဘူး။ နောက်ပြီးတော့ အန္တရာယ်နဲ့တွေ့ရင်လည်း လက်နက်တွေကို ယူဆောင်ဖို့ခက်တယ်၊ ဒါကြောင့် လက်နက်တွေကို ထင်းရှူးသေတ္တာနဲ့ ပြောင်းထည့်ထားရမယ် "

ဟုပြောလိုက်လေ၏။ ထိုအခါ မင်းဒင်၏စကားကြောင့် သူ့နိုးက

" ဒါဆိုရင်တော့ ဈေးထဲမှာ ထင်းရှူးသေတ္တာတွေသွားဝယ်ရမယ် "

ဟုပြောလေ၏။ ဂျူမဒါမင်းဒင်က ခေါင်းညိတ်၍

" ကျုပ်အခုပဲ ဈေးထဲမှာ သွားဝယ်လိုက်မယ် "

ဟုဆိုကာ အိမ်ပေါ်မှဆင်းသွားလေ၏။





ထိုအခါ စစ်သားများက ဂျူမဒါမင်းဒင်၏နောက်ကျောကိုကြည့်၍

" ကျုပ်တို့လည်း လိုက်မယ်ဗျို့၊ အိမ်မှာနေရတာပျင်းတယ် "

ဟုပြောလေ၏။ ဘီလေးဆိုသော စစ်သားက

" ဈေးထဲမှာ ခေါင်းမြီးခြုံကုလားမလေးတွေကို လိုက်ကြည့်ရမယ် "

ဟုပြောလေ၏။

ထို့နောက်တွင်မူ စစ်သားများသည် ဈေးသို့ရောက်ရှိခဲ့လေတော့ ဈေးသို့ရောက်လျှင် ထင်းရှူးသေတ္တာရောင်းသောဆိုင်ကို လှည့်





www.burmeseclassic.com

www.burmeseclassic.com



လည်ရှာဖွေ၍ ပုံးအလွတ်တစ်လုံးကို ဝယ်ယူလေ၏။

ဂျမဒါမင်းဒင်သည် ဆိုင်ရှင်အာရပ်ကြီးကို ထင်းရှူးသေတ္တာဖိုး ရှင်းပေးပြီး မျက်နှာကွက်ခနဲပျက်ကာ

" သတိထားကြစမ်း၊ အန္တရာယ်တွေလာနေပြီ "

ဟုပြောလိုက်လေ၏။ ဂျမဒါမင်းဒင်၏စကားမဆုံးမီ အာရပ်ဝတ်စုံဝတ်ထားသော လူကစ်ဦးသည် ၎င်းအား ဓားကောက်ကြီးဖြင့် ပြေးခုတ်လေ၏။

ဂျမဒါမင်းဒင်သည် ရန်သူ၏တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်ပြီး ပေါင်ကြားသို့ ခြေဖြင့်ကန်လိုက်ရာ ရန်သူ လဲကျလေ၏။

ထိုအခိုက်မှာပင် ဈေးအနှံ့အပြားမှ အာရပ်ဓားကိုင်လူများ ပေါ်ထွက်လာပြီး စစ်သားများကို တိုက်ခိုက်လေ၏။

ဖဲသမားမောင်လှိုင်က ဆိုင်ခုံပေါ်သို့ ခုန်တက်၍ လူဆိုး၏မျက်နှာကို ခြေဖြင့်ခတ်၏။

တရုတ်လူရှုပ်ဟုတ်စိန်က လွန်စွာကြီးမားသော ဖရဲသီးကြီးကို ကိုင်မြှောက်၍ ရန်သူ၏ခေါင်းကို လှမ်းပစ်လိုက်၏။

ဘီလေးသည် ဈေးကိုပတ်၍ ပြေးလွှားနေရာမှ မိန်းမပျိုတစ်စု၏ အနီးသို့ရောက်သွား၏။

သူသည် ကျယ်လောင်စွာအော်ဟစ်နေသော ခေါင်းမြီးခြုံမိန်းမပျိုလေးများကို လှည့်ပတ်၍ ပြေးလေရာ ဓားကောက်ကိုင်သော ရန်သူသည် အူကြောင်ကြောင့်ဖြင့် အနောက်မှလိုက်နေရ၏။

သူခိုးသည် အာရပ်လက်နက်များကို ကြောက်လွန်း၍ အိုးကြီး







တစ်လုံးထဲသို့ ဝင်ပုန်းနေ၏။

ဂျမဒါမင်းဒင်သည် ရဲစွမ်းသတ္တိရှိပြီး ကိုယ်ခံပညာကျွမ်းကျင်သူပီပီ အာရပ်လူဆိုးများကို တစ်ယောက်ပြီးတစ်ယောက် လဲကျအောင် တိုက်ခိုက်နေ၏။

အာရပ်လူဆိုးများ၏ခေါင်းဆောင်သည် အခြေအနေမလှမှန်းသိသဖြင့် ခါးကြားမှ ခြောက်လုံးပြူးကိုထုတ်၍ ဂျမဒါမင်းဒင်ကို ပစ်ရန်ချိန်ရွယ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျူမဒါမင်းဒင်သည် ဆိတ်သားရောင်းသောဆိုင်ခုံပေါ်တွင် တင်ထားသော ဓားတစ်ချောင်းကိုကောက်ကိုင်၍ ရန်သူ၏သေနတ်ကိုင်လက်ကို လျှင်မြန်စွာပစ်လိုက်၏။

ရန်သူ၏ သေနတ်လွတ်ကျသောအခါ ဆိုင်ခုံပေါ်သို့ လွှားခနဲတက်လိုက်ပြီး ရန်သူ၏နဖူးကို ဖနောင့်နှင့်ပေါက်၏။

ရန်သူခေါင်းဆောင် လဲကျသွားသဖြင့် ဓားကောက်ကိုင်အားရင်များ ဈေးအတွင်းမှ ထွက်ပြေးသွားကြ၏။

ဂျူမဒါမင်းဒင်က ရန်သူများကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

" ဘာဆရာမှာ မင်းမဲ့တိုင်းပြည်လိုဖြစ်နေပါလား။ ဒီကောင်တွေဟာ လွန်ခဲ့တဲ့ညက လောင်းကစားဝိုင်းမှာ ရန်ဖြစ်ခဲ့တဲ့ကောင်တွေပဲ၊ ဇက်ဝိုးအင်တွေနဲ့ အပေးအယူကောင်းကောင်းရှိပုံရတယ်၊ ဒါတို့မှာ ရန်သူတွေဝိုင်းနေပြီ "

ဟုမှတ်ချက်ချလေ၏။ ထို့နောက် ထင်းရှူးသေတ္တာကို ထမ်း၍ အိမ်သို့ပြန်ခဲ့ကြ၏။ လမ်းသို့ရောက်သောအခါ သင်တိုင်းအနီးရောင်ဝတ်သူတောင်းစားကလေးက ဆီးကြိုနေပြီး

" အစ်ကိုကြီးတို့အိမ်ကို အိမ်ရှင်မိန်းမကြီး ဝင်သွားတယ်၊ ပြီးတော့ အရေးတကြီး ပြန်ထွက်သွားတယ် "

ဟုပြောလေရာ ဖဲသမားမောင်လှိုင်က

" ကျုပ်တို့အိမ်ကို သော့ခတ်ထားတယ်မဟုတ်လား "

ဟုမေးမြန်းလေ၏။ ဂျူမဒါမင်းဒင်က အိမ်ဆီသို့ ခြေလှမ်းသွက်သွက်လှမ်း၍





" အိမ်ရှင်မိန်းမကြီးဆီမှာ သော့တူရှိနိုင်တယ်၊ အိမ်ရှင်မိန်းမကြီးက အိမ်ထဲကို ဝင်တာမဟုတ်ဘူး။ ခြံနောက်က ကုလားအုတ်တင်းကုတ်ကိုလာပြီး သူပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ခုကို ယူတာဖြစ်နိုင်တယ်၊ အဲဒီမှာ ကျုပ်တို့လက်နက်တွေကို တွေ့လိုက်ပုံရတယ် "

ဟုပြောလေရာ ဖဲသမားမောင်လှိုင်က မျက်လုံးပြူးသွားပြီး

" ဟင် ဒါဆိုရင် လက်နက်တွေကို ထင်းရှူးသေတ္တာပုံးထဲ ပြောင်း ထည့်ဖို့ကြံစည်တာ လက်မတင်လေး နောက်ကျသွားပြီ "

ဟုမကျေမချမ်း ပြောဆိုလိုက်၏။ ဂျူမဒါမင်းဒင်က အိမ်ထဲသို့ သွက်သွက်လှမ်း၍

" ကျုပ်တို့လက်နက်တွေယူပြီး အိမ်က အမြန်ထွက်မှဖြစ်မယ်၊ မကြာမီ ဒီနေရာကို ဇက်ဝိုးအင်တွေ ရောက်လာမှာသေချာတယ်၊ မဂျာဝီလျံကို မတွေ့ပေမဲ့ ကျုပ်တို့မှာ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေပြီ "

ဟုပြောလေ၏။ ဂျူမဒါမင်းဒင်တို့ အိမ်ပေါ်သို့ရောက်သောအခါ ထင်သည့်အတိုင်းပင် ကုလားအုပ်ထတဲအတွင်းရှိ လက်နက်များ ပြန့်ကြဲနေကြောင်းတွေ့လိုက်ရ၏။

ဂျူမဒါမင်းဒင်တို့သည် လက်နက်များကို ပြန်လည်သိမ်းဆည်း၍ အထုပ်အပိုးပြင်ကာ ထိုနေရာမှ ထွက်ခွာခဲ့လေတော့၏။

ရင်းတို့သည် ဘာဆရာမြို့တွင် ကျွမ်းကျင်သူများ မဟုတ်ကြသဖြင့် သူခိုးကိုသာ အကူအညီတောင်းကြ၏။

သူခိုးသည် ရင်းတို့အား မြို့တစ်နေရာရှိ ဆင်းရဲသားရပ်ကွက်တွင် ရှိသော ခြံတစ်ခြံသို့ ခေါ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com





ခြံထိပ်တွင် အာရပ်ဘာသာဖြင့် ရေးထိုးထားသော ဆိုင်းဘုတ်ရှိ၏။ အာရပ်စာပေကို မြန်မာစစ်သားအားလုံး မဖတ်တတ်ကြ၍ သူ့ကို မေးမြန်းလေရာ သူခိုးက

'' ဒီအိမ်က ခေါင်းလုပ်ရောင်းတဲ့အိမ်ပဲ၊ အိမ်ပိုင်ရှင်လူကြီးဟာ





ျပ်ရဲ့မိတ်ဆွေ၊ ခင်ဗျားတို့ကို ဒီအိမ်မှာ ဖွက်ထားပေးမယ် ''

ဟု ပြောလေရာ ခေါင်းလုပ်သောအိမ်ဆို၍ ဂျမဒါမင်းထင်မှလွဲ၍ န်သူများ မျက်စိမျက်နှာပျက်သွားလေ၏။ ဘိလေးက မျက်မှောင်တ်၍

'' ဟော့လူ ဘာဆရာမြို့မှာ ဒီထက်ခမ်းနားတဲ့အိမ်မရှိဘူးလား''

ဟု မေးမြန်းလေ၏။ သူခိုးက ရယ်မော၍

'' ဟော့လူတွေ ခမ်းနားတာထက် လုံခြုံဖို့ အရေးကြီးတယ်၊ ြ မှုမရှိတဲ့ ဘယ်နေရာမှာ သွားနေမလဲ၊ ခေါင်းလုပ်ရောင်းတဲ့လူကြီးက ပ် မိတ်ဆွေ၊ သူက ပိုက်ဆံသာရလို့ကတော့ ပါးစပ်သိပ်လုံတယ်၊ ျားတို့ ဒီနေရာမှာ ကောင်းကောင်းပုန်းအောင်းလို့ရတယ်/''

ဟု ပြောလိုက်လေ၏။

ထို့နောက် ဂျမဒါမင်းထင်တို့လူစုကို ခြံကြီးထဲသို့ ခေါ်ဆောင်ား‌လေ၏။ ခြံထဲသို့ရောက်လျှင် ခေါင်းလုပ်နေသူများကို မတွေ့ရဘဲ း‌က

'' ခင်ဗျားတို့ သိပ်ကံကောင်းတယ်၊ ဒီနေ့အလုပ်ပိတ်ရက်ပဲ၊ ကြီးအိမ်မှာ အရက်သောက်နေလိမ့်မယ် ''

ဟု ပြောကာ နှစ်ထပ်အိမ်ကြီးအတွင်းသို့ ခေါ်ဆောင်သွား ၏။ အိမ်ထဲသို့ရောက်သောအခါ အင်တုံကြီးအတွင်းရှိ စွန်ပလွံသီးဆို နှိုက်စားနေသော လူဝကြီးတစ်ယောက်ကို တွေ့ရ၏။

လူဝကြီးသည် သူခိုးကို မြင်သောအခါ

'' ဟော့ကောင် မင်းဘာပြဿနာပေါ်လာပြန်ပြီလဲ၊ ပိုက်ဆံမရှ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေတော့ ငါ့ဆီကို ခေါ်မလာခဲ့နဲ့ ''

ဟု ပြောလေရာ သူခိုးက ရယ်မော၍

'' ဟား... ဟား... ဟား... ခင်ဗျားအကြောင်း သိပ်တယ်ဗျာ၊ ပိုက်ဆံတွေ အများကြီးရမဲ့ ပိုက်ဆံခဲတွေကို ခင်ဗျားအိမ်ထဲ ခေါ်တင်လာတာပါ၊ သူတို့လေးယောက်ကို ခင်ဗျားဆီမှာ ခဏဖွက်ထားပေးပါ ''

ဟု ပြောလေရာ လူဝကြီးက မျက်မှောင်ကြုတ်၍

'' သူတို့က ဘာလူမျိုးတွေလဲ ''

ဟု မေးမြန်းလေရာ သူခိုးက

'' သူတို့က မြန်မာတွေပါ၊ သူတို့နဲ့ ဗက်ဒိုးအင်တွေနဲ့ ပြဿနာ ပေါ်လို့ သူတို့ကို ဒီမှာ ခဏဖွက်ပေးပါ၊ ဒီမှာ လူဝကြီး ခင်ဗျား ဘာ စကားရှည်ရှည်ဝေးဝေးတွေ မေးမနေနဲ့၊ သူတို့ဆီက ငွေ ဘယ်လောက် လိုချင်လဲပြောပါ ''

ဟု ပြောလာရာ လူဝကြီးက ဂျမဒါမင်းထင်တို့လူစုကို မျက်မှောင် ကြုတ်ကြည့်၍

'' ကောင်းပြီ၊ သူတို့ကို စားရေးသောက်ရေး စီစဉ်ပေးမယ် တစ်ပတ်ကို ငွေလေးရာပေးရမယ် ''

ဟု ပြောခဲ့လေ၏။ ဂျမဒါမင်းထင်က လူဝကြီးကို ဈေးမဆစ်တော့ဘဲ သဘောတူလိုက်လေ၏။

ထိုအခါ လူဝကြီးက ဂျမဒါမင်းထင်တို့လူစုကို အိမ်ကြီး၏ အနောက်သို့ ခေါ်ဆောင်သွားလေ၏။





၎င်းတို့သည် ခေါင်းများကို ကျော်ဖြတ်ပြီးနောက် အိမ်ကြီး၏ အနောက်သို့ ရောက်လေ၏။ လူဝကြီးသည် အိမ်အနောက်ရှိ တံခါး ...ခ်ချပ်ကို ဖွင့်လိုက်ရာ မြေအောက်သို့ ဆင်းနိုင်သော လှေကား ...စ်များကို တွေ့ရ၏။

ဂျမဒါမင်းထင်တို့လူစုသည် လူဝကြီး၏ဦးဆောင်မှုဖြင့် မြေ ...ာက်သို့ ဆင်းခဲ့လေ၏။

မြေအောက်ခန်းကို အလင်းရောင်နှင့် လေဝင်လေထွက် ကောင်း ...အောင် စနစ်တကျ ပြုလုပ်ထား၏။ လူဝကြီးက မြေအောက်ခန်းကို ...ရှမ်းပြ၍

'' ဒီမြေအောက်ခန်းဟာ ကျုပ်အဘိုးလက်ထက်ကတည်းက ...လုပ်ထားတာဖြစ်တယ်၊ အဘိုးဟာ တူရကီတွေရဲ့ ကျူးကျော်မှုကို ...ခံတဲ့အတွက် မြေအောက်ခန်းမှာ နယ်ချဲ့တွေကို တွန်းလှန်ဖို့ ပြင်ဆင် ...တယ် ''

ဟု ပြောလေရာ ဂျမဒါမင်းထင်က မြေအောက်ခန်းကို မျက်လုံး ...ကြည့်၍

'' ဒီမြေအောက်ခန်းမှာ ကျုပ်တို့အတွက် လုံခြုံမှုရှိရဲ့လား ''

ဟု မေးမြန်းလေ၏။ လူဝကြီးက ခေါင်းညိတ်၍

'' လုံခြုံမှုမရှိရင် ခင်ဗျားတို့ဆီက ပိုက်ဆံမယူဘူး၊ ခင်ဗျားတို့ရဲ့ ...ရေးသောက်ရေးအတွက် ကျုပ်ကပဲ တာဝန်ယူရမှာပဲ၊ ခင်ဗျားတို့ ...ထဲက မထွက်လေ လုံခြုံမှုရှိလေပဲ၊ ဒီအခန်းကို ကျုပ်အသုံးမပြုပေမဲ့ ...ခဏဝင်ပြီး အနားယူလေ့ရှိတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ သူခိုးက ဂျမဒါမင်းထင်ဘက်သို့ လှည့်၍

'' ဒါဆိုရင် ကျုပ်သွားမယ်၊ ခင်ဗျားတို့ဆီကို သုံးရက်တစ်ကြိမ်လောက် အရောက်လာတွေ့မယ် ''

ဟု ပြောကာ အခန်းထဲမှ ထွက်ခွာသွားလေ၏။ လူဝကြီးလည်း အခန်းတံခါးကို ပိတ်ကာ ထိုနေရာမှ ထွက်ခွာသွားလေ၏။

ဂျမဒါမင်းထင်က အခန်းထောင့်ရှိ ဖုံတက်နေသော ထိုင်ခုံတွင် ထိုင်လိုက်ရင်း

'' ကျုပ်တို့ရဲ့ဗိုလ်ချုပ်ကြီးကွေတော့ အခြေအနေကို သိချင်နေတော့မယ်၊ မကြာခင် မေဂျာဝီလျံရဲ့ သဲလွန်စကို ရလိမ့်မယ်လို့ ယုံကြည်တယ် ''

ဟု ပြောလိုက်လေ၏။

၆၀ ဖန်စီ၊ အကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





ထိုအချိန်တွင် ဂျမဒါမင်းထင်တို့၏ အိမ်ရှင်မိန်းမကြီးသည် မျက်စိတစ်ဖက်လပ် ဖရော့ထံသို့ အပြေးအလွှား ရောက်ရှိသွား၏။

သူမသည် မျက်စိတစ်ဖက်လပ်ဖရော့ကို အလွန်အားကိုးသူဖြစ်၏။ တစ်ခါက သူမနှင့် အိမ်ငှားတစ်ဦး ပြဿနာဖြစ်ရာတွင် မျက်စိတစ်ဖက်လပ် ဖရော့က လာဘ်ငွေများစွာကိုယူ၍ အိမ်ငှားအား အိမ်ပေါ်မှဆင်းအောင် ပြုလုပ်ပေးခဲ့၏။

ထို့ကြောင့် သူမသည် မျက်စိတစ်ဖက်လပ်ဖရော့အား တူရကီ ...ချုပ်ကြီးထက် အထင်ကြီး၏။

သူမအိမ်တွင် ငှားရမ်းသူ မြန်မာများသည် ကုလားအုတ် ...င်းကုတ်ထဲတွင် လက်နက်ခဲယမ်းများ သိမ်းဆည်းထား၏။ လက်နက်



www.burmeseclassic.com

www.burmeseclassic.com



ခဲယမ်းကို သူမ မြင်တွေ့သောအခါ အလွန်ထိတ်လန့်သွားပြီး မျက်
တစ်ဖက်လပ်ဖရော့ထံသို့ ရောက်ရှိသွားခြင်းဖြစ်၏။

မျက်စိတစ်ဖက်လပ်ဖရော့သည် မိန်းမကြီးထံမှ အံ့ဩဖွယ်သတင်း
ကို ကြားရသောအခါ မျက်လုံးပြူးသွားပြီး

" ဘာ… ခင်ဗျားအိမ်မှာ ငှားနေတဲ့မြန်မာကုန်သည်တွေဆီမှ
လက်နက်တွေရှိတယ် ဟုတ်လား၊ ခင်ဗျား ဘယ်လိုလုပ်သိတာလဲ
သေချာလို့လား "

ဟု မေးမြန်းလေရာ မိန်းမကြီးက စိတ်လှုပ်ရှားဟန်ဖြင့် ခေါင်း
ညိတ်လိုက်ပြီး

" သေချာပါတယ်၊ ဒီနေ့ သူတို့မရှိတုန်း သော့တူနဲ့ ကုလား
အုတ် တင်းကုတ်ကိုဝင်ပြီး ဂန့်ဂျာတွေယူတုန်း လက်နက်တွေ တွေ့ရတာ
ပါ၊ ဒုက္ခပါပဲရှင်၊ သူတို့ဟာ လူဆိုးတွေများ ဖြစ်နေမလား မသိဘူး "

ဟု ပြောလေ၏။ အိမ်ရှင်မိန်းမကြီးသည် ဂန့်ဂျာဟုခေါ်သော
ဆေးခြောက်များကို ရံဖန်ရံခါ ရောင်းဝယ်သူဖြစ်၏။ မျက်စိတစ်ဖက်လပ်
ဖရော့က မျက်မှောင်ကြုတ်၍

" လက်နက်တွေ ဘယ်လောက်များသလဲ "

ဟု မေးမြန်းလေရာ မိန်းမကြီးက မျက်လုံးပြူး၍

" သေနတ်တွေ အများကြီးပဲ၊ ဒီလူတွေ လူဆိုးတွေဖြစ်လိမ့်
မယ် "

ဟု ပြောလေ၏။ မျက်စိတစ်ဖက်လပ်ဖရော့သည် မျက်လုံးမှေး
မှေးစင်း၍ စဉ်းစားလိုက်ပြီး





" ဒီလူတွေဟာ မြန်မာတွေဖြစ်နေတာ စဉ်းစားစရာပဲ၊ မြန်မာ
တွေဟာ ကျုပ်တို့ မက်ဆိုပိုတေးမီးယားကို လာလေ့မရှိဘူး၊ နောက်ပြီး
တော့ ဒီလူတွေဟာ အာရေဗီစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတာ
သေကာစရာပဲ၊ မြန်မာတွေဟာ ဗြိတိသျှကိုလိုနီဖြစ်နေတော့ ဗြိတိသျှတွေ
နဲ့ ပတ်သက်နိုင်တယ်၊ မြန်မာတွေဆီမှာ လက်နက်တွေ တွေ့တယ်ဆို
တော့ သူတို့ဟာ ဗြိတိသျှစစ်တပ်က ဖြစ်နိုင်တယ် "

ဟု ပြောလေရာ မိန်းမကြီးသည် ပိုမို၍ ထိတ်လန့်သွားပြီး

" ဟင်… ရန်သူစစ်သားတွေကို ကျွန်မအိမ်ငှားထားတယ်ဆိုရင်
ကျွန်မကို ရာဇဝတ်သင့်မလားမသိဘူး "

ဟု အထိတ်တလန့် ပြောလေ၏။ မျက်စိတစ်ဖက်လပ်ဖရော့
သည် မိန်းမကြီး ကြောက်ရွံ့နေမှန်းသိ၍

" ဒါတော့ အလ္လာအရှင်ရဲ့ အလိုတော်အတိုင်းပဲဖြစ်မှာပဲ၊ ဒါပေမဲ့
ဒီလောက်လည်း ပူပင်သောကရောက်မနေပါနဲ့၊ ကျုပ်တစ်ယောက်လုံး
ခင်ဗျားဘက်မှာ ရှိပါတယ် "

ဟု ပြောလေရာ မိန်းမကြီးသည် ရာဇဝတ်သင့်မှာကို အလွန်
ကြောက်ရွံ့သဖြင့် သူမယုံကြည်ကိုးစားသော မျက်စိတစ်ဖက်လပ်ဖရော့
ကို အိမ်ငှား၍ရရှိသော ပိုက်ဆံအားလုံးကို ပေးအပ်လိုက်လေ၏။

မိန်းမကြီးထွက်သွားသောအခါ ဖရော့သည် သူ၏စီးတော်မြင်း
ရှိရာသို့ပြေး၍ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်၏။ ထို့နောက် သူသည်
ဘက်ဒိုးအင်သူပုန်များ ရုံးစိုက်ရာ ခန်းမသို့သွားလေ၏။

ဗက်ဒိုးအင်ခေါင်းဆောင်ကြီးသည် သူ၏ရုံးခန်းထဲသို့ ဝေးပွဲခုံ



www.burmeseclassic.com

www.burmeseclassic.com





ပေါ်သို့ ခြေထောက်တင်၍ တမာဂူကို ရှုရှိုက်ကာ စည်းစိမ်ခံနေလေ၏

မျက်စိတစ်ဖက်လပ်ဖရော့သည် ဇက်ဒိုးအင်ခေါင်းဆောင်ကြီး ဖောစီအတွက် တူရကီကခြေသည်မများကို ခေါ်ယူပေးလေ့ရှိ၏ ဇက်ဒိုးအင်ခေါင်းဆောင်ကြီးဖောစီသည် တဏှာရာဂကြီးသူဖြစ်၍ မျက် တစ်ဖက်လပ်ဖရော့ကို မြင်သောအခါ ဝမ်းသာအားရဖြင့်

" မိန်းမချောလေးတွေရပြီလား ဖရော့ "

ဟု မေးမြန်းလေ၏။

မျက်စိတစ်ဖက်လပ်ဖရော့က တဏှာရာဂကြီးလှသော ခေါင်း





ဆောင်ကြီးကို ရွံရှာဟန်ဖြင့် ကြည့်၍

" အလွန်အရေးကြီးတဲ့ ပြဿနာကြီးတစ်ရပ်ပေါ်နေတယ် ခေါင်းဆောင်ကြီး "

ဟု အစချီကာ မြန်မာစစ်သားများအကြောင်းကို ပြောပြလိုက်လေ၏။ ဇက်ဒိုးအင်ခေါင်းဆောင်ကြီး ဖောစီသည် မြန်မာစစ်သားများအကြောင်းကို ကြားရသောအခါ ရာဂစိတ်များ ပျောက်ကွယ်သွားပြီး တမာဂူကို စားပွဲပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်ပြီး

" ဘာ... မြန်မာစစ်သားတွေ ရောက်နေတယ်ဟုတ်လား၊ ဒီကောင်တွေဘယ်မှာလဲ၊ တူရကီဗိုလ်မှူးကြီးတွေက ဒီမြို့ပေါ်မှာ သူလျှိုတွေ ရောက်နိုင်တယ်၊ သတိထားပါလို့ ငါ့ကို သေသေချာချာမှာထားတယ် "

ဟု ပြောလေရာ မျက်စိတစ်ဖက်လပ်ဖရော့က ဇက်ဒိုးအင် ခေါင်းဆောင်ကြီးကို ကြည့်၍ သက်ပြင်းချလိုက်ပြီး မြန်မာစစ်သားများအကြောင်းကို သေချာစွာ ရှင်းပြလိုက်လေ၏။

ဇက်ဒိုးအင်ခေါင်းဆောင်ကြီးဖောစီသည် ဖရော့၏စကားကို နားထောင်၍ လက်သီးဆုပ်ပြီး

" ဒါဆိုရင် အခုချက်ချင်း မြို့ထဲမှာ ရှာဖွေရေးတွေလုပ်ရမယ်၊ ဗြိတိသျှသူလျှိုတွေ မြို့ထဲရောက်နေတယ်ဆိုရင် တူရကီဗိုလ်မှူးတွေ မီးခဲကို ဖင်နဲ့ထိုင်သလိုဖြစ်မယ် "

ဟု ပြောရင်း ဇက်ဒိုးအင်ခေါင်းဆောင်ကြီးဖောစီသည် အစီစုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဘာဘဲဆရာမြို့ထဲမှာတော့ မင်းလောက်ဘယ်သူမှ မျက်စိကြီးနားကြီးရှိမှာမဟုတ်ဘူး၊ ဒီမှာဖရော့ ရန်သူတပ်သားတွေကို ဖမ်းဆီးမိဖို့အတွက် မင်းရဲ့အကူအညီ အများကြီးလိုတယ် "

ဟု ပြောလေ၏။ မျက်စိတစ်ဖက်လပ်ဖရော့သည် ဇက်ဒိုးအင်ခေါင်းဆောင်ကြီး၏စကားကြောင့် ကျေနပ်သွားပြီး

" ရန်သူစစ်သားတွေကိုမိဖို့ ကျုပ်အစွမ်းကုန်ကူညီပါမယ်၊ စစ်သားတွေမိရင် ကျုပ်ရဲ့ခွမ်းဆောင်မှုကို တူရကီဗိုလ်မှူးကြီးတွေသိအောင် ပြောပြပေးပါ "

ဟု ပြောလေ၏။ ဇက်ဒိုးအင်ခေါင်းဆောင်ကြီးဖောစီသည် ဖရော့၏ အလိုလောဘကြီးမှုကြောင့် မကျေမချမ်းဖြစ်သွားသော်လည်း စိတ်ကိုထိန်း၍

" ကောင်းပြီ၊ တူရကီဗိုလ်ကြီးတွေနဲ့တွေ့ရင် မင်းရဲ့အကူအညီပေးမှုကို ပြောပြပါမယ်၊ လောလောဆယ် မြန်မာစစ်သားတွေကို ရှာဖွေတဲ့အခါ အကူအညီပေးပါ၊ ငါတို့ အချိန်ဆွဲလို့မဖြစ်ဘူး၊ ဒီနေ့ပဲ ရှာဖွေရမယ် "

ဟု ပြောကာ မြန်မာစစ်သားများကို ရှာဖွေရန် အစီအစဉ်များကို တိုင်ပင်ဆွေးနွေးလေတော့၏။

✦✦✦✦✦





ထိုအချိန်တွင် ဂျမဒါမင်းထင်တို့လူစုသည် ခေါင်းလုပ်ငန်း လုပ်ကိုင်သော လူဝကြီး၏မြေအောက်ခန်းတွင် အေးချမ်းစွာရှိနေ၏။

၎င်းတို့အားလုံး တိုက်ပွဲဖြစ်ရန် အချိန်နီးကပ်နေသဖြင့် လက်နက်များကို တိုက်ချွတ်ဆေးကြောနေ၏။

ညနေစောင်းသောအခါ မြေတိုက်ခန်းတံခါးပွင့်လာပြီး မွှေးပျံ့သော အာလူးဟင်းနှင့် ချာပါတီရနံ့ကို ရလေ၏။ မြေအောက်ခန်းသို့ ငွေလင်ဗန်းကလေးပိုက်၍ ဆင်းလာသူမှာ ချောမောလှပသော မိန်းကလေးတစ်ဦး ဖြစ်၏။

ချောမောလှပသော မိန်းမပျိုလေးကို မြင်သောအခါ မိန်းမရှုပ်ရန် အလွန်ဝါသနာထုံသော ဘီလေး၏မျက်နှာသည် များရည်ဆမ်းထားသကဲ့သို့ ချိုမြသွားလေ၏။

ထိုမြင်ကွင်းကိုကြည့်၍ ဖဲသမားမောင်လှိုင်က



www.burmeseclassic.com

www.burmeseclassic.com



" ဘိလေး သတိထားနော်၊ ဒါ မြန်မာပြည်မဟုတ်ဘူး၊ တကျော ရှူး မလုပ်နဲ့ "

ဟု သတိပေးလိုက်ရာ ဘိလေးသည် မောင်လှိုင်ကို မကျေမချမ်း ကြည့်၍ မိန်းမပျိုလေးရှိရာသို့ အပြေးအလွှားသွားကာ သူမ၏လက်ထဲမှ ငွေလင်ဗန်းကို ဆီးကြို၍ ယူလိုက်၏။

ပြီးနောက် ဘိလေးက မိန်းမချောလေးကို မျက်လုံးကျွတ်ကျ မတတ်ကြည့်ရင်း

" ညီမလေးက အစ်ကိုကြီးတို့အတွက် စားစရာလာပို့တာလား ကျေးဇူးတင်လိုက်တာကွယ်၊ အစ်ကိုကြီးတို့က ဗိုက်သိပ်ဆာနေတာ "

ဟု ပြောလိုက်ရာ မိန်းမချောလေးက ဘိလေးကို စကားမတုံ့ ပြန်ဘဲ မျက်စောင်းခဲလိုက်လေ၏။

သို့သော် ဘိလေးမှာ ထိုကိစ္စမျိုးနှင့်ပတ်သက်လျှင် အရှက် အကြောက်ရှိသူမဟုတ်သဖြင့် ပြုံးဖြဲဖြဲမျက်နှာပေးနှင့်

" ဟောဒီက ညီမလေးက အိမ်ရှင်ကြီးရဲ့သမီးလေးလား "

ဟု မေးလိုက်ပြန်၏။ မိန်းမချောလေးသည် ဘိလေးကို စကား မတုံ့ပြန်ဘဲ သူမ၏မျက်နှာကို အုပ်ထားသောအဝတ်စကို တင်းတင်း ဆွဲ၍

" ရှင်တို့စားဖို့ ကျွန်မအမေက ညစာပို့ခိုင်းလိုက်တယ်၊ ရှင်တို့ မှာစရာရှိရင် ကျွန်မနဲ့မှာလိုက်နိုင်တယ် "

ဟု ပြောလေ၏။ ထိုအခါ ဂျူဒါမင်းထင်က ဝင်ရောက်၍ လော လောဆယ် မည်သည့်အရာမျှ လိုအပ်ခြင်းမရှိကြောင်း ပြောလေ၏။







မိန်းမချောလေးသည် ၎င်းတို့စားသောက်ပြီးစီးသောအခါ ငွေလင်ဗန်းနှင့် ပန်းကန်များကိုယူ၍ အပေါ်သို့တက်သွားလေ၏။

မိန်းမချောလေးအပေါ်သို့ ပြန်ရောက်သောအခါ ဘိလေးက သဘောကျဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ဟီ... ဟီ... ဘာဆရာမှာနေရတဲ့ရက်တွေဟာ ခြောက်သွေ့မှု မရှိတော့ဘူး၊ ငါ့အတွက် စိုပြေသွားပြီ "

ဟု ပြောလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က ဘီလေး၏ အမူအရာကို ကြည့်မရဟန်ဖြင့်

" မိန်းမနဲ့ပတ်သက်ရင် ဟန်မဆောင်နိုင်တဲ့ အကျင့်စရိုက်ကို ပြင်စမ်းကွာ၊ မင်းအရှက်မရှိဘူးလား "

ဟု ကြိမ်းမောင်းလေ၏။ ထိုအခါ ဘီလေးက မျက်နှာရှုံ့မဲ့၍

" ဟေ့လူတွေ၊ ခင်ဗျားတို့ ဘုန်းကြီးစာချမလုပ်နဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကတောင် မိန်းမတို့၏အဆင်းသဏ္ဍာန်ကဲ့သို့ ယောက်ျားတို့၏စိတ်နှလုံးကို သိမ်းကျုံးယူငင်နိုင်သော အဆင်းသဏ္ဍာန်မျိုး ဤလောကတွင် ငါဘုရားမြင်တော်မမူလို့ ဟောခဲ့တာပဲ၊ ငါလို လူတစ်ယောက်ဟာ မိန်းကလေးတွေကို ချစ်ခင်နှစ်သက်တာ အပြစ်မရှိပါဘူး "

ဟု ပြောလိုက်ရာ ဗိုလ်သမားမောင်လှိုင်က ဝင်ရောက်၍

" ဟေ့ကောင် တလျှာရှူး၊ ဒါဟာ မြန်မာပြည်မဟုတ်လို့ မင်းကို တားဆီးနေတာကွ၊ ဒီနိုင်ငံမှာရှိတဲ့ မိန်းမတွေအားလုံး ခေါင်းမြီးခြုံထားတယ်၊ မင်းလို တဏှာရူးတစ်ယောက်အတွက် နေရာမရှိဘူး "

ဟု ဝင်ရောက်ပြောဆိုလေ၏။ ထိုအခါ ဘီလေးက မကျေမချမ်းကြည့်၍

" ငါ့အတွက် နေရာရှိတာမရှိတာ မင်းတို့အလုပ်မဟုတ်ဘူး၊ ကောင်မလေးတွေအလုပ်ပဲ၊ ဟဲ... ဟဲ... ခေါင်းမြီးခြုံမလေးတွေနဲ့





ငါဇာတ်လမ်းဖြစ်တော့မှ မင်းတို့ မနာလိုဖြစ်ရမယ်၊ အခြေအနေကို စောင့်ကြည့် "

ဟု ပြောလေ၏။ ဂျူမဒါမင်းထင်သည် စစ်သားများ၏ စကားရည်လုပွဲသို့ ဝင်ရောက်မလာဘဲ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်၍ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေလေ၏။

စစ်သားများသည် ထိုညက ကောင်းစွာ အိပ်စက်နိုင်လေ၏။

နောက်တစ်နေ့နံနက်တွင် အခန်းပိုင်ရှင်လူဝကြီး မြေအောက်ခန်းအနီးသို့ ရောက်ရှိလာပြီး သူတို့အားလုံးကိုကြည့်ကာ

" ခင်ဗျားတို့ဟာ တကယ့်ပြဿနာကောင်တွေပဲ "

ဟု ပြောလေ၏။ ဂျူမဒါမင်းထင်က သက်ပြင်းချ၍

" ကျုပ်တို့ကို ဇက်ဒိုးအင်တွေ မြေလှန်ရှာနေပြီထင်တယ် "

ဟု ပြောလေရာ လူဝကြီးက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဇက်ဒိုးအင်တွေ တစ်မြို့လုံး မြေလှန်ရှာနေပြီ။ ခင်ဗျားတို့ဟာ ဗြိတိသျှစစ်တပ်က စစ်သားတွေလို့ ပြောနေတယ်၊ ဟုတ်လား "

ဟု မေးမြန်းလေ၏။ ဂျူမဒါမင်းထင်က သက်ပြင်းချ၍

" ကျုပ်တို့ ဘယ်သူတွေပဲဖြစ်ဖြစ် ခင်ဗျားသိဖို့မလိုဘူး၊ ခင်ဗျားလိုအပ်တဲ့အခကြေးငွေကို ကျုပ်တို့ ပေးသွားပြီးပြီ "

ဟု ပြောလိုက်ရာ အိမ်ရှင်လူဝကြီး၏မျက်နှာ ရှုံ့မဲ့သွားပြီး

" ခင်ဗျားတို့ မပြောရင်လည်း ကျုပ်မမေးတော့ပါဘူး၊ ဒါပေမဲ့ ဒီအချိန်ကစပြီး ခင်ဗျားတို့ မြေဟိုက်ထဲက ထွက်ဖို့မကြိုးစားပါနဲ့၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေပြီ ''

ဟု ပြောကာ မြေတိုက်ခန်းအပေါ်ထပ်သို့ ပြန်တက်သွားလေ၏။ လူဝကြီး ပြန်တက်သွားသောအခါ ဂျူမဒါမင်းထင်က

'' အိမ်ရှင်မိန်းမကြီးဟာ ကုလားအုတ်တင်းကုတ်ထဲမှာ လက်နက်တွေ့တဲ့ကိစ္စကို ဗက်ဒိုးအင်တွေကို အသိပေးလိုက်လိမ့်မယ် ''

ဟု ပြောလေရာ တရုတ်လူရှုပ်ဟုတ်စိန်က သက်ပြင်းချ၍

'' ဒါဆိုရင် ကျုပ်တို့ဟာ ဗြိတိသျှစစ်တပ်ကဆိုတာ ဗက်ဒိုးအင်တွေ ရိပ်စားမိသွားပြီပေါ့ ''

ဟုပြောလေ၏။

ဂျူမဒါမင်းထင်က ခေါင်းညိတ်၍

'' သေချာတယ်၊ ကျုပ်တို့ကို စစ်သားတွေဆိုတာ ရိပ်မိသွားပြီ၊ ကျုပ်တို့အနေနဲ့ မေဂျာဝီလျံကို ကယ်တင်ဖို့ ပိုခက်သွားပြီ၊ ကျုပ်တို့ မေဂျာဝီလျံကို ကယ်တယ်ဖို့ရောက်လာတယ်ဆိုတာ ဗက်ဒိုးအင်တွေ ရိပ်မိသွားလောက်ပြီ၊ ဒါ့ကြောင့် ရှေ့ဆက်ပြီး ကျုပ်တို့မှာ အခွင့်အလမ်း နည်းသထက်နည်းသွားပြီ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ မေဂျာဝီလျံကို ကယ်တင်ဖို့ ကြိုးစားရမှာပဲ၊ ဗြိတိသျှစစ်တပ်အနေနဲ့ မေဂျာဝီလျံကို ကယ်တင်ဖို့ အလွန်အရေးကြီးနေတယ်၊ ဗက်ဒိုးအင်တွေ တောင်းဆိုတဲ့ ရွှေဒင်္ဂါးတစ်သောင်းကိုပေးပြီး မေဂျာဝီလျံကို ရွေးလိုက်ရင်လည်း ဗြိတိသျှတွေအနေနဲ့ မက်ဆိုပိုတေးမီးယားမှာ ခေါင်းမဖော်နိုင်အောင် သိက္ခာကျမှာသေချာတယ် ''

ဟုရှင်းလင်းပြလေ၏။ ထိုအခါ ဖဲသမားမောင်လှိုင်က မျက်မှောင်





ကြုတ်၍

'' ကျုပ်တို့ရဲ့အခြေအနေတိုးတက်မှုကို ဗြိတိသျှဗိုလ်ချုပ်ကြီးတွေ သိချင်နေလိမ့်မယ် ''

ဟုပြောလေ၏။ ဂျူမဒါမင်းထင်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ဒါပေမဲ့ ဗြိတိသျှတွေရဲ့ တစ်ဦးတည်းသော အဆက်အသွယ်ဖြစ်တဲ့ အာမက်လိုလူတောင် ဗက်ဒိုးအင်တွေရဲ့အသတ်ကို ခံလိုက်ရပြီပဲ၊ ကျုပ်တို့ဘယ်လိုလုပ် အဆက်အသွယ်လုပ်လို့ရမှာလဲ ''

ဟုပြောလေ၏။ ထိုအခါ ဘိလေးဆိုသော စစ်သားက သက်ပြင်းချ၍

'' ကျုပ်တို့အခြေအနေက တိုးတက်မှုမရှိသေးဘူး၊ အခုလို မြေအောက်ခန်းလေးထဲမှာ ဘယ်နှစ်ရက်ပုန်းနေရမှာလဲ ''

ဟုမေးမြန်းလေ၏။ ဂျူမဒါမင်းထင်က မျက်မှောင်ကြုတ်၍

'' ကျုပ်အထင်တော့ အခြေအနေက အရင့်ကနဲ့မတူတော့ဘူး၊ ဗက်ဒိုးအင်တွေဘက်ကလည်း လှုပ်လှုပ်ရှားရှားဖြစ်နေပြီ၊ ငြိမ်သက်နေတာ ထင်စာရင် လှုပ်လှုပ်ရှားရှားဖြစ်နေတာကို ပိုကြိုက်တယ်၊ ငြိမ်ငြိမ်သက်သက် ဖြစ်နေတဲ့ပစ်ကွင်းထက် လှုပ်ရှားနေတဲ့ပစ်ကွင်းက ပိုပြီး အားနည်းချက်ကို ရှာရတာပိုလွယ်တယ်၊ ဒီအချိန်မှာ ကျုပ်တို့နဲ့ ဗက်ဒိုးအင်တွေနဲ့ ပညာပြိုင်ခန်းက စနေပြီ ''

ဟုပြောလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်က လက်သီးဆုပ်၍

'' ဗက်ဒိုးအင်တွေကိုလည်း လျော့တွက်လို့မရဘူးနော် ဂျူမဒါ ''

ဟုပြောလေရာ ဂျူမဒါမင်းထင်က ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" သိပ်ဟုတ်တာပေါ့။ ဗက်ဒိုးအင်တွေဟာ သဲကန္တာရကြွက်တွေပဲ၊ သူတို့ဟာ ကမ္ဘာပေါ်မှာ သဲကန္တာရ အကျွမ်းဆုံးပုဂ္ဂိုလ်တွေပဲ၊ သူတို့နဲ့ယှဉ်ပြိုင်ဖို့ ကျုပ်တို့ အစွမ်းကုန် ကြိုးစားရမယ်၊ အန္တရာယ်တွေတော့ အများကြီးရှိတယ် "

ဟုပြောလေရာ ဘီလေးဆိုသောစစ်သားက လက်သီးဆုပ်၍

" ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကတော့ ဂျမဒါနဲ့ တိုက်ပွဲဝင်ရမှာကတော့ ဘယ်လိုရန်သူမျိုးကိုမဆို ရင်ဆိုင်ဝံ့တယ်ဗျာ "

ဟု အားတက်သရောပြောလေ၏။ ဂျမဒါမင်းထင်သည် အခန်းထောင့်ရှိ လေဝင်ပေါက်ရှိရာသို့ လျှောက်သွားပြီး

" ကျုပ်လည်း ခင်ဗျားတို့လို အရည်အချင်းရှိတဲ့ လူစွမ်းကောင်းတွေနဲ့ တိုက်ပွဲဝင်ရမယ်ဆိုရင် ယမမင်းကြီးနဲ့တောင် တိုက်ပွဲဝင်ရဲပါတယ် "

ဟုပြောလေ၏။

▲▲▲▲▲





မျက်စိတစ်ဖက်လပ်ဖရော့သည် ဘာဆရာမြို့မြေပုံကြီးကို စားပွဲ[illegible]ပေါ်တွင်တင်၍ တမာဂူကို အားပါးတရ ရှူရှိုက်နေ၏။

သူ၏အနီးတွင် အငယ်ဆုံးမယားက စွန်ပလွံသီးများကို ကိုက်ဝါး[illegible] စောင့်ကြည့်နေ၏။

ဖရော့သည် သူ၏ တမာဂူကို ချလိုက်ပြီး မယားဖြစ်သူဘက်သို့ [illegible]၍

" ဒီကောင်တွေရဲ့ အရိပ်အယောင်တောင် မတွေ့ရသေးဘူး [illegible] "

ဟုမေးမြန်းလိုက်လေ၏။ မယားဖြစ်က ခေါင်းခါယမ်း၍

" သူတို့ဘယ်မှာ ပုန်းနေသလဲမသိဘူး၊ တစ်နေကုန်ရှာဖွေနေ[illegible] အရိပ်အယောင်တောင် မတွေ့ရဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဟုဖြေဆိုလိုက်လေရာ မျက်စိတစ်ဖက်လပ်ဖရော့သည် အလွန်ဒေါသူပုန်ထသွားပြီး စားပွဲကို လက်သီးဖြင့်ထု၍

" ဒီလိုမဖြစ်နိုင်ဘူးကွ၊ ရှာတဲ့လူတွေညံ့လို့ပဲဖြစ်မယ်၊ ဒီကောင်တွေက အာရှတိုက်က မြန်မာတွေ၊ အာရေဗျက အာရပ်တွေမဟုတ်ဘူး မက်ဆိုပိုတေးမီးယားမှာ ပုန်းကွယ်ဖို့မဖြစ်နိုင်ဘူး၊ မင်းရဲ့တပည့်တွေ အသုံးမကျလို့ဖြစ်မယ် "

ဟုအပြစ်တင်လိုက်လေ၏။ ဖရော့၏ အငယ်ဆုံးမယားသည် ဒုစရိုက်လုပ်ငန်းများ လုပ်ကိုင်ရန် ဝါသနာထုံသူဖြစ်၏။

သူမသည် လင်ဖြစ်သူ မျက်စိတစ်ဖက်လပ်ဖရော့က အသားလွှတ်ဆူပူနေသဖြင့် ဒေါသူပုန်ထသွားပြီး ပခြုပ်ထဲရှိ မြွေဟောက်ကို ကျင်လည်စွာ ဖမ်းကိုင်၍

" ဒီမှာ ကျွန်မလဲ အစွမ်းကုန်ကြိုးစားနေတာပဲ၊ ရှင်တို့ရှာနေတဲ့ မြန်မာတွေဟာ နယ်နယ်ရရတွေမဟုတ်ဘူး ဗြိတိသျှစစ်တပ်က လက်ရွေးစင် ကွန်မန်ဒိုတွေ၊ သူတို့ကို ဗက်ဒိုးအင်တွေအနေနဲ့ လွယ်လွယ်ကူကူ ရှာဖွေနိုင်မယ်ထင်သလား၊ ဒီလူတွေကို လျှော့တွက်လို့မရဘူး၊ ဘာဆရာ မြို့တစ်မြို့လုံးပိတ်ပြီး ဝိုက်စိတ်တိုက်ရှာနေတာတောင် ဒီလူတွေရဲ့သဲလွန်စကို မရနိုင်သေးဘူး "

ဟု ပြန်လည်အော်ဟစ်လိုက်လေ၏။ မျက်စိတစ်ဖက်လပ်ဖရော့သည် မြွေကို အလွန်ကြောက်သူဖြစ်သဖြင့် အနောက်သို့ဆုတ်လိုက်ပြီး

" မင်းရဲ့မြွေကြီးကို ပခြုပ်ထဲကို ပြန်ထည့်ထားစမ်းပါ၊ အသည်း







သားလွန်းလို့၊ ဒီမှာ မြန်မာကွန်မင်ဒိုတွေကို မတွေ့ရင် ငါ့ကို ဗက်ဒိုးအင်ခေါင်းဆောင်တွေက အထင်သေးတော့မှာကွ၊ ဒီမြို့မှာ ငါ့ရဲ့ဩဇာ သိပ်အရေးကြီးတယ် "

ဟု ပြောလေရာ ဖရော့၏မယားက မြွေကို ပခြုပ်ထဲသို့ ပြန်ထည့်လိုက်ပြီး

" ဒါကို ကျွန်မသဘောပေါက်ပါတယ်၊ ဒါပေမဲ့ ရှင့်ရဲ့ရန်သူတွေက မြန်မာလူစွမ်းကောင်းတွေရှင့်၊ သူတို့ကို လွယ်လွယ်ကူကူ ရှာမတွေ့နိုင်ဘူး၊ နောက်ပြီးတော့ ကျွန်မအထင်ပြောရရင် ဘာဆရာမှာ သူတို့ကို ကူညီပေးတဲ့သူရှိနိုင်တယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ မျက်စိတစ်ဖက်လပ်ဖရော့သည် စားပွဲခုံကို လက်ဖြင့်ထုလိုက်ပြီး

" ဟုတ်ပြီ၊ သူတို့ကို အိမ်မှာဖမ်းမိကာနီး လက်မတင်လေး လွတ်သွားကတည်းက ငါသံသယရှိနေတာကွ၊ ဘာဆရာမှ သူတို့ကို ဘယ်သူတွေကူညီနိုင်မှာလဲ၊ တော်တော်အံ့ဩဖို့ကောင်းတယ် "

ဟု ရေရွတ်ရင်း ဖရော့သည် သူ၏မိန်းမ၏လှပသော ကိုယ်လုံးကို အကြည့်ရောက်သွားလေ၏။

သူ၏အငယ်ဆုံးမယားသည် အလွန်တပ်မက်ဖွယ်ကောင်း၏။ သူ့အား ပြုစုယုယမှုလည်း အကျွမ်းကျင်ဆုံးဖြစ်၏။ ထို့ကြောင့် ဖရော့၏ စိတ်များလှုပ်ရှားလာပြီး မယားဖြစ်သူ၏ပခုံးကို ဖက်ကာ အိပ်ခန်းထဲသို့ ဝင်ခဲ့လေ၏။





ဂျူမဒါမင်းထင်တို့လူစုသည် မြေအောက်ခန်းတွင် အေးဆေးစွာရှိနေ၏။

နေ့လယ်စာ စားသောက်ချိန်သို့ရောက်လျှင် လူဝကြီး၏သမီးသည် စားသောက်ဖွယ်ရာများကို ငွေလင်ဗန်းနှင့်ထည့်ကာ ရောက်ရှိလာပြန်၏။

ဘီလေးသည် မိန်းမလှလေးကို မြင်သောအခါ ထုံးစံအတိုင်း အရှက်မရှိသော မျက်နှာပေးနှင့် စကားများကို ရေပက်မဝင်အောင် ပြောဆိုနေလေ၏။

မိန်းမလှလေးသည် ဘီလေး၏အရှက်ကင်းမဲ့မှုများကြောင့် အနည်းငယ်ရဲတင်းလာပြီး မျက်စောင်းထိုး၍



'' ရှင်ဟာ အတော်စကားပြောနိုင်တဲ့လူပဲ၊ သူများ ပြောချင်မှန်း မသိ မပြောချင်းမှန်းပသိ၊ လိုက်ပြောနေတာပဲ ''

ဟု ပြောလိုက်ရာ ဘီလေးသည် အတွေ့အကြုံများသူပီပီ မိန်းမလှ လေး မိမိဘက်ကို ပါနေမှန်းသိသဖြင့်

'' ကိုယ်ဟာ စကားအလွန်များတဲ့လူလို့ မင်းအထင်မှားနေတာ ကို၊ တကယ်တော့ ကိုယ်ဟာ နိုင်ငံပေါင်းစုံကို ရောက်ဖူးပေမဲ့ မင်းလောက် ချောမောလှပပြီး ဆွဲဆောင်အားကောင်းတဲ့မိန်းကလေးကို မမြင်ဖူးဘူး၊ မင်းရဲ့အလှဟာ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမှာမှမရှိတဲ့အလှပဲ မျက်လုံးလေးတွေက ကြယ်စင်လေးတွေလို ရွှန်းလဲ့နေတယ်၊ အသား အရည်ကလည်း နို့နှစ်ရောင်လို ဝင်းပနေတယ်၊ ကိုယ်လုံး ကိုယ်ပေါက် ကလည်း အလှဘုရင်မ ကလီယိုပါထရာတောင် အရှုံးပေးရလောက်





တယ် ''

ဟု မဟုတ်မဟတ် လုပ်ဇာတ်ခင်း၍ မြှောက်ပင့်လိုက်ရာ မိန်းမလှ လေးသည် ဘီလေး၏စကားများကို အလွန်သာယာသွားလေ၏။

ဘီလေး၏ ကောက်ညှင်းချိတ်ကဲ့သို့ မည်းမှောင်နေသော အသားအရည်ကိုလည်း အညိုရောင်သန်းလာသည်ဟု ထင်မြင်လာ၏။

ဘီလေး၏ အလွန်ပွသော နှာခေါင်းကြီးကိုလည်း အာရပ်အမျိုး သားများကဲ့သို့ ရှည်လျားသော နှာခေါင်းရှိသူဟု ထင်မြင်လာ၏။ ထို့ကြောင့် အစားအသောက်ပို့ချိန်မဟုတ်တဲ မကြာခဏ အကြောင်းမရှိ အကြောင်းရှာ၍ အောက်ထပ်သို့ ဆင်းလာလေ၏။

ဘီလေးသည် မိန်းမလှလေး မကြာခဏ အောက်သို့ဆင်းလာ သဖြင့် အလွန်ကျေနပ်နေပြီး

'' ဇက်ဒိုးအင်ရော၊ တူရက်ရော ကြိုက်တဲ့ကောင်လာပေတော့၊ မကြောက်တော့ဘူး၊ ငါ့မှာ အင်အားတွေရှိနေပြီ ''

ဟု မောင်လှိုင်တို့ မကျေနပ်အောင် ပြောလေ၏။ တရုတ်လူရှုပ် ဘုတ်စိန်က နှာခေါင်းရှုံ့၍

'' ဘီလေးလိုကောင်ရဲ့စကားကို နားယောင်မိရင် ကောင်မလေး တော့ ခက်တော့မယ်၊ ဘီလေးက လျှာအရိုးရှိတဲ့ကောင်မဟုတ်ဘူး ''

ဟု ပြောလေ၏။ မည်သို့ပင်ဖြစ်စေ ဘီလေးသည် မိန်းမလှလေး ကို မြေတိုက်ခန်းသို့ မကြာခဏ ဆင်းသက်လာအောင် သွေးဆောင် နိုင်ခဲ့၏။

ထိုနေ့ညသို့ရောက်သောအခါ အတွေ့အကြုံမရှိသော မိန်းမလှ



www.burmeseclassic.com

www.burmeseclassic.com





လေးသည် ဘီလေးနှင့် တ်တ်တဆိတ်တွေ့ဆုံရန် မြေတိုက်ခန်း၏ မှောင်ရိပ်ကျသော အခန်းထောင့်လေးသို့ ရောက်လာ၏။

ဘီလေးသည် မှုံဝိုးဝိုးဝါး သားကောင်ကို တဖြည်းဖြည်း သိမ်း





သွင်းရန် ကြံစည်နေ၏။ သူသည် နူးညံ့သောအထိအတွေ့များဖြင့် မိန်းမလှလေးကို ကာမလှောင်အိမ်ထဲသို့ သိမ်းသွင်းရန် ကြံစည်နေ၏။ ထိုစဉ် ခြေသံများရှိရာမှ မီးအိမ်ကလေး လင်းလက်လာသဖြင့် မိန်းမလှလေးကို အပေါ်ထပ်သို့ ပြန်လွှတ်လိုက်ရလေ၏။

မိန်းမလှလေး အပေါ်သို့ရောက်သောအခါ ဘီလေး၏အခန်းသို့ လူတစ်ဦးရောက်လာ၍ ကြည့်လိုက်ရာ ဂျူဒါမင်းထင်ဖြစ်ကြောင်း တွေ့ရ၏။

ဂျူဒါမင်းထင်က ဘီလေးကိုကြည့်၍

" ဘာဆရာမှာနေတုန်း မိန်းမတွေနဲ့ လွန်လွန်ကျူးကျူးဖြစ်ဖို့ မကြိုးစားပါနဲ့၊ ကိုယ့်ကိုယ်ကို ထိန်းပါ၊ မထိန်းနိုင်ရင် အိမ်ရှင်လူကြီးနဲ့ ကျုပ်တို့ ပြဿနာပေါ်လိမ့်မယ်."

ဟု ပြောလိုက်ရာ ဘီလေးသည် ဂျူဒါမင်းထင်ကို လေးစားသူဖြစ်၍ ခေါင်းငုံ့လိုက်ပြီး

" ကျုပ်မှားသွားတယ် ဂျူဒါ၊ ကျုပ်ကို ပေးချင်တဲ့အပြစ်ပေးပါ "

ဟု တောင်းပန်လေ၏၊ ဂျူဒါမင်းထင်က သက်ပြင်းချ၍

" ရန်သူ့နယ်မြေမှာရောက်နေတုန်း အပြစ်ပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ခင်ဗျားကို ဒီတစ်ခါ နောက်ဆုံးအနေနဲ့ သတိပေးတာပါ၊ မိန်းမကလေးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေချင်နေပါ ဒါပေမဲ့ လွန်လွန်ကျူးကျူး နေထိုင်ဖို့ မကြိုးစားပါနဲ့၊ နောက်ပြီးတော့ မိန်းကလေးတစ်ယောက်ကို ထက်မထပ်ဘဲ လွန်ကျူးဖို့ကြိုးစားတာ ယောကျ်ားကောင်း မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ အပြုအမူမဟုတ်ဘူး ''

ဟု ပြောလိုက်ရာ ဘီလေးသည် ဂျမဒါမင်းထင်ကို အကြိမ်ကြိမ် တောင်းပန်၍ မိန်းကလေးများနှင့် လွန်လွန်ကျူးကျူး မနေတော့ပါဟု ကတိပေးလေ၏။

ထိုညက ဂျမဒါမင်းထင်သည် သူ၏အိပ်ရာသို့ ပြန်လည်ရောက်ရှိ သွားပြီး အိပ်စက်ရန်ကြိုးစားသော်လည်း ဘီလေးကမှု ရှက်ရွံ့စိတ် ကြောင့် အိပ်မပျော်တော့ချေ။

ဂျမဒါမင်းထင်၏ ဆုံးပုံကြိမ်းမောင်းမှုကို သူ၏ရဲဘက်သူငယ်ချင်း များ အားလုံး သိရှိပေလိမ့်မည်။

♟ ♟ ♟ ♟ ♟

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊အဘောကလမ်း၊ကျောက်မြောင်း၊ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





နောက်တစ်နေ့နံနက်တွင် ဂျမဒါမင်းထင်သည် အိပ်ရာမှနိုးသည် နှင့် လေ၀င်ပေါက်သံတိုင် များကို စစ်သုံးဓားမြှောင်နှင့် နဲ့နေ၏။ ဂျမဒါ မင်းထင်၏ အပြုအမူကြောင့် စစ်သားများက မေးမြန်းလေရာ ဂျမဒါ မင်းထင်က

'' အိမ်ရှင်လူ၀ကြီးမသိအောင် ကျုပ်အပြင်ကို ခဏထွက်ချင် လို့၊ ကျုပ်တို့ မြေအောက်ခန်းထဲမှာ ပဲ နေဘာကြာပြီ၊ ကျုပ်တို့ကို ကြည့်ရ တာ တွင်းအောင်းသတ္တဝါတွေနဲ့တူနေပြီ ''

ဟု ပြောလေ၏။ တရုတ်လူရုပ်ဟုတ်စိန်က ဝင်ရောက်၍

'' ဂျမဒါ လူ၀ကြီးကို သံသယရှိနေတယ် မဟုတ်လား ''

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" လူဝကြီးကို ပထမရက်တွေတုန်းကတော့ ယုံကြည်ပါတယ်၊ ဒါပေမဲ့ မနေ့ညကစပြီး လူဝကြီးကို သံသယရှိတယ်၊ သူ့ကို စောင့်ကြည့်ရမယ်၊ ကျုပ်တို့မိတ်ဆွေကြီး စောရလည်း ကျုပ်တို့ကို လာမဆက်သွယ်ဘူး၊ သူပျောက်နေတယ် "

ဟု ပြောလေ၏။ ထို့နောက် ဂျူမဒါမင်းထင်သည် စစ်သုံး ဓားမြှောင်ဖြင့် လေဝင်ပေါက်သံတိုင်များကို နှံ့လေရာ မကြာမီ သံတိုင်များကို ဖြုတ်၍ ခြဝင်းထဲသို့ ဝင်ထွက်နိုင်ကြောင်း တွေ့ရ၏။

ထိုအခိုက်မှာပင် လူဝကြီး၏သမီး မိန်းမလှလေး ရောက်လာပြီး မနက်စာများကို ငွေလင်ဗန်းနှင့်ပို့ဆောင်ပေးလေ၏။ ဘီလေးသည် ဂျူမဒါမင်းထင်က ရင်းကို ဆူပူထားသောကြောင့် မိန်းမလှလေးကို စကားစရန် မကြိုးစားဘဲ အိပ်စက်ချင်ဟန်ဆောင်နေ၏။

မိန်းမလှလေး မြေအောက်ခန်းမှ ပြန်လည်ထွက်ခွာသွားသောအခါ ဂျူမဒါမင်းထင်က သံတိုင်များကို ပြုတ်၍ ခြဝင်းထဲသို့ ခိုအွဲတက်သွား၏။

စစ်သားများသည် ရင်တထိတ်ထိတ်နှင့် ကျန်ရစ်ခဲ့လေ၏။ ဂျူမဒါမင်းထင်သည် အတန်ကြာသည်အထိ ရောက်မလာချေ။ ညနေစောင်းသောအခါမှပင် ခြတိုင်ပေါက်များကို တိုးဝှေ၍ ပြန်လည်ရောက်ရှိလာပြီး

" ကျုပ်တို့ ဒီနေ့ရောက အမြန်ဆုံး ထွက်မှဖြစ်မယ်၊ အန္တရာယ်တွေ ဝိုင်းနေပြီ၊ အိမ်ရှင်လူဝကြီး သစ္စာဖောက်ပြီး ဘက်ဒိုးအင်တွေကို သတင်းသွားပို့နေပြီ "

ဟု ပြောလေရာ စစ်သားများသည် လူဝကြီးကို ဒေါသထွက်





ထသွားလေ၏။

ဖဲသမားမောင်လှိုင်က လက်သီးဆုပ်၍

" ဒီလူကြီး သစ္စာမရှိဘူး၊ ကျုပ်တို့ဆီက ပိုက်ဆံတွေကိုယူတယ်၊ ကျုပ်တို့ကိုလည်း သစ္စာဖောက်တယ်၊ ဒီလူကြီးကိုသတ်မယ် "

ဟု ကြုံးဝါးလေ၏။ ဂျူမဒါမင်းထင်က သက်ပြင်းချ၍

" တကယ်တော့ သစ္စာမရှိတာ အိမ်ရှင်လူဝကြီးမဟုတ်ဘူး ကျုပ်တို့လူဗျ "

ဟု ပြောလေရာ သူတို့အားလုံး မျက်လုံးပြူးသွားလေ၏။ ထရက်တ် လူရှုပ်ဟုတ်စိန်က ဂျူမဒါမင်းထင်ကို နားမလည်ဟန်ဖြင့် ကြည့်၍

" ကျုပ်တို့သစ္စာမရှိဘူး ဟုတ်လား၊ ဘယ်သူသစ္စာမရှိတာလဲ "

ဟု မေးမြန်းလေ၏။ ဂျူမဒါမင်းထင်က ဘီလေးကိုကြည့်၍

" ဘီလေးက ညတုန်းက လူဝကြီးသမီးကို ချိန်းတွေ့တယ်၊ ဒီအကြောင်းကို လူဝကြီးသိတော့ ဒေါသူပုန်ထပြီး ကျုပ်တို့သတင်းကို ဘက်ဒိုးအင်တွေကို သွားပေးတာပဲ "

ဟု ပြောလေ၏။ ဂျူမဒါမင်းထင်၏စကားကြောင့် ဘီလေးသည် အပြစ်ရှိဟန်ဖြင့် ခေါင်းကိုငုံ့လိုက်လေ၏။ စစ်သားများအားလုံး ဘီလေးကို မကျေမချမ်းကြည့်ကြ၏။

တရုတ်လူရှုပ်ဟုတ်စိန်က ဘီလေးကိုကြည့်၍ ဒေါသတကြီးဖြင့်

" ဘီလေး... ဘီလေး... ငါအတန်တန်တားထားရက်နဲ့ မိန်းကလေးကို ကျူးလွန်ဖို့ကြိုးစားရသလားကွာ၊ အခုတော့ မင်းအတွက်ကြောင့် ငါတို့အားလုံး ဒုက္ခရောက်ကုန်ပြီ "



www.burmeseclassic.com

ဟု အပြစ်တင်လေ၏။ စစ်သားများအားလုံး ဘိလေးကို ဝိုင်းဝန်း အပြစ်တင်လေ၏။

ဂျမဒါမင်းထင်က အားလုံးကို လက်ကာပြ၍

" တော်ပြီ၊ အားလုံးရပ်ကြ၊ အပြစ်တင်နေရင် ပြီးတော့မှာ မဟုတ် ဘူး၊ ကျုပ်တို့ပြေးရတော့မယ်၊ အချိန်မရှိတော့ဘူး၊ ညကကိစ္စကို ကျုပ် မသင်္ကာလို့ အိမ်ပေါ်ကိုသွားကြည့်တော့ အိမ်ပေါ်ထပ်က အခန်းထဲမှာ လူဝကြီးက သူ့သမီးကို ဆူနေတာ တွေ့ရတယ်၊ လူဝကြီး ဟာ ကျုပ်တို့လူစုကို အလွန်မကျေမချမ်းဖြစ်ပြီး ဗက်ဒိုးအင်တွေကို သတင်းပေးဖို့ ထွက်သွားတယ်၊ ဗက်ဒိုးအင်တွေက မြန်မာစစ်သားတွေ ကို သတင်းပေးနိုင်ရင် ဆုငွေပေးမယ်လို့ ကြော်ငြာထားတယ် "

ဟု ပြောလေရာ မြန်မာစစ်သားများသည် အထုပ်အပိုးများကို သိမ်း၍ မြေအောက်ခန်းမှ ထွက်ပြေးရန် ကြိုးစားလေ၏။

♟ ♟ ♟ ♟ ♟

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်...

မင်းမြတ်သူရ

အမှတ်-၇၊အသောကလမ်း၊ကျောက်မြောင်း၊ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





မျက်စိတစ်ဖက်လပ်ဖရော့သည် လူဝကြီးပေးသောသတင်းကို ...ဖြင့် အလွန်စိတ်လှုပ်ရှားသွားပြီး

" ဘာ... မြန်မာတွေ ခင်ဗျားရဲ့အိမ်မှာရှိတယ်ဟုတ်လား၊ ...ား ကျုပ်ကို လာပြီးနောက်ပြောင်နေတာလား "

ဟု အော်ဟစ်လိုက်လေ၏။ လူကြီးက ခေါင်းခါယမ်း၍

" ကျုပ်ဘာလို့နောက်ရမှာလဲ၊ မြန်မာစစ်သားတွေ ကျုပ်ရဲ့ ...အောက်ခန်းမှာရောက်နေတာ အသေအချာပဲ၊ ခင်ဗျားမယုံရင် လိုက် ...ည့် "

ဟု စိန်ခေါ်လိုက်လေ၏။

ထိုအခါ မျက်စိတစ်ဖက်လပ်ဖရော့က လူဝကြီးကို မသင်္ကာသော

www.burmeseclassic.com



အမူအရာဖြင့် ကြည့်၍

" နေပါဦး၊ ခင်ဗျားက မြန်မာစစ်သားတွေကို ဖွက်ပေးထားတာလား "

ဟု မေးမြန်းလေ၏။ လူဝကြီးသည် ထိုသို့မေးမြန်းနိုင်ကြောင်း ကြိုတင်တွက်ဆထားပြီးဖြစ်၏။ ထို့ကြောင့် အမူအရာမပျက်စေဘဲ

" ကျုပ်က အာရပ်တစ်ယောက်ဗျ၊ သစ္စာမရှိတဲ့အလုပ်ကို ဘာဖြစ်လို့ လုပ်ရမှာလဲ၊ မြန်မာစစ်သားတွေ ကျုပ်အိမ်ထဲ အတွင်းဝင်လာပြီး မြေအောက်ခန်းမှာ ပုန်းအောင်းနေတာဗျ "

ဟု ပြောလေ၏။ မျက်စိတစ်ဖက်လပ်ဖရော့သည် အလွန်လည်ဝယ်သူတစ်ဦးဖြစ်၍ လူဝကြီး၏စကားကို ယုံကြည်ခြင်းမရှိချေ။

လူဝကြီးသည် လူသေအခေါင်းလုပ်ငန်းကို လုပ်ကိုင်သော်လည်း ဘာဆရာမြို့တွင် လောဘအကြီးဆုံးလူကြီးတစ်ဦး ဖြစ်၏။

သို့သော် လူဝကြီးကို အပြစ်တင်နေလျှင် အရေးကြီးသော ရန်သူများ လွတ်မြောက်သွားနိုင်သဖြင့် ဗက်ဒိုးအင်သူပုန်များအား မြန်မာစစ်သားများ ဖမ်းဆီးနိုင်ရန် ပြင်ဆင်ခိုင်းလိုက်၏။

ထို့နောက် မျက်စိတစ်ဖက်လပ်ဖရော့သည် ဗက်ဒိုးအင်များကို ခေါင်းဆောင်၍ လူဝကြီး၏အိမ်သို့ ချီတက်ခဲ့လေ၏။ လက်နက်ကိုင် ဗက်ဒိုးအင်များကို မျက်စိတစ်ဖက်လပ်ဖရော့က ခေါင်းဆောင်ပြီး ချီတက်သွားကြသဖြင့် မြို့သူမြို့သားများသည် ထူးဆန်းဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေ၏။

ဖရော့သည် လူအများကြောက်ရွံ့သော ဗက်ဒိုးအင်များကို





ခိုမိက ခေါင်းဆောင်ပြီး ချီတက်ရသဖြင့် သူ၏ဂုဏ်သိက္ခာတက်ပြီဟု ယူဆကာ အပျော်ကြီးပျော်နေလေ၏။

ဤသို့ဖြင့် မျက်စိတစ်ဖက်လပ်ခေါင်းဆောင်သော ဗက်ဒိုးအင်များ လူဝကြီးအိမ်ရှေ့သို့ရောက်သောအခါ ဖရော့က အပျော်အမြင်ရှိသော စစ်ခေါင်းဆောင်၏အမူအရာဖြင့်

" ကျုပ်နဲ့အတူ လူတစ်ဝက်ပဲလိုက်ခဲ့ကြပါ၊ ကျန်တဲ့လူတွေ အိမ်ပတ်ဝန်းကျင်မှာ ပုန်းအောင်းပြီး စောင့်နေကြ "

ဟု အမိန့်ပေးလိုက်လေ၏။ ဗက်ဒိုးအင်များသည် မျက်စိတစ်ဖက်လပ်၏ အမိန့်ကို အကြောင်းကြောင်းဖြင့် နာယူရလေ၏။

လူဝကြီးသည် မျက်စိတစ်ဖက်လပ်ဖရောနှင့် ဗက်ဒိုးအင်များကို မြေအောက်ခန်းဝသို့ ခေါ်ဆောင်သွားပြီး တံခါးကို ဖွင့်လိုက်၏။

ထိုအခါ မြေအောက်ခန်းထဲတွင် မြန်မာစစ်သားများ၏ အရိပ်အယောင်ကို မတွေ့ရသဖြင့် မျက်လုံးပြူးသွားလေ၏။

လူဝကြီးသည် အထိတ်တလန့်အော်ဟစ်၍ မြေအောက်ခန်းထဲသို့ ဆင်းကြည့်သောအခါ မြန်မာပစ်သားများကို မတွေ့ရသဖြင့်

" မရှိတော့ဘူး "

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်လေ၏။ မျက်စိတစ်ဖက်လပ်ဖရော့သည် ဒေါသတကြီး အော်ဟစ်ဆဲဆိုလိုက်ပြီး သူတို့နောက်ကျသွားကြောင်း ရိပ်စားမိသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျူမဒါမင်းထင်တို့သည် မျက်စိတစ်ဖက်လပ်ဖရော့တို့လူစုရှေ့ လက်မတင်လေး လွတ်မြောက်သွားခြင်းဖြစ်၏။

၎င်းတို့ မျက်စိတစ်ဖက်လပ်တို့နှင့် မျက်နှာချင်းဆိုင်အောင် လျှောက်ခဲ့သော်လည်း ဇက်ဒိုးအင်များက သံသယဝင်ခြင်းမရှိချေ။

အဘယ်ကြောင့်ဆိုသော် စစ်သားများသည် အာရပ်လူမျိုးများ ဝတ်ဆင်လေ့ရှိသော အဖြူရောင်ဝတ်ရုံများကို ဝတ်ဆင်ထားသော ကြောင့် ဖြစ်၏။

ဂျူမဒါမင်းထင်တို့သည် မြို့ထဲတွင် အတန်ကြာအောင် လှည့်လည်နေပြီးနောက် ခြံဝင်းကျယ်ကြီးတစ်ခုသို့ရောက်သောအခါ လူအများ စုအုံနေသဖြင့် မောင်လှိုင်က







" ဟိုမှာ လူတွေအုံနေတယ်ဟေ့၊ အလှူလားမသိဘူး၊ စားရက် ပြီလို့ မုတ်ဆိတ်ပျားစွဲတာပဲ "

ဟု ပြောလေ၏။ ထိုအခါ ဘီလေးက မျက်မှောင်ကြုတ်၍ သမား မောင်လှိုင်ကို ကြည့်လိုက်ပြီး

" ဟေ့ကောင် မောင်လှိုင်၊ ဒါ မြန်မာပြည်မဟုတ်ဘူးကွ၊ ဘယ်လို လုပ်ပြီး အလှူရှိရမှာလဲ "

ဟု ပြောဆိုလေ၏။ ဂျူမဒါမင်းထင်က အာရပ်လူစုလူဝေးကို ကြည့်၍

" ဒါ မင်္ဂလာဆောင်ဗျ၊ လောလောဆယ် ရန်သူ့လက်ကလွတ်



www.burmeseclassic.com

www.burmeseclassic.com



အောင် မင်္ဂလာဆောင်ကို ဝင်ရမယ် ''

ဟု ပြောလေ၏။ မင်္ဂလာဆောင်ပြုလုပ်ရာ မဏ္ဍပ်ထဲတွင် ကုလားအုတ်ကုန်းနှီးများ၊ ပန်းထိုးခေါင်းအုံးများ ချထားပေး၏။

မင်္ဂလာမဏ္ဍပ်ထဲတွင် လူအများစုရုံးနေလေရာ ဂျူမဒါမင်းထင်တို့သည် မဏ္ဍပ်ထဲတွင် ဝင်ထိုင်လိုက်ကြ၏။

ထိုအချိန်တွင် ဗလီဆရာက ကိုရန်ကျမ်းမြတ်မှ ဂါထာများကို ရွတ် ဆိုနေလေ၏။ မင်္ဂလာဝတ်စုံကို ဝတ်ဆင်ထားသော သတို့သမီးနှင့် သတို့သားကို လူအုပ်ထဲတွင် တွေ့ရှိရ၏။

သတို့သမီး၏ခေါင်းအုပ်တွင် ငွေဒင်္ဂါးများကို ချိတ်ဆွဲထားပြီး ဝတ်စုံ၏လက်မောင်းတွင် ရွှေချည်ထိုးထား၏။

ထို့နောက် ဗလီဆရာက မင်္ဂလာခန်းဝင်ပစ္စည်းနှင့် လက်ဖွဲ့ပစ္စည်းများကို ရွတ်ဆိုပြီး သတို့သားနှင့်မိဘများက သုံးကြိမ်တိုင်တိုင် ရွတ်ဆိုကြလေ၏။

ဂျူမဒါမင်းထင်က ဗလီဆရာ၏ရွတ်ဆိုနေပုံကိုကြည့်၍

'' လက်ဖွဲ့ပစ္စည်းနဲ့ပတ်သက်ပြီး နှစ်ဦးသဘောတူညီကြောင်း ရွတ်ဆိုနေကြတာဗျ ''

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ချာပါတီနှင့် စားသောက်ဖွယ် ဟင်းပွဲများ တစ်ပွဲပြီးတစ်ပွဲ ရောက်ရှိလာ၏။ တရုတ်လူရှုပ်ဟုတ်စိန်က စားသောက်ဖွယ်ရာများကို မရပ်မနားစားရင်း

'' ဟဲ... ဟဲ... ပြေးရလွှားရလို့ ဗိုက်ဆောင်သွားတာ ပြ







ပြည့်သွားပြီ ''

ဟု ပြောလေ၏။ မင်္ဂလာပွဲလာပရိသတ်များသည် စားသောက်ဖွယ်ရာများကို ဗိုက်ကားအောင် စားသောက်ပြီး ဖာလာစေ့ခပ်ထားသော အာရပ်ကော်ဖီပြင်းကြီးကို နောက်ဆုံးအနေနှင့် သောက်လိုက်ကြလေ၏။

ထိုအခိုက်မှာပင် အခေါင်းရောင်းဝယ်သော လူဝကြီးသည် ဝတ်ကောင်း စားလှများကို ဝတ်ဆင်၍ မင်္ဂလာမဏ္ဍပ်အတွင်းသို့ ဝင်လာ၏။

လူဝကြီးကို မြင်သောအခါ စစ်သားများသည် လှုပ်ရှုပ်ရှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေ၏။ ဂျူမဒါမင်းထင်က အားလုံးကို မျက်လုံးဝေ့ကြည့်၍

" ဣန္ဒြေမပျက်နေစမ်း "

ဟု အမိန့်ပေးလိုက်လေ၏။ လူဝကြီးကို မင်္ဂလာမဏ္ဍပ်မှ တာဝန်ရှိသူများက ကြိုဆို၍

" နောက်ကျတယ်နော်၊ အားလုံးစားသောက်လို့တောင် ပြီးကြပြီ၊ ဟိုနားမှာထိုင်ပါ "

ဟု ပြောကာ လူဝကြီးကို ဂျူမဒါမင်းထင်တို့ရှိရာသို့ ခေါ်ဆောင်လာလေ၏။

ထိုအခါ ဂျူမဒါမင်းထင်တို့လူစုသည် အခက်တွေ့သွားပြီး ကမန်းကတန်း ထိုင်ရာမှထ၍ သတို့သားဘက်မှ လက်ဖွဲ့သောပစ္စည်းများကို ကြည့်ရှုချင်ဟန်ဆောင်ကြ၏။

မင်္ဂလာဆောင်သို့ လာရောက်ချီးမြှင့်သော ပရိသတ်များ များပြားလှသဖြင့် လူဝကြီး ၎င်းတို့ကို မမြင်နိုင်ချေ။

၎င်းတို့အားလုံး လူဝကြီးကို ကျောခိုင်း၍ လက်ဖွဲ့ပစ္စည်းများကို ကြည့်ရှုနေကြ၏။ လူဝကြီးသည် မဏ္ဍပ်၏အပေါက်ဝတွင် ထိုင်နေသဖြင့် ထိုနေရာမှ ထွက်ခွာရန်လည်း အခက်တွေ့နေ၏။

ဂျူမဒါမင်းထင်က လူဝကြီးကို ကျောခိုင်း၍

" ဒီလူကြီးခဏနေရင် ပြန်လိမ့်မယ်၊ သူပြန်မှ ဒါတို့ထွက်လို့ရမယ်၊ လောလောဆယ် လူအုပ်ထဲမှာ ရောနှောနေကြ "

ဟု ပြောလေ၏။

လူဝကြီးသည် အချိုမှုန့်များကိုသာစားသောက်ပြီး မကြာမီ ပြန်





သွားလေ၏။ ထိုအခါ သတို့သမီး၏ဖခင်သည် လူဝကြီးအား ဂုဏ်ယူဟန်ဖြင့်

" လက်ဖွဲ့ပစ္စည်းတွေ လာကြည့်ပါဦး "

ဟုဖိတ်ခေါ်လေရာ ဂျူမဒါမင်းထင်တို့သည် လက်ဖွဲ့များအနီးမှ ကမန်းကတန်း ထွက်ခဲ့လေ၏။

၎င်းတို့သည် လူအုပ်ကြားထဲတွင် ပုန်းအောင်းပြီး လူဝကြီးကို ရှောင်ရှားကြ၏။

ထိုအခိုက်မှာပင် လက်ဖွဲ့သေတ္တာကြီးကို သယ်ဆောင်လာသော လူတစ်ဦးက ဘီလေးအား ကူညီ၍ သယ်ဆောင်ပေးရန် မေတ္တာရပ်ခံ၏။

ဘီလေးသည် ကာယဗလတောင့်တင်းသူဖြစ်၍ လက်ဖွဲ့သေတ္တာကြီးကို ဝံ့ကြွားဟန်ဖြင့် မလိုက်၏။

ထိုစဉ် သတို့သမီး၏ဖခင်က လက်ဖွဲ့သေတ္တာအား သူ၏အရှေ့သို့ ယူလာရန် စေခိုင်းလိုက်ရာ ဘီလေးသည် ခေါင်းနပန်းကြီးသွားလေ၏။

ဘီလေးသည် လူဝကြီးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်မည် ဖြစ်သဖြင့် မကြားဟန်ပြုကာ လက်ဖွဲ့သေတ္တာအား အိမ်ထဲသို့ သယ်ဆောင်ခဲ့လေ၏။

ဂျူမဒါမင်းထင်တို့သည် မင်္ဂလာမဏ္ဍပ်ထဲတွင် ဆက်နေလျှင် အခက်တွေ့တော့မည်ဟု ရိပ်စားမိသဖြင့် ထိုနေရာမှ အမြန်ထွက်ခွာရန် ပြင်လေ၏။

ထိုအခိုက်မှာပင် အနီရောင်သင်တိုင်းဝတ်ထားသော သူတောင်းစားကလေးသည် အလှူမဏ္ဍပ်ထဲသို့ရောက်ရှိလာပြီး ဝင်ရောက်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ရမ်းလေ၏။

ဂျူမဒါမင်းထင်သည် အနီရောင်သင်တိုင်းဝတ် သူတောင်းစား ကလေးကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

သူတောင်းစားကလေး မမျှော်လင့်ဘဲ ရောက်ရှိလာလျှင် သူတို့ အတွက် ထူးခြားမှုတစ်ခုဖြစ်တတ်၏။

သူတောင်းစားကလေးသည် ဂျူမဒါမင်းထင်ကို ဝိုင်းစက်သော မျက်လုံးများနှင့် မျက်လုံးချင်းဆုံအောင်ကြည့်လိုက်၏။

ဂျူမဒါမင်းထင်သည် သူတောင်းစားလေးထံမှ ထူးခြားမှုတစ်ခု ကို ကြုံတွေ့တော့မည်ဟု အတတ်သိသဖြင့် သူတောင်းစားကလေး အနီးသို့ ရောက်သွား၏။

ထို့နောက် သူတောင်းစားကလေး၏ ခွက်ထဲသို့ ငွေအကြေ တစ်စေ့ ထည့်လိုက်လေ၏။

သူတောင်းစားကလေးသည် ဂျူမဒါမင်းထင်အနီးသို့ ကပ်၍ လေသံတိုးတိုးဖြင့်

" အစ်ကိုကြီးတို့မှာ အန္တရာယ်တွေဝိုင်းနေပြီ၊ အစ်ကိုကြီးတို့ကို ဖမ်းဖို့ ဗက်ဒိုးအင်တွေ မကြာမီရောက်လာတော့မယ်၊ မင်္ဂလာဆောင် အနောက်ဘက်အပေါက်က ပြေးပေတော့ "

ဟုပြောလေ၏။ ဂျူမဒါမင်းထင်က သူတောင်းစားကလေး၏ စကားကြောင့် မျက်လုံးများ အရောင်တဖျပ်ဖျပ်တောက်သွားပြီး

" ဒါတို့ ဒီမင်္ဂလာပွဲမှာရှိနေတာ သူတို့ဘယ်လိုသိသလဲ "

ဟုမေးမြန်းလိုက်လေ၏။ သူတောင်းစားကလေးက ပတ်ဝန်း





ကျင်ကို မကြည့်ဘဲ ခေါင်းကိုငုံ့၍

" မင်္ဂလာဆောင်မှာ သတို့သားဟာ ဗက်ဒိုးအင်တွေရဲ့ သူလျှို ပဲ၊ သူဟာ အစ်ကိုကြီးတို့လူစုကို ရိပ်မိသွားလို့ ဗက်ဒိုးအင်တွေကို သတင်းပေးလိုက်တယ်၊ သတို့သားဟာ ဗက်ဒိုးအင်တွေကို စာကလေး တစ်စောင်ရေးပြီး ပို့လိုက်တယ် "

ဟုပြောကာ အနီးမှ ပြန်လည်ထွက်ခွာသွားလေ၏။ ဂျူမဒါ မင်းထင်သည် အန္တရာယ်နီးကပ်နေသဖြင့် ထွက်ပြေးရန် အချက်ပြ လိုက်၏။

ဖဲသမားမောင်လှိုင်တို့သည် လူအုပ်ကြားထဲမှ မသိမသာတိုးဝှေ့ ၍ ထွက်လာကြသည်။

ဂျူမဒါမင်းထင်သည် သူ၏အဖွဲ့သားများကို ရန်သူများ ရောက် ရှိလာပြီဖြစ်ကြောင်း အသိပေးလိုက်၏။

ထိုအခိုက်မှာပင် မျက်စိတစ်ဖက်လပ်ခေါင်းဆောင်သော ဗက်ဒိုး အင်များသည် လက်နက်ကိုယ်စီနှင့် မင်္ဂလာမဏ္ဍပ်ကို ဝိုင်းလိုက်လေ၏။

ထိုအခါ မင်္ဂလာပွဲသို့ ရောက်ရှိနေသူများသည် လှုပ်လှုပ်ရွရွဖြစ် သွားလေ၏။

မျက်စိတစ်ဖက်လပ်ဖရော့က ပရိတ်သတ်များကို လက်ကာပြ၍

" အားလုံး ငြိမ်ငြိမ်သက်သက်နေကြပါ၊ ကျုပ်တို့ရောက်လာ တာ မင်္ဂလာပွဲကိုရောက်နေတဲ့ အင်္ဂလိပ်စစ်သားတွေကို ဖမ်းဖို့ပါ "

ဟုပြောလိုက်ရာ မင်္ဂလာပွဲလာ ပရိသတ်များသည် ထိတ်လန့် အံ့ဩသွားကြ၏။ မျက်စိတစ်ဖက်လပ်ဖရော့က ဗက်ဒိုးအင်များကို



www.burmeseclassic.com

www.burmeseclassic.com



လူစုခွဲ၍ မင်္ဂလာပွဲသို့ ဝင်ရောက်ရှာဖွေရန် အမိန့်ပေးလိုက်၏။

ဇက်ဒိုးအင်များသည် ပရိသတ်များအတွင်း မသင်္ကာသူများကို သေနတ်နှင့်ချိန်၍ စစ်ဆေးနေ၏။

မျက်စိတစ်ဖက်လပ်ဖရော့သည် သတို့သားရှိရာသို့သွား၍ လေသံတိုးတိုးဖြင့် မေးမြန်းလိုက်၏။ ထိုအခါ သတို့သားက

" ကျုပ်လည်း သူတို့ကို မသိမသာစောင့်ကြည့်နေတဲ့အထဲက ဘယ်ရောက်သွားလဲ မသိဘူး၊ လူအုပ်ထဲမှာ သေသေချာချာရှာကြည့်ပါဗျာ၊ ဒီကောင်တွေ ဘယ်ကိုမှ အတောင်ပေါက်ပြီး မပြေးပါဘူး ရှိပါတယ် "

ဟုပြောလေ၏။

မျက်စိတစ်ဖက်လပ်ဖရော့သည် သတို့သားကို ကျိန်ဆဲချင်လောက်အောင် စိတ်ဆိုးသွားသော်လည်း မင်္ဂလာပွဲဖြစ်နေသဖြင့် စိတ်ကိုလျှော့လိုက်ပြီး ဇက်ဒိုးအင်များကိုသာ အော်ဟစ်၍ သေချာစွာရှာဖွေရန် အမိန့်ပေးလိုက်၏။

ထိုအခိုက်မှာပင် မင်္ဂလာမဏ္ဍပ်တစ်ဖက်ရှိ ခြံထဲမှ အမိုးဖွင့်ထားသော ကားဖြူကြီးသည် အရှိန်ပြင်းစွာမောင်းနှင်သွား၏။ ထိုကားကြီးကို ဖဲကြိုးများ၊ ပန်းဖောင်းများဖြင့် အလှဆင်ထားပြီး သတို့သမီးကို ခေါ်ဆောင်လာသော ကားကြီးဖြစ်၏။

ထိုကားပေါ်တွင် လိုက်ပါသွားသူများကိုကြည့်၍ မျက်စိတစ်ဖက်လပ် ဖရော့သည် ခေါင်းနပန်းကြီးသွားပြီး

" ရန်သူတွေပြေးပြီ အမြန်ဆုံးလိုက်ကြ "





ဟုအော်ဟစ်ကာ လက်ထဲရှိ ခြောက်လုံးပြူးဖြင့် ပစ်ခတ်ရန် ကြိုးစား၏။ သို့သော် မင်္ဂလာပရိသတ်များရှိနေသဖြင့် ပစ်ကွင်းကို မလွတ်ကင်းဘဲရှိနေ၏။ ဂျမဒါမင်းထင်သည် ကားကို အရှိန်ပြင်းစွာမောင်းနှင်၍ ခြံတံခါးကြီးကို တိုက်ချိုးလိုက်၏။

ကားလမ်းပေါ်တွင်ရှိနေသော ပိုးဖဲကတ္တီပါဝတ် ပရိသတ်များသည် ကားနှင့်လွတ်ကင်းရာသို့ ဆင်းပြေးကြလေ၏။

ဇက်ဒိုးအင်အချို့သည် ကားကို သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်ခတ်ရာ အနီးပတ်ဝန်းကျင်တွင် ရုတ်ရုပ်သဲသဲဖြစ်သွားလေ၏။

ဂျမဒါမင်းထင်သည် ကားကို အရှိန်ပြင်းစွာ မောင်းနှင်ခဲ့လေ၏။ ၎င်းတို့သည် လမ်းပေါ်တွင် ရောင်းချနေသော ဖရဲသီးဗန်းကြီးကို တိုက်ချခဲ့လေ၏။

တရုတ်လူရှုပ်ဟုတ်စိန်က မင်္ဂလာအလှဆင်ယင်ထားသော ကားပေါ်တွင် လိုက်ရသောအဖြစ်ကို သဘောကျဟန်ဖြင့် တဟားဟားရယ်မောနေလေ၏။

ဖဲသမားမောင်လှိုင်သည် အနောက်သို့ အထိတ်တလန့်လှည့်ကြည့်၍

" ဗဟ့်လူကြီး သိပ်ရယ်မနေနဲ့၊ ဟိုမှာ ရန်သူတွေ ဆိုင်ကယ်တွေနဲ့လိုက်လာပြီ "

ဟုအော်ဟစ်လိုက်လေ၏။ ဂျမဒါမင်းထင်က နောက်ကြည့်မှန်ဖြင့် ကြည့်လိုက်ရာ ကားအနောက်သို့ လိုက်လာသော ဆိုင်ကယ်အုပ်စုကြီးကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူများလက်တွင် သေနတ်ကိုယ်စီကိုင်ထားကြ၏။

ဂျမဒါမင်းထင်က ကားမောင်းရင်း

" သတိထားကြဖော့၊ သေနတ်နဲ့ပစ်လိမ့်မယ်၊ ဒီကောင်တွေ လူကြားသူကြားမှာ ရှောင်တဲ့ကောင်တွေမဟုတ်ဘူး "

ဟုသတိပေးလေ၏။ ရန်သူများသည် ဂျမဒါမင်းထင် ခန့်မှန်းသည့်အတိုင်း သေနတ်နှင့် တဒိုင်းဒိုင်းပစ်လေ၏။

ဂျမဒါမင်းထင်သည် ကားကို မွေ့လိမ့်မွေ့ကောက်မောင်း၍ အိမ်တစ်လုံးကို ဝိုင်းပတ်ပြီး ထိုးရပ်လိုက်၏။

ပြီးနောက် ကားပေါ်မှ ခုန်ဆင်းကာ ဆန်အိတ်များကို အကာအကွယ်ပြု၍ ခြောက်လုံးပြူးကို ထုတ်လေ၏။

ရှေ့ဆုံးရောက်လာသူသည် အိမ်ကိုကွေ့ပတ်ပြီး ဆန်အိတ်များအနီးသို့ရောက်သောအခါ ဂျမဒါမင်းထင်၏ ပစ်ခတ်မှုကြောင့် ဆိုင်ကယ် တခြား လူတခြားဖြစ်သွား၏။

အနောက်မှ မောင်းနှင်လာသော ဆိုင်ကယ်မှာလည်း ဂျမဒါမင်းထင်၏ ပစ်ခတ်ခြင်းကို ခံလိုက်ရ၏။

နောက်ဆုံးရောက်လာသောဆိုင်ကယ်သည် အိမ်နံဘေးတွင် ပုန်းအောင်းနေသော ဘီလေး၏တုတ်ချက်ကို ခံလိုက်ရ၏။

ဂျမဒါမင်းထင်က မြေပေါ်တွင်လဲကျနေသော ဗက်ဒိုးအင်များကို ကြည့်၍

" တစ်ရန်တော့ရှင်းသွားပြီ "

ဟုရေရွတ်လိုက်လေ၏။





ထိုအခိုက်မှာပင် မောင်လှိုင်က အိမ်နံဘေးသို့လှည့်ပတ်ကြည့်ရင်း

" အမလေး၊ ရန်သူတွေ ရောက်လာပြီ "

ဟုအော်ဟစ်လိုက်လေ၏။

ဂျမဒါမင်းထင်က လှမ်းကြည့်လိုက်ရာ လော်ရီကားကြီးနှင့် အပြည့် ရန်သူများကိုတွေ့ရသဖြင့် ကမန်းကတန်း ကားပေါ်သို့တက်၍ အရှိန်ပြင်းစွာ မောင်းနှင်ရပြန်၏။

လော်ရီကားကြီး၏ရှေ့ခန်းတွင် တစ်ဖက်လပ်ဖရော့ ဦးဆောင်ပြီးလိုက်ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမင်းထင်သည် ကားကို ကျဉ်းမြောင်းသောလမ်းသို့ ဦးတည် မောင်းနှင်လေရာ လော်ရီကားကြီးသည် အနောက်မှ ခက်ခဲစွာလိုက်ရ၏။

၎င်းတို့၏ကားများကြောင့် ရပ်ကွက်ထဲတွင် နေထိုင်သူများသည် အထိတ်တလန့်ထွက်ကြည့်ကြ၏။

ဂျမဒါမင်းထင်သည် ကားမောင်းအလွန်ကျွမ်းကျင်ပြီး ကျဉ်းမြောင်းသောရပ်ကွက်အတွင်း လှည့်ပတ်မောင်းနှင်ရာ လော်ရီကားကြီးသည် တဖြည်းဖြည်း ကျန်ရစ်ခဲ့လေ၏။

ဂျမဒါမင်းထင်သည် ကားကိုမောင်းနှင်ရင်း ဂိုဒေါင်တစ်လုံးအရှေ့သို့ရောက်သောအခါ အရှိန်လျှော့၍ ဂိုဒေါင်ထဲသို့ ကားကိုမောင်းနှင်လိုက်၏။

ထိုအခါ ဂိုဒေါင်ဝတွင် ထိုင်စောင့်နေသောအဘိုးကြီးသည် မျက်မှောင်ကြုတ်၍

" ဟိုက်... ကားအစောကြီးပြန်ရောက်လာပါလား၊ မင်္ဂလာဆောင်က အစောကြီး ပြီးသွားပြီလား "

ဟုမေးမြန်းလေ၏။ ဂျမဒါမင်းထင်က ကားထဲမှ ကမန်းကတန်းထွက်၍ ဂိုဒေါင်တံခါးအဖြစ် အသုံးပြုသော ဖျင်ကြမ်းစကြီးကို ဆွဲချလိုက်ပြီး

" ဟုတ်ပါတယ်၊ မင်္ဂလာဆောင် အစောကြီးပြီးလို့ ကားကိုပြန်ပို့ ခိုင်းတာပါ "

ဟုပြောလိုက်ရာ အဘိုးကြီးသည် သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေ၏။





ထိုအခိုက်မှာပင် မျက်စိတစ်ဖက်လပ်ဖရော့ခေါင်းဆောင်သော လော်ရီကားကြီးသည် ၎င်းတို့ရှေ့မှ အရှိန်ပြင်းစွာဖြတ်သန်းသွားလေ၏။

ရန်သူများသည် ဂိုဒေါင်ထဲသို့ ကားရောက်သွားခြင်းကို ရိပ်စားမိဟန် မတူချေ။

ဂျမဒါမင်းထင်တို့သည် ရန်သူများကို မျက်ခြေပြတ်ပြီး ထိုနေရာမှ ထွက်ခဲ့လေ၏။

▲ ▲ ▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com



ဇက်ဒိုးအင်ခေါင်းဆောင်ကြီးသည် ခေတ္တနေထိုင်ရာ မြို့တော်ခန်းမ အဆောက်အဦကြီးထဲတွင် ဒေါသူပုန်ထနေ၏။

မျက်စိတစ်ဖက်လပ်ဖရော့နှင့် သူ၏တပည့်များ လုပ်ကိုင်ပုံသည် ရက်ဖွယ်လိလိဖြစ်၏။

သူတို့လူစုသည် မြန်မာစစ်သားများကို ဖမ်းဆီးရန်ကြိုးစားရင်း တစ်မြို့လုံး အုံးအုံးကြွက်ကြွက်ဖြစ်ကုန်ကြ၏။

မြန်မာစစ်သားများလက်ချက်နှင့် ဆိုင်ကယ်စီး ဇက်ဒိုးအင် သုံးယောက် ဒဏ်ရာပြင်းထန်စွာရခဲ့၏။

မျက်စိတစ်ဖက်လပ်ဖရော့ ခေါင်းဆောင်သောအဖွဲ့သည် မြန်မာစစ်သားများအနောက်သို့ လိုက်ရင်း တစ်မြို့လုံးရှိ ပစ္စည်းအတော်များများကို တိုက်ချသွား၏။





ရင်းတို့လုပ်ရပ်ကို မကျေနပ်ကြသော မြို့သူမြို့သားများသည် မြို့တော်ခန်းမသို့ လာရောက်တိုင်ကြားကြ၏။

ဇက်ဒိုးအင်ခေါင်းဆောင်ကြီးသည် လာရောက်တိုင်ကြားသူများသို့ လျော်ကြေးပေးမည်ဟု နှစ်သိမ့်ခဲ့ရ၏။

ဇက်ဒိုးအင်ခေါင်းဆောင်ကြီးသည် မျက်စိတစ်ဖက်လပ်ဖရော့ကို အလွန်စွာစိတ်ဆိုးနေ၏။

ထို့ကြောင့် သူ၏အရှေ့သို့ မျက်စိတစ်ဖက်လပ် ရောက်လာသောအခါ စားပွဲခုံကို ဒေါသတကြီး ထုရိုက်၍

" ဒီမှာဖရော့၊ ဒီအချိန်ကစပြီး မင်းဘာမှ လုပ်စရာမလိုတော့ဘူး "

ဟုအော်ဟစ်လိုက်လေ၏။ မျက်စိတစ်ဖက်လပ်သည် မိမိအားအလုပ်မှ ထုတ်ပစ်လိုက်ပြီဖြစ်ကြောင်း ရိပ်စားမိသွားပြီး

" ဗြော်… ခင်ဗျားက မြန်မာစစ်သားတွေကို လျော့တွက်နေတယ်ပေါ့၊ ဘာဆရာမှာ အပ်ကျတာကအစ ဖရော့မသိတာမရှိဘူး။ ဒါပေမဲ့ ကျုပ်လိုကောင်တောင်မှ မြန်မာစစ်သားတွေကို လိုက်လို့မရဘူး။ အကောင်တွေဟာ အရည်အချင်းရှိတဲ့လူတွေချည်းပဲ၊ သူတို့ကိုရဖို့ ခင်ဗျားကိုယ့်ဘာသာ ဆက်ကြိုးစားကြည့်လေ "

ဟုမကျေမချမ်းပြောလေ၏။ ဇက်ဒိုးအင်ခေါင်းဆောင်ကြီးက စားပွဲပေါ်ရှိ အလျော်ပေးရမည့်စာရင်းကို ရှေ့သို့တိုးလိုက်ပြီး

" မင်းတို့လုပ်တာ ဘယ်လောက်ကောင်းလဲ၊ ဒီစာရင်းကိုကြည့်စမ်း တစ်မြို့လုံးကလူတွေ ကျုပ်ဆီမှာ အလျော်လာတောင်းနေကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ရဲ့ မဆင်မခြင်လုပ်ရပ်ကြောင့် ဘယ်လောက်အရှက်ကွဲတယ် အောက်မေ့လဲ၊ ပြီးတော့ မြန်မာစစ်သားတွေ ဘယ်ပျောက်သွားလဲ ''

ဟုအော်ဟစ်မေးမြန်းလေ၏။ မျက်စိတစ်ဖက်လပ် ဖရော့သည် ဇက်ဒိုးအင်ခေါင်းဆောင်ကြီး၏စကားကြောင့် ရှက်အမ်းအမ်းဖြစ်သွားပြီး

'' ဒီကောင်တွေ မြေလျှိုးမိုးပျံသွားသလားမသိဘူး၊ ကျုပ်တို့ရှေ့က ပျောက်ဆုံးသွားတာတော့ သေချာတယ်၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ ဘာသာ မြန်မာစစ်သားတွေကို တွေ့အောင်ဆက်ကြိုးစား၊ ကျုပ်ကတော့ အလုပ်က နုတ်ထွက်ပြီး ခင်ဗျားတို့ရဲ့ မှားယွင်းမှုတွေကို စောင့်ကြည့်မယ် ''

ဟုဒေါသတကြီး အော်ဟစ်ပြောဆိုပြီး မြို့တော်ခန်းမထဲမှ ထွက်ခွာသွားလေ၏။

ဇက်ဒိုးအင်ခေါင်းဆောင်ကြီးသည် သူ့အတွက် မိန်းမအရှာအဖွေ ကောင်းသော မျက်စိတစ်ဖက်လပ်ကို ဆုံးရှုံးရသဖြင့် နမြောသလို ဖြစ်သွားမိ၏။

သို့သော် လက်ရှိဖြစ်ပေါ်လာသော အခြေအနေအရ မျက်စိတစ်ဖက်လပ်ဖရော့ကို အပြစ်ပုံချရန် အလွန် အရေးကြီးနေ၏။

အဘယ်ကြောင့်ဆိုသော် တူရကီဗိုလ်ချုပ်သည် ရက်ပိုင်းအတွင်း ဘာဆရာမြို့သို့ ရောက်ရှိတော့မည်ဖြစ်၏။

တူရကီဗိုလ်ချုပ်၏ရှေ့တွင် မိမိကဲ့သို့ ဇက်ဒိုးအင်ခေါင်းဆောင်ကြီး၏ ဂုဏ်သိက္ခာ အကျမခံနိုင်ချေ။

♟♟♟♟♟





ဤနေရာတွင် ရန်သူများလက်မှ လွတ်မြောက်လာသော မြန်မာစစ်သားများ အကြောင်းကို ဆက်ပါဦးမည်။

၎င်းတို့သည် သတို့သမီးအကြိုအပို့အတွက် ကားငှားသော အဘိုးကြီးထံမှ ထွက်ခွာလာကြ၏။ ဘာဆရာမြို့သည် သူတို့အတွက် အလွန်စိမ်းသောမြို့ဖြစ်သဖြင့် သတိကြီးစွာ သွားလာနေရ၏။

ထိုအခိုက်မှာပင် ဖရဲသီးများကို တင်ဆောင်လာသော မြင်းလှည်းသည် သူတို့အနောက်သို့ ရောက်ရှိလာပြီး မြင်းလှည်းမောင်းသူက

'' အားလုံးအပေါ်ကို တက်ကြပါ ''



www.burmeseclassic.com

www.burmeseclassic.com



ဟူသောအသံကြောင့် လှည့်ကြည့်လိုက်ရာ လှည်းမောင်းသူ
ဦးထုပ်ကို လှန်ပြလိုက်၏။ ထိုအခါ သူခိုးဖြစ်နေသဖြင့် ဂျမဒါမင်းထင်
ဝမ်းသာအားရဖြင့်

" စောရကြီး ပျောက်လှချည်လား၊ ကျုပ်တို့တော့ တစ်မြေ
တည်း ပြေးနေရတယ် "

ဟုပြောလိုက်ရာ စောရက နောက်သို့လှည့်ကြည့်၍

" ခင်ဗျားတို့အားလုံး လှည်းပေါ်ကို မြန်မြန်တက်ကြပါ၊ အ
ကြီးတာတွေ နောက်မှပြောမယ် "

ဟုပြောကာ စစ်သားများလှည်းပေါ်ရောက်သည်နှင့် တစ်လမ်း
ဝင် တစ်လမ်းထွက် လျှင်မြန်စွာမောင်းနေလေ၏။

အတန်ကြာအောင် မောင်းနှင်ပြီး အိမ်တစ်အိမ်ရှေ့သို့ရော
လျှင် ခြံတံခါးကိုဖွင့်၍ လှည်းကိုခြံထဲသို့ သွင်းလေ၏။

ထို့နောက် ဂျမဒါမင်းထင်တို့အား အိမ်ကြီးထဲသို့ ခေါ်ဆော
သွားလေ၏။

အိမ်ကြီးသည် အလွန်ခံ့ညားသောကြောင့် လူဂုဏ်ထံတစ် ဦး
နေအိမ်ဖြစ်ပုံရ၏။

သူခိုးသည် အိမ်ကြီးအနောက်သို့သွားပြီး ငွေခွက်ကလေးမျ
ဖြင့် ဒိန်ချဉ်များကို ယူဆောင်လာလေ၏။

ဂျမဒါမင်းထင်တို့သည် သူခိုးတိုက်သော ဒိန်ချဉ်များကို သော
လိုက်၏။ ဖိုသမားမောင်လှိုင်က အိမ်ကြီးကို မျက်လုံးဝေ့ကြည့်၍

" အိမ်ကြီးက ခမ်းနားလှချည်လား၊ ဘယ်သူ့အိမ်လဲ "







ဟုမေးမြန်းလေရာ သူခိုးက

" ဟဲဟဲ... ဒီအိမ်ဟာ ဒီမြို့ကလုံခြုံရေးအရာရှိတစ်ယောက်ရဲ့
အိမ်လေ "

ဟုပြောလေရာ စစ်သားများအားလုံး အံ့သြသွားလေ၏။
တရုတ်လူရုပ်ဟုတ်စိန်က ဝင်၍

" နေပါဦး လုံခြုံရေးအရာရှိကြီးရဲ့အိမ်ကို မင်းဘယ်လိုရောက်နေ
တာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။

ထိုအခါ သူခိုးက ရယ်မော၍

" ဟဲဟဲ... သူခိုးပဲကွာ၊ ခိုးတဲ့နည်းနဲ့ပဲ ရောက်နေတာပေါ့၊ ဒီအိမ်ထဲကို ကျုပ်ဝင်ခိုးရင်းနဲ့ အိမ်ပိုင်ရှင်အရာရှိကြီး မက္ကာသွားတာ သိရတယ်၊ ဒါကြောင့် သူပြန်မလာခင် အိမ်ကြီးမှာ တည်းခိုနေတာပဲ၊ ညဘက်အိပ်ရင် ဖိမ်ကျတယ်ဗျ၊ မွေ့ယာကြီးက အိနေတာပဲ၊ ဟဲဟဲ... အမှန်အတိုင်းပြောရရင် ကျုပ်ရဲ့သက်တမ်းတစ်လျှောက်လုံး ဒီလောက် တစ်ခါမှ မကြီးပွားဖူးဘူး "

ဟုပြောလေရာ စစ်သားများသည် သူခိုး၏သတ္တိကို အံ့ဩသွားလေ၏။ သူခိုးက ဆက်လက်၍

" အခုတလော ကျုပ်ဝမ်းသာနေတာ ခင်ဗျားတို့ကိစ္စအတွက် အပူတပြင်းစုံစမ်းနေလို့ပဲ "

ဟုပြောရင်း ဒိန်ချဉ်ကို တစ်ခွက်သောက်လေ၏။ စစ်သားများ အားလုံး သူ၏စကားကို စိတ်ဝင်တစားနားစွင့်နေ၏။

ပြီးနောက် သူခိုးက ဆက်လက်၍

" ခင်ဗျားတို့ကို ရှာဖွေဖမ်းဆီးဖို့ကြိုးစားနေတာ ဘယ်သူလဲဆိုတာ ကျုပ်သိပ်စိတ်ဝင်စားတယ်၊ ဒါကြောင့် ကျုပ် စုံစမ်းကြည့်လိုက်တော့ မျှော်လင့်ထားတဲ့အတိုင်း ဇက်ဒိုးအင်ခေါင်းဆောင်ကြီးဖြစ်နေတယ်၊ ဒါပေမဲ့ ဇက်ဒိုးအင်တွေက ဘာဆရာမြို့ကို မကျွမ်းဘူး၊ ဘာဆရာမှာ အပ်ချုပ်တာကအစသိတာ မျက်စိတစ်ဖက်လပ်ဖရော့ပဲ၊ ဒါကြောင့် သူတို့ဖရော့ကိုပဲ အကူအညီတောင်းရတယ် "





ဟုပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" မျက်စိတစ်ဖက်လပ်ဖရော့ဆိုတာ ဘယ်သူလဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ သူခိုးက သက်ပြင်းချ၍

" ဘာဆရာမှာ မျက်စိတစ်ဖက်လပ်ဖရော့ဟာ လူရှုပ်လူပွေတစ်ယောက်ပဲ၊ သူဟာ မကောင်းတာမှန်သမျှ အကုန်လုပ်တယ်၊ အလွန်လိမ္မာပါးနပ်တယ်၊ မျက်စိတစ်ဖက်လပ်ဖရော့ဟာ မိန်းမ ခုနစ်ယောက်ရှိတယ်၊ သူ့ရဲ့အိမ်ကြီးဟာ ဘာဆရာမှာ အလွန်ခမ်းနားတယ်၊ ဇက်ဒိုးအင်ခေါင်းဆောင်ကြီးက ခင်ဗျားတို့ကို ရှာဖွေဖို့ မျက်စိတစ်ဖက်လပ်ဖရော့ကို တာဝန်ပေးတယ်၊ ဖရော့ဟာ ခင်ဗျားတို့ကို ရှာတွေ့ရင် သူ့ရဲ့ဂုဏ်သတင်းကြီးကျယ်နိုင်တဲ့အတွက် အစွမ်းကုန်ကြိုးပမ်းပြီး ရှာဖွေခဲ့တယ်၊ ဇက်ဒိုးအင်ခေါင်းဆောင်ကြီးကလည်း အာဏာကုန်ပေးထားတယ်၊ သူ့ရဲ့တပ်သားတွေကိုလည်း ဖရော့ စိတ်ကြိုက် သုံးခွင့်ပေးတယ်၊ ဒါတောင် မျက်စိတစ်ဖက်လပ်ဖရော့ဟာ ခင်ဗျားတို့ကို မဖမ်းနိုင်ဘူး၊ ကျုပ်အထင်ပြောရရင် ဇက်ဒိုးအင်ခေါင်းဆောင်ကြီးဟာ စိတ်ဆိုးပြီး ဖရော့ဆီက အာဏာတွေကို ပြန်ရုတ်သိမ်းမယ်ထင်တယ် "

ဟုပြောလေရာ ဖဲသမားမောင်လှိုင်က ဝင်ရောက်၍

" ဘာဖြစ်လို့ ခင်ဗျားဒီလိုပြောနိုင်တာလဲ "

ဟုမေးမြန်းလေ၏။ သူခိုးက သက်ပြင်းချ၍

" ခင်ဗျားတို့ကို ဇက်ဒိုးအင်တွေလိုက်ဖမ်းတာ တစ်မြို့လုံး အုံးအုံးကျွက်ကျွက်ဖြစ်သွားတယ်၊ ခင်ဗျားတို့ကားနှစ်စင်းကြောင့်မြို့ပေါ်မှာ လည်း အပျက်အစီးတွေ အများကြီးဖြစ်သွားတယ်၊ ဘာဆရာမြို့သား



www.burmeseclassic.com

www.burmeseclassic.com



တွေ ဟာ သူတို့ပစ္စည်းဆုံးရှုံးရင် လုံးဝသည်းမခံတတ်ဘူး၊ မြို့တော်ခန်းမမှာ တည်ရှိနေတဲ့ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးဆီမှာ အလျော်တောင်းမှာ သေချာတယ်၊ အခုလောက်ဆိုရင် ဗက်ဒိုးအင်ခေါင်းဆောင်ကြီးဟာ မျက်စိတစ်ဖက်လပ်ကို ဆူပူကြိမ်းမောင်းနေလောက်ပြီ သူတို့နှစ်ယောက် ခွဲပြဲမှာ သေချာတယ် ''

ဟုပြောလေရာ ဂျူဒါမင်းထင်က ခေါင်းညိတ်၍

'' ခင်ဗျားရဲ့တွေးထင်ချက်တွေဟာ ဖြစ်နိုင်ခြေအလွန်ရှိတယ်၊ ဒီတော့ ခင်ဗျားကို အကူအညီတစ်ခုတောင်းချင်တယ်၊ ဒီလိုတောင်းရတာကလည်း ခင်ဗျားဟာ ဘာဆရာမြို့မှာ ကျွမ်းကျင်တဲ့ စောရ တစ်ယောက် ဖြစ်လို့ပဲ ''

ဟုပြောလေ၏။

ထိုအခါ သူခိုးက လက်ကာပြ၍

'' ဒီလောက်ဆိုသဘောပေါက်ပြီ၊ ခင်ဗျားကျုပ်ကို ဘာခိုးခိုင်းမလို့လဲ ''

ဟုမေးမြန်းလေ၏။

ဂျူဒါမင်းထင်က သက်ပြင်းချ၍

'' မြို့တော်ခန်းမမှာရှိတဲ့ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးရဲ့ လှို့ဝှက်ချက်မှုတွေကို ကျုပ်သိချင်တယ် ''

ဟုပြောလေ၏။ သူခိုးက ခေါင်းညိတ်၍

'' ဒီလောက်တော့ ကျုပ်အတွက်အသေးအဖွဲပါ၊ ဒီနေ့ညဲ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးရဲ့အခန်းကို ဝင်ပြီးမွှေနှောက်ပေးမယ် ''





ဟုပြောလေ၏။ ဂျူဒါမင်းထင်က အဝေးဆီသို့ ငေးကြည့်၍

'' မေဂျာဝီလျံရဲ့သတင်းကို အမြန်ဆုံးသိရမှ ဖြစ်တော့မယ်၊ ကျုပ်တို့အတွက်အချိန်မရှိတော့ဘူး ''

ဟုရေရွတ်လိုက်လေ၏။

၆၀ ဖန်တြာ၊ ဘဝ်ကြဲပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗက်ဒိုးအင်ခေါင်းဆောင်ကြီးသည် မိန်းမလှတစ်ဦးနှင့် မကြာမီ တွေ့ဆုံရတော့မည်ဖြစ်သဖြင့် စိတ်အားတက်ကြွနေလေ၏။ ထိုမိန်းမလှကို သူ၏တပည့်ကျော်တစ်ဦးက ခေါ်ဆောင်လာခဲ့ခြင်းဖြစ်၏။

သူမ၌ ဝိုင်းစက်သောမျက်ဝန်းများနှင့် တပ်မက်ဖွယ်ကောင်းသော ကိုယ်လုံးကိုယ်ပေါက်ရှိ၏။ ဂျူးကပြားတစ်ယောက်ဖြစ်သောကြောင့် သူမ၏ အသားအရည်သည် လွန်စွာဝင်းပ၏။

ကားစွင့်သော တင်သားများမှာလည်း အလွန်ဆွဲဆောင်အားကောင်း၏။

ယခု ထိုမိန်းမလှသည် သူ၏ရေချိုးခန်းသို့ရောက်ရှိနေ၏။ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးသည် စပျစ်ရည်ကို အရသာခံသောက်ရင်း ရေချိုးနေသော မိန်းမလှကို စိတ်ရှည်ရှည်စောင့်နေလေ၏။





ခေါင်းဆောင်ကြီးသည် အတန်ကြာအောင်စောင့်ပြီးသောအခါ စိတ်မရှည်နိုင်တော့ဘဲ ခုတင်ပေါ်မှ ခုန်ထ၍

" အချစ်လေးရေ မြန်မြန်ရေချိုးပါဗျို့၊ ကျုပ်စိတ်မရှည်တော့ဘူး "

ဟုအော်ဟစ်လိုက်လေ၏။ ထိုအခိုက်မှာပင် ရေချိုးခန်းတံခါးပွင့်လာပြီး တံခါးဝမှ မိန်းမလှ၏မျက်နှာတစ်ခြမ်းပေါ်ထွက်လာပြီး

" ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ရေချိုးနေတာကို အပြင်ကအော်ဟစ်နေတယ်၊ ရှင့်ကိုယ်ကြီးလည်း သိပ်ညစ်ပတ်နေပြီ၊ ရေချိုးလိုက်ဦး "

ဟုစေခိုင်းလိုက်လေရာ ခေါင်းဆောင်ကြီးသည် မျက်နှာရှုံ့မဲ့သွားပြီး သူ၏ရေချိုးခန်းရှိရာသို့ မကျေမနပ် ထွက်ခွာသွားလေ၏။

အခန်းထဲတွင် လူသူကင်းရှင်းသောအခါ အစိမ်းရောင် ခန်းဆီးကြီး အနောက်မှ သူခိုးထွက်ပေါ်လာ၏။ သူခိုးသည် ခေါင်းဆောင်ကြီး၏ အခန်းသို့ ရောက်ရှိနေသည်မှာ ကြာပြီဖြစ်၏။

သူသည် ခေါင်းဆောင်ကြီးနှင့်မိန်းမလှ၏ စကားရည်လုပွဲကို နားထောင်ပြီး ခန်းဆီးကြီးအနောက်တွင် ပုန်းကွယ်နေခြင်းဖြစ်၏။

ယခု အခန်းထဲတွင် မည်သူမျှမရှိသောအခါ စာကြည့်စားပွဲရှိရာသို့ သွားပြီး မီးကိုဖွင့်ကာ မွှေနှောက်လေ၏။

ထိုအခါ စားပွဲခုံအံဆွဲကို ဖွင့်လိုက်သောအခါ စိတ်ဝင်စားဖွယ် မြေပုံတစ်ချပ်ကိုတွေ့ရလေ၏။

ထိုမြေပုံကို ဗက်ဒိုးအင်ခေါင်းဆောင်ကြီး မကြာခဏ ကြည့်ခဲ့ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



မြေပုံတစ်ချပ်လုံး ပေါင်းနွမ်း၍ပင်နေခဲ့ပြီ၊ သူခိုးသည် ထိုမြေပုံကို လွန်စွာ စိတ်ဝင်စား၍ ကမန်းကတန်း အိတ်ထဲသို့ထိုးထည့်လိုက်၏။

ထိုအခိုက်မှာပင် ရေချိုးခန်းတံခါးဖွင့်သံကြားရသဖြင့် အခန်းထဲမှ ကမန်းကတန်းထွက်ခဲ့၏။

သူခိုးသည် ခေါင်းဆောင်ကြီးနှင့် စင်္ကြန်ပိုင်းမျှသာကွာခြားပြီး အခန်းအပြင်သို့ရောက်သွား၏။

သူခိုးသည် စာကြည့်စားပွဲမီးကို မေ့ပြီး မပိတ်ခဲ့မိချေ။

သို့သော် ဇက်ဒိုးအင်ခေါင်းဆောင်ကြီးသည် ရာဂစိတ်ဖုံးလွှမ်းနေသဖြင့် ထိုအဖြစ်အပျက်ကို ရိပ်စားမိခြင်းမရှိချေ။

မိန်းမလှ ပြန်သွားသောအခါ ခေါင်းဆောင်ကြီးသည် တရေးတမော အိပ်ပျော်သွား၏။

သူသည် ညဉ့်နက်သန်းခေါင် အိပ်ရာမှလန့်နိုးလေ၏။

ထို့နောက် ပြန်လည်၍ အိပ်စက်မပျော်သဖြင့် စာကြည့်စားပွဲသို့ထွက်ခဲ့၏။

စားပွဲ၌ ခဏထိုင်ပြီး အံဆွဲကိုဖွင့်ကာ မြေပုံစာရွက်ကို ရှာဖွေ၏။

ခေါင်းဆောင်ကြီးသည် မြေပုံစာရွက်ကို မတွေ့ရသောအခါ အိပ်ချင်မူးတူးစိတ်များပျောက်ကွယ်သွား၏။

စာရွက်စာတမ်းများကို မွှေနှောက်၍ ကမန်းကတန်း ရှာပြန်၏။

သို့သော် စာရွက်ကို မတွေ့သဖြင့် တစ်စုံတစ်ရာကိုတွေးတော၍ မျက်လုံးပြူးသွားပြီး ဒေါသတကြီးအော်ဟစ်လိုက်၏။

“ ဟိုကောင်မ ငါ့မြေပုံ ခိုးသွားပြီ၊ အမြန်ရှာစမ်း ”





ထိုအချိန်တွင် မိန်းမလှသည် ဘာသာဆရာမြို့ပြင်သို့ထွက်သောဘတ်စ်ကားတစ်စီးပေါ်သို့ ရောက်ရှိနေ၏။

သူမသည် ဇက်ဒိုးအင်ခေါင်းဆောင်ကြီးနှင့် ဝေးရာအရပ်သို့ လျှင်မြန်စွာထွက်ခွာခဲ့၏။

သူမသည် လေတဟူးဟူးတိုက်နေသော ဘတ်စ်ကားပေါ်တွင် ခေါင်းစီးပဝါကိုခြုံလွှမ်းလိုက်ပြီး အင်္ကျီအတွင်းအိတ်ထဲမှ အရောင်တဖိတ်ဖိတ်တောက်နေသော စိန်လက်စွပ်ကလေးကို သဘောကျဟန်ဖြင့် ကြည့်ရှု၏။

ထိုလက်စွပ်သည် ဇက်ဒိုးအင်ခေါင်းဆောင်ကြီး၏ပစ္စည်းဖြစ်၏။ သူမသည် ခေါင်းဆောင်ကြီးကို မူယာသုံး၍ချော့မြူရင်း လက်စွပ်ကို တိတ်တဆိတ်ခိုးယူခဲ့ခြင်းဖြစ်၏။

မိန်းမလှသည် ကြီးမားသော လက်စွပ်ကြီးကို သူမ၏ လက်သွယ်သွယ်လေးတွင်စွပ်ပြီးပျော်ရွှင်စွာ ရယ်မောလိုက်လေ၏။

▲▲▲▲▲



www.burmeseclassic.com

www.burmeseclassic.com





ဂျမဒါမင်းထင်သည် သူခိုးသက်စွန့်ဆံဖျား ယူလာသော မြေပုံကိုမျက်မှောင်ကြုတ်ကြည့်၍ မြေပုံ၏တစ်နေရာကို လက်ညှိုးဖြင့်ထောက်ကာ

" ဒီနေရာကို ကျုပ်မသင်္ကာဘူး၊ ဒီနေရာမှာ မေရျာဝီလျံရှိနိုင်တယ် "

ဟုပြောလေ၏။ သူခိုးက ဂျမဒါမင်းထင်ပြသောနေရာကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

" ဒါတော့ မဖြစ်နိုင်ဘူးဂျမဒါ၊ ဒီနေရာဟာ ဘာလဲဆိုတာ ကျုပ်ကောင်းကောင်းသိတယ် "

ဟုပြောရင်း ကော်ဖီတစ်ခွက်ကို ဇိမ်ခံသောက်နေ၏။ ဖဲသမား





မောင်လှိုင်က သူခိုး၏ ဒိုက်တင်ခံတတ်သောအကျင့်ကို မကျေနပ်သဖြင့် ကျိတ်ပြီး ဆဲဆိုလိုက်လေ၏။ သူခိုးက ကော်ဖီခွက်ကိုချ၍

" ဒီနေရာမှာ နာရီစင်ရှိတယ် ဂျမဒါ၊ နာရီစင်မှ အတော်ကြီးကို ရှေးကျတယ်၊ ဘာကြောင့်ရှေးကျသလဲဆိုတော့ အရင်တုန်းက မျှော်စင်၊ နောက်တော့ နာရီစင်ဖြစ်တာ နှစ် ၃၀ လောက်ရှိပြီ၊ ဂျမဒါက နာရီစင်ကို ဘာဖြစ်လို့ သဲလွန်စဖြစ်ရတာလဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ ဂျမဒါမင်းထင်က နေရောင်တွင် မြေပုံကိုထောင်ပြ၍

" မြေပုံကို နေရောင်မှာထောင်ကြည့်ရင် နာရီစင်နေရာကို ခဲတန်လိုအရာမျိုးနဲ့ အကြိမ်ကြိမ်ထောက်ထားတာကိုတွေ့ရတယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် နာရီစင်မှာ ထူးခြားမှုတစ်ခုရှိနိုင်တယ်၊ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးဟာ နာရီစင်ကို အကြိမ်ကြိမ်ခဲတံနဲ့ထောက်ပြဖူးတယ် "

ဟုပြောလေ၏။ ဂျမဒါမင်းထင် ပြသောနေရာကို စစ်သားများ ဝိုင်းဝန်းကြည့်ရှု၍ ခေါင်းတဆတ်ဆတ်ညိတ်ကြ၏။

ဂျမဒါမင်းထင်က မြေပုံကို စားပွဲပေါ်တွင် ချပြ၍

" နာရီစင်ကို ဗက်ဒိုးအင်ခေါင်းဆောင်ကြီး ဘာကြောင့်ကြည့်ရှုသလဲဆိုတော့ နာရီစင်မှာ မေရျာဝီလျံကို ဖမ်းဆီးထားတာ ဖြစ်နိုင်တယ် "

ဟု ထင်ကြေးပေးလေ၏။ သူခိုးသည် ဂျမဒါမင်းထင်၏ စကားကြောင့် မျက်မှောင်ကြုတ်၍ စဉ်းစား၏။ ပြီးမှ

" နာရီစင်ကြီးဟာ အတော်ကြီးတယ်၊ မြင့်လည်းမြင့်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



နာရီစင့်ပေါ်တက်တဲ့ မြွေလိမ်မြွေကောက်လှေကားရှိတယ်၊ အစောင့်တွေ နေတဲ့ အခန်းလည်းရှိတယ်၊ ဒါကြောင့် မေဂျာဝီလျံကို အဲဒီနေရာမှာ ဖမ်းမယ်ဆိုရင် ဖမ်းထားနိုင်တယ် ''

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

'' ဒါဆိုရင် ကျုပ်တို့လူစု နာရီစင်ကြီးကို အကဲခတ်ကြည့်ချင်တယ်၊ ကျုပ်နဲ့အတူ ဟုတ်စိန်နဲ့ဘိလေးကို ခေါ်သွားမယ်၊ မောင်လှိုင်တော့ နေခဲ့ပါ ''

ဟု ပြောလေ၏။ သူခိုးက ထိုနေရာသို့ လိုက်ပို့ပေးမည်ဖြစ်ကြောင်း ပြောလေ၏။

ထို့နောက် ဂျမဒါမင်းထင်တို့သည် မြို့တစ်နေရာတွင်ရှိသော နာရီစင်ကို သွားရောက်ကြည့်ရှုကြ၏။ ၎င်းတို့သည် နာရီစင်နှင့် မလှမ်းမကမ်းရှိ ကော်ဖီဆိုင်ကလေးတွင် ထိုင်၍ အကဲခတ်ကြည့်ရှုလေ၏။

အတန်ကြာအောင် ကြည့်ရှုပြီးနောက် ဂျမဒါမင်းထင်က ထူးခြားမှုမရှိသဖြင့် ထိုနေရာမှ ထွက်ခွာခဲ့လေ၏။

တစ်နေရာသို့ရောက်သောအခါ အစားအသောက်မက်သော လူရှုပ်ဟုတ်စိန်က လက်ညှိုးညွှန်ပြ၍

'' ဟိုမှာကြည့်စမ်း၊ အသားညှပ်ပေါင်မုန့်ရောင်းတဲ့ဆိုင်ကလေးပါလား၊ ဘာဆရာကို ရောက်ကတည်းက ချာပါတီတွေ၊ အာလူးဟင်းတွေနဲ့ပဲ ဖူးစာဆုံနေရတယ်၊ အသားညှပ်ပေါင်မုန့်နဲ့ ကော်ဖီသောက်အောင် ''

ဟု ပြောလေ၏။





ဆိုင်ကလေးသည် ဘာဆရာမြို့တွင် ရှားရှားပါးပါးရှိသော ဥရောပစတိုင် စားသောက်ဆိုင်ကလေးဖြစ်၏။

ဂျမဒါမင်းထင်တို့သည် အသားညှပ်ပေါင်မုန့်၊ ကြက်ကြော်နှင့် ကော်ဖီများကို မှာယူစားသောက်ကြလေ၏။

တရုတ်လူရှုပ်ဟုတ်စိန်သည် လူပိန်သလောက် အစားကြီးသူ ဖြစ်၏ သူသည် ဘာဆရာမြို့တွင် အစားအသောက်ဆင်းရဲလာသဖြင့် အသားညှပ်ပေါင်မုန့်များကို တစ်ချပ်ပြီးတစ်ချပ် စားလေ၏။

ဟုတ်စိန်စားသောက်နေပုံကို ဘိလေးကကြည့်၍

'' ဟေ့ကောင် ဟုတ်စိန်၊ စားလှချည်လား၊ အသားညှပ်ပေါင်မုန့် တစ်ချပ်ကို ဘယ်လောက်ကျသလဲ၊ ဈေးမေးကြည့်ဦး ''

ဟု ပြောလေရာ ဟုတ်စိန်က ပလုပ်ပလောင်းစားရင်း

'' မင်း ဘာမှဆရာမလုပ်နဲ့၊ ငါ သေသေချာချာ ဈေးမေးပြီးမှ စားတာကွ၊ ဈေးသိပ်ပေါတယ် ''

ဟု ပြောကာ မှာယူစားသောက်နေလေ၏။

အသားညှပ်ပေါင်မုန့်ရောင်းသော အာရပ်ကြီးသည် ဟုတ်စိန်အား အင်တော်တိုင်းပြည်မှ ရောက်လာသလားဟု ထင်မြင်နေဟန်ဖြင့် ခေါင်းပြုံးပြီး ကြည့်နေလေ၏။

ဤသို့ဖြင့် တုတ်စိန်သည် အသားညှပ်ပေါင်မုန့်များကို တစ်ချပ်ပြီးတစ်ချပ် စားသောက်ရာ မုန့်ဗီရိုထဲတွင် အသားညှပ်ပေါင်မုန့် သုံးချပ်သာ ကျန်တော့၏။

ဟုတ်စိန်က ကော်ဖီတစ်ခွက်ကို သောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



" ကောင်းတယ်ဗျာ၊ ချာပါတီ၊ ပဲဟင်း၊ အားလူးဟင်းတွေနဲ့ နှစ်ပါးသွားနေရတာ ကြာပြီ ကဲ... နောက်ဆုံးကျန်တဲ့သုံးချပ်ကို ယူလာ ခဲ့ဗျာ "

ဟု တောင်းဆိုလိုက်လေ၏။ ထိုအခါ ဆိုင်ရှင်အာရပ်ကြီး ကမန်းကတန်း လက်ကာပြ၍

" ဒီသုံးချပ်တော့ ချမ်းသာပေးပါဗျာ၊ ရောင်းလို့အဖြစ်လို့ပါ "

ဟု ပြောလိုက်ရာ တရုတ်လူရှုပ်ဟုတ်စိန်က မျက်မှောင်ကြုတ်၍

" ဘာဖြစ်လို့ မရောင်းတာလဲဗျ၊ ကျုပ်တို့ ပိုက်ဆံမရှင်းနိုင် ထင်လို့လား "

ဟု မေးမြန်းလိုက်လေ၏။ အာရပ်ကြီးက ခေါင်းခါယမ်း၍

" ဒီလိုမထင်ပါဘူးဗျာ၊ အသားညှပ်ပေါင်မုန့်သုံးချပ်ကို နေ နာရီစင်ကြီးကို ပို့ပေးရလို့ပါ "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က အာရပ်ကြီး၏စကားကြော မျက်မှောင်ကြုတ်၍

" နာရီစင်ကို အသားညှပ်ပေါင်မုန့်ပို့တာ ကြာပြီလား "

ဟု မေးမြန်းလေ၏။ အာရပ်ကြီးက ခေါင်းညိတ်၍

" နှစ်ပတ်လောက်တော့ရှိပါပြီ၊ တစ်ခါတစ်ရံ အသားညှ ပေါင်မုန့်နဲ့ သိုးသားဆွတ်ပြုတ်ပို့ပေးရပါတယ်၊ ကော်ဖီကိုလည်း ဥရော ဆန်ဆန် ဖာလာစေ့မထည့်ဘဲ ခပ်ပျော့ပျော့ ဖျော်ပေးရတယ် "

ဟု ပြောလေ၏။ တရုတ်လူရှုပ်ဟုတ်စိန်သည် ထိုအခါမှပင် စား သောက်ခြင်းကို ရပ်တန့်၍ ဆိုင်ထဲမှ ထွက်ရန်ပြင်လေ၏။





ဆိုင်ရှင်အာရပ်ကြီးက တရုတ်လူရှုပ်ဟုတ်စိန်ကို လက်ဆွဲ နှုတ်ဆ ဆက်၍

" ကျုပ်ရဲ့ဥရောပစတိုင် အသားညှပ်ပေါင်မုန့်တွေကို မိတ်ဆွေ လောက် စားသောက်တဲ့လူ မတွေ့ဖူးဘူး၊ ဒါကြောင့် မိတ်ဆွေရဲ့နာမည် ကို ဆိုင်မှာ မှန်ဘောင်နဲ့ အကျအနချိတ်ဆွဲပြီး ဂုဏ်ပြုချင်လို့ နာမည်နဲ့ လိပ်စာကို ပေးခဲ့ပါ "

ဟု ပြောလေရာ တရုတ်လူရှုပ်ဟုတ်စိန်သည် ဂုဏ်ယူဟန်ဖြင့် သူ၏အမည်နှင့် အဆင့်အတန်းကို ပြောပြလေ၏။

ဆိုင်ပြင်သို့ရောက်သောအခါ ဘီလေးက ရယ်မော၍

" မင်းကို အစားပုတ်တဲ့ ဇူဇကာလက်သစ် အငတ်တို့၏ဘုရင် ဆိုပြီး သူ့ဆိုင်မှာ ကြော်ငြာထားမှာကွ၊ ဒါကို အရှက်မရှိဘဲ အမည်နဲ့ လိပ်စာကိုပေးတာ အံ့ပါရဲ့ကွာ "

ဟု ပြောလေ၏။ ထိုအခါ တရုတ်လူရှုပ်ဟုတ်စိန်က ရယ်မော၍

" ဘာပဲဖြစ်ဖြစ် ဒါဟာ ထူးခြားမှုတစ်ခုပါကွာ၊ လူတွေဟာ သူထက်ငါ ထူးဆန်းဖို့ ကြိုးစားနေတယ်၊ ဒီနေ့ ကမ္ဘာပေါ်မှာ အောင်မြင် ကျော်ကြားပြီး ထင်ရှားတဲ့လူတွေအားလုံး ထူးဆန်းတဲ့လူတွေချည်းပဲ၊ ဒါကြောင့် လောကမှာ ထူးခြားဖို့ကြိုးစားရမယ်ကွ "

ဟု ပြောလေရာ ဘီလေးက တရုတ်လူရှုပ်ဟုတ်စိန်ကို အခွင့် အရေးရပြီ ဖြစ်သဖြင့် အမျိုးမျိုး ဖြစ်တင်ရှုတ်ချလေ၏။

ဂျမဒါမင်းထင်ကမူ တစ်လမ်းလုံး ငြိမ်သက်စွာ လိုက်ပါလာ၏။ အိမ်သို့ရောက်သောအခါ ဂျမဒါမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



'' နာရီစင်မှာ မေကျာ်ဝီလျှံရှိနေတာ ပိုသေချာသွားပြီ မေကျာ်ဝီ
ဟာ အင်္ဂလိပ်လူမျိုးဆိုတော့ အာရပ်အစားအစာတွေ စားနိုင်ပုံမရ
ဒါကြောင့် အသားညှပ်ပေါင်မုန့်နဲ့ စွတ်ပြုတ်တွေကို ပို့ပေးနေ
ဖြစ်မယ်၊ နောက်ပြီး ဆိုင်ရှင်အာရပ်ကြီး နာရီစင်ကို အသားညှပ်ပေါင်
ပို့ပေးတဲ့နေ့နဲ့ မေကျာ်ဝီလျှံကို အဖမ်းခံရတဲ့နေ့ဟာ နီးစပ်မှုရှိတယ်
ဒါကြောင့် ကျုပ်ကတော့ နာရီစင်မှာ မေကျာ်ဝီလျှံကို အဖမ်းခံနေတယ်
ယုံကြည်တယ် ''

ဟု ပြောလေ၏။ သူခိုးက ဂျမဒါမင်းထင်၏စကားကို နားထော
၍

'' ဟုတ်တယ် ဂျမဒါ၊ ဂျမဒါခွေးတာ ဖြစ်နိုင်ချေရှိတယ်၊ ဒီတော
ကျုပ်ရဲ့စောရအတတ်နဲ့ နာရီစင်ကြီးအနီးကို ချည်းကပ်ကြည့်မယ်

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က လက်မခံဘဲ

'' ဒီလိုမလုပ်ပါနဲ့၊ ခင်ဗျား တစ်ခုခုမှားယွင်းသွားရင် မေကျာ်ဝီ
အတွက် အန္တရာယ်ရှိတယ်၊ ဒါကြောင့် ကျုပ်တို့ ခေါင်းအေးအေးထား
ကြံစည်ကြမယ် ''

ဟု ပြောလေ၏။

စစ်သားများအားလုံး ဂျမဒါမင်းထင်ကို အားကိုးကြသ
စောဒကမတက်ဘဲ ငြိမ်သက်စွာ ရှိနေကြ၏။

ဂျမဒါမင်းထင်သည် အခန်းထဲတွင် ခေါက်တုန့်ခေါက်
လျှောက်ရင်း စဉ်းစားနေ၏။ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးသ
တူရကီဗိုလ်ချုပ် ရှုလတန်ကို ကြိုဆိုရန် မြို့စွန်ရှိ လေဆိပ်သို့ရောက်





ဘာဆရာမြို့သို့ တူရကီဗိုလ်ချုပ်ကြီးရောက်လာခြင်းကို ဗက်ဒိုးအင် ခေါင်းဆောင်ကြီးသဘောကျနေလေ၏။

တူရကီဗိုလ်ချုပ်ရောက်လာမှသာ မိန်းမချော မိန်းမလှလေးများနှင့် လွတ်လွတ်လပ်လပ် တွေ့ဆုံရပေမည်။ သူတို့ ဗက်ဒိုးအင်များသည် သဲကန္တာရတွင်သာ အနေများပြီး အတည်တကျမရှိသဖြင့် စည်းစိမ်ခံစားခွင့် အလွန်နည်း၏။

ထို့ကြောင့် ဘာဆရာတွင် ဗိုလ်ကျစိုးမိုးသည့် အခိုက်အတန့်တွင် မိန်းမလှလေးများနှင့် တွေ့ဆုံရန် စိတ်အားသန်၏။

ဘာဆရာတွင် နေထိုင်စဉ် တစ်ယောက်တစ်မျိုးစီ ထူးခြားသော မိန်းမလှလေးများကို မပြတ်တွေ့ဆုံရင်း အလွန်ကျေနပ်နေမိ၏။

မိန်းမများသည် ဘယ်သောအခါမဆို တစ်ဦးနှင့်တစ်ဦး ခြားနားသည်သာ ဖြစ်၏။ ခေါင်းဆောင်ကြီးသည် မိန်းမများ၏ ခြားနားမှုကို ရှာဖွေရန် ဝါသနာထုံသူဖြစ်၏။

ထိုအခိုက်မှာပင် ကောင်းကင်ရှိမှ လေယာဉ်သံကြားရသဖြင့် သူတို့အားလုံး လှုပ်လှုပ်ရှရှ ဖြစ်သွားလေ၏။

တူရကီဗိုလ်ချုပ်ရှုလတန်ရောက်ရှိလာချေပြီ။ ဗက်ဒိုးအင် ခေါင်းဆောင်ကြီးအနောက်မှ မြို့ပေါ်ရှိတာဝန်ရှိသူများ တန်းစီရပ်လိုက်၏။

လေယာဉ်ငယ်လေး ကွင်းပေါ်သို့ဆင်းသက်ပြီး တူရကီဗိုလ်ချုပ်ရှုလတန်သည် လေယာဉ်မှ ဦးဆုံးဆင်းလာ၏။

တူရကီဗိုလ်ချုပ်သည် အရပ်အမောင်းကောင်းမွန်ပြီး တာဝန်ခံရွှေရားကို တိတိကျကျ ထမ်းဆောင်မည့်ပုံသဏ္ဌာန်ရှိ၏။ ဗက်ဒိုးအင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ကြီးသည် တူရကီဗိုလ်ချုပ်ကို လက်ဆွဲနှုတ်ဆက်ပြီး

" ဘာဆရာမြို့က လှိုက်လှဲစွာကြိုဆိုပါတယ် ဗိုလ်ချုပ်၊ ကြိုတင် အကြောင်းကြားချက်မရှိဘဲ ရုတ်တရက်ရောက်လာတယ်ဆိုတော့ အံ့ဩ ရပါတယ် "

ဟု ပြောလေ၏။ တူရကီဗိုလ်ချုပ်က ခေါင်းညိတ်၍

" ဘာဆရာကိုရောက်လာဖို့ ကြိုတင်ကြံရွယ်မထားတဲ့အတွက် မမျှော်လင့်ဘဲ ရောက်လာရတာပါ၊ ဒီမှာ အေးအေးဆေးဆေးပဲ မဟုတ် လား "

ဟု မေးမြန်းလေ၏။ ဖက်ဒိုးအင်ခေါင်းဆောင်ကြီးသည် မြန်မာ စစ်သားများ၏ အကြောင်းကို သတိရသွားပြီး

" ဒီအကြောင်းတွေကို တည်းခိုတဲ့နေရာရောက်မှ ပြောပြပါမယ် ဗိုလ်ချုပ် "

ဟု ပြောကာ ခေါင်းဆောင်ကြီးသည် ဗိုလ်ချုပ်ရှုလတန်ကို ခေါ် ဆောင်ခဲ့လေ၏။

၎င်းတို့အနောက်မှ မြို့ပေါ်ရှိ တာဝန်ရှိလူကြီးများက လိုက်ကြ၏။ ဖက်ဒိုးအင်ခေါင်းဆောင်ကြီးသည် လေဆိပ်အပြင်ဘက်တွင် ရပ်တန့် ထားသော ဖိုဒ့်ကားကြီးဆီသို့ ဗိုလ်ချုပ်ရှုလတန်ကို ဦးဆောင်ပြီး ခေါ်လာခဲ့ လေ၏။

ထိုအခိုက်မှာပင် လေဆိပ်ဝင်းအတွင်းသို့ အနီရောင်သင်တိုင်း ဝတ် သူတောင်းစားကလေးငယ်လေး ဝင်ရောက်လာပြီး တူရကီ ဗိုလ်ချုပ်ရှေ့တွင် လမ်းပိတ်ရပ်လိုက်၏။





သူတောင်းစားကလေး၏ လက်ထဲတွင် နှင်းဆီပန်းလေးတစ်ပွင့် ကို ကိုင်ထား၏။

ဖက်ဒိုးအင်ခေါင်းဆောင်ကြီးသည် အတင့်ရဲလှသော သူတောင်း စားကလေးကို ဒေါသပုန်ထသွားပြီး ရိုက်နှက်ရန် ပြင်လိုက်၏။

ထိုအခါ တူရကီဗိုလ်ချုပ်သည် ဖက်ဒိုးအင်ခေါင်းဆောင်ကြီး၏ လက်ကိုဆွဲ၍ ကရုဏာသက်ဟန်ဖြင့်

" မလုပ်ပါနဲ့ဗျာ၊ သနားပါတယ်၊ သူ့ခမျာ ပန်းပေးချင်လို့နဲ့တူ ပါတယ် "

ဟု ပြောလေ၏။ ဖက်ဒိုးအင်ခေါင်းဆောင်ကြီးသည် တူရကီ ဗိုလ်ချုပ်၏ တားမြစ်ချက်ကြောင့် သူတောင်းစားကလေးကို မရိုက်တော့ ဘဲ မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

သူတောင်းစားကလေးသည် မျက်လုံးများဝိုင်းစက်နေပြီး တွန့် လိမ် ကောက်ကွေးသော ဆံပင်များရှိနေ၏။ သူတောင်းစားကလေး သည် တူရကီဗိုလ်ချုပ်ကို မျက်လုံးချင်းဆုံအောင် ကြည့်၍ နှင်းဆီပန်းပေး လိုက်၏။

တူရကီဗိုလ်ချုပ်သည် သူတောင်းစားကလေးကို မျက်တောင် မခတ်တမ်းကြည့်၍ ပန်းကို လက်ခံယူလိုက်၏။ ပြီးနောက် လှည့်ထွက်ရန် ကြိုးစည်နေသော သူတောင်းစားကလေးကို လက်ကာပြ၍ ငွေစက္ကူ တစ်ထပ်ကြီးကို ရက်ရက်ရောရော ပေးအပ်လိုက်၏။

ဖက်ဒိုးအင်ခေါင်းဆောင်ကြီးသည် တူရကီဗိုလ်ချုပ်၏ အပြုအမူ ကို တအံ့တဩ ငေးမောကြည့်နေ၏။ တူရကီဗိုလ်သည် ကလေးချစ်



www.burmeseclassic.com

www.burmeseclassic.com



တတ်၍လော၊ မိမိ ကိုယ်မိမိ ရက်ရောဟန်ဆောင်လေသလော မသိရှေ

သူတောင်းစားကလေးတစ်ဦးထို ငွေစက္ကူတစ်ထပ်ကြီး ပေးခြင်းသည် အံ့ဩဖွယ်ကောင်းလှ၏။

တူရကီဗိုလ်ချုပ်သည် မိုဒ်ကားပေါ်သို့ ရောက်သည်အထိ အနီရောင်သင်တိုင်းဝတ် သူတောင်းစားကလေးကို မျက်တောင်မခတ်တန်း ကြည့်ရှုနေ၏။

တူရကီဗိုလ်ချုပ်သည် မိုဒ်ကားကြီး စတင်ထွက်ခွာသောအခါ ကား၏နောက်ကြည့်မှန်မှ သူတောင်းစားကလေးကို သမင်လည်ပြန် လှည့်ကြည့်နေပြန်၏။

သူတောင်းကလေး ဝေး၍ ကျန်ရစ်သောအခါ ကောင်လေးပေးလိုက်သော နှင်းဆီပန်းကို နမ်းရှိုက်နေပြန်၏။

ဗက်ဒိုးအင်ခေါင်းဆောင်ကြီးသည် နံဘေးမှလိုက်ပါလာရင်း တူရကီဗိုလ်ချုပ်ဂူလတန်၏ အပြုအမူကို နှာခေါင်းရှုံ့လိုက်လေ၏။

တူရကီဗိုလ်ချုပ်သည် ကြောင်တောင်တောင်နိုင်သော လူ တစ်ယောက် ဖြစ်ပုံရ၏။

ဗိုလ်ချုပ်တည်းခိုရမည့် အိမ်ဂေဟာသို့ရောက်လျှင် ဗက်ဒိုးအင်ခေါင်းဆောင်ကြီးက ဘာဆရာမြို့၏အခြေအနေကို တင်ပြရလေ၏။

တူရကီဗိုလ်ချုပ် ဂူလတန်သည် မြန်မာစစ်သားများအကြောင်းကို ကြားသိရသောအခါ အလွန်အံ့ဩသွားပြီး

" ဟင်... ဒါဆိုရင် ဗြိတိသျှတွေဟာ မေဂျာဝိလျံကို ကယ်တင်ဖို့ ကြိုးစားနေတယ်ပေါ့၊ ဒါကို ကျုပ်တို့ပေါ့ဆလို့မဖြစ်ဘူး၊ မေဂျာဝိလျံဟာ





ကျုပ်တို့အတွက် သိပ်အရေးကြီးတယ် "

ဟု ပြောလေ၏။ ထိုအခါ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးက

" မေဂျာဝိလျံကို ပြန်လိုချင်ရင် ရွှေဒင်္ဂါးတစ်သောင်းပေးရမယ်လို့ ဗြိတိသျှတွေကို ထုတ်ပြန်ထားတယ် "

ဟု ပြောလေ၏။

တူရကီဗိုလ်ချုပ်သည် ဗက်ဒိုးအင်ခေါင်းဆောင်ကြီးကို စိတ်ပျက်ဟန်ဖြင့် ကြည့်ရှုလိုက်လေ၏။ ဗက်ဒိုးအင်များသည် လောဘရမ္မက် အလွန်ကြီးသည်ဟု ထင်မြင်လိုက်မိ၏။

တူရကီဗိုလ်ချုပ်က ခေါင်းခါယမ်း၍

" ရွှေဒင်္ဂါးအပြားတစ်သောင်းနဲ့ မေဂျာဝိလျံကို လဲရမယ်ဆိုတဲ့ အစီအစဉ်ဟာ သိပ်မှားနေပြီ၊ ဘာကြောင့်လဲဆိုတော့ ဗြိတိသျှတွေအတွက် ရွှေဒင်္ဂါးတစ်သောင်းဆိုတာ ဘာမှ မပြောပလောက်ဘူး၊ သူတို့က သိပ်ချမ်းသာတယ် "

ဟု ပြောလေရာ တူရကီဗိုလ်ချုပ်၏စကားကြောင့် ဗက်ဒိုးအင်ခေါင်းဆောင်ကြီးက

" ဒါဆိုရင် ကျုပ်တို့ရဲ့အကြံအစည် အောင်မြင်မှာပေါ့ "

ဟု ပြောလိုက်၏။ တူရကီဗိုလ်ချုပ်က ခေါင်းခါယမ်း၍

" ခင်ဗျားတို့အကြံအစည် လုံးဝအောင်မြင်မှာမဟုတ်ဘူး၊ ဗြိတိသျှတွေက ရွှေဒင်္ဂါးတစ်သောင်းပေးပြီး သူတို့လူကို ဗက်ဒိုးအင်တွေဆီက ရွေးတယ်ဆိုရင် မက်ဆိုပိုတေးမီးယားမှာ သူတို့သိက္ခာ ဘယ်လောက်ကျသွားမလဲ၊ သူတို့ဟာ မက်ဆိုပိုတေးမီးယားမြေကို ခြေ



www.burmeseclassic.com

www.burmeseclassic.com



ချချင်း အခုလို ဂုဏ်သိက္ခာကျတဲ့အလုပ်ကို ဘယ်တော့မှလုပ်မှာ မဟုတ်ဘူး။ သူတို့ဟာ ကွန်မင်ဒိုတွေလွှတ်ပြီး မေဂျာဝီလျံကို ရအောင် ကယ်တင်လိမ့်မယ်၊ အခု ခင်ဗျားတို့ဆီမှာ ရောက်နေတဲ့ မြန်မာစစ်သားတွေဟာ ကြောက်စရာ အကောင်းဆုံး ကွန်မင်ဒိုတွေပဲ၊ သူတို့ဟာ ဗြိတိသျှစစ်တပ်မှာ အတော်ဆုံးလူတွေဖြစ်မှာ သေချာတယ် ''

ဟု ပြောလေရာ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးက မျက်လုံး ပြူးသွားပြီး

'' ဒီလူတွေ ဘယ်လောက်တော်တော် သဲကန္တာရမှာတော့ ကျုပ်တို့ ဗက်ဒိုးအင်တွေကို ယှဉ်လို့မရဘူး၊ ကျုပ်တို့က သဲကန္တာရကြွက်တွေပဲ၊ ဗိုလ်ချုပ်က မေဂျာဝီလျံကိစ္စကို ဘယ်လိုလုပ်ချင်သလဲ ''

ဟု မေးမြန်းလေ၏။ တူရကီဗိုလ်ချုပ်က သက်ပြင်းချ၍

'' ကျုပ်တို့ခေါင်းဆောင်တွေရဲ့ အစီအစဉ်ကတော့ မေဂျာဝီလျံအတွက် စိတ်မကောင်းစရာပဲ၊ တကယ်တော့ သူဟာ စစ်သုံ့ပန်းတစ်ယောက်ပဲ၊ စစ်သုံ့ပန်းတစ်ယောက်ရဲ့ အခွင့်အရေးတွေရသင့်တယ်၊ ဒါပေမဲ့ မက်ဆိုပိုတေးမီးယားက အာရပ်တွေအလယ်မှာ ဗြိတိသျှတွေ သိက္ခာကျပြီး ကျုပ်တို့တူရကီတွေ သိက္ခာတက်ဖို့လိုတယ်၊ ဒါကြောင့် ကျုပ်တို့ခေါင်းဆောင်တွေက မေဂျာဝီလျံကို လူသိရှင်ကြား ကွပ်မျက်စေချင်တယ် ''

ဟု ပြောလေရာ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးက အံ့သြဟန်ဖြင့်

'' မေဂျာဝီလျံကို ကွပ်မျက်ရင် ပြဿနာမဖြစ်နိုင်ဘူးလား ''

ဟု မေးမြန်းလေ၏။ တူရကီဗိုလ်ချုပ် ရူလတန်က မျက်မှောင်





ကြုတ်၍

'' တူရကီတွေအနေနဲ့ ကွပ်မျက်ရင် ပြဿနာဖြစ်နိုင်တယ်၊ ခင်ဗျားတို့ဗက်ဒိုးအင်တွေအနေနဲ့ လုပ်မယ်ဆိုရင်တော့ အပြစ်ဖြစ်မှာ မဟုတ်ဘူး၊ ခင်ဗျားတို့က သူပုန်တွေပဲ ''

ဟု ပြောလိုက်လေ၏။ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးသည် တူရကီဗိုလ်ချုပ်ရူလတန်၏စကားကြောင့် အောင့်သက်သက် ဖြစ်သွားလေ၏။

တူရကီများက သူတို့ကို သူပုန်အဖြစ်သတ်မှတ်ကာ လူမိုက်ဒုံးလိုက်ပေပြီ။ သို့သော် သူတို့ဗက်ဒိုးအင်များအနေနှင့် ရွေးစရာလမ်းမရှိချေ။

သဲကန္တာရတွင် နေထိုင်သော လူမျိုးစုလေးသည် တူရကီစစ်တပ်ကို ယှဉ်ပြိုင်၍ မမိုက်ဝံ့ချေ။

တူရကီတို့သည် နှစ်ပေါင်းရာချီ၍ အော်တိုမန်တူရကီအင်ပါယာကြီးကို ထူထောင်ခဲ့သဖြင့် လက်နက်လူသူအင်အား တောင့်တင်း၏။

ဗက်ဒိုးအင်ခေါင်းဆောင်ကြီးသည် အလွန်ရက်စက်ပြီး ကြင်နာသနားစိတ် ကင်းမဲ့သူဖြစ်၏။

သူ့အတွက် ငွေရမည်ဆိုလျှင် လူတစ်ယောက်၏အသက်ကို လုပ်ကြံသတ်ဖြတ်ရန် အခက်အခဲမရှိချေ။ ထို့ကြောင့် ခေါင်းညိတ်လိုက်ပြီး

'' မေဂျာဝီလျံကို ဘယ်လိုကွပ်မျက်မှာလဲ ''

ဟု မေးမြန်းလိုက်၏။ တူရကီဗိုလ်ချုပ် ရူလတန်က

'' ကျုပ်တို့ခေါင်းဆောင်တွေက မေဂျာဝီလျံကို လူသိရှင်ကြား



www.burmeseclassic.com

www.burmeseclassic.com



ကွပ်မျက်စေချင်တယ်၊ မေရှာဝီလျှံကို ကွပ်မျက်တာကို ဘာဆရာတစ်မြို့လုံး မြင်တွေ့စေချင်တယ် ''

ဟု ပြောလေ၏။ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးသည် မျက်မှောင်ကြုတ်၍ စဉ်းစားလေ၏။ အတန်ကြာအောင် စဉ်းစားပြီးမှ

'' ဟုတ်ပြီ၊ ဘာဆရာတစ်မြို့လုံးက မြင်တွေ့စေချင်တယ်ဆိုရင် တစ်မြို့လုံးစောင့်ကြည့်တဲ့နေရာမှာ ကွပ်မျက်မှရမယ်၊ အဲဒီနေရာက တော့ အခုလက်ရှိ မေရှာဝီလျှံကို ချုပ်ထားတဲ့နာရီစင်ပဲ၊ [illegible]ကို နာရီစင်မှာ ကွပ်မျက်မှရမယ် ''

ဟု ပြောလေရာ တူရကီဗိုလ်ချုပ်က [illegible]ဆတ်ဆတ်ညိတ်၍

'' ဒါကတော့ ခင်ဗျားတို့ အဆင်ပြေသလို [illegible]ပါ၊ အရေးကြီးတာက တစ်မြို့လုံးသိဖို့ပဲ၊ မေရှာဝီလျှံကို ကွက်မျက်ပြီးရင် ဗြိတိသျှတွေကို မက်ဆိုပိုတေးမီးယားက အာရပ်တွေ အထင်သေးမှာသေချာတယ်၊ ဒါဆိုရင် ကျုပ်တို့အကြံအောင်ပြီ ''

ဟု ပြောလေ၏။

တူရကီဗိုလ်ချုပ် ရှူလတန်သည် အနားယူလိုဟန်ဖြင့် ထိုင်ရာမှ ထလိုက်၏။

ဗက်ဒိုးအင်ခေါင်းဆောင်ကြီးလည်း တူရကီဗိုလ်ချုပ်ကို နှုတ်ဆက်၍ ပြန်သွားလေတော့၏။

တူရကီဗိုလ်ချုပ် ရှူလတန်သည် အစေခံယူလာပေးသော ကော်ဖီတစ်ခွက်ကို မော့ချလိုက်၏။

ထိုအခိုက်မှာပင် တည်းခိုဆောင်၏ လုံခြုံရေးတာဝန်ခံအရာရှိ





သည် ဗိုလ်ချုပ်ရှူလတန်ထံသို့ ရောက်ရှိလာပြီး ရိုကျိုးသောအမူအရာဖြင့် တီးတိုးမေးမြန်းလိုက်၏။

ဗိုလ်ချုပ်ရှူလတန်က ခေါင်းခါယမ်း၍

'' ဝါ့ဆီကို ဘယ်တော့မှ မိန်းမအကြောင်းလာမပြောနဲ့၊ ငါဟာ သေသွားတဲ့ငါ့မိန်းမကလွဲရင် ဘယ်မိန်းမကိုမှ မိန်းမလို့မထင်ဘူး ''

ဟု အော်ဟစ်မောင်းထုတ်လိုက်ရာ လုံခြုံရေးအရာရှိသည် မျက်စိမျက်နှာပျက်သွားပြီး ထိုနေရာမှ ထွက်သွားလေ၏။

တူရကီဗိုလ်ချုပ်သည် ကော်ဖီကို ထပ်မံသောက်လိုက်ရင်း မျက်လုံးထဲတွင် အနံရောင်သင်တိုင်းဝတ် သူတောင်းစားကလေးကို မြင်ယောင်နေမိ၏။

သူတောင်းစားကလေး ပေးလိုက်သော နှင်းဆီပန်းကို စားပွဲပေါ်သို့ တင်လိုက်၏။

သူတောင်းစားကလေး၏ ဝိုင်းစက်သော မျက်လုံးများနှင့် ကောက်ကွေးသောဆံပင်များကိုမြင်လျှင် သူသည် တစ်စုံတစ်ယောက်ကို သတိရနေမိ၏။

ထိုသို့သတိရသောအခါ သူ့ဖါရင်ထဲတွင် ဝမ်းနည်းကြေကွဲလာလေ၏။ ဗိုလ်ချုပ်ရှူလတန်သည် ခေါင်းထဲတွင် ကိုက်ခဲသလို ရှိလာ၍ အိပ်ရာထဲသို့ ဝင်လှဲလိုက်၏။

အိပ်ရာပေါ်တွင် လှဲ၍ မျက်လုံးများပိတ်လိုက်သည်အထိ ဝိုင်းစက်သော မျက်လုံး၊ ကောက်ကွေးသောဆံပင်များနှင့် နှင်းဆီပန်းတစ်ပွင့်ကို မြင်ယောင်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဗိုလ်ချုပ်ရုလတန်၏ခေါင်းသည် ပိုမိုကိုက်ခဲလာလေ၏။ ဝမ်းနည်းကြေကွဲမှုများလည်း ဖြစ်ပေါ်လာ၏။

လသာသောညအချိန်တွင် နာရီစင်အနီးသို့ အနက်ရောင် ဝတ်ဆင်ထားသော လူတစ်ဦး တိတ်ဆိတ်စွာ ချဉ်းကပ်လာ၏။

အနက်ရောင်ဝတ်စုံဝတ်လူသည် နံရံကို ကျောဖြင့်မှီ၍ နာရီစင်ပတ်လည်တွင် စောင့်ကြပ်နေသော လက်နက်ကိုင် အစောင့်အကြပ်များကို ကြည့်ရှုလေ၏။

ဗက်ဒိုးအင်တို့သည် နာရီစင်ကို လက်နက်ကိုင်အစောင့်အကြပ်များ စတင်ချထားလေပြီ။

အနက်ရောင်ဝတ်စုံဝတ်လူသည် လက်နက်ကိုင်အစောင့်များ မမြင်ကွယ်ရာသို့ရောက်သည်နှင့် နာရီစင်အနောက်ဘက် လှေကားဆီသို့ ပြေးတက်လိုက်၏။

ထိုလှေကားသည် နာရီစင်အနောက်တွင်ရှိသော အရေးပေါ်သုံး လှေကားဖြစ်၏။

အနက်ရောင်ဝတ်စုံဝတ်လူသည် သံလှေကားအတိုင်း အပေါ်သို့ လျှင်မြန်စွာ တက်သွား၏။ သူ၏ဖျတ်လတ်မှုကြောင့် နာရီစင်၏အပေါ်ဆုံးထပ်သို့ တစ်ခဏချင်း ရောက်သွား၏။

နာရီစင်၏အထပ်တိုင်းတွင် လက်နက်ကိုင်အစောင့်များ ရှိနေ၏။ အနက်ရောင်ဝတ်စုံဝတ်လူသည် နာရီစင်၏အပေါ်ဆုံးထပ်သို့ရောက်လျှင် သေးငယ်သော ထုတ်တန်းပေါ်တွင် မကြောက်မရွံ့ လှမ်းလျှောက်သွားပြီး နံရံအနီးသို့ရောက်သောအခါ ခြေလှမ်းကို ရပ်တန့်လိုက်၏။





နံရံသို့ကပ်ရန် လမ်းမရှိတော့ချေ။ ထို့ကြောင့် နံရံအနီးရှိ သံတန်းပေါ်သို့ လွှားခနဲ ခုန်ကူးလိုက်၏။ သူ၏စွန့်စားမှုသည် အလွန် အသည်းအိတ် ရင်ဖိုဖွယ်ကောင်း၏။

ခြေလှမ်းတစ်လှမ်းမှားလျှင် အောက်သို့ ကျွမ်းထိုးမှောက်ခုံ ပြုတ်ကျနိုင်၏။ အနက်ရောင်ဝတ်စုံဝတ်လူသည် နံရံတွင်ဖောက်ထားသော ပြူတင်းပေါက်မှ အတွင်းသို့ချောင်းကြည့်လိုက်၏။

အတွင်းရှိ အခန်းထဲတွင် မီးရောင်မှိန်မှိန်လေးလင်းနေပြီး သစ်သားခုတင်တစ်လုံးလည်းရှိ၏။

ထိုခုတင်ပေါ်တွင် အိပ်စက်နေသူကို ကြည့်၍ အနက်ရောင်ဝတ်စုံဝတ်လူသည် သက်ပြင်းချလိုက်၏။

နာရီစင်ပေါ်တွင် မဂျာဝီလျံရှိနေကြောင်း သေချာနေပြီ။ အနက်ရောင်ဝတ်စုံဝတ်လူသည် တစ်ဖက်နံရံကို ပြန်ခုန်ကူးပြီး အရေးပေါ်လှေကားထစ်များအတိုင်း မဆင်းတော့ဘဲ လှေကားလက်ရမ်းများမှ အချွတ်တိုက် ဆင်းချလိုက်၏။

အနက်ရောင်ဝတ်စုံဝတ်လူ နာရီစင်အောက်သို့ရောက်သောအခါ လုံခြုံရေးတပ်သားနှစ်ဦးသည် အသံကြားသဖြင့် ထိုနေရာသို့ တစ်ပြိုင်တည်း ရောက်လာ၏။

ထိုအခါ အနက်ရောင်ဝတ်စုံဝတ်လူသည် နာရီစင်၏ လူတစ်ရပ်သာသာမြင့်သော သံကိုင်းကို လျှင်မြန်စွာ ခိုဆွဲတက်လိုက်၏။

လုံခြုံရေးတပ်သားနှစ်ဦးသည် အနီးသို့ရောက်လာပြီး အနက်ရောင်ဝတ်စုံဝတ်လူ ရောက်ရှိနေသော သံတိုင်အောက်ရှိ လှေကား



www.burmeseclassic.com

www.burmeseclassic.com



ထစ်များကို လက်နှိပ်ဓာတ်မီး ကိုယ်စီဖြင့် ထိုးကြည့်ကြ၏။

ထို့နောက် အရိပ်အခြည်မတွေ့သဖြင့် ထိုနေရာမှ ပြန်လည် ထွက်ခွာသွားလေ၏။

အနက်ရောင်ဝတ်စုံဝတ်လူသည် ထိုအခါမှပင် နာရီစင်ကြီးအပေါ် အမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

▲▲▲▲▲

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အဲ့သောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





အနက်ရောင်ဝတ်စုံဝတ်လူသည် အိမ်သို့ပြန်ရောက်သောအခါ ပြတင်းပေါက်ကိုကျော်၍ ဝင်လိုက်၏။ ထိုအခါ သူ၏ရှေ့အမှောင်ထဲတွင် လူတစ်ဦးစောင့်ကြိုနေပြီး ထိုသူက

'' ဂျူမဒါ နာရီစင်ကို သွားကြည့်ခဲ့ပြီပေါ့ ''

ဟု တီးတိုးမေးမြန်းလိုက်၏။ ဂျူမဒါမင်းထင်က သက်ပြင်းချ၍

'' ဟုတ်တယ်၊ ကျုပ်တစ်ယောက်တည်း သွားကြည့်ခဲ့တယ်၊ နာရီစင်ကိုသွားတဲ့ကိစ္စမှာ ခင်ဗျားကိုမခေါ်တာ ခွင့်လွှတ်ပါ ''

ဟု ပြောလိုက်လေ၏။ ဂျူမဒါမင်းထင်၏စကားကြောင့် အမှောင်ထဲကလူက

'' ခွင့်လွှတ်ပါတယ် ဂျူမဒါ၊ ကျုပ်ဟာ စောရတစ်ယောက်ပါ ဒါပေမဲ့ အန္တရာယ်နဲ့တွေ့ရင် ဂျူမဒါလို စွန့်စားခန်းဖွင့်နိုင်မှာ မဟုတ်ဘူး ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

'' ခင်ဗျားမှာ အရည်အချင်းတွေရှိပါတယ်၊ ကိုယ့်ရဲ့အရည်အချင်းကို မနှိမ့်ချစမ်းပါနဲ့၊ မေဂျာဝီလျံကို ကယ်တင်ဖို့ကိစ္စမှာ ခင်ဗျားရဲ့ အကူ အညီ အများကြီးလိုပါတယ်၊ ခင်ဗျားရဲ့အကူအညီမရရင် ကျုပ်တို့ မေဂျာဝီလျံကို ကယ်တင်နိုင်မှာမဟုတ်ဘူး ''

ဟု ပြောလေရာ သူခိုးက ဂျမဒါမင်းထင်ကို စိတ်အားတက်ကြွ ဟန်ဖြင့်ကြည့်၍

'' ဂျမဒါလိုအပ်တဲ့ အကူအညီကိုပြောပါ၊ ကျုပ် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကူညီပါ့မယ် ''

ဟု ပြောလေရာ ဂျမဒါမင်းထင် သူခိုး၏ပခုံးကိုဖက်၍

'' ကျုပ်တို့ရဲ့စွန့်စားခန်းတွေ မကြာမီစတော့မယ်၊ မေဂျာဝီလျံကို ကယ်တင်ဖို့ အချိန်တွေနီးကပ်နေပြီ ''

ဟု တိုးတိုးပြောလိုက်လေ၏။

ဇက်ဒိုးအင်ခေါင်းဆောင်ကြီးသည် မေဂျာဝီလျံကို ကွပ်မျက်မည့် အကြောင်းကို ခမ်းခမ်းနားနားရေးသား၍ ဘာဆရာတစ်မြို့လုံး သိအောင် ကြော်ငြာလိုက်၏။

ထိုစာထဲတွင် မိစ္ဆာတို့၏စစ်တပ်မှ မကောင်းဆိုးဝါးအရာရှိကြီး တစ်ယောက်ကို မိမိတို့ ဇက်ဒိုးအင်စစ်သည်များက စွန့်စွန့်စားစား ဖမ်းဆီးခဲ့ကြောင်း လိုသည်ထက်ပို ချဲ့ကားရေးဖွဲ့ထား၏။

နောက်ဆုံးတွင် မြို့လယ်နာရီစင်ကြီးရှေ့သို့ စနေနေ့ညနေ (၄)နာရီတိတိတွင် ဘာဆရာမြို့သူမြို့သားများ အရောက်လာရမည်ဖြစ်





ကြောင်း ထိုအချိန်တွင် မေဂျာဝီလျံကို ကြိုးဆွဲချသတ်ဖြတ်မည် ဖြစ်ကြောင်း ဖော်ပြထား၏။

ဇက်ဒိုးအင်ခေါင်းဆောင်ကြီး၏ ကြော်ငြာစာတမ်းတွင် ၎င်း၏ ဂုဏ်ပုဒ်များကို ချဲ့ကားရေးဖွဲ့ထား၏။

ဇက်ဒိုးအင်တို့၏ ကြော်ငြာစာတမ်းကို ဖတ်ရှုရသောအခါ သနားကရုဏာစိတ်မရှိသော မြို့သားများက မေဂျာဝီလျံကို သတ်ဖြတ်ရန် သဘောတူကြ၏။

အချို့သော မြို့သူမြို့သားများကမူ မေဂျာဝီလျံကို စစ်ဥပဒေအတိုင်း အရေးယူလိုကြ၏။

ဂျမဒါမင်းထင်တို့သည် ထိုသတင်းကိုဖတ်ရှု၍ သက်ပြင်းကိုသိစိချလိုက်ကြပြီး ဘီလေးက

'' ကျုပ်တို့ အမြန်ဆုံးမေဂျာဝီလျံကို ကယ်တင်မှဖြစ်တော့မယ် ''

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က

'' ကျုပ်မှာ အစီအစဉ်ရှိပါတယ်၊ မေဂျာဝီလျံကို ကွပ်မျက်မယ့် အချိန်ရောက်မှ ကယ်တင်လို့ရမယ် ''

ဟု တိုးတိုးပြောလိုက်၏။ ထိုအခါ စစ်သည်များအားလုံး စိတ်အားတက်ကြွလာပြီး တရုတ်လူရှုပ်တုတ်စိန်က

'' ကျုပ်တို့ ဘယ်လိုစွန့်စားခန်းဖွင့်ရမှာလဲ ဂျမဒါ ''

ဟု မေးမြန်းလာ၏။ ဂျမဒါမင်းထင် အဝေးဆီသို့ငေးကြည့်၍

'' လွန်ခဲ့တဲ့ညက နာရီစင်ကြီးကို ကျုပ် တိတ်တဆိတ်သွားကြည့်



www.burmeseclassic.com

တယ်၊ အဲဒါ မေဂျာဝီလျံကို မြင်တွေ့ခဲ့ရတယ်၊ ဒါကြောင့် မေဂျာဝီလျံကို ဘယ်လိုကယ်တင်ရမလဲဆိုတာ နည်းလမ်းတွေ့ခဲ့တယ်၊ ကျုပ်တို့အနေနဲ့ ဗက်ဒိုးအင်တွေကို အတင်းဝင်တိုက်ပြီး မေဂျာဝီလျံကို ကယ်တင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ကျုပ်တို့ လူအင်အားနဲ့ ဗက်ဒိုးအင်တွေကို အံတုရင် ကျောက်တောင်ကို ကြက်ဥနဲ့ပေါက်သလိုပဲဖြစ်မယ်၊ ဒါကြောင့် ကျုပ်တို့ ပရိယာယ်သုံးရမယ် ''

ဟု ပြောလေရာ စစ်သားများအားလုံး စိတ်ဝင်စားစွာ နားထောင် ကြလေ၏။ ဂျမဒါမင်းထင်က ဆက်လက်၍

'' ကျုပ်နဲ့ ယောဒိကစောရကြီးနှစ်ယောက်ပဲ မေဂျာဝီလျံကို ရအောင် ကယ်တင်မယ်၊ မင်းတို့သုံးယောက်ကတော့ ဗက်ဒိုးအင်တွေကို အယောင်ပြတိုက်ခိုက်ပြီး မြို့က ထွက်ပြေးရမယ်၊ ဒါမှ ဗက်ဒိုးအင်တွေ ဟာ ငါတို့ ဒီမြို့ကထွက်ပြေးပြီလို့ ယုံကြည်ကြလိမ့်မယ်၊ ကျုပ်တို့ နှစ်ယောက်က မေဂျာဝီလျံကို ကယ်တင်ဖို့ သက်စွန့်ကြိုးပမ်း ဆောင်ရွက် နေချိန်မှာ မင်းတို့သုံးယောက် မြို့ပြင်ကိုရောက်နေနှင့်ပြီး၊ မင်းတို့ဟာ အတွေ့အကြုံ ရှိတဲ့ စစ်သားတွေပဲ၊ ဒီလောက်ဆိုရင် မင်းတို့ ဘာဆက် လုပ်ရမယ်ဆိုတာ ရိပ်စားမိမှာပါ ''

ဟု ပြောလေ၏။

တရုတ်လူရှုပ်ဟုတ်စိန်က ခေါင်းညိတ်၍

'' ရိပ်မိပါတယ် ဂျမဒါ၊ ဒါပေမဲ့ ဗက်ဒိုးအင်တွေရဲ့ လှုပ်ရှားမှုတွေ ကို ကျုပ်တို့ ဘာမှမသိသေးဘူး ''

ဟု ပြောလေ၏။ ထိုအခါ စောရက ဝင်ရောက်၍





'' ဒီအတွက်မပူပါနဲ့၊ ဗက်ဒိုးအင်တွေရဲ့ လှုပ်ရှားမှုတွေကို ဂျမဒါက စေခိုင်းလို့ ကျုပ်စာရင်းပြုထားပြီးပါပြီ၊ ကျုပ်ရဲ့စာရင်းတွေက တိကျမှာ သေချာပါတယ် ''

ဟု ဆိုကာ ၎င်းပြုစုထားသော စာရင်းများကို စစ်သားများအား ပေးအပ်လိုက်လေ၏။ ဂျမဒါမင်းထင်က ဆက်လက်၍

'' ခင်ဗျားတို့ရဲ့တာဝန်က ဗက်ဒိုးအင်တွေကို အယောင်ပြတိုက်ခိုက်ပြီး ဗြိတိသျှစစ်တပ်ရှိတဲ့နေရာကိုပြန်ဖို့ပဲ ''

ဟု ပြောလေရာ ဘီလေးက မျက်မှောင်ကြုတ်၍

'' ဒါဆိုရင် ကျုပ်တို့က ဂျမဒါကို ဘာဆရာမှာ တစ်ယောက်တည်း ထားခဲ့ရမှာလား ''

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

'' ဒီအတွက် ခင်ဗျားတို့မပူပါနဲ့၊ ကျုပ်နဲ့အတူ ယောဒိက စောရကြီး ရှိနေပါတယ်၊ သူဟာ ဘာဆရာမြို့ကို ခါးစောင်းတင်ထားတဲ့လူပါ၊ သူက ကျုပ်ကို အကူအညီတွေ အများကြီးပေးနိုင်ပါတယ်၊ ခင်ဗျားတို့ကို ဗြိတိသျှစစ်တပ်ကို ပြန်လွှတ်တဲ့ အဓိကအကြောင်းအရင်းက မေဂျာဝီလျံကို ကွပ်မျက်မဲ့အချိန် စနေနေ့ညနေ (၄)နာရီထိုးတိတိမှာ ဘာဆရာမြို့အနီးကို ဗြိတိသျှစစ်တပ်ရောက်နေဖို့ အကြောင်းကြားစေချင်လို့ပဲ၊ ကျုပ်တို့က မေဂျာဝီလျံကို ကယ်တင်လာချိန်မှာ ဘာဆရာမြို့ပြင်မှာ ဗြိတိသျှစစ်တပ် ရောက်နေဖို့လိုတယ်၊ ဒါမှ မေဂျာဝီလျံရဲ့အသက်ကို ကျုပ်တို့ ကယ်တင်နိုင်မယ် ''

ဟု ပြောလေ၏။ ဂျမဒါမင်းထင်၏စကားကြောင့် ဖဲသမား မောင်

www.burmeseclassic.com



လှိုင်က သက်ပြင်းချ၍

" ဘာဆရာမှာ ဂျူမဒါတစ်ယောက်တည်း ကျန်ရစ်ခဲ့မှာ စိတ်မ
ဘူးဗျာ "

ဟု ပြောလေ၏။ ဂျူမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" ဒီအတွက်မပူပါနဲ့ဗျာ၊ ကျုပ်အတွက်တော့ ဒီလိုစွန့်စားခန်းတွေ
က ရှိးနေပါပြီ "

ဟု ပြောလိုက်ရာ စစ်သားအားလုံး သက်ပြင်းကိုယ်စီချလိုက်
လေ၏။

▲ ▲ ▲ ▲ ▲

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။







တူရကီဗိုလ်ချုပ် ရှုလတန်သည် ဘာဆရာသို့ ရောက်ရှိနေသည်မှာ နှစ်ရက်ရှိနေပြီး သူ့ထံသို့ ဗက်ဗိုးအင်ခေါင်းဆောင်ကြီး လာမတွေ့သဖြင့် ဒေါသူပုန်ထနေလေ၏။

သူသည် သမိုင်းဝင်းရှေးဟောင်း အမွေအနှစ်များစွာရှိသော ဘာဆရာမြို့ကို အလွန်စိတ်ဝင်စား၏။ သူသည် စစ်ထဲသို့မဝင်မီလျှင် ရှေးဟောင်းသုတေသနပညာရှင်ဖြစ်မှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု ဘာဆရာမြို့သို့ ရောက်တုန်း ရှေးဟောင်းအမွေအနှစ်များကို လေ့လာချင်၏။ သူ၏ဆန္ဒကို ဇက်ဒိုးအင်ခေါင်းဆောင်ကြီးက မေးမြန်းခြင်းမရှိသည့်အတွက် မကျေမချမ်းဖြစ်နေ၏။

ထိုအခိုက်မှာပင် ဇက်ဒိုးအင်ခေါင်းဆောင်ကြီး ဧည့်ခန်းသို့ ရောက် ရှိနေကြောင်း သိရသဖြင့် သွားရောက်တွေ့ဆုံလေ၏။

ဇက်ဒိုးအင်ခေါင်းဆောင်ကြီးသည် တူရကီဗိုလ်ချုပ်အား မိန်းမလှလေးများနှင့်ပျော်ရွှင်နေပြီဟုထင်၏။

တူရကီဗိုလ်ချုပ်သည် ထိုကိစ္စများနှင့်ပတ်သက်ပြီး ဝါသနာမထုံကြောင်း မသိရှာချေ။ တူရကီဗိုလ်ချုပ်က ဇက်ဒိုးအင်ခေါင်းဆောင်ကြီးကို တွေ့တွေ့ချင်း မကျေမချမ်းဖြင့်

" နှစ်ရက်လုံးလုံး ခင်ဗျားဘယ်ရောက်နေတာလဲ၊ ဘာဆရာမှာ လုပ်စရာမရှိဘဲ အချိန်တွေကုန်နေပြီ "

ဟုပြောလိုက်ရာ ဇက်ဒိုးအင်ခေါင်းဆောင်ကြီးသည် တည်းခိုဆောင်၏ တာဝန်ခံကို မသိမသာ လှမ်းကြည့်လိုက်၏။ ပြီးနောက်

" တည်းခိုဆောင်တာဝန်ခံက ဗိုလ်ချုပ်အတွက် ဘာမှစီစဉ်မပေးဘူးလား "

ဟုမေးမြန်းလေရာ ဗိုလ်ချုပ်ဗူလတန်သည် သူ့အား တဏှာရူးတစ်ယောက်ဟု အထင်ရှိနေသဖြင့် ဒေါသဖြစ်သွားပြီး

" ဒီမှာ ခေါင်းဆောင်ကြီး၊ ကျုပ် မိန်းမတွေနဲ့ကင်းကင်းနေတယ်၊ ဒီကိစ္စတွေကို ကျုပ်စိတ်မဝင်စားဘူး "

ဟုပြောလိုက်လေ၏။ ထိုအခါ ဇက်ဒိုးအင်ခေါင်းဆောင်ကြီးသည်





ဗိုလ်ချုပ်ဗူလတန်ကို မိန်းမလျှာတစ်ဦးဟု အထင်ရှိသွားလေ၏။ ထို့ကြောင့် သက်ပြင်းချလိုက်ပြီး

" ဒါဆို ဘာဆရာမှာ ဗိုလ်ချုပ်လောလောဆယ် ဘာလုပ်ချင်သလဲ "

ဟုမေးမြန်းလေ၏။ ဗိုလ်ချုပ်ဗူလတန်က မျက်မှောင်ကြုတ်၍

" ဘာဆရာမှာ ရှေးဟောင်းအမွေအနှစ်တွေကို ကျုပ်လေ့လာချင်တယ်၊ ကျုပ်ကို ဧည့်လမ်းညွှန်ကောင်းကောင်းစီစဉ်ပေးပါ "

ဟုတောင်းဆိုလိုက်ရာ ဇက်ဒိုးအင်ခေါင်းဆောင်ကြီးသည် ဗိုလ်ချုပ် ဗူလတန်အတွက် လိုအပ်ချက်များကို စီစဉ်ပေးရလေ၏။

ထို့နောက် ဇက်ဒိုးအင်ခေါင်းဆောင်ကြီးက ဗိုလ်ချုပ်ဗူလတန်အား မေဂျာဝီလျံအား စနေနေ့ညနေ ၄ နာရီတွက် ကွပ်မျက်မည် ဖြစ်ကြောင်း ပြောလေ၏။

ထို့အပြင် ၎င်းတို့အဖွဲ့၏ ထုတ်ပြန်သော ကြေညာချက်ကို ပြသလေ၏။

တူရကီဗိုလ်ချုပ်သည် ဇက်ဒိုးအင်ခေါင်းဆောင်ကြီး၏ လိုသည်ထက် ပိုရေးကားထားသော ကြေညာစာတန်းကို စိတ်မသက်သာဟန်ဖြင့် နားထောင်နေလေ၏။ ပြီးနောက် တူရကီဗိုလ်ချုပ်က

" မြန်မာစစ်သားတွေရဲ့အခြေအနေကို ပြောပါဦး "

ဟုမေးမြန်းလေ၏။ ဇက်ဒိုးအင်ခေါင်းဆောင်ကြီးက

" ဒီကောင်တွေ အရိပ်အယောင်တောင် မတွေ့ရဘူး၊ သူတို့ ဘာဆရာက ပြန်ပြေးသွားပြီထင်တယ်၊ ကျုပ်တို့ ဇက်ဒိုးအင်တွေကို

www.burmeseclassic.com



အံ့ မတုရဲတော့ဘူးနဲ့တူတယ် ''

ဟုပြောလေ၏။ တူရက်ဂိုလ်ချုပ်က သက်ပြင်းချ၍-

'' ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ မပေါ့ဆနဲ့၊ မေဂျာဝီလျံကို ကွပ်မျက်ဖို့ကိစ္စက သိပ်အရေးကြီးတယ်၊ မြန်မာကွန်မန်ဒိုတွေကို လျော့မတွက်နဲ့ ''

ဟုသတိပေးလေ၏။ တူရက်ဂိုလ်ချုပ်သည် ဗက်ဒိုးအင် ခေါင်းဆောင်ကြီး ပြန်သွားသောအခါ ညွှေ့လမ်းညွှန်များနှင့်အတူ ဘာ့ဆရာမြို့ရှိ သမိုင်းအမွေအနှစ်များကို သွားရောက်ကြည့်ရှုလေ၏။

တူရက်ဂိုလ်ချုပ်သည် ရှေးဟောင်းပစ္စည်းဝါသနာအိုးဖြစ်သဖြင့် ရှေးဟောင်းပြတိုက်ကိုလည်း တမေ့တမောသွားကြည့်လေ၏။

ရှေးဟောင်းပြတိုက်မှအထွက်တွင် ဗိုလ်ချုပ်စီးလာသော အနက်ရောင်ကားကြီးအနီးတွင်ရပ်နေသော အနီရောင် သင်တိုင်းဝတ်သူတောင်းစားလေးကို မြင်တွေ့ရသဖြင့် မျက်မှောင်ကြုတ်လိုက်မိ၏။

သူတောင်းစားကလေး၏ လက်ထဲတွင် ထုံးစံအတိုင်း နှင်းဆီနီတစ်ပွင့်ကို ကိုင်ဆောင်ထား၏။

သူတောင်းစားကလေး၏ ဝိုင်းစက်သောမျက်လုံး၊ ကောက်ကွေးသောဆံပင်နှင့် လက်ထဲတွင် အစဉ်အမြဲကိုင်ဆောင်ထားသော အနီရောင်နှင်းဆီပွင့်ကိုမြင်တိုင်း သူ စိတ်လှုပ်ရှားနေမိ၏။

တူရက်ဂိုလ်ချုပ် ပြတိုက်အပြင်သို့ရောက်လျှင် သူတောင်းစားကလေးသည် နှင်းဆီပန်းပေးရန် ရှေ့သို့တိုးလာ၏။ ထိုအခိုက်မှာပင် ဗက်ဒိုးအင်လုံခြုံရေးအစောင့်များက သူတောင်းစား ကလေးကို တွန်းဖယ်လိုက်ကြ၏။





တူရက်ဂိုလ်ချုပ်သည် လုံခြုံရေးအစောင့်များကို တားဆီးရန် ပြင်လိုက်စဉ် သူတောင်းစားကလေး၏ နှင်းဆီပွင့်လေး မြေပေါ်သို့ကျ ပြီး အစောင့်များ၏ခြေထောက်အောက်တွင် ကြေမွသွား၏။

တူရက်ဂိုလ်ချုပ်သည် သူတောင်းစားကလေးကို ကရုဏာ သက်ဟန်ဖြင့်ကြည့်ရင်း ကားပေါ်သို့ တက်လိုက်၏။

ကားထွက်သွားသောအခါ မြေပေါ်တွင် ကြေမွနေသော နှင်းဆီပန်းကို ကောက်ယူနေသော သူတောင်းစား ကလေးကို သနားဖွယ်တွေ့ရ၏။

တူရက်ဂိုလ်ချုပ် ရုလတန်သည် တည်းခိုဆောင်သို့ရောက်သောအခါ ညစာကို ဟုတ်တိပတ်တိမစားဘဲ အိပ်ရာသို့ဝင်ခဲ့၏။

သူသည် ဗက်ဒိုးအင်များနှင့် မြန်မာစစ်သားများ၏အခြေအနေကို သဘောကျခြင်းမရှိချေ။

မြန်မာကွန်မန်ဒိုများ ဘာ့ဆရာသို့ရောက်ရှိပြီး ငြိမ်သက်နေခြင်းမှာ ထူးခြားလှ၏။

ငြိတိသျှတို့၏ ကွန်မန်ဒိုများသည် အရည်အချင်းနှင့်ပြည့်စုံသူများဖြစ်၏။

ရင်းတို့သည် ဗက်ဒိုးအင်များကို ကောင်းစွာလှည့်စားနိုင်မည်ဟု သူယုံကြည်၏။

တူရက်ဂိုလ်ချုပ်သည် အိပ်ရာထဲတွင် မြန်မာစစ်သားများအကြောင်း စဉ်းစားရင်း အိပ်ပျော်သွား၏။

ထို့နောက် သူသည် မြင်မက်နေကျ အိပ်မက်ဆိုးတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



မက်လေ၏။

ထိုအိပ်မက်ထဲတွင် ဝိုင်းစက်သောမျက်လုံးများနှင့် ကောက်ကွေးသောဆံပင်များရှိသော ကလေးငယ်တစ်ဦးပါ၏။ ထိုကလေးငယ်သည် ဝရန်တာလက်ရမ်းပေါ်သို့ ခိုဆွဲတက်၍ ပန်းအိုးထဲမှ နှင်းဆီပန်းကို ခူးဆွတ်ရန်ကြိုးပမ်း၏။

ဗိုလ်ချုပ်ရှုလတန်သည် ကလေးငယ်ကိုကြည့်၍

'' မတက်နဲ့ မတက်နဲ့ ''

ဟုအော်ဟစ်တားမြစ်၏။ သို့သော် ကလေးငယ်သည် ဝရန်တာလက်ရမ်းတွင် မတ်တတ်ရပ်ပြီး နှင်းဆီပန်းကိုပင် နမ်းရှိုက်ပြ၏။

တူရကီဗိုလ်ချုပ်ရှုလတန်သည် ကလေးငယ်ကို အလွန်စိုးရိမ်ပြီး

'' ငါ့သား မလှုပ်နဲ့ ငြိမ်ငြိမ်လေးနေ အောက်ကိုပြုတ်ကျသွားမယ် ''

ဟုတားမြစ်လေ၏။ သို့သော် သူ၏တားမြစ်ချက် နောက်ကျသွားလေပြီ။ ကလေးငယ်၏ ကိုယ်ခန္ဓာ ယိမ်းယိုင်ပြီး မြင့်မားသော တိုက်ကြီးပေါ်မှ အောက်ထပ်ပလက်ဖောင်းပေါ်သို့ ပြုတ်ကျသွားလေ၏။

ဗိုလ်ချုပ်ရှုလတန်သည် အသံကုန်အော်ဟစ်၍ ဝရန်တာဆီသို့ ပြေးပြီးအောက်သို့ ငုံ့ကြည့်လိုက်၏။

ထိုအခါ ပလက်ဖောင်းပေါ်ရှိ သွေးအိုင်ထဲတွင် ငြိမ်သက်နေသော ကလေးငယ်ကိုမြင်တွေ့ရ၏။

ကလေးငယ်၏အနီးတွင် နှင်းဆီပန်းတစ်ပွင့်ကိုလည်း တွေ့ရ၏။

ဗိုလ်ချုပ်ရှုလတန်သည် ဝမ်းနည်းကြေကွဲလှသဖြင့် နာကျင်စွာ





အော်ဟစ်လိုက်လေ၏။

သူသည် အိပ်မက်ဆိုးမှ နိုးထလာသောအခါ ကိုယ်ခန္ဓာတစ်ခုလုံး ချွေးများစိုရွှဲနေ၏။

သူ၏ရင်တွင်လည်း တလှပ်လှပ် တုန်ယင်နေ၏။ ဗိုလ်ချုပ်သည် ရေတစ်ခွက်ကိုလျှင်မြန်စွာ သောက်လိုက်၏။

သူ၏ရင်များ ပေါက်ကွဲလုမတတ် တုန်ယင်နေဆဲဖြစ်၏။

ဗိုလ်ချုပ်ရှုလတန်သည် သူ၏တစ်ဦးတည်းသော သားကလေး အသက်ဆုံးရခြင်းကို မကြာခဏ အိပ်မက် မြင်မက်နေမိ၏။





www.burmeseclassic.com

www.burmeseclassic.com



သူ၏ဇနီးသည် နှလုံးရောဂါနှင့် သေဆုံးပြီးနောက် သားကလေးကို အရိပ်တကြည့်ကြည့် နေသည့်ကြားမှ သေဆုံးခဲ့ရ၏။

ထိုအချိန်မှစ၍ သူ့ဘဝတွင် အထီးကျန်စွာနေထိုင်ခဲ့ရ၏။

သူသည် မျက်လုံးဝိုင်းဝိုင်း၊ ဆံပင်နီကောက်ကောက်၊ ကလေးငယ်များကိုမြင်တိုင်း စိတ်သုပ်ရှားခဲ့၏။ သေဆုံးသွားသော သားငယ်ကို သတိတရရှိခဲ့၏။ နှင်းဆီပန်းများကိုမြင်တိုင်း ရင်ထဲတွင် နာကျင်နေမိ၏။

ယခု ဘာဆရာတွင် မျက်လုံးဝိုင်းဝိုင်း၊ ဆံပင်နီကောက်ကောက်နှင့် နှင်းဆီပန်းတစ်ပွင့်ကို အမြဲကိုင်ဆောင်သော ကလေးတစ်ယောက်ကို ပြန်တွေ့ရလေ၏၊

ထိုကလေးသည် အဘယ်ကြောင့် နှင်းဆီပန်းတစ်ပွင့်ကို အစဉ်အမြဲကိုင်ဆောင်ထားသည်မသိချေ။

♣ ♣ ♣ ♣ ♣





ဗိုလ်ချုပ်စူလတန်သည် အိပ်မပျော်သည်နှင့် မြန်မာစစ်သားများနှင့် ပတ်သက်သော ဇက်ဒိုးအင်တို့၏တင်ပြချက်များကိုဖတ်ရှုနေမိ၏။

ထိုသို့ ဖတ်ရှုသည့်အခါတိုင်း မြန်မာစစ်သားများကို သူ သံသယဝင်နေမိ၏။ ၎င်းတို့၏ ငြိမ်သက်နေပုံမှာ ထူးခြားလှ၏။

ထို့ကြောင့် ဇက်ဒိုးအင်ခေါင်းဆောင်အချို့ကို သူ့ထံသို့ခေါ်ယူပြီး မြန်မာစစ်သားများအကြောင်းကို သေချာစွာ စုံစမ်းလေ၏။ ထိုအခါ ဇက်ဒိုးအင်ခေါင်းဆောင်များအားလုံး လေသံတစ်သံတည်းထွက်နေချိန်၌ တူရကီဗိုလ်ချုပ်သည် သူတို့အားလုံးကို အခန်းထဲမှ မောင်းထုတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com





မြန်မာစစ်သားများ မည်သည့်နေရာတွင် ရောက်ရှိနေသည် မသိချေ။ သူတို့အားလုံး အလှည့်စားခံနေပုံရ၏။

▲▲▲▲▲

ဂျမဒါမင်းထင်သည် စနေနေ့သို့ရောက်သောအခါ တရုတ်လူ ဟုတ်စိန်တို့ကို ခေါ်ယူလိုက်ပြီး

" ခင်ဗျားတို့ ဒီနေ့ နေ့လယ်စာ စားပြီးတာနဲ့ ဒီအိမ်ကထွက် ပေတော့၊ ဗက်ဒိုးအင်တွေရဲ့စခန်းကို အယောင်ပြတိုက်ခိုက်ပြီး သဲကန္တာရ ကို ပြန်ပြေးကြ၊ ကာနယ် ဟင်နရီနဲ့တွေ့ရင် စစ်ဆင်ရေးကို အောင် အောင် အစွမ်းကုန်ကြိုးစားနေတယ်လို့ပြောပါ၊ စနေနေ့ညနေ ၃ နာရီ ဝန်းကျင်မှာ ဗြိတိသျှစစ်တပ်ဟာ ဘာဆရာမြို့ပြင်မှာရောက်နေဖို့ အ





ကြိုးတယ်နော် "

ဟုပြောလိုက်ရာ တရုတ်လူရှုပ်ဟုတ်စိန်က ခေါင်းညိတ်၍

" စိတ်ချပါ ဂျမဒါ မှာတဲ့အတိုင်းဖြစ်စေရမယ် "

ဟုပြောလေ၏။

ဂျမဒါမင်းထင်သည် စစ်သား သုံးဦးကို လိုအပ်သည်များကို စစ်ဆေး၍ အိမ်မှထွက်ခွာရန် အမိန့်ပေးလိုက်၏။

ဘီလေးက လက်သီးဆုပ်၍

" ကျုပ်တို့ သွားမယ် ဂျမဒါ၊ ဂျမဒါကို စိတ်ချပေမဲ့ မေဂျာဝီလျံ ကို ကယ်တင်ဖို့ကိစ္စမှာ အန္တရာယ်များလွန်းလို့ သတိထားပါလို့ မှာခဲ့ပါ ရစေ၊ ကျုပ်တို့ကတော့ ဗက်ဒိုးအင်တွေကို ကောင်းကောင်း ဒုက္ခပေးပြီး ဒီမြို့က ထွက်ခွာမှာပါ "

ဟုပြောလေ၏။ ထို့နောက် စစ်သား သုံးယောက်သည် ဂျမဒါ မင်းထင်တို့ကို နှုတ်ဆက်၍ ထွက်ခွာသွားလေ၏။

ဂျမဒါမင်းထင်နှင့် စောရသည် စစ်သား ၃ ယောက်၏နောက် ကျောကို မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

စောရက ဂျမဒါမင်းထင်ဘက်သို့လှည့်၍

" သူတို့အောင်မြင်နိုင်ပါ့မလား "

ဟုမေးမြန်းလေ၏။

ဂျမဒါမင်းထင်က သက်ပြင်းချ၍

" သူတို့အောင်မြင်ပါလိမ့်မယ်၊ သူတို့ဟာ အတွေ့အကြုံများ ကြီးရှိတဲ့ စစ်သားတွေပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟုတီးတိုးပြောလိုက်လေ၏။

ထိုနေ့ညနေမှာပင် ဗက်ဒိုးအင် စစ်စခန်းများသို့ ဗြိတိသျှစစ်သား များ လာရောက်ပစ်ခတ်ကြောင်း သတင်းများပေါ်ထွက်ခဲ့၏။

ဘာဆရာမြို့ မြောက်ဘက်ရှိ လက်နက်များရှိသော ဂိုဒေါင် ပေါက် ကွဲသွားသဖြင့် မီးခိုးလုံးများ ထွက်ပေါ်လာ၏။

ထိုအခါ ဘာဆရာမြို့သို့ ဗြိတိသျှတပ်များ ဝင်ရောက်တိုက်ခိုက် နေပြီ ဟူသော ကောလာဟလများ ပေါ်ထွက်ခဲ့လေ၏။

တူရကီဗိုလ်ချုပ် ဂူလတန်သည် တည်းခိုဆောင်ဝရန်တာမှ မီးခိုး လုံးများကို ထွက်ကြည့်၍ မေဂျာဝီလျံအတွက် စိုးရိမ်သောကရောက်နေ လေ၏။

ဘာဆရာတစ်မြို့လုံး ရုတ်ရုတ်သဲသဲဖြစ်နေစဉ် ဗက်ဒိုးအင် ခေါင်းဆောင်ကြီးသည် တူရကီဗိုလ်ချုပ် ဂူလတန်ထံသို့ ရောက်ရှိလာ၏။

ဗက်ဒိုးအင်ခေါင်းဆောင်ကြီးက ဂုဏ်ယူဝံ့ကြွားဟန်ဖြင့်

" နောက်ဆုံးတော့ ဗြိတိသျှစစ်သားတွေ ကျုပ်တို့ထင်ထားတဲ့ အတိုင်းဖြစ်လာတယ်၊ ဒီကောင်တွေ မေဂျာဝီလျံကို ဘယ်လိုမှ ကယ်တင် လို့ မဖြစ်နိုင်မှန်းသိလို့ ကျုပ်တို့စစ်စခန်းတွေကို သေနတ်နဲ့ပစ်ပြီး ထွက် ပြေးသွားတယ်၊ ကျုပ်တို့ဗက်ဒိုးအင်တွေ ဒဏ်ရာနည်းနည်းရသွားတယ် မြို့စွန်က လက်နက်တိုက်တစ်တိုက် ပေါက်ကွဲသွားတယ်၊ မြန်မာစစ်သား တွေက သတ္တိမရှိပါဘူး။ ဗက်ဒိုးအင်စစ်သည်တွေ လိုက်ပြီးနှိမ်နင်း တော့ ခွေးပြေးဝက်ပြေးပြေးသွားခဲ့တယ်၊ ဒီအချိန်ကစပြီး ဘာဆရာမှာ မြန်မာစစ်သားတွေရဲ့ အန္တရာယ်မရှိတော့ပါဘူး "





ဟု ပြောလေ၏။ တူရကီဗိုလ်ချုပ် ဂူလတန်က မျက်မှောင်ကြုတ်၍

" မြန်မာစစ်သားအင်အား ဘယ်လောက်ရှိသလဲ "

ဟု မေးမြန်းလေ၏။

ဗက်ဒိုးအင်ခေါင်းဆောင်ကြီးက ချဲ့ကားပြောတတ်သူပီပီ

" မြန်မာစစ်သားတွေ အများကြီးပဲ၊ ဒါပေမဲ့ ကျုပ်တို့စစ်သည် တွေကို ဒီကောင်တွေ မယှဉ်နိုင်ပါဘူး၊ နောက်ဆုံးတော့ ဘာဆရာက ထွက်ပြေးရတာပဲ မဟုတ်လား။ မေဂျာဝီလျံကို ကွက်မျက်ဖို့ကိစ္စမှာ ဗိုလ်ချုပ်တို့ လုံးဝပူပင်စရာမလိုဘူး။ အားလုံးအဆင်ပြေသွားပြီ၊ စနေနေ့ ညရောက်ရင် မေဂျာဝီလျံဟာ ရေစ်တော်ဆီမှာ အိပ်ပျော်သွားလိမ့် မယ် "

ဟု ပြောလေ၏။ တူရကီဗိုလ်ချုပ်သည် ဗက်ဒိုးအင် ခေါင်းဆောင် ကြီး၏စကားကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ကျန်ရစ်ခဲ့လေ၏။

သူ၏စိတ်ထဲတွင် မြန်မာစစ်သားများ ဤမျှညံ့ဖျင်းမည်မထင်ချေ။ တူရကီဗိုလ်ချုပ်သည် ထိုနေ့ညက မကြာခဏ မြင်မက်နေကျ သားဖြစ်သူ သေဆုံးခဲ့သော အိပ်မက်ကို ပြန်လည်မြင်မက်ပြန်၏။

ထိုအိပ်မက်ကြောင့် တစ်ညလုံး အိပ်စက်မရတော့ချေ။ တူရကီ ဗိုလ်ချုပ်သည် အိပ်မက်မှ လန့်နိုးသည့်အခါတိုင်း ဝိုင်းစက်သော မျက်လုံး များနှင့် နီရဲကောက်ကွေးသော ဆံပင်များရှိသော သူတောင်းစား ကလေးကို မြင်ယောင်နေလေ၏။

ထိုကလေးကို ဘာကြောင့် မကြာခဏ သတိရနေသည် မသိချေ။



www.burmeseclassic.com

www.burmeseclassic.com





ဂျမဒါမင်းထင်သည် မြို့စွန်မှ ပေါက်ကွဲသံများနှင့် မီးခိုးလုံးများကို ကြည့်၍ သူ၏စစ်သားများ အစွမ်းပြနေကြောင်း ရိပ်စားမိ၏။ ထို့ကြောင့် သက်ပြင်းချ၍

" ကျုပ်တို့စစ်သားတွေတော့ အစွမ်းပြနေပြီ "

ဟု ပြောလိုက်လေ၏။ ထိုအခါ စောရက လာရောက်ကြည့်ရှု၍

" သူတို့လွတ်မြောက်သွားပြီ ထင်တယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ကျုပ်တို့ စနေနေ့ မေဂျာဝီလျံကို ကယ်တင်ဖို့ နောက်ဆုံး





အခွင့်အရေးရှိတယ်၊ ဒီအတွက် ကျုပ်တို့နှစ်ယောက် တိုင်ပင်ဆွေးနွေးရမယ် "

ဟု ဆိုကာ စောရနှင့်အတူ မေဂျာဝီလျံကို ကယ်တင်မည့်နည်းလမ်းများကို သေချာစွာ ဆွေးနွေးလေ၏။

စောရကလည်း မရှင်းလင်းသောအချက်များကို ပြန်လည်မေးမြန်းလေ၏။ ညမှောင်ရီသန်းသောအခါ စောရက

" မေဂျာလိုချင်တဲ့ ဂျစ်ကားရအောင် ကျုပ်အစွမ်းကုန်ကြိုးစားပေးပါ့မယ်၊ ဒီမြို့မှာ ကျုပ်အဆက်အသွယ်တွေ အများကြီးရှိတယ် "

ဟု ပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" ဘယ်သူမှမရိပ်မိအောင် ကြိုးစားရမယ်နော် "

ဟု မှာကြားလေ၏။ စောရက ခေါင်းညိတ်၍

" မပူပါနဲ့ဗျာ၊ ကျုပ်အစွမ်းကုန် ကြိုးစားပါ့မယ် "

ဟု ပြောကာ အိမ်ထဲမှ ထွက်ခွာသွားလေ၏။

ဂျမဒါမင်းထင်သည် စောရထွက်ခွာသွားသောအခါ နာရီစင်ကြီးကို ရှုထောင့်အမျိုးမျိုးမှ ဆွဲသားထားသော ပုံကြမ်းစာရွက်များကို ကြည့်ရှုရင်း အချိန်ကုန်လေ၏။

ထိုအခိုက်မှာပင် အိမ်ရှေ့မှ ပုလွေသံကို ကြားရသဖြင့် ပြတင်းပေါက်မှ ကြည့်လိုက်ရာ အနီရောင်သင်တိုင်းအကျီဝတ် သူတောင်းစားကလေးကို တွေ့ရလေ၏။

ဂျမဒါမင်းထင်သည် ငွေစက္ကူတစ်ထပ်ကို ယူ၍ သူတောင်းစား



www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ လျှောက်သွားပြီး ထည့်ပေးလိုက်၏။

ပြီးနောက် သူတောင်းစားကလေး၏ ခေါင်းကိုပုတ်၍

“ အခြေအနေကောင်းရဲ့လား ကောင်လေး ”

ဟု မေးမြန်းလေရာ ကောင်လေးခေါင်းညိတ်၍

“ အလ္လာရှင်ရဲ့ကျေးဇူးတော်မြတ်ကြောင့် အားလုံးကောင်းမယ်လို့ မျှော်လင့်ပါတယ်၊ အစ်ကိုကြီးရဲ့ မိတ်ဆွေတွေအားလုံး လွတ်မြောက်သွားကြတယ် ”

ဟု တီးတိုးပြောလေ၏။ ဂျမဒါမင်းထင်သည် သူတောင်းစားကလေး၏ အဖြေကြောင့် သက်ပြင်းချလိုက်ပြီး

“ အစ်ကိုကြီးတို့လည်း မနက်ဖြန် ဒီကထွက်တော့မယ်၊ မင်းရဲ့ကျန်းမာရေးကို ဂရုစိုက်ပါ ”

ဟု ပြောပြီး ထိုနေရာမှ ထွက်ခဲ့လေ၏။ ညနေစောင်းသောအခါ စောရ ပြန်လည်ရောက်ရှိလာပြီး ဂျမဒါ မင်းထင် မှာကြားလိုက်သော ကြိုးများကို ဆောင်ယူလာလေ၏။ စောရက ကြိုးခွေကိုချ၍

“ ဂျမဒါလိုချင်တဲ့ ကားတော့မရဘူး၊ ဒီနေ့ည ကျုပ်မရရအောင် ရှာပေးပါ့မယ် ”

ဟု ပြောလေ၏။ ထိုနေ့ညသို့ရောက်လျှင် စောရသည် အိမ်မှ တိတ်တဆိတ် ထွက်သွားလေ၏။

ထို့နောက် မနက်အ ရုဏ်တက်အချိန်တွင် ကားတစ်စီးဖြင့် ပြန်လည်ရောက်ရှိလာ၏။

ဂျမဒါမင်းထင်လိုချင်သော အင်ဂျင်ကောင်းသည့် ဂျစ်ကား





အမျိုးအစားဖြစ်၏။ စောရက ဂျစ်ကားကို လက်ဖြင့်ကုတ်၍

“ ဒီကားဟာ ဘာဆရာမြို့မှာ ကပ်စေးအနည်းဆုံး လူကြီးရဲ့ကားပဲ၊ ဒီလူကြီးဟာ ကားကို ခြင်ထောင်ချပြီး တယုတယ သိမ်းထားတယ်၊ သူ့ရဲ့ကားကို ကျုပ်ခိုးယူနိုင်တာ ဂုဏ်ယူတယ် ”

ဟု ပြောလေ၏။ ထိုနေ့ညက တစ်ညလုံး ဂျမဒါမင်းထင်နှင့် စောရသည် နာရီစင်၏ပုံကြမ်းများကို ကြည့်၍ အလုပ်ရှုပ်နေကြ၏။

ဂျမဒါမင်းထင်တို့သည် နောက်တစ်နေ့တွင် မေဂျာဝီလျံကို ကယ်တင်ရန်အတွက် နောက်ဆုံးအနေနှင့် ထပ်မံတိုင်ပင်ကြလေ၏။

ထို့နောက် အိမ်ထဲတွင် တိတ်တဆိတ်ဖွက်ထားသော ဂျစ်ကားကို ဆီဖြည့်လေ၏။ အလုံးစုံကို ပြင်ဆင်ပြီးသောအခါ ဂျမဒါမင်းထင်က

“ ကျုပ်တို့ဒီနေ့ည အိမ်ကထွက်မယ်၊ အားလုံးအသင့်ပြင်ထားတော့ ”

ဟုပြောလေ၏။

စောရသည် လိုအပ်သည်များကို ပြင်ဆင်၏။ ညသို့ရောက်သောအခါ ဂျစ်ကားပေါ်သို့ ပစ္စည်းအပြည့်အစုံတင်၍ ထိုနေရာမှ ထွက်ခဲ့လေ၏။

ကားထွက်သွားသောအခါ စောရက အိမ်ကြီးကို သမင်လည်ပြန်ကြည့်၍

“ ဟဲ...ဟဲ... မတ္တာကို ဘုရားဖူးထွက်သွားတဲ့ အရာရှိကြီး ပြန်လာရင်တော့ သူ့ရဲ့အိမ်ကြီး ပြောင်းလဲနေတာကြည့်ပြီး အံ့သြနေမှာသေချာတယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ဂျူဒါမင်းထင်တို့သည် ၎င်းတို့ကြိုတင် ကြံ ရွယ်ထားသော မျှော်စင်နှင့်အနီးဆုံးနေရာတွင် ကားကိုရပ်၍ ကားကို တာရပတ်ဖြင့် ဖုံးအုပ်ထားလေ၏။

ထိုနေရာသည် လူမနေသော အိမ်ကြီးတစ်လုံးရှေ့မြေကွက်လပ် ဖြစ်သောကြောင့် ကားကို မည်သူမျှ သတိမထားမိနိုင်ချေ။

ထို့နောက် မျှော်စင်၏အနီးသို့ တိတ်တဆိတ် တိုးကပ်ခဲ့လေ၏။ မျှော်စင်ပတ်ဝန်းကျင်တွင် အစောင့်များရှိသော်လည်း မြို့ပေါ်တွင် မြန်မာ စစ်သားများမရှိဟု ယူဆသဖြင့် မျှော်စင်ကို လွယ်ကူစွာ ချဉ်းကပ်နိုင်၏။

၎င်းတို့သည် မျှော်စင်အနီးသို့ရောက်သောအခါ အရေးပေါ်လှေ ကားအနီးတွင်ထိုင်၍ စကားလက်ဆုံကျနေသော ဗက်ဒိုးအစ် ၃ ယောက်ကို စိတ်ရှည်လက်ရှည်စောင့်ရ၏။

ဗက်ဒိုးအင်များသည် မိန်းမများအကြောင်းကို မစားရ ဝခမန်း ပြောဆိုနေခြင်းဖြစ်၏။

အတန်ကြာသောအခါမှပင် ၎င်းတို့ ၃ယောက်သည် နာရီစင် ကို တစ်ပတ်ပတ်ကြလေ၏။ ဂျူဒါမင်းထင်တို့သည် ထိုအချိန်ကို အခွင့်ကောင်းယူပြီး အရေးပေါ်လှေကားမှ နာရီစင်ပေါ်သို့ တက်လေ၏။

နာရီစင်ပေါ်သို့ရောက်သောအခါ နာရီစင်၏ ဒုတိယထပ်တွင် ကင်းလှည့်နေသော တပ်သားတစ်ဦးရှိ၍ အပေါ်သို့ ဆက်မတက်နိုင် ဘဲ ဂျူဒါမင်းထင်က အိတ်ထဲရှိ ခဲလုံးတစ်လုံးကို နာရီစင်တစ်ဖက်သို့ အသံမြည်အောင် ပစ်လိုက်၏။

ထိုတပ်သား အသံလာရာသို့ ထွက်သွားမှ အထက်သို့ ဆက်





တက်ခဲ့၏။ နာရီစင်သည် အပေါ်ဆုံးထပ်အထိ လေးထပ်ရှိ၏။ လေးထပ် မြောက်အခန်းတွင် မေဂျာဝီလျံကို ချုပ်နှောင်ထား၏။

ဂျူဒါမင်းထင်တို့သည် တတိယထပ်ကို အန္တရာယ်ကင်းစွာ ဖြတ်ကျော်ခဲ့၏။

၎င်းတို့သည် လေးထပ်သို့ရောက်သောအခါ အရေးပေါ် လှေကားမှ တွဲခို၍ နံရံကိုကပ်ထားသော အခန်းထဲသို့ ချောင်းကြည့် လေ၏။

ထိုအခါ မေဂျာဝီလျံဟု ထင်ရသော ဗြိတိသျှလူမျိုးတစ်ယောက် သည် ကြောက်ရွံ့ဟန်ဖြင့် ငိုယိုနေကြောင်း တွေ့ရ၏။

မေဂျာဝီလျံသည် ဗက်ဒိုးအင်များက ၎င်းကို သတ်ဖြတ်မည်





www.burmeseclassic.com

www.burmeseclassic.com





ဖြစ်ကြောင်း သိရှိပြီးဖြစ်ဟန်တူ၏။

ဂျူမဒါမင်းထင်တို့ ချောင်းမြောင်းကြည့်နေစဉ် မေဂျာဝီလျံ၏ အခန်းထဲသို့ ဗက်ဒိုးအင်တပ်သားများ ဝင်ရောက်လာပြီး မေဂျာဝီလျံကို လှောင်ပြောင်နေကြ၏။

ဂျူမဒါမင်းထင်က ထိုမြင်ကွင်းကို ဆက်လက်မကြည့်တော့ဘဲ စောရကို အချက်ပြကာ အသင့်ပါလာသော ကြိုးကိုထုတ်လေ၏။

ထို့နောက် ဂျူမဒါမင်းထင်က နာရီစင်၏အနီးရှိရာသို့ လက်ထဲရှိ ကြိုးဖြင့်ပစ်လေ၏။ သို့သော် အမိုးထိပ်ရှိ သံချိတ်များမှာ သေးငယ်လှသဖြင့် မချိတ်မိဘဲ အကြိမ်ကြိမ်အောက်သို့ ပြန်ကျ၏။

ဂျူမဒါမင်းထင်သည် ဇွဲမလျှော့ဘဲ အကြိမ်ကြိမ်ပစ်လေ၏။

စောရမှာလည်း လက်ထဲရှိကြိုးတစ်ချောင်းဖြင့် နာရီစင်၏အမိုး







ပေါ်သို့ရောက်အောက် ပစ်လေ၏။ နောက်ဆုံးတွင် ဂျူမဒါမင်းထင်၏ ကြိုးပမ်းမှုကြောင့် သေးငယ်သော သံချိတ်ကလေးကို ကြိုးဖြင့်ချိတ်မိ၏။

ဂျူမဒါမင်းထင်၏ကြိုးကို စောရကဆွဲယူ၍ နာရီစင်ပေါ်သို့ ခိုဆွဲတက်၏။ ခေါင်မိုးပေါ်သို့စောရရောက်ကာနီးတွင် သံချိတ်ရှိ ကြိုးသည် ပြေလျော့ကျသွားပြီး စောရအောက်သို့ ပြုတ်ကျလေ၏။

သို့သော် စောရသည် သူခိုးတစ်ယောက်ဖြစ်သဖြင့် ထိတ်လန့်ခြင်းမရှိဘဲ ခေါင်မိုးစွန်းကို လက်ဖြင့်ဆွဲ၍ တက်နိုင်ခဲ့၏။

ဂျူမဒါမင်းထင်သည် စောရ၏အံ့ခက်အခဲကိုကြည့်၍ အသက်ကိုပင် မရှူဝံ့ချေ။ ထို့နောက် ဂျူမဒါမင်းထင်သည် စောရပစ်ချပေးသော ကြိုးကို ယူ၍ ခေါင်မိုးပေါ်သို့ ခိုဆွဲတက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျူမဒါမင်းထင်က ခေါင်မိုးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်၍

" ကျုပ်တို့ ပထမအဆင့်ကို အောင်မြင်သွားပြီ "

ဟု ပြောလိုက်လေ၏။ စောရက မည်သည့်စကားကိုမျှ မဆိုဘဲ စိတ်မောဟန်ရှိနေလေ၏။ ဂျူမဒါမင်းထင်တို့သည် နောက်တစ်နေ့ နံနက်တွင် ခေါင်မိုးပေါ်၌ ပူပြင်းလှသော နေရောင်ကိုခံရလေ၏။

၎င်းတို့သည် ခေါင်မိုးပေါ်ရှိ အမိုးငယ်လေးတွင် နားခိုရလေ၏။ စားနပ်ရိက္ခာအတွက် ယူဆောင်လာသော ပေါင်မုန့်နှင့် ငါးသေတ္တာများကို စားကြလေ၏။

နေ့လယ်သို့ရောက်သောအခါ နာရီစင်အနီးတွင် လူအများနှင့် တဖြည်းဖြည်း စည်ကားလာ၏။

မြို့သူမြို့သားများသည် ဗြိတိသျှစစ်တပ်မှ မေဂျာဝီလျံကို နာရီစင်ပေါ်၌ ကြိုးပေး၍ သတ်ဖြတ်မည်ဆိုသဖြင့် ပွဲတော်ကဲ့သို့ လာရောက်ကြည့်ရှုခြင်းဖြစ်၏။

မြို့သူမြို့သားများသည် နာရီစင်ပေါ်သို့ ကြည့်၍ အမျိုးမျိုး ထင်ကြေးပေးလေ၏။ ဂျူမဒါမင်းထင်တို့သည် နာရီစင်ခေါင်မိုးပေါ်တွင် စိတ်ရှည်စွာ စောင့်ဆိုင်းကြ၏။

ထိုအချိန်တို့ ဂျူမဒါမင်းထင်တို့လူစု ရက်ပေါင်းများစွာ နေထိုင်သောအိမ်ရှိ လုံခြုံရေးအရာရှိကြီးသည် မဏ္ဍလေးဘုရားဖူးခရီးစဉ်မှ အိမ်သို့ ပြန်လည်ရောက်ရှိလာ၏။

အရာရှိကြီးသည် အိမ်၏ ပြောင်းလဲသောအခြေအနေကိုကြည့်၍ သူ၏အိမ်တွင် အမည်မသိလူများ နေထိုင်သွားကြောင်း ရိပ်စားမိ၏။





အိမ်ရှိ အဖိုးတန်ပစ္စည်းများ ပျောက်ဆုံးခြင်းမရှိသဖြင့် အံ့ဩနေလေ၏။

လုံခြုံရေးအရာရှိကြီးသည် ဒုစရိုက်လောကအကြောင်းကို နှံ့နှံ့စပ်စပ်သိသော မျက်စိတစ်ဖက်လပ်ဖရော့ကိုခေါ်၍ ထိုအကြောင်းအား ပြောပြလိုက်၏။

ဖရော့သည် လုံခြုံရေးအရာရှိကြီး၏စကားကြောင့် မျက်လုံးပြူး သွားပြီး

" ဒါဆိုရင် ကျုပ်သိပြီ၊ အရာရှိကြီး အိမ်မှာ နေသွားတဲ့လူတွေ ဟာ မြန်မာစစ်သားတွေပဲ၊ သူတို့ဟာ ညကမှ ဒီအိမ်ကထွက်သွားပုံရ တယ်၊ ဒုက္ခပါပဲ ဒါဆိုရင် ဘာဆရာမှာ သူတို့ရှိနေဦးမယ်၊ ဒီအကြောင်းကို တူရကီဗိုလ်ချုပ်ကြီး သိအောင်ပြောမှဖြစ်မယ်၊ ဇက်ဒိုးအင်ခေါင်းဆောင် နာဘူးကြီးကိုတော့ ပြောလို့မရပါဘူး "

ဟု ပြောကာ တူရကီဗိုလ်ချုပ်ထံသို့ အရေးတကြီးဝင်တွေ့၍ ထိုအကြောင်းကို ပြောပြလေ၏။

တူရကီဗိုလ်ချုပ်သည် မျက်စိတစ်ဖက်လပ်ဖရော့၏စကားကြောင့် ရင်ထိတ်သွားပြီး

" ဒါဆိုရင် မြန်မာစစ်သားတွေ ဒီမြို့မှာရှိနေဆဲပေါ့၊ သူတို့ဟာ မေဂျာဝီလျံကို မရရအောင် ကယ်တင်လိမ့်မယ် "

ဟု ပြောလေ၏။ မျက်စိတစ်ဖက်လပ်ဖရော့သည် ခေါင်းညိတ်၍

" ဟုတ်တယ် ဗိုလ်ချုပ်၊ တကယ်တော့ ဇက်ဒိုးအင်တွေဟာ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးနေတယ်၊ ဗြိတိသျှ ကွန်မင်းဒိုတွေကို



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးနေတယ် ''

ဟု ပြောလေ၏။ ဗိုလ်ချုပ်ရှုလတန်သည် မျက်စိတစ်ဖက်လပ်၏ စကားကို သဘောတူသဖြင့်

'' ဟုတ်တယ်၊ ဗက်ဒိုးအင်တွေဟာ မြန်မာစစ်သားတွေရဲ့ လှည့်စားမှုကို ကောင်းကောင်းခံရပြီးနဲ့တူတယ်၊ အလ္လာရှင် ကယ်တော်မူပါ။ ဒါတို့မှာ အချိန်မရှိဘူး ''

ဟု ပြောရင်း နာရီကိုကြည့်ကာ အလ္လာရှင်ကို တလိုက်လေ၏။ ညနေ ၄နာရီထိုးရန် (၁၀) မိနစ်ခန့်သာလိုတော့၏။

ထို့ကြောင့် ဗိုလ်ချုပ်ရှုလတန်က ခြောက်လုံးပြူးကို ကမန်းကတန်း ခါးတွင်ထိုး၍

'' ကျုပ်တို့ နာရီစင်ရှိတဲ့နေရာကို အမြန်ဆုံးသွားကြမယ်၊ ဗက်ဒိုးအင်တွေ သိပ်ပေါ့ဆတယ် ''

ဟု ပြောကာ တည်းခိုဆောင်၏အောက်ထပ်သို့ ဆင်းခဲ့၏။

ထို့နောက် မျက်စိတစ်ဖက်လပ်ကိုခေါ်ကာ ဒရိုင်ဘာအား နာရီစင်ရှိရာသို့ လျှင်မြန်စွာ မောင်းခိုင်းလေ၏။

သို့သော် ယနေ့ မြို့ထဲတွင် လူအများနှင့်စည်ကားနေသဖြင့် နာရီစင်ရှိရာသို့ လွယ်လွယ်နှင့်မရောက်ချေ။

ဗိုလ်ချုပ်ရှုလတန်၏ဒရိုင်ဘာသည် ကားဟွန်းကို ဆူညံစွာ တီး၍ လူများကို မောင်းနှင်ထုတ်၏။ သို့သော် အာရပ်တို့သည် ကားဟွန်းသံကို ကြောက်ရွံ့သူများမဟုတ်သဖြင့် လူစုလူဝေးကြီးကြားတွင် တရွေ့ရွေ့သာ သွားလေ၏။





ဗိုလ်ချုပ်ရှုလတန်က ကားထဲမှနေ၍ လူများကို ဒေါသတကြီး အော်ဟစ်နေလေ၏။

မျက်စိတစ်ဖက်လပ်ဖရော့သည် ဘာဆရာမြို့ကို ကျွမ်းကျင်သူဖြစ်၍ နာရီစင်ကို လွယ်ကူစွာသွားနိုင်သော လမ်းကို သတိရလိုက်၏။

ထို့ကြောင့် ကားကို အနောက်သို့ပြန်လှည့်ခိုင်းပြီး မောင်းနှင်ခိုင်း၏။ ခဏအကြာတွင် ကားသည် ကျဉ်းမြောင်းသော ဈေးလမ်းသို့ ရောက်သွား၏။

ထိုလမ်းထဲတွင် ဟင်းသီးဟင်းရွက်ရောင်းဝယ်သူများနှင့် စည်ကားနေ၏။ ဗိုလ်ချုပ်ရှုလတန်က ထိုသူများကို ရှောင်တိမ်းရန် ကြိုးစားတော့ဘဲ ဝင်တိုက်ရန် အမိန့်ပေးလိုက်၏။

ထို့ကြောင့် ၎င်းတို့၏ကားသည် ဟင်းသီးဟင်းရွက်တောင်းများကို ဝင်ရောက်တိုက်ခိုက်သွားလေရာ တစ်ဈေးလုံး ရှုတ်ရှုတ်သဲသဲဖြစ်ပြီး ကျန်ရစ်ခဲ့လေ၏။

ခဏကြာအောင် မောင်းနှင်ပြီး ကားသည် နာရီစင်ကို လှမ်းမြင်နေရလေ၏။ နာရီစင်နှင့်နီးလေ လူအုပ်ကြီးများပြားလေဖြစ်၏။

လူအုပ်ထဲတွင် ဈေးရောင်းဈေးဝယ်သူများနှင့် စည်ကားနေ၏။ မျက်စိတစ်ဖက်လပ်က ကားကို ဒေါသတကြီး ရိုက်ပုတ်လိုက်ပြီး

'' ဒီအနီးပတ်ဝန်းကျင်မှာ ပွဲတော်လိုဖြစ်နေပြီ၊ ကျုပ်တို့ကား ရှေ့ဆက်လို့မရတော့ဘူး၊ ဒီနေရာမှာပဲ ရပ်ထားမှပဲ ''

ဟု ဆိုကာ ကားပေါ်မှ ဆင်းလိုက်၏။

ဗိုလ်ချုပ်ရှုလတန်သည် မျက်စိတစ်ဖက်လပ်ဖရော့၏အနောက်မှ



www.burmeseclassic.com

www.burmeseclassic.com



လူအုပ်ကို တိုးဝှေ့၍ လိုက်သွားလေ၏။

သူတို့၌ အချိန်များစွာ မကျန်ရှိတော့ချေ။ နာရီစင်နှင့်နီးကပ်

သောအခါ လူအုပ်မှာ ပိုမိုများပြားလာ၏။ လူအုပ်သည် သံဆူးကြိုး

တစ်ဖက်တွင် တိုးဝှေ့၍ နေ၏။

ဗိုလ်ချုပ်ရူလတန် ဗက်ဒိုးအင်များ၏လုံခြုံရေးကို ကြည့်၍

အနည်းငယ် စိတ်အေးသွားလေ၏။

လုံခြုံရေး စနစ်တကျချထားလျှင် မြန်မာစစ်သားများကို စိုး

စရာမရှိချေ။ ဗိုလ်ချုပ်ရူလတန့်ကို ဗက်ဒိုးအင်တပ်သားများပြင်သောအ

ကမန်းကတန်း လမ်းဖွင့်ပေးကြ၏။

ထို့နောက် ဗက်ဒိုးအင်ခေါင်းဆောင်ကြီးရှိရာ အောက်ဆုံးထ

ရုံးခန်းသို့ ခေါ်ဆောင်သွား၏။

ဗက်ဒိုးအင်ခေါင်းဆောင်ကြီးသည် မေဂျာဝိလျံကို ကြိုးပေးကာ







နီးမှ တူရကီဗိုလ်ချုပ်ရူလတန်ရောက်လာ၍ အံ့သြသွားပြီး အကျိုး

အကြောင်းကို မေးမြန်းလေ၏။

တူရကီဗိုလ်ချုပ်က မြန်မာစစ်သားများ၏သဲလွန်စကို ပြောပြပြီး နာရီစင်သို့ စိတ်မချ၍ ရောက်လာကြောင်း ပြောလေရာ ဗက်ဒိုးအင် ခေါင်းဆောင်ကြီးက

'' မြန်မာကွန်မင်ဒိုတွေရှိနေသေးရင်လည်း ကျုပ်တို့ ဂရုမစိုက်ဘူး ဗိုလ်ချုပ်၊ ကျုပ်တို့ လုံခြုံရေးကို စနစ်တကျလုပ်ထားတယ်၊ ဒီကောင်တွေ အတောင်ပေါက်နေရင်တောင် ဒီကိုလာဖို့မလွယ်ဘူး၊ နောက်ပြီးတော့ မေဂျာဝိလျံကို ကျုပ်တို့ အခုချက်ချင်း ကွပ်မျက်တော့မှာပဲ ''

ဟု ပြောလေ၏။ တူရကီဗိုလ်ချုပ်သည် နာရီစင်ကြီးအပေါ်သို့ မော့ကြည့်၍ ဗက်ဒိုးအင်ခေါင်းဆောင်ကြီး၏စကားသည် ဖြစ်နိုင် သယောင်ရှိကြောင်း တွေးလိုက်မိ၏။

တူရကီဗိုလ်ချုပ်က သက်ပြင်းချ၍

'' မေဂျာဝိလျံကို ဘယ်လိုကွပ်မျက်မှာလဲ ''

ဟု မေးမြန်းလေ၏။ ဗက်ဒိုးအင်ခေါင်းဆောင်ကြီးက တူရကီ ဗိုလ်ချုပ်ကို အပြင်သို့ခေါ်၍ မှန်ဘီလူးတစ်လက်ကို ပေး၍ ကြည့်စေ၏။

'' နာရီလက်တံတွေရှိတဲ့နေရာကို ကြည့်လိုက်ပါဗိုလ်ချုပ်၊ လက်တံတွေရဲ့အပေါ်မှာ ကြိုးပေးကွပ်မျက်ဖို့ ယာယီစင်လေးဆောက် ထားတယ်၊ အဲဒီစင်ဟာ ကြိုးစင်ပဲ၊ မေဂျာဝိလျံကို ကြိုးကွင်းစွပ်ပြီး စင်ပေါ်က တွန်းချလိုက်ရင် လေထဲမှာ ကြိုးတန်းလန်းနဲ့ အသက်ဆုံးရ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ မေဂျာဝီလျံရဲ့အလောင်းကို မြို့သူမြို့သားတွေ မြင်နိုင်ဖို့ ကြိုးတန်းလန်းနဲ့ တစ်နာရီလောက်ထားဦးမယ်၊ ဘျူဉ်ရဲ့အစီအစဉ် ကောင်းတယ်မဟုတ်လား ''

ဟု မေးမြန်းလိုက်ရာ ဒူရက်ဝ်လ်ချုပ်သည် မှန်ဘီလူးကိုကိုင်လျှက် ခေါင်းညိတ်ပြလိုက်၏။

ထိုအချိန်မှာပင် ဘက်ဒိုးအင်တပ်သားတစ်ဦးက ခေါင်းဆောင်ကြီးကို ကြိုးပေးရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း ပြောလေ၏။

ဒူရကီဗိုလ်ချုပ်သည် မှန်ဘီလူးဖြင့် နာရီလက်တံများရှိရာသို့ မျက်တောင်မခတ်တန်းကြည့်ရင် မသင်္ကာဖွယ် လှုပ်ရှားမှုတစ်ခုကို မြင်၍ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေ၏။

၆ဝ ယန်းစား ဘဲကြော်ပေးစာအုပ် ဈေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





ဂျူမဒါမင်းထင်နှင့် စောရသည် ခေါင်မိုးပေါ်တွင် ပုန်းကွယ်ရင်း စောရက အောက်သို့ချောင်းကြည့်ကာ

'' လူတွေ အောက်မှာ မနည်းဘူးဗျို့၊ ပွဲဈေးတန်းကျနေတာပဲ ''

ဟု ပြောလေ၏။ ဂျူမဒါမင်းထင်က ခေါင်းညိတ်၍ နာရီကို ငုံ့ကြည့်ကာ

'' သူတို့ မေဂျာဝီလျံကို ကွပ်မျက်ဖို့ ငါးမိနစ်ပဲလိုတော့တယ်၊ ကျုပ်တို့ သွားကြမှဖြစ်မယ် ''

ဟု ပြောလေ၏။

စောရက အောက်သို့ချောင်းကြည့်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com





'' ဟိုးအောက်မှာ တူရကီအရာရှိကြီးတစ်ယောက် ရောက်လာနေတယ် ''

ဟု ပြောလေ၏။

ဂျမဒါမင်းထင်က ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အာရပ်ဝတ်ရုံကြီးကို တစ်ဖျပ်ဖျပ်ခတ်ရင်း အောက်သို့ ကုန်းကြည့်လေ၏။

ခဏကြာလျှင် တူရကီအရာရှိကြီးနှင့် ဖက်ဒိုးအင်ခေါင်းဆောင်များ နာရီစင်ထဲမှ အပြင်သို့ပြန်ထွက်ပြီး အပေါ်သို့ မှန်ဘီလူးဖြင့် ကြည့်နေကြောင်း တွေ့ရ၏။

စောရသည် ခေါင်မိုးအစွန်းသို့ တဖြည်းဖြည်းတက်၍ စတုတ္ထထပ်ရှိရာသို့ ကြိုးဖြင့် တွဲလောင်းဆင်းရန် ကြိုးပမ်း၏။





ထိုသို့ ကြိုးပမ်းရာတွင် အနည်းငယ် အခက်အခဲရှိနေ၍ ဂျမဒါမင်းထင်က

'' ကျုပ် ခေါင်မိုးထိပ်က ပစ်ကြည့်မယ် ''

ဟု ပြောကာ ခေါင်မိုးထိပ်သို့ တရွေ့ရွေ့တက်လာ၏။ ထိုအခိုက်မှာပင် ခေါင်မိုးထိပ်တွင် အသိုက်လုပ်၍နေသော ခိုများလန့်ပြီး တောင်ပံ တဖျတ်ဖျတ်ခတ်ကာ ပျံတက်သွား၏။

ဂျမဒါမင်းထင်သည် အချိန်မရှိတော့သဖြင့် ခေါင်မိုးထိပ်မှ စတုတ္ထထပ်သို့ ကြိုးဖြင့် လျှင်မြန်စွာပစ်၏။

ထို့နောက် ရှေ့မှဦးဆောင်၍ ဆင်းလေ၏။ စောရကလည်း အနောက်မှလိုက်လေ၏။

၎င်းတို့သည် စတုတ္ထထပ် ဝရန်တာလက်ရန်း သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွား၏။

ခိုများမှာလည်း ပိုမိုထိတ်လန့်စွာ ပျံသန်းသွား၏။ ဂျမဒါမင်းထင်တို့သည် နာရီစင်၏နောက်တွင်ရှိ၍ ၎င်းတို့၏လှုပ်ရှားမှုကို လူတစ်ဦးမှ လွဲ၍ မည်သူမျှ ရိပ်စားမိခြင်းမရှိချေ။

ထိုသူမှာ အနီရောင်သင်တိုင်းဝတ် သူတောင်းစားကလေး ဖြစ်၏။

တူရကီဗိုလ်ချုပ်သည် ခိုများ ရုတ်တရက်ပျံသန်းသွားခြင်းအား ကြည့်ရှု၍ ခေါင်မိုးပေါ်တွင် ရန်သူများ ခိုအောင်းနိုင်မည်ဟု တွေးမိ၏။

ခေါင်မိုးမှ စတုတ္ထထပ်သို့ ခိုဆွဲ၍ဆင်းနိုင်၏။ တူရကီဗိုလ်ချုပ်သည် စိတ်လှုပ်ရှားဟန်ဖြင့် ကြည့်ရှုနေစဉ် ခေါင်မိုးပေါ်ရှိ ခိုများ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံပျံသန်းပြန်၏။

တူရကီဗိုလ်ချုပ်၏ရင်ထဲတွင် ဗလောင်ဆူသွားပြီး

'' ရန်သူ ရန်သူ ခေါင်မိုးပေါ်မှာရောက်နေတယ် ''

ဟု အော်ဟစ်လိုက်လေ၏။

သူ၏အပြုအမူကို မျက်စိတစ်ဖက်လပ်ဖရော့က ရိပ်စား... သော်လည်း ဗက်ဒိုးအင်ခေါင်းဆောင်ကြီးက မျက်မှောင်ကြုတ်၍

'' ဗိုလ်ချုပ်စိတ်ထင်လို့ဖြစ်ပါလိမ့်မယ်၊ မရှိနိုင်ပါဘူး ''

ဟု ပြောလေ၏။

တူရကီဗိုလ်ချုပ်သည် ဗက်ဒိုးအင်ခေါင်းဆောင် ကြီး၏ ညံ့ဖျင်း... ကြောင့် စိတ်မရှည်နိုင်တော့ဘဲ ဒေါသတကြီးဖြင့်

'' ကျုပ်စိတ်ထင်တာမဟုတ်ဘူး၊ ရန်သူတွေ ရောက်ကို ရောက်... နေတာ သေချာတယ် ''

ဟု အော်ဟစ်ကာ သေနတ်ကိုထုတ်၍ နာရီစင်ပေါ်သို့ ပြေးတက်သွားလေ၏။

▲▲▲▲▲





ထိုအချိန်တွင် ဂျူမဒါမင်းထင်က နာရီစင်စတုဂံထပ်ရှိ လေကာမှန်ကြီးကို ခွဲရန် ကြိုးကိုတန်းလန်းချ၍ အားယူလိုက်၏။

ထို့နောက် စောရာဘက်သို့လှည့်ကာ

'' ဝမ်း တူး သရီး ''

ဟု အော်ဟစ်ပြီး လေကာမှန်ကြီးကို အရှိန်ဖြင့် ထိုးခွဲလိုက်လေ၏။ လေကာမှန်ကြီးသည် လူ၏အရှိန်ကြောင့် ခွမ်းခနဲကွဲသွားပြီး ဂျူမဒါမင်းထင်သည် စတုဂံထပ်ရှိ ဗက်ဒိုးအင်တပ်သားများနှင့် မျက်နှာစိုက်လျက် အနီးသို့ ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမင်းထင်သည် မေဂျာဝီလျံကို တွန်းထိုးလှောင်ပြောင်နေသော ဇက်ဒိုးအင်တပ်သားနှစ်ဦးအား လက်ထဲရှိ ဓားမြှောင်နှစ်လက်နှင့် လျှင်မြန်စွာ ပစ်လိုက်၏။

တပ်သားနှစ်ဦး လဲကျသွားသောအခါ ကျန်ရှိသောတပ်သားအား အရှိန်နှင့်ပြေး၍ ဒူးနှင့်တိုက်လိုက်၏။ ပြီးနောက် ကြောင်အမ်းအမ်း ကြည့်နေသော မေဂျာဝီလျံအား ဂျမဒါမင်းထင်က

" မေဂျာ ကျုပ်တို့က ဗြိတိသျှတပ်ကပါ၊ မေဂျာကို လာကယ်







တာ "

ဟု ပြောလေရာ မေဂျာဝီလျံသည် သေရမှာ အလွန်ကြောက်သဖြင့် အလွန်ဝမ်းသာသွားလေ၏။ သို့သော် သူရဲဘောကြောင်သူ၏ ထုံးစံအတိုင်း တွေဝေဟန်ဖြင့်

" ကျုပ်ကိုကယ်ဖို့ ဖြစ်နိုင်ပါ့မလား "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က အံကိုကြိတ်၍

" စွန့်စားရမှာပေါ့ မေဂျာ၊ သူတို့လက်ထဲမှာ အသေခံတာထက်စာရင် စွန့်စားတာ အသက်ရှင်နိုင်သေးတယ် "

ဟု ပြောလေ၏။ စောရသည် ကြိုတင်စီစဉ်ထား သည့်အတိုင်း နာရီစင်၏အနောက်တွင် မေဂျာဝီလျံကို ကယ်တင်နိုင်ရန် ကြိုးများကို ချည်နှောင်နေ၏။

ထိုအချိန်တွင် အောက်ထပ်မှ ပြေးလွှားလာသော လူသံများကို ကြားရ၏။ သူတို့၏လှုပ်ရှားမှုများကို ရန်သူများ ရိပ်စားမိသွားချေပြီ။

ဂျမဒါမင်းထင်သည် သေနတ်ကိုထုတ်၍ အသင့်ပြင်ထား၏။ ထိုအခိုက်မှာပင် လှေကားမှ ဇက်ဒိုးအင်များပြေးတက်လာ၍ သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်လိုက်၏။ ဇက်ဒိုးအင်များ အောက်သို့ ပြုလဲကျသွား၏။ ဂျမဒါမင်းထင်က နာရီစင်အနောက်သို့ပြေး၍

" မြန်မြန်လုပ်စောရကြီး အချိန်မရှိတော့ဘူး "

ဟု လောဆော်လိုက်၏။ စောရသည် အမြန်ဆုံးဖြစ်အောင် ချည်နှောင်နေသဖြင့် စိတ်လှုပ်ရှားပြီး ကြိုးများမှားယွင်းကုန်၏။

စောရသည် သတိကြီးစွာထား၍ ပြန်လည်ချည်နှောင်ရ၏။

www.burmeseclassic.com



ဂျမဒါမင်းထင်သည် လှေကားမှ တက်လာသူများကို သေနတ်ဖြင့် တဒိုင်းဒိုင်း ပစ်ချနေရ၏။

မေဂျာဝီလျံအား သေနတ်တစ်လက်ပေးလိုက်သော်လည်း အကြောက်လွန်နေပြီး ကူညီပစ်ခတ်ခြင်းမရှိချေ။

ဂျမဒါမင်းထင်သည် နာရီစင်အနောက်သို့ ပြေး၍ စာရေအား ကူညီရ၏။ ကြိုးများချည်နှောင်ပြီးသောအခါ မေဂျာဝီလျံကို လက်ဆွဲခေါ်၍

" မေဂျာ ဟောဒီကြိုးနဲ့တွယ်ပြီးဆင်းရမယ် "

ဟု ပြောလေ၏။ ထိုအခါ မေဂျာဝီလျံက အောက်သို့ကြည့်၍

" အမြင့်ကြီးပဲ၊ ပြုတ်ကျသွားလိမ့်မယ်၊ ငါမဆင်းရဲဘူး "

ဟု ပြောလေရာ ဂျမဒါမင်းထင်တို့သည် မေဂျာဝီလျံကို စိတ်ပျက်သွားပြီး စာရေက

" ဘာမှမဖြစ်ဘူး မေဂျာ၊ မေဂျာ ကြိုးကိုသာ နိုပြီးဆင်ပါ၊ အန္တရာယ်မရှိအောင် ကျုပ်လုပ်ထားတယ် "

ဟု ပြောလေ၏။ မေဂျာဝီလျံကမူ ခေါင်းကိုသာခါယမ်း၍

" ငါမှာ အမြင့်ကိုကြောက်တဲ့ရောဂါရှိတယ်၊ ငါမဆင်းရဲဘူး "

ဟု အကြောက်အလန့်ပြောလေ၏။

♟♟♟♟♟





ထိုအချိန်တွင် ဇက်ဒိုးအင်များသည် စတုတ္ထထပ်သို့ရောက်ရှိလာပြီး ဂျမဒါမင်းထင်တို့ကို ရှာဖွေနေလေ၏။

ဇက်ဒိုးအင်တစ်ဦး နာရီစင်အနောက်သို့ ရောက်လာ၍ ဂျမဒါမင်းထင်က လက်ဦးအောင် ပစ်ခတ်လိုက်ရ၏။ ထိုအခါ သူတို့ရှိရာသို့ ဇက်ဒိုးအင်များ သိရှိသွားသဖြင့် ကျည်ဆန်များ တဖွဲဖွဲကျလာ၏။

ဂျမဒါမင်းထင်သည် အချိန်ဆွဲ၍ မဖြစ်နိုင်တော့မှန်းသိ၍ မေဂျာဝီလျံကို ဒေါသတကြီးကြည့်ကာ

" ဒီမှာ မေဂျာ၊ သတ္တိမကြောင်စမ်းပါနဲ့၊ ခင်ဗျား ယောက်ျား မဟုတ်ဘူးလား၊ ဟောဒီကြိုးစကို သေသေချာချာကိုင် "



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





ဟုဆိုကာ မေဂျာဝီလျံလက်သို့ ကြိုးယည်ပေးလိုက်ပြီး နာရီစင်ပေါ်မှ တွန်းချလိုက်လေ၏။

မေဂျာဝီလျံသည် ကြောက်ရွံ့စွာ အော်ဟစ်ပြီး အောက်သို့ တရွေ့ရွေ့ ကျသွား၏။

ထိုအခါမှပင် ဂျမဒါမင်းထင်နှင့် စောရသည် သံပိုက်များမှ လျှောချပြီး အောက်သို့ဆင်းသွား၏။ ၎င်းတို့သည် မေဂျာဝီလျံကို ကျော်၍ အောက်ခြေသို့ ဦးစွာ ရောက်၏။

မေဂျာဝီလျံသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တရွေ့ရွေ့ဆင်းနေ၏။ ဗက်ဒိုးအင်များသည် နာရီစင်ပေါ်မှ သေနတ်ဖြင့် တဒိုင်းဒိုင်း ပစ်ခတ်၏။







ဂျမဒါမင်းထင်နှင့်စောရက မေဂျာဝီလျံကို ကာကွယ်ရန် ပြန်လည်ပစ်ခတ်ရ၏။ ဘာဆရာမြို့သူမြို့သားများသည် တဒိုင်းဒိုင်းပစ်နေသော သေနတ်သံများကြောင့် ထိုနေရာမှ ပြေးလွှားကြ၏။

ထို့ကြောင့် တစ်မြို့လုံး ရုတ်ရုတ်သဲသဲ ဖြစ်နေ၏။ မေဂျာဝီလျံ အောက်သို့ရောက်သောအခါ အနီးသို့ ဗက်ဒိုးအင်များ ရောက်လာသဖြင့် လက်နက်မဲ့ တိုက်ခိုက်ကြ၏။

ဂျမဒါမင်းထင်သည် ဗက်ဒိုးအင်တစ်ယောက်ပြီးတစ်ယောက် မြေပေါ်သို့ လဲကျအောင် တိုက်ခိုက်၏။ ပြီးနောက် ဂျမဒါမင်းထင်က မေဂျာဝီလျံ၏ လက်ကိုဆွဲ၍ ပြေးလေ၏။

စောရက လမ်းတွင်တွေ့ရသော ဗက်ဒိုးအင်များကို ဓားမြှောင်ငယ်လေးများနှင့် ပစ်ခတ်၏။ ဂျမဒါမင်းထင်ကလည်း ပစ်ခတ်ရင်း



www.burmeseclassic.com

မေဂျာဝီလျံကို ဆွဲပြေး၏။

၎င်းတို့သည် ရှုတ်ရှက်ခတ်ဖြစ်နေသော လူအုပ်ထဲတွင် တိုးဝှေ့၍ ကားရှိရာသို့ပြေး၏။

အတန်ကြာလျှင် ကားပေါ်သို့ရောက်သောအခါ မေဂျာဝီလျံကို တင်၍ ကားစက်ကိုနှိုး၏။ သို့သော် ကားစက်မှာ လွယ်လွယ်မနိုးသဖြင့် နှစ်ဦးစလုံး ခေါင်းနပန်းကြီးသွား၏။

ဗျာရသည် ကားစက်ဖုံးကိုဖွင့်၍ ကူညီပြုပြင်ပေး၏။ ကားသည် ကံကောင်းထောက်မပြီး စက်နိုးသောအခါ ဂျူဒါမင်းထင်က ဟွန်းကို ကျယ်လောင်စွာတီး၍ မောင်းနှင်လေ၏။

တူရကီဗိုလ်ချုပ်သည် လော်ရီကားကြီး၏ရှေ့တွင် ဝင်ထိုင်၍ ဂျူဒါမင်းထင်တို့အနောက်သို့ လိုက်ခိုင်း၏။ လော်ရီကားကြီးသည် သံဆူးကြိုးများကို ဝင်တိုက်ပြီး နန်းခြင်အရှေ့မှ ထွက်ခဲ့လေ၏။

၎င်းတို့ရှေ့တွင် ဂျူဒါမင်းထင်တို့ဂျစ်ကား လျှပ်မြန်စွာ မောင်းနှင်သွားနေ၏။ ဂျူဒါမင်းထင်တို့ဂျစ်ကားသည် လူအုပ်ကို ရှောင်ရင်းများစွာ ခရီးမတွင်ဘဲ ရှိလေ၏။

ဂျူဒါမင်းထင်က ဟွန်းကို ကျယ်လောင်စွာတီးသော်လည်း လူအုပ်မှာ အလောတကြီး ဖယ်ရှားခြင်းမရှိချေ။

တူရကီဗိုလ်ချုပ်စူလတန်သည် ရန်သူများကို အမိဖမ်းရန်သာ အာရုံရှိသဖြင့် ရှေ့တွင် တားဆီး[illegible]သော လူအုပ်ကို တိုက်ခိုက်ပြီး မောင်းနှင်လေ၏။

တူရကီဗိုလ်ချုပ်က မြို့[illegible]သားများကို ကားဖြင့်တိုက်ချသွား





သဖြင့် တစ်မြို့လုံး ရှုတ်ရှက်ခတ်သဲ ဖြစ်ကျန်ရစ်၏။

ဂျူဒါမင်းထင်သည် လူအုပ်များ၊ အထားအဆီးများကြားမှ ကားကို လျှင်မြန်စွာ မောင်းရ၏။ လမ်း၌ ဆီးကြိုပစ်ခတ်သော တပ်သားများကိုလည်း ကားမောင်းရင်း ပစ်ခတ်ရ၏။

တူရကီဗိုလ်ချုပ်သည် ကားရှေ့ခန်းမှထိုင်၍ အခွင့်အရေးရလျှင် ရသလို သေနတ်နှင့်လှမ်းပစ်၏။

၎င်းတို့သည် မေဂျာဝီလျံကို ဖမ်းမိရန် အရေးကြီးနေသဖြင့် တွေ့သမျှ အတားအဆီးများကို တိုက်ချသွား၏။

ဟင်းသီးဟင်းရွက်တောင်းများ၊ လှည်းများ၊ ကားများနှင့် တားဆီးထားသောအရာများကို ပြင်းထန်စွာ တိုက်သွားသဖြင့် တစ်မြို့လုံး ရှုတ်ရှက်ခတ်သဲ ဖြစ်ကျန်ရစ်၏။

ပန်းအိမ်ကွန်ပျူတာ
ဆိုင်အမှတ်(၇) မျက်နှာစာတန်း ကျောက်မြောင်းဈေး တာမွေ

www.burmeseclassic.com



ဂျူမဒါမင်းထင်တို့သည် ကျဉ်းမြောင်းသော လမ်းကြိုလမ်းကြား များမှ စွန့်စွန့်စားစား မောင်းနှင်ရင်း မြို့ပြင်သို့ ရောက်ရှိရန် တဖြည်းဖြည်း နီးကပ်လာ၏။

သို့သော် ၎င်းတို့၏ကားသည် အတားအဆီးများကို ဖြတ် ကျော်ရန် ခဲယဉ်းလှသဖြင့် လော်ရီကားကြီးသည် တဖြည်းဖြည်း နီးကပ်လာ၏။

လော်ရီကားပေါ်မှ လှမ်းပစ်သော သေနတ်ကျည်ဆန်များသည် အနီးမှ ဖြတ်သန်းသွား၏။





ဂျူမဒါမင်းထင်သည် ကားကို အစွမ်းကုန်မြန်ဆန်အောင် မောင်း နှင်ခဲ့ရာ တဖြည်းဖြည်း မြို့အဝင်ဂိတ်သို့ နီးကပ်လာ၏။ စောရက စိတ် လှုပ်ရှားဟန်ဖြင့်

" မြို့အဝင်ဂိတ်ကိုကျော်နိုင်ရင်လွတ်ပြီ ကျုပ်တို့ကို ဗြိတိသျှတွေ စောင့်ကြိုနေမှာ သေချာတယ် "

ဟု ပြောလေ၏။ သို့သော် ၎င်းတို့ကားသည် လူများ၊ လှည်း များ၊ ကားများကို ရှောင်ကွင်းရသဖြင့် တရကြမ်းလိုက်လာသော လော်ရီကားကြီးနှင့် တဖြည်းဖြည်း ပိုမိုနီးကပ်လာ၏။

ဂျူမဒါမင်းထင်သည် လော်ရီကားကို သေနတ်နှင့် ပြန်မပစ်အား ဘဲ အစွမ်းကုန် မောင်းနှင်၏။ စောရနှင့် မေဂျာဝီလျံကသာ သေနတ်နှင့် ပြန်လည်ပစ်ခတ်၏။

၎င်းတို့သည် လမ်းကြားလေးတစ်ခုကို ကျော်ဖြတ်ပြီးနောက် မြို့အဝင်ဂိတ်ကို မြင်နေရ၏။

ဂျူမဒါမင်းထင်သည် ကားကို စက်ကုန်ဖွင့်၍ မြို့အဝင်ဂိတ်ရှိရာ သို့ မောင်း၏။ မေဂျာဝီလျံနှင့် စောရသည် မြို့အဝင်ဂိတ်ရှိ တပ်သား အချို့ကို သေနတ်နှင့်လှမ်းပစ်၍ တပ်သားများ ရှောင်တိမ်းပြေးလွှား၏။

တူရကီဗိုလ်ချုပ်သည် မေဂျာဝီလျံတို့ဂျစ်ကား မြို့အဝင်ဂိတ်သို့ နီးကပ်နေပြီဖြစ်သဖြင့် ဒရိုင်ဘာကို အော်ဟစ်၍ အမြန်ဆုံးမောင်းနှင် ခိုင်း၏။

ဒရိုင်ဘာသည် ဂီယာကိုပြောင်း၍ လီဗာကို အစွမ်းကုန်နင်းချ၏။ လော်ရီကားကြီးသည် အလွန်အားကောင်းသဖြင့် ဂျစ်ကားကလေးကို



www.burmeseclassic.com

www.burmeseclassic.com



မြို့အဝင်ဂိတ်မရောက်မီ ဖမ်းမိနိုင်လိမ့်မည်။

တူရကီဗိုလ်ချုပ်သည် စိတ်လှုပ်ရှားဟန်ဖြင့် ကားရှေ့လေကာမှ
ကို ကြည့်ရှု၏။

ထိုအခိုက်မှာပင် မယုံနိုင်ဖွယ်တောင်းသော အပြုအမူ တစ်ရပ်
ဖြစ်ပွားခဲ့လေ၏။

အရှိန်ပြင်းစွာ မောင်းနှင်နေသော လော်ရီကားကြီးရှေ့တွင် အဓိ
ရောင် သင်တိုင်းအကျီဝတ် သူတောင်းစားကလေးကို တွေ့ရ၏။

သူတောင်းစားကလေးသည် နှင်းဆီပန်းတစ်ပွင့်ကိုကိုင်၍ လမ်း
အလယ်တွင်ရပ်ကာ လော်ရီကားကြီးကို အေးဆေးစွာ ကြည့်ရှုနေ၏

လော်ရီကားဒရိုင်ဘာသည် လမ်းပေါ်တွင် အေးဆေးစွာ ရပ်တန့်
နေသော သူတောင်းစားကလေးကိုကြည့်၍ မျက်လုံးပြူးသွား၏။

သူတောင်းစားကလေးသည် ခြေနှစ်ဖက်ခွဲရပ်၍ လော်ရီကားကြီး
ကို အေးဆေးစွာ ရပ်ကြည့်နေ၏။

လမ်းသည် အလွန်ကျဉ်းမြောင်းလှသဖြင့် သူတောင်းစား
ကလေးကို ရှောင်ကွင်းရန်လည်း မဖြစ်နိုင်ချေ။

ထို့ကြောင့် သူတောင်းစားကို ဝင်တိုက်၍ ဆက်လက်မောင်းနှင်
မှ ဖြစ်တော့မည်။

ဒရိုင်ဘာသည် အရှိန်ကိုမလျှော့ဘဲ မျက်လုံးမှိတ်၍ သူတောင်း
စား ကလေးကို တိုက်ရန် ပြင်လိုက်၏။

ဗိုလ်ချုပ်ရှုလတန်သည် အနီရောင်သင်တိုင်းဝတ် သူတောင်းစား
ကလေးကို ကြည့်ရှုရင်း သေဆုံးသွားသော သားငယ်၏မျက်နှာ

——— စေတနာတာပေ ———



ရုတ်တရက်မြင်ယောင်လာ၏။

သူ၏သားကလေး နှင်းဆီပန်းကိုကိုင်၍ မြေပေါ်သို့ ထိုးကျကာ
သွေးသံရဲရဲ အသက်ပျောက်နေပုံကို မြင်ယောင်၏။

သူ၏မျက်လုံးထဲတွင် သူတောင်းစားကလေးကိုတစ်လှည့်၊
သားငယ်ကိုတစ်လှည့် မြင်ယောင် လာ၏။

သူသည် လမ်းမပေါ်တွင် ရပ်တန့်နေသော သူတောင်းစား
ကလေးကို ကြည့်ရင်း ထိုကလေးသည်သူ၏သားကလေး ဖြစ်သွား၏။

ထို့ကြောင့် စိတ်လှုပ်ရှားဟန်ဖြင့် ကျယ်လောင်စွာ အော်ဟစ်
လိုက်၏။

" သား သား ကားရှေ့မှာမရပ်နဲ့၊ ဖယ်စမ်း ဖယ်စမ်း "

သို့သော် သူတောင်းစားကလေးမှာ ကားလမ်းပေါ်တွင် အေး
ဆေးစွာ ရပ်နေဆဲဖြစ်၏။

တူရကီဗိုလ်ချုပ်သည် လွန်စွာ စိတ်လှုပ်ရှားလာပြီး ဒရိုင်ဘာ
ဘက်သို့လှည့်၍

" ရပ် ရပ် အရှိန်ကိုရပ်၊ ကားကိုရပ်စမ်း "

ဟု အမိန့်ပေးလိုက်ရာ ဒရိုင်ဘာသည် ဘရိတ်ကို အားကုန်
ဆောင့်နင်းချလိုက်၏။ သို့သော် ကားသည် အရှိန်ပြင်းလွန်းသဖြင့်
လွယ်ကူစွာ မရပ်နိုင်ဘဲ ရှေ့သို့ အရှိန်ဖြင့် ဆက်လက်သွားလေ၏။

ပြီးနောက် သူတောင်းစားကလေးရှေ့သို့ တရှုတ်တိုက်ဆွဲသွား
ပြီး သူတောင်းစားကလေးနှင့် အလွန်နီးကပ်သော နေရာတွင် ရပ်တန့်
သွား၏။

——— စေတနာတာပေ ———

www.burmeseclassic.com



ကားကို အရှိန်ပြင်းစွာ မောင်းနှင်နေရာမှ ဘရိတ်အုပ်လိုက်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ဖုံများဖြင့် ဖုံးလွှမ်းသွားလေ၏။

အတန်ကြာမှ ဖုန်များ ငြိမ်သက်သွားပြီး လမ်းပေါ်တွင် အေးဆေးစွာ ရှိနေဆဲဖြစ်သော သူတောင်းစားကလေးကို တွေ့ရ၏။ တူရကီဗိုလ်ချုပ် ဇူလတန်သည် စိတ်လှုပ်ရှားဟန်ဖြင့် ကားပေါ်မှဆင်း၍ သူတောင်းစားကလေးရှိရာသို့ လျှောက်သွား၏။

ထို့နောက် သူတောင်းစားကလေး၏ ဝိုင်းစက်သော မျက်လုံးများကို ကြည့်ရှုလိုက်၏။

သူတောင်းစားကလေးသည် စိတ်လှုပ်ရှားဟန်မရှိဘဲ ဗိုလ်ချုပ် ဇူလတန်ကို ပြန်လည်ကြည့်ရှုကာ သူ၏လက်ထဲရှိ နှင်းဆီပန်းကလေးကို ကမ်းပေးလိုက်၏။

တူရကီဗိုလ်ချုပ်ဇူလတန်က နှင်းဆီပန်းကလေးကိုယူ၍ နမ်းရှိုက်လိုက်၏။ သူတောင်းစားကလေးသည် ထိုမြင်ကွင်းကိုကြည့်၍ မသိမသာ သက်ပြင်းချလိုက်ပြီး ကျောခိုင်းထွက်သွားလေ၏။

♟ ♟ ♟ ♟ ♟







တူရကီဗိုလ်ချုပ်ဇူလတန်သည် အနီရောင်သင်တိုင်း တလူလူ လွင့်ပြီး ထွက်ခွာသွားသော သူတောင်းစားကလေး၏နောက်ကျော ကိုကြည့်ရှုရင်း ကျန်ရစ်ခဲ့လေ၏။

ထိုအခိုက်မှာပင် သူ၏အနီးသို့ စစ်သားများပြေးလာပြီး

" ဗိုလ်ချုပ် ရန်သူကို ဆက်မလိုက်ဘူးလား "

ဟု မေးမြန်းလေ၏။ ဗိုလ်ချုပ်ဇူလတန်က လက်ကာပြ၍

" ငါတို့မမီနိုင်တော့ဘူး၊ မြို့ပြင်ကိုကြည့်စမ်း၊ ဗြိတိသျှတပ်မကြီး ရောက်နေပြီ "

ဟု တိုးတိုးပြောလိုက်လေ၏။

စစ်သားများသည် ထိုအခါမှပင် သဲကန္တာရထဲတွင် ဗြိတိသျှ



www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်ကြီးကို မြင်ပြီး ထိတ်လန့်တုန်လှုပ်သွားလေ၏။

ဗြိတိသျှတပ်မကြီးတွင် သံချပ်ကာကားများ၊ လော်ရီကားများနှင့် ဂျစ်ကားများအထိ ပါဝင်၏။ ဗြိတိသျှတပ်မကြီးသည် သဲကန္တာရ၌ စီတန်း၍ တပ်စွဲထား၏။

ဗြိတိသျှတို့သည် ၎င်းတို့၏လူများကို ကယ်တင်ရန် ကြိုးစားနေခြင်း ဖြစ်၏။

ဗိုလ်ချုပ်ရူလတန်ကမူ မည်သည့်အရာကိုမျှ နှင်းဆီပန်းကလေးကဲ့သို့ တန်ဖိုးထားဟန်မရှိဘဲ ပန်းကလေးကိုသာ ခေါင်းငုံ့၍ နမ်းရှိုက်နေလေ၏။

နှင်းဆီပန်း၏ရနံ့သည် မွှေးပျံ့လှ၏။ ရူလတန်သည် ပန်းလေးကို နမ်းမဝဟန်ဖြင့် ရှိုက်၍ ရှိုက်၍ နမ်းနေပြန်၏။

သိမ်းပိုက်ခြင်းကင်းသော

မင်းမြတ်သူရ



BURMESE CLASSIC .com

www.burmeseclassic.com